www.burmeseclassic.com

# အောင်ဆန်းဦးတို့
# အဖေ

BURMESE CLASSIC .com

တက္ကသိုလ်နေဝင်း



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နေဝင်း မှာ

မိုး+ဖူး စာအုပ်တိုက်မှ ၁၉၆၇-ခုနှစ်
ဇူလိုင် (၁၉) ရက်အတွက် ဗိုလ် ချုပ်
အောင်ဆန်း၏ လှုပ်ရှားမှုများ ဆောင်
ပါးရှည်ကို တောင်းဆိုလာပါသည်။

ငွေကြေးကိုပင် မပြောဆို မိသေးဘဲ
ရေးမည်ဟု ဂတိပြုလိုက်မိသည်။ မှန်ပါ
သည်၊ ကျွန်တော် ရိုးသားစွာ ချစ်ခင်သ
ဗိုလ်ချုပ်၏ လှုပ်ရှားမှုများကို ကျွန်တော်
အလွန် ရေးလိုလှပါသည်။

ဗိုလ်ချုပ်အား- "အောင်ဆန်း" ဟု
နာမည်ရင်းအတိုင်းခေါ်၍ရင်း၊ "အရိုင်း"
ဟု တင်စားခေါ်ဝေါ်၍ရင်း၊ "ငါတို့
ဗိုလ်ချုပ်"ဟုရင်း၊ အမျိုးမျိုး ရေးသား
ပြုစုသူများနှင့် လမ်းခွဲကာ "အောင်ဆန်း
ဦးတို့အဖေ" ဟု မြတ်မြတ်နိုးနိုးကင်ပွန်း
တပ်ခဲ့ပါသည်။

တက္ကသိုလ်နေဝင်း

(စာရေးသူ)

ထုတ်ဝေသည့်နေ့စွဲ ၁-၇-၆၇
စောင်ရေ ၃၀၀၀
ပဌမအကြိမ်

နိုင်ငံရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ်(၂၄၇)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းဦးတို့အဖေ—၏
ပဌမ-နိဒါန်း

(မှတ်ချက်။ ။ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ပြောပြခဲ့ချက်အရ စာရေးသူ တက္ကသိုလ်နေဝင်းက မှတ်ယူ ရေးသားခဲ့သည်)

ဗမာပြည်အလယ်ပိုင်း မကွေးခရိုင် နတ်မောက်မြို့၌ ၁၂၇၆-ခု၊ တပေါင်းလဆန်း ၁-ရက်(၁၉၁၅-ခု၊ဖေဖော်ဝါရီလ ၁၃-ရက်)စနေနေ့တွင် ဘွားမြင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းကား၊ ကုံလုံပြည့်စုံသော မြေပိုင်ရှင်များ ဖြစ်သည့် ဦးဖါး-ဒေါ်စုတို့၏သားရတနာဖြစ်သည့်ပြင်၊ မျိုးရိုးစဉ်ဆက်အားဖြင့်လည်း မျိုးချစ်စိတ်ဓာတ်- အမျိုးသား



စိတ်ဓာတ် ပြင်းထန် တက်ကြွသော မျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာသူ တဦးဖြစ်လေသည်။

နတ်မောက်မြို့ မြန်မာစာသင်ကျောင်း၊ ၎င်းနောက် ရေနံချောင်း နေရှင်နယ်အထက်တန်းကျောင်းများ၌ပညာသင်ကြားပြီးနောက်ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ကာ အင်္ဂလိပ်စာပေ၊ ရာဇဝင်နှင့်နိုင်ငံရေးရာ သိပ္ပံပညာရပ်များဖြင့်ဝိဇ္ဇာ(ဘီအေ)ဘွဲ့ထူးကို ဆွတ်ခူးအောင်မြင်ခဲ့လေသည်။ ဘီအေအောင်ပြီးနောက် ဘီအယ်လ် ခေါ် ဥပဒေ ဝိဇ္ဇာသင်တန်းသို့လည်း အချိန်ကာလ အနည်းငယ် တက်ရောက်လေ့လာခဲ့သေး၏။

ငယ်စဉ်ကပင် ပညာထူးချွန်သဖြင့် ကျောင်းကပေးသောဆုများ၊ စကောလားရှစ်ဆုသူများ ရရှိခဲ့ပြီး၊ ယခုခေတ် အစိုးရအမှုထမ်း (နိုင်ငံပဋိညာဉ်ခံဝန်ထမ်း)ဘက်၌ ထူးချွန်တိုးတက်သောအရာရှိတယောက်ဖြစ်လာရန်အလားအလာ များစွာရှိလင့်ကစား ရန်ကုန်တက္ကသိုလ် ကျောင်းသားလှုပ်ရှားမှု အရေးတော်ပုံတွင် ပေါ်လွင် ထင်ရှားလာခဲ့ရာမှ ဗိုလ်ချုပ်အောင်ဆန်း၏ နေ့စဉ်ရေးလမ်းစဉ်သည် တမျိုးတဖုံ ပြောင်းလဲ၍ သွားလေတော့သည်။

စစ်ကြိုခေတ်က တက္ကသိုလ်သမဂ္ဂတွင် ထိရောက်စွာ ခေါင်းဆောင်ပါဝင်မှုကြောင့် သူ့အား တက္ကသိုလ်အာဏာပိုင်တို့က နှစ်ကြိမ်တိုင်တိုင် ကျောင်းမှထုတ်ပစ်ရန် ကြံရွယ်ခဲ့ဘူးရာ၊ယင်းသို့ ဗိုလ်ချုပ်အား တက္ကသိုလ်မှ ထုတ်-



www.burmeseclassic.com

www.burmeseclassic.com

ပယ်ရန် ခြိမ်းခြောက်ခြင်းသည်ပင်လျှင်၊ ၁၉၃၆-ခုနှစ်ဗမာပြည်ကျောင်းသား သပိတ်အရေးတော်ပုံကြီးကို စတင်ဖြစ်ပေါ်စေသော အကြောင်းရင်း တရပ်ဖြစ်ခဲ့လေသည်။

ရန်ကုန်တက္ကသိုလ်တွင်နေစဉ်က သူသည်ကျောင်းသားအဖွဲ့အစည်းအမျိုးမျိုးတွင် ဝါဝင်[illegible]ပြုပြင်၊အထူးသဖြင့် ရန်ကုန်တက္ကသိုလ်သမဂ္ဂ အသင်းကြီးတွင် ဥက္ကဋ္ဌအဖြစ်၎င်း၊ ဒုတိယ-ဥက္ကဋ္ဌအဖြစ်၎င်း၊ သမဂ္ဂမှ ထုတ်ဝေသည့် အိုးဝေ မဂ္ဂဇင်း အယ်ဒီတာအဖြစ်၎င်း၊ အသီးသီးဆောင်ရွက်ခဲ့လေသည်။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအသင်းကြီးကိုဦးစီးတည်ထောင်ခဲ့သူများတွင်အပါအဝင်ဖြစ်သည့်ပြင် အဆိုပါ ဗမာနိုင်ငံလုံးဆိုင်ရာ သမဂ္ဂဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သေးသည်။

၁၉၂၀-ခုနှစ်နှင့် ၁၉၃၆-ခုနှစ်၊ ကျောင်းသားသပိတ်ကြီးများကို ဖြစ်ပေါ်ခဲ့သည့် ရန်ကုန် တက္ကသိုလ်ဆိုင်ရာ ဥပဒေကို ပြင်ဆင်ရန်အတွက်၊ ၁၉၃၈-ခုနှစ်တွင် ဗမာပြည်(ဗြိတိသျှ)အစိုးရ "ရန်ကုန်တက္ကသိုလ်အက်ဥပဒေ ပြင်ဆင်ရေး ကော်မီတီ"ကို ဖွဲ့စည်း ခန့်အပ်သောအခါ ကျောင်းသားထု ကိုယ်စားလှယ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းကို ရွေးချယ်ခန့်ထား ခဲ့လေသည်။

နကိုက စာပေ အရေးအသား ဝါသနာပါခဲ့သည့်အလျောက်၊ဗိုလ်ချုပ်သည်ကျောင်းသားဘဝကပင်ရန်ကုန်မြို့ရှိအင်္ဂလိပ်မြန်မာ သတင်းစာများတွင် ဆောင်းပါးများ



မကြာခဏ ရေးသားခဲ့ပြီး ဗမာအမျိုးသားပိုင် ပြည်သူ့ တော်သား ကြေးကြော်သံဖြစ်သည့် (နယူးဘားမား) အင်္ဂလိပ်သတင်းစာ၏အယ်ဒီတာ အဖွဲ့ဝင်တဦးအဖြစ်လည်း ဆောင်ရွက်ခဲ့သေးသည်။

၁၉၃၈-ခု၊ အောက်တိုဘာလတွင် ဘီအယ်လ် ဥပဒေတန်း သင်ကြားနေသော ဗိုလ်ချုပ်သည် ဗမာ့ လွတ်လပ်ရေး အတွက် .... အချိန်ပြည့် ရှုတ်ရှုတ်ချွန်ချွန် ဆောင်ရွက်နိုင်ရန် တက္ကသိုလ် ပညာကို ရပ်ချည်းစွန့် လွှတ်ကာ၊ တို့ဗမာ အစည်းအရုံးကြီးသို့ ဝင်ရောက်ခြင်း အားဖြင့် နိုင်ငံရေးနယ်ပယ်တွင်းသို့ ပြတ်ပြတ် သားသား ခြေစုံပစ်ဝင်လိုက်တော့သည်။

တို့ဗမာအစည်းအရုံးကား ထိုအချိန်က ဗမာပြည် နိုင်ငံရေး ပါတီများအနက် မျိုးချစ်စိတ် အပြင်းထန်ဆုံး အတက်ကြွဆုံး တခုတည်းသော ပါတီဖြစ်လေသည်။

သခင်အောင်ဆန်းသည် တို့ဗမာ အစည်းအရုံးကြီး၏ ဌာနချုပ် အထွေထွေအတွင်းရေးမှူး အဖြစ်၊ ၁၉၄၀-ခုနှစ် ဩဂုတ်လအထိ ဆောင်ရွက်ခဲ့လေသည်။ တို့ဗမာ အစည်းအရုံးခေတ်မှာပင် ဗမာပြည်၌ ပထမအကြိမ် ဖွဲ့စည်းခဲ့သော ဗမာနိုင်ငံ တောင်သူလယ်သမား အစည်းအရုံး၏ အလုပ်အမှုဆောင် အဖြစ်လည်း ဆောင်ရွက်ခဲ့လေသည်။ တဖန် ၁၉၃၉-၄၀-ခုနှစ်များတွင် ဖွဲ့စည်းခဲ့သော ဗမာ့ထွက်ရပ်ဂိုဏ်းကြီးကို ဒေါက်တာ ဘမော်တို့နှင့် အတူ တည်ထောင်



www.burmeseclassic.com

www.burmeseclassic.com

လျက် ထွက်ရပ်ဂိုဏ်း၏ အထွေထွေအတွင်းရေးမှူးလည်း ဖြစ်ခဲ့လေသည်။

၁၉၄၀-ခုနှစ် မတ်လတွင် ဗိုလ်ချုပ်သည် သခင်ခေါင်းဆောင်များ ပါဝင်သည့်အဖွဲ့တဖွဲ့ကို ခေါင်းဆောင်လျက် အိန္ဒိယပြည်(ရမ်းဂါး)မြို့၌ ကျင်းပသော အိန္ဒိယအမျိုးသားကွန်ဂရက် ညီလာခံကြီးသို့ တက်ရောက်ခဲ့ရာ၊ ညီလာခံအပြီးတွင် အိန္ဒိယ ကွန်ဂရက်၏ ဧည့်သည်တော်အဖြစ် အလာဟာဗတ်၊ ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊လာဟိုး၊ အမ်ရစ်ဆာ၊ ဘုံဘေ၊ ကလကတ္တား မြို့များနှင့်အနောက်မြောက်နယ်စပ်၊ခိုင်ဘာတောင်ကြားလမ်းနှင့် ပက်ရှာဝါမြို့များသို့လည်း ဒေသန္တရဗဟုသုတ အတွက် သွားရောက်ခဲ့လေသည်။

အိန္ဒိယပြည်မှ ပြန်လာပြီးနောက် ဗိုလ်ချုပ်သည် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့GoverningBody တွင် တက္ကသိုလ် သမဂ္ဂ၏ ကိုယ်စားလှယ်အဖြစ် ခေတ္တဆောင်ရွက်ရင်း တဖက်ကလည်း နိုင်ငံရေး စစ်မျက်နှာတွင် အရင်းရှင် နယ်ချဲ့ ဆန့်ကျင်ရေး၊ နယ်ချဲ့စစ် ဆန့်ကျင်ရေး လှုံ့ဆော်မှု လုပ်ငန်းများကို အပြင်းအထန် ဆောင်ရွက်ခဲ့လေသည်။

ဤအကြောင်းများကြောင့်ပင် သခင်အောင်ဆန်းအား ဖမ်းဆီးရန် ဗြိတိသျှ အစိုးရက ဝရမ်း ထုတ်လိုက်သောအခါ သူသည် အဖမ်းမခံဘဲ “မြေအောက်” သို့ ရှောင်တိမ်းသွားခဲ့လေသည်။



မကြာမီ ဗိုလ်ချုပ်သည် တရုပ်ပြည် အမွိုင်မြို့သို့ ဗမာ့လွတ်လပ်ရေး ရရှိရေးအတွက်၊ နိုင်ငံခြားဆက်သွယ်မှု ရှာဖွေရန် ထွက်သွားလေသည်။ အမွိုင်မြို့တွင် နှစ်လခန့် နေထိုင်မိလျှင်ပင်ဗမာပြည်ရှိ၊သူ၏နိုင်ငံရေး ရဲဘော်များက စီစဉ်ဆက်သွယ်ပေးချက်အရ၊ ဂျပန်အချို့သည် ဗိုလ်ချုပ်အောင်ဆန်းအား လာရောက်တွေ့ဆုံ၍ ဂျပန်ပြည်သို့ခေါ်သွားလေသည်။

ဂျပန်ပြည်တိုကျိုမြို့၌ သုံးလခန့် နေထိုင်ပြီးနောက် ဂျပန်တို့က ရေးဆွဲတင်ပြသော လုပ်ငန်းအစီအစဉ်များကို ဗမာနိုင်ငံရှိ ရဲဘော်များနှင့် ဆွေးနွေး တိုင်ပင်ရန်အတွက် ၁၉၄၁-ခု နှစ်ဦးတွင် ရန်ကုန်မြို့သို့ခေတ္တပြန်လာခဲ့ပြန်သည်။ နောက် ချက်ခြင်းလိုပင် သူသည် ဂျပန်ပြည်တွင် စစ်ပညာ လျှို့ဝှက်စွာ သင်ကြားရန်အတွက် “ရဲဘော်သုံးကျိပ်” ၏ ပထမအသုတ်ကို ခေါ်ဆောင်ကာ တိုကျိုမြို့သို့ ပြန်လည် ထွက်ခွာသွားပြန်လေသည်။

အစီအစဉ်ကား ဗမာလူငယ် ခေါင်းဆောင်ပိုင်းကို စစ်ပညာ လျှို့ဝှက် သင်ကြားပြီးနောက်၊ ဗမာပြည်၏ လွတ်လပ်ရေးတိုက်ပွဲကို ဦးစီးဆင်နွှဲရန်ပင် ဖြစ်သည်။

၁၉၄၂-ခုနှစ်၊ ဇန္နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းသည်၊ ယိုးဒယားပြည် ဘန်ကောက်မြို့သို့ ရောက်လာကာ ပထမမြန်မာ့လက်နက်ကိုင်စစ်တပ်ဖြစ်သော(ဘီ-အိုင်-အေ)



www.burmeseclassic.com

www.burmeseclassic.com

ခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးကို သူကိုယ်တိုင် ဦးစီးကာ ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။

ထိုအချိန်၌ ဂျပန်က အင်္ဂလိပ်နှင့် အမေရိကန်ကို စစ်ကြေညာပြီး ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်း သေနာပတိအဖြစ် ဆောင်ရွက်သည့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးသည် ဂျပန်စစ်တပ်များနှင့်အတူ ၁၉၄၂ ခုနှစ်ဦးတွင် ဗမာပြည်တွင်းသို့ ချီတက်ဝင်ရောက်လာခဲ့လေသည်။

ဗိုလ်ချုပ် အမှူးပြုသော ရဲဘော် သုံးကျိပ်တို့သည် ဂျပန်ပြည်၌ လျှို့ဝှက်စွာ စစ်ပညာ သင်ကြားလေ့ကျင့်နေစဉ် အချိန်ကပင် ဂျပန်တို့နှင့် အဆင်မပြေမှု စိတ်ဝမ်းကွဲမှုများ တွေ့ကြုံဖြစ်ပွားခဲ့ရာ ဂျပန်စစ်တပ်တွေ ဗမာပြည်တွင်းရောက်၍ ဗမာတိုင်းရင်းသားတို့အား ညှဉ်းပန်းနှိပ်စက်လာသည်တွင် ဂျပန်ဆန့်ကျင်ရေး ဖက်ဆစ်မုန်းတီးရေးစိတ်ဓါတ်တွေ ပြင်းထန်သည်ထက် ပြင်းထန် လာခဲ့လေတော့သည်။

စင်စစ်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ဖက်ဆစ်တို့အား တော်လှန်တိုက်ခိုက်ရန် ဗမာပြည်တွင်းသို့ မဝင်ရောက်မီကနှင့် ဂျပန်ဝင်ခါစအချိန်တုန်းက နှစ်ကြိမ်တိုင်တိုင် ကြံစည်ကြိုးစားခဲ့ဘူးသော်လည်း အခြေအနေနှင့် အကြောင်းအမျိုးမျိုးကြောင့်၊ အထမမြောက်ခဲ့ချေ။

သို့ရာတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်၏ ပြင်း



ထန်သော ဂျပန်ဆန့်ကျင်ရေးဝါဒကိုမူ ဗမာတနိုင်ငံလုံးက ထင်ရှားစွာသိခဲ့ကြလေသည်။

၁၉၄၂-ခု၊ ဩဂုတ်လတွင် (ဘီ၊အိုင်၊အေ)တပ်ကို ဘီ၊ဒီ၊အေ (ဗမာ့ကာကွယ်ရေး တပ်မတော်) အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းလိုက်သောအခါ၌၊ ဗိုလ်ချုပ်အောင်ဆန်းသည် ကာနယ်(ဗိုလ်မှူးကြီး)ရာထူးဖြင့် ဘီဒီအေတပ်မတော်၏ သေနာပတိဖြစ်လာလေသည်။

၁၉၄၃-ခုနှစ်၊ မတ်လတွင် ဗိုလ်ချုပ်အောင်ဆန်းကို မေဂျာ-ဂျင်နရယ် (ဗိုလ်ချုပ်) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီးနောက်၊ ဒေါက်တာဘမော်နှင့် အခြားပုဂ္ဂိုလ်အချို့တို့နှင့်အတူ၊ ဂျပန်ပြည်တိုကျိုမြို့သို့ ဂျပန်အစိုးရ၏ အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြား ခေါ်ဆောင်သွားလေသည်။

တိုကျိုမြို့တွင် ဂျပန် ဘုရင်၏ Order of The Rising Sun ခေါ် အထူးဘွဲ့ တံဆိပ်ဖြင့် ချီးမြှင့်ခြင်းခံရလေသည်။ သို့သော်... ဂျပန်ပြည်မှ ပြန်ရောက်ရောက်ခြင်း ဧည့်ခံပွဲတခု၌ ဗိုလ်ချုပ်က ဂျပန်ပေးသော ဗမာ့လွတ်လပ်ရေးမှာ အစစ်မဟုတ်ဘဲ၊ လွတ်လပ်ရေးအတုအယောင်သာ ဖြစ်သည်ဟု ရဲတောက် မိန့်ကြားသဖြင့် အားလုံးက... အံ့အားသင့် တုန်လှုပ်သွားခဲ့ကြလေသည်။

၁၉၄၃-ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဗမာပြည်ကို ဂျပန်တို့က "လွတ်လပ်သောနိုင်ငံ"အဖြစ် ကြေညာခဲ့ရာတွင် ဗိုလ်ချုပ် အောင်ဆန်းမှာ ကာကွယ်ရေးဝန်ကြီး ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဂျပန်အစိုးရက First Class Order of The Sacred Treasure ခေါ် ဂုဏ်ထူး ဘွဲ့တံဆိပ်ဖြင့်လည်း ချီးမြှင့်ခဲ့သေး၏။ သို့ရာတွင်.... ဂျပန်တို့ပေးသော "ဗမာ့ လွတ်လပ်ရေး" နှစ်ပတ်လည်နေ့ (၁၉၄၄-ခု၊ ဩဂုတ်လ ၁-ရက်) အခမ်းအနားတွင် ဗိုလ်ချုပ်သည် ဂျပန်တို့၏ ဖက်ဆစ်ဝါဒ ဆန့်ကျင်ရေးနှင့်လွတ်လပ်ရေး အတုအယောင်သာဖြစ်သည်ဟု အခိပ္ပါယ်သက်ရောက်သည့် မိန့်ခွန်းတရပ် ပြောင်ကျကျမိန့်ကြားခဲ့သဖြင့် ဗမာပြည် နိုင်ငံရေးရပ်ကွက်သာမက ဂျပန်ပြည် တိုကျိုမြို့ ဂျပန်အစိုးရပိုင်းတွင်ပါ လှုပ်ရှား တုန်လှုပ်သွားခဲ့လေသည်။

၁၉၄၃-ခုနှစ်မှစ၍ ဗိုလ်ချုပ်သည် ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရေးအတွက် စည်းရုံးမှုများကို မနားမနေကြိုးစားခဲ့ရာ ၁၉၄၄-ခု၊ ဩဂုတ်လ ကျသောအခါ (-ဖ-ဆ-ပ-လ- ဟု အမည်တွင်လာသော) ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို ဖွဲ့စည်း တည်ထောင်မိလေသည်။ ၁၉၄၃-ခုနှစ်၊ ကုန်ဆုံးလုနီးသော အခါတွင်မူ....၊ ဗိုလ်ချုပ်သည် မဟာမိတ် စစ်ဌာနချုပ်(အရှေ့တောင်အာရှဆိုင်ရာ)နှင့် လျှို့ဝှက်စွာ ဆက်သွယ်မှု ရရှိခဲ့လေသည်။

၁၉၄၅-ခုနှစ်၊ မတ်လ ၂၇-ရက်နေ့တွင်မူ၊ ဗိုလ်ချုပ် အောင်ဆန်း ဦးစီး ခေါင်းဆောင်သည့် ဗမာ့တပ်မတော်နှင့် ပြည်သူလူထုတရပ်လုံးက ဖက်ဆစ်ဂျပန်တို့အား တခဲ



[illegible]သည်။ ဖက်ဆစ် တော်လှန်မှု အရေးတော်ပုံကြီး စတင်ခဲ့လေသည်။

၁၉၄၅-ခုစက်တင်ဘာလတွင် ဗိုလ်ချုပ်နှင့် တကွ ဗမာနိုင်ငံရေး စစ်ခေါင်းဆောင် ၁၀-ဦးတို့သည် သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့ရှိ မဟာမိတ် ဌာနချုပ်သို့ သွားရောက်၍ မျိုးချစ် ဗမာ့တပ်မတော်နှင့် ဗြိတိသျှလက်အောက်ခံ ဗမာနိုင်ငံ စစ်တပ်တို့ပူးပေါင်း သိမ်းသွင်းရေး ပြဿနာကို ဆွေးနွေးခဲ့လေသည်။

မဟာမိတ် စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တင်ကဗြိတိသျှအစိုးရကိုယ်စား၊ ဗိုလ်ချုပ် အောင်ဆန်းအား ဘရိဂေဒီယာ (ဗိုလ်မှူးချုပ်)ရာထူးဖြင့် အသစ်ဖွဲ့စည်းအံ့သော ဗမာ့တပ်မတော်ကို ဦးစီးရန်စကား ကမ်းလှမ်းခဲ့သေး၏။ သို့ရာတွင် ဗိုလ်ချုပ်သည် ၎င်း ရာထူးကို ငြင်းပယ်ကာ- မပြီးဆုံးသေးသော ဗမာ့လွတ်လပ်ရေးကို အပြီးသတ် ကြိုးပမ်း ဆောင်ရွက်ရန် အတွက် နိုင်ငံရေးနယ်သို့သာ ခြေဦးလှည့်ခဲ့လေသည်။

၁၉၄၆-ခုနှစ်၊ ဇန်နဝါရီတွင် ရွှေတိဂုံ ညီလာခံကြီးတွင် တက်ရောက်သော လူထုပရိသတ် တသိန်းခန့်၏ အကြွင်းမဲ့ ထောက်ခံချက်ဖြင့် ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ ဖြစ်လာလေသည်။

၁၉၄၅-ခု နှစ်၊ အောက်တို ဘာလက ဗြိတိသျှ ဘုရင်ခံ ဆာဒေါ်မန်စမစ်က ဗိုလ်ချုပ်အား အစိုးရအဖွဲ့ ဖွဲ့စည်းရန် စကားကမ်းလှမ်း လာခဲ့သေးသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

ကျေနပ်လောက်သော အခွင့်အရေး စည်းကမ်း ချက်များ မရရှိသဖြင့် ဗိုလ်ချုပ်သည် လက်မခံခဲ့ချေ။

ဖဆပလ အဖွဲ့ချုပ် အပေါ် လူထုက ကြည်ညို သောက်ခံမှုကိုကား ဗြိတိသျှဘုရင်ခံနှင့် အင်္ဂလန် ပြည်ရှိ ဘုရင့်အစိုးရကပင် လေးစား ဝန်ခံရလောက်သော အဖြစ်သို့ ရောက်လာလေသည်။

နောက်ပိုင်းတွင်မူ ၁၉၄၆-ခု၊ စက်တင် ဘာလ ဘုရင်ခံဆာဟူးဗတ်ရန့်စ် လက်ထက်တွင် ဗိုလ်ချုပ်နှင့်ဖဆ ပလ အဖွဲ့သည် ကျေနပ်လောက်သော အခွင့်အရေးများ အရ ဗမာပြည်အစိုးရအဖွဲ့ ဖွဲ့စည်းရန် လက်ခံသဘောတူ ခဲ့ကြသည်။ ဗိုလ်ချုပ်က အစိုးရအဖွဲ့ ခေါင်းဆောင်နှင့် နိုင်ငံခြားရေး ကာကွယ်ရေးဌာန ဝန်ကြီး ဖြစ်လာသည်။

၁၉၄၇-ခု၊ ဇန်နဝါရီလတွင် ကိုလပ်သို့ သွား ရောက်ကာ ဗမာ့လွတ်လပ်ရေး၏ ပထမအဆင့် အကောင် အထည်ဖြစ်သော အောင်ဆန်း အက်တလီ စာချုပ်ကို ချုပ်ဆိုပြီး ပြန်လာခဲ့ပြီးနောက် ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် လူမသမာ တို့၏ လုပ်ကြံ သတ်ဖြတ်မှု ကြောင့် ရုတ်တရက်ရှောင်တခင်ကွယ်လွန် အနိစ္စရောက် သွားရှာလေသည်။

\+ \+ \+



အောင်ဆန်းဦးဘို့အဖေ

၏

ဒုတိယနိဒါန်း

(ဒုတိယ နိဒါန်းသည် ဗိုလ်ချုပ် အောင်ဆန်း၏ အင်္ဂလိပ်ဘာသာ ဖြင့် ရေးသားထားသော စာတမ်း ကို၊ စာရေးသူတက္ကသိုလ်နေဝင်းက မြန်မာပြန်ဆိုခြင်းဖြစ်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၃၉-ခုနှစ်၌ ဥရောပတိုက်တွင် စတင်ဖြစ်ပွားခဲ့လေတော့သည်။

ဗြိတိသျှနယ်ချဲ့သမားတို့ကား ဒီမိုကရေစီလွတ်လပ်မှုအတွက် စစ်ပွဲကို တိုက်ခိုက်နေရပါသည်ဟု ကမ္ဘာသို့ကျယ်လောင်စွာ ကြွေးကြော်သော်လည်း၊ ဗမာနိုင်ငံ၌ ဒီမိုကရေစီလွတ်လပ်မှုကို လက်တွေ့ကျင့်သုံးမှု မရှိသဖြင့် ကျွန်ုပ်တို့တတွေလည်း စစ်ဖြစ်လျှင်ဖြစ်ခြင်း "နယ်ချဲ့ဆန့်ကျင်ရေးနှင့် နယ်ချဲ့စစ်ပွဲဆန့်ကျင်ရေး" လှုံ့ဆော်မှုများကိုအပြင်းအထန် စည်းရုံးလှုပ်ကိုင်ခဲ့ကြလေသည်။

သို့အတွက် ကျွန်ုပ်တို့အား ဗြိတိသျှနယ်ချဲ့သမားက နည်းအမျိုးမျိုးဖြင့် ဖိနှိပ်ချုပ်ချယ်ခဲ့၏။ ကျွန်ုပ်တို့၏ လုပ်ဘော်ကိုင်ဘက် နိုင်ငံရေး ရဲဘော်များတို့ကိုဘမ်းဆီး၍



www.burmeseclassic.com

www.burmeseclassic.com

ထောင်သွင်း အကျဉ်းချခဲ့၏။ အချို့မှာစာရေးရုံး၌ အမှုဆိုင်ရာ၌ အချို့မှာမူ လုံးဝတရားစီရင်မှုမရှိဘဲ ထောင်ကျခဲ့ရ၏။

ကျွန်ုပ်တို့ ပါဝင်လျက်ရှိသော နိုင်ငံရေးပါတီ (တို့ဗမာအစည်းအရုံး)မှ အရေးပါသော ခေါင်းဆောင်တို့သမျှကိုဘမ်းဆီး၍ ထောင်ထဲထည့်ထားခဲ့၏။

ထိုအချိန်က ကျွန်ုပ်တို့တဖွဲ့သားလျှင် ဗမာပြည်၌ တခုတည်းသော ဖက်ဆစ်ဆန့်ကျင်ရေး လက်ဝဲသမားအဖွဲ့ဖြစ်ခဲ့လေသည်။

ဤအချက်ကို ကျွန်ုပ်ရှင်းပြရခြင်းကား၊ စစ်ကြိုခေတ် ဗမာနိုင်ငံ၌ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် လက်ဝဲဝါဒဖြန့်မှု အနည်းငယ်ရှိသည်ကိုကျွန်ုပ်တို့အစုကသာလျှင် ဆောင်ရွက်ခဲ့ကြောင်းနှင့်နိုင်ငံခြား(တရုပ်ပြည်နှင့်စပိန်ပြည်)တွင်ဖက်ဆစ်ဝါဒ ထိုးဖေါက် ကျူးကျော်နေသည်ကို အပြင်းအထန်ရှုတ်ချသည့် ဝါဒဖြန့် လှုံ့ဆော်မှု ကြေးကြော်မှုများကိုကျွန်ုပ်တို့ကသာ ဦးစီးဆောင်ရွက်ခဲ့ကြောင်း သောပြလို၍ဖြစ်ပေသည်။

ထိုအချိန်က ဗြိတိသျှ နယ်ချဲ့စနစ်မှာ တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ဖက်ဆစ်ဝါဒကို အားပေးထောက်ခံခဲ့ကြောင်း အားလုံးအသိဖြစ်ပေလိမ့်မည်။

များမကြာမီကျွန်ုပ်ကိုပါဗြိတိသျှအစိုးရကဘမ်းဆီး



ချုပ်နှောင်တော့မည်ဟု သတင်းကို အတိအကျကြားရလေတော့သည်။

ကျွန်ုပ်အဘို့မှာ အဘမ်းခံပြီး ထောင်ထဲသွားနေ၍ အကျိုးရှိနိုင်မည်မဟုတ်ဟု ယူဆလျှက် ကိုယ်ရောင်ဖျောက်ကာ "မြေအောက်"သို့ လျှိုးသွားခဲ့လေသည်။

ထိုအခိုက်တွင် မမျှော်လင့်သော အကြောင်းတရပ်သည် ရှောင်တခင် ပေါ်ပေါက်၍လာလေသည်။

ဗမာ့ထွက်ရပ်ဂိုဏ်းကြီးတွင်ပါဝင်ဆောင်ရွက်လျက်ရှိသောဒေါက်တာဘမော်(ယခုမဟာကမ္ဘာ)နှင့်ဒေါက်တာသိန်းမောင်(ကွယ်လွန်သူ)တို့က အကယ်၍ အလိုရှိပါက ကျွန်ုပ်တို့သည် ဂျပန်၏ အကူအညီကို ရရှိနိုင်ကြောင်း သတင်းပေးကြလေသည်၊ ကျွန်ုပ်တို့လည်းသိုက်လည်းချက်ခြင်းလိုပင် စုရုံးစည်းဝေးကာ ဂျပန်အကူအညီကိုစွန့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ကြလေသည်။

ကျွန်ုပ်တို့အားလုံး သဘောတူညီကြသည့် အချက်တချက်မှာ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွဲရာတွင် အနည်းဆုံး နိုင်ငံခြားသို့ဝါဒဖြန့်မှု ရရှိဖြစ်မြောက်ရန် လိုအပ်ပေသည် ဟူသော အချက်ပင်ဖြစ်သည်။ တဖန်ထိုထက်တဆင့်တိုး၍ နိုင်ငံခြားအကူအညီကို ရရှိမည်ဆိုကလည်း ပို၍ပင် သာ၍ ချောင်ချောင်းမွန်မည်ဟု ကျွန်ုပ်တို့သဘောရခဲ့ကြပေသည်။ အထက်ပါ အချက်အလက်များ ပြည့်စုံရရှိရေး အတွက်



www.burmeseclassic.com

www.burmeseclassic.com

ဗမာပြည်အတွင်းမှနေ၍ ကြံစည်ရန် လုံးဝမဖြစ်နိုင်ကြောင်း ထိုလည်း ကျွန်ုပ်တို့ သဘောတူ စဉ်းစားမိခဲ့ကြသည်။ ကျွန်ုပ်တို့ လူငယ်နိုင်ငံရေးသမားတွေက ယိုးဒယား-ဂျပန် သို့မဟုတ် တရုတ်ပြည်များသို့ ကိုယ်တိုင် သွားရောက်ရမှလည်း ဖြစ်နိုင်စရာ အကြောင်းရှိပေသည်။

ပထမသော်ကျွန်ုပ်တို့နှင့်လျှို့ဝှက်စွာ ဆက်သွယ်မှု ရှိပြီးဖြစ်သော တရုတ်ပြည်သို့သွားရန်ကြံစည်ကြ၏။ သို့သော် ၁၉၄၀-ခုနှစ်၊ ပြင်သစ်ပြည် ဂျပန်တို့လက်သို့ ကျဆုံးပြီး နောက်ဂျပန်အစိုးရ၏တင်းမာစွာတောင်းဆိုချက်အရတရုပ် ဗမာလမ်းမကြီးကိုဗြိတိသျှအစိုးရက ပိတ်ပေးလိုက်ရသဖြင့် ကျွန်ုပ်တို့တွင် အခက်ကြုံသွားတော့သည်။

ကျွန်ုပ်တို့ကိုယ်တိုင်၏သဘောအရဆိုလျှင်ကားဗမာ့ လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီနှင့် ဗမာပြည် ပြင်ပသို့ ဝါဒဖြန့်ချိရေး လိုအပ်သည်မှာ မှန်သော်လည်း တကယ့်အဓိကလုပ်ငန်းဖြစ်သော ပြည်သူလူထုအား လွတ်မြောက်ရေး လှုပ်ရှားမှုအတွက် စနစ်တကျစည်းရုံးရေးကိုမူ ဗမာပြည်တွင်းမှာ အင်တိုက်အားတိုက် လုပ်ကြရမည်ဟု ထင်မြင်မိခဲ့လေသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ကိုယ်တိုင် စဉ်းစား ရေးဆွဲထားသော အစီအစဉ်တခုလည်း ရှိခဲ့လေသည်။ ကျွန်ုပ်၏အစီအစဉ်ကား အောက်ပါအတိုင်းပင်တည်း။



၅

ဗမာပြည်တဝှမ်းလုံး ပြည်သူလူထုကြီးကိုလှုံ့ဆော် စည်းရုံး၍ဗမာ့ရေးရာ နိုင်ငံတကာ့ရေးရာ အခြေအနေများ အရဗြိတိသျှနယ်ချဲ့စနစ်အား ဆန္ဒပြတော်လှန်သည့် လူထု လှုပ်ရှားမှုများပြုလုပ်ပေးရမည်။ ဗမာ့ဘောင်သူလယ်သမား အလုပ်သမားများကိုလည်း စည်းရုံးသိမ်းသွင်း၍ ဆန္ဒပြ သပိတ်မှောက် အရေးတော်ပုံများ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ဖန်တီးပေးရမည်။

ပြည်သူလူထုကြီး အနေနှင့် မျိုးချစ် စိတ်ဓါတ်နှင့် ဇာတိမာန် တက်ကြွလာစေမည့် ညီလာခံစည်းဝေးပွဲများ စီတန်းလှည့်လည် ဆန္ဒပြခြင်းများ စသည်တို့ကို စစ်သွေး စစ်မာန် စိတ်ဓါတ်အားပေးဝါဒဖြန့်ချိမှုများကိုစနစ်တကျ စည်းရုံးပြုလုပ်ပေးရမည်။

တဖန် အင်္ဂလိပ်ကုန်ပစ္စည်းများကို သပိတ်မှောက် ရေး၊ လူထုအနေနှင့် တညီတညွတ်တည်း အခွန်တော်ငွေ မပေးဆောင်ရေး လှုံ့ဆော်မှုများကိုလည်း ဗြိတိသျှနယ်ချဲ့ စနစ်အား စီးပွါးရေးနည်း ထိုးစစ်ဆင်သည့် သဘောဖြင့် ပြင်းထန်စွာခေါင်းဆောင်မှုပြုလုပ်ပေးရမည်။ ဤအစီအစဉ် ကို တဖက်က နယ်ချဲ့သမား၏ စစ်တပ်နှင့် ပုလိပ်အဖွဲ့ ပြောက်ကျားထိုးစစ်ဖြင့်အနှောက်အယှက်ပေး၍အထောက် အကူပြုပေးရအုံးမည်။ ဤနည်းအားဖြင့် နောက်ဆုံးအဆင့် တွင် ဗမာပြည်ရှိဗြိတိသျှအုပ်ချုပ်ရေးစက်ယန္တရားကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

လုံးဝရုပ်ခဲကာ လှုပ်ရှားခြင်းမပြုနိုင်တော့သည့်အခြေအနေသို့ ရောက်စေကာ ကျွန်ုပ်တို့က အာဏာကို လက်ဝယ်သိမ်းပိုက်မိအောင် ကြံစည်ကြရန်ပင် ဖြစ်တော့သည်။

ထိုအချိန်က ဗြိတိသျှစစ်တ... မျက်နှာဖြူမဟုတ်သော တိုင်းရင်းသားစစ်အသည်များကိုပင် ကျွန်ုပ်တို့ဘက်သို့ ဝင်ရောက် ပူးပေါင်းလာနိုင်မည့် အလားအလာ ကိုပါ ကျွန်ုပ်က ထည့်တွက်ထားခဲ့သေး၏။

အဆိုပါအစီအစဉ်နှင့်ယှဉ်လျက် ဂျပန်တို့၏ ... အကူအညီကိုပါ ကျွန်ုပ် စိတ်ကူးမြင်ယောင်ခဲ့လေသည်။ သို့သော် ကျွန်ုပ်၏ဦးနှောက်ထဲ၌ ဂျပန်အကူအညီပြဿနာကို တိကျပြတ်သားစွာ မမြင်ခဲ့ချေ။

ရှင်းရှင်းနှင့်ဘွင်းဘွင်းဝန်ခံရမည်ဆိုလျှင် ကျွန်ုပ်နှင့်တကွ ဗမာနိုင်ငံရေးလူငယ်ခေါင်းဆောင်များအားလုံးမှာ (နောက်ပိုင်းကျတော့မှကျွန်ုပ်တို့ကြိုမြင်ခဲ့ပါတယ်၊ ဘာညာနှင့်ပြောချင်ပြောတတ်လင့်ကစား) ထိုအချိန် ဂျပန်နှင့် ပူးပေါင်းရေးကိစ္စကို ရှင်းလင်းပြတ်သားစွာ ဝေဘန်သိမြင်ခြင်းငှာမစွမ်းခဲ့ပေ၊ နောက်ပြီးထိုစစ်ကြီးခေတ်က ဆိုဗီယက်ယူနီယံနှင့် တရုပ်ပြည်၏ ပြင်ဘက်ရှိ လက်ဝဲအင်အားစုဟူသ၍မှာ... ဘာတရားရေးနှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားခြင်းမရှိဘဲ၊ ယောင်ဝါးရှုပ်ထွေးသော အတွေးအခေါ်များသာ ရှိခဲ့လေသည်။



ကျွန်ုပ်အဘိုကားအထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အခြေအနေအမှန် ကောင်းမွန်ရှင်းလင်းစွာတွေးယူစိတ်ကူး ရှိခဲ့ချေ။ ကျွန်ုပ်၏ စီမံကိန်း ရေးဆွဲစဉ်ကမူ....

"ဂျပန်ပြည်က ဗမာပြည်သို့ ကျူးကျော်တိုက်ခိုက်လာခြင်းကို ကြိုတင်တားဆီး၍ ကျွန်ုပ်တို့ဘာသာ ကျွန်ုပ်တို့(လွတ်လပ်သောဗမာနိုင်ငံ)ကို ဖွဲ့စည်းတည်ထောင်ရမည်။ ...မှ ဂျပန်ကော ဗမာပြည်ထဲမရောက်မီ ကျွန်ုပ်တို့က ဂျပန်အစိုးရနှင့် ဆွေးနွေးစကား ဆိုရမည်။ ဂျပန်စစ်တပ်တွေ ဗမာပြည်သို့ ဝင်လာခြင်းကို မတားဆီးနိုင်မှသာ ကျွန်ုပ်တို့က ဂျပန်အား ပြန်၍တော်လှန်ရန် ပြင်ဆင်မှုများပြုလုပ်ရမည်" ဟူ၍သာ ရေးဆွဲထားခဲ့ပေသည်။

အထက်ပါ ကျွန်ုပ်၏ စီမံကိန်း အကြံအစည်ကို ကျွန်ုပ်ကိုယ်တိုင်ကတော့ ဟုတ်လှပြီဟုကျေနပ်မိသော်လည်း ကျွန်ုပ်တို့၏လုပ်ဖော်ကိုင်ဘက် ရဲဘော်များထဲက နှစ်ချိုက်လက်ခံမည့်သူ နည်းလှကြောင်း တွေ့ရပေသည်။ ၎င်းကား အခြားကြောင့်မဟုတ်၊ အရင်းရှင်ပေါက်စ လူတန်းစားမှလာသည့် ကျွန်ုပ်တို့၏လူတန်းစားဉာဉ်က လူတွေကိုအပြောကောင်းသလောက်အလုပ်ကျတော့ ဆုံးဖြတ်ချက်အကောင်အထည်ဖော်ရာ၌ ပြတ်သားတိကျခြင်းမရှိဘဲ၊ ဖင့်နွှေးတွေဝေအောင် ဖန်တီးလျက် ရှိသောကြောင့်ပင် ဖြစ်သည်။ ၎င်းလူတန်းစား ဉာဉ်ကပင် ခက်ခဲပြီး အချိန်ကြာမြင့်စွာ



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ရသည့် လူထုစည်းရုံးမှု၊ လှုံ့ဆော်မှု လုပ်ငန်းများ အပေါ် စိတ်မရှည်ခြင်း၊ စိတ်ပျက်ခြင်းများဖြစ်ပေါ်စေခဲ့၏။ များသောအားဖြင့် ကျွန်ုပ်တို့ လူငယ်ခေါင်းဆောင်များမှာ လူထုစည်းရုံးရေးနှင့် လူထုလှုပ်ရှားမှု အကြောင်းကို အာဆောင် အာရင်းသန်သန်နှင့် ပြောတတ် ကြသလောက် ပြည်သူလူထု၏စည်းရုံးမှုအင်အားနှင့်တန်ဘိုးကို ကောင်းစွာ သဘောမပေါက်ခဲ့ကြပေ။ ကျွန်ုပ်တို့၏အရင်းရှင်းပေါက်စ လူတန်းစားအသိကြောင့်လူထုစည်းရုံးမှု အင်အားကိုလည်း ယုံကြည်အားကိုးခြင်းကင်းမဲ့ခဲ့ကြလေသည်။

ထို့ကြောင့်ပင် ကျွန်ုပ်၏ အစီအစဉ်တွင် ပါသော ပြောက်ကျားစစ်ဆင်မှုကိစ္စတွင် လက်နက်မရှိဘဲ မည်သို့ဖြစ်နိုင်မည်နည်းဟု ရဲဘော်အချို့က ဝိုင်းမေးသောအခါတွင် ကျွန်ုပ်က-

"ဓါးမြတိုက်တဲ့ လူတွေတောင် လက်နက်ရအောင် ကြံနိုင်လို့ရှိရင် ကျုပ်တို့လို စံနစ်တကျစည်းရုံးမှုရှိတဲ့လူတွေ အတွက် ဘာဖြစ်လို့မရနိုင်မှာလဲ" ဟု ပြန်ဖြေခဲ့ရသေး၏။

တကယ်လည်း ကျွန်ုပ်တို့ဗမာနိုင်ငံ၌ လူတရာခန့် ပါဝင်သော ဓါးပြဂိုဏ်းတခုဆိုလျှင် ပြောက်ကျားစစ်တပ် ကလေး တတပ်လောက် အင်အားရှိနိုင်သည် မဟုတ်ပါလော....။



နောက်ဆုံးတွင် ကျွန်ုပ်တို့အထဲမှတယောက်ယောက်က နိုင်ငံခြားသို့လျှို့ဝှက်စွာ ထွက်သွားမှ သဘောတူဆုံးဖြတ်လိုက်ကြလေသည်။

ငွေကိစ္စနှင့်ပတ်သက်၍လည်း ကျွန်ုပ်တယောက်သာ လျှို့ဝှက်စွာ "မြေအောက်" ၌ နေထိုင်ရခိုက်ဖြစ်၍ ကျွန်ုပ်ကိုပင် နိုင်ငံခြားသို့စေလွှတ်ရန် ရွေးချယ်ခဲ့ကြ၏။

ထိုအတောအတွင်း ထွက်ရပ်ဂိုဏ်း ခေါင်းဆောင် ဒေါက်တာဘမော်မှတဆင့် ဂျပန်တို့က ကူညီရန်အသင့်ရှိကြောင်း စကားကမ်းလှမ်းချက် ရောက်လာလေသည်။

ကျွန်ုပ်တို့က အတန်ငယ် စဉ်းစားနေပြီးနောက် ဂျပန်၏ အကူအညီလက်ခံရန် သဘောတူလိုက်ကြသည်။ သို့သော် ချက်ချင်းလိုပင် စိတ်ပျက်ဘွယ်ရာ တွေ့ကြုံရပြန်ပုံကား၊ ဂျပန်တို့ကကျွန်ုပ်တို့နှင့်ပူးပေါင်းဆောင်ရွက်ရေးကို အကြောင်းအမျိုးမျိုးပြ၍ ရွှေ့ဆိုင်းနေခြင်းပင် ဖြစ်လေသည်။ နောက်မှသိရသည်မှာ ဂျပန်တို့သည်စောစောပိုင်းက ကျွန်ုပ်တို့တတွေအားဗိုလ်ရှီဗျစ်(ကွန်မြူနစ်)တွေဟုထင်မှတ်ပြီး အတူလက်တွဲလုပ်ကိုင်ရန် ရွံတရက်ဝန်လေးနေသည် ဟူ၍ပင်ဖြစ်၏။

မည်သို့ပင်ဖြစ်စေကျွန်ုပ်တို့ကဂျပန်အလာကိုမစောင့်တော့ဘဲ ကျွန်ုပ်ကိုပင် တရုပ်ပြည်သို့ လျှို့ဝှက်စွာစေလွှတ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်လေတော့သည်။ ဗမာပြည်၏ ကောင်းကျိုးအတွက် ကျွန်ုပ်သဘောကျသလို အသုံးပြုနိုင်ရန်လည်း ငွေအကန့်အသတ်မရှိထုတ်နိုင်သော Blank Cheque ဘဏ်ချက်လက်မှတ်တစောင်ကို ရဲဘော်များက ကျွန်ုပ်အား ပေးလိုက်လေသည်။

ကုန်းကြောင်းခရီးမှ သွားရသည့် တရုပ်ဗမာလမ်းမကြီးမှာ ထိုအချိန်က ပိတ်ထားလိုက်ပြီဖြစ်၍ ကျွန်ုပ်မှာ ပင်လယ်ခရီးဖြင့် တရုပ်ပြည်သို့သွားခဲ့ရရာ ထိုသို့ရေလမ်းမှ သွားရခြင်းကြောင့်ပင်လျှင် နောက်ပိုင်းတွင် ဂျပန်တွေနှင့် တွေ့ဆုံဆက်သွယ်မိစေသည့် အကြောင်းတရပ် ဖြစ်ခဲ့လေသည်။

ပင်လယ်ရေကြောင်း ခရီးဖြင့်သွား၍ ကျွန်ုပ်သည် တရုပ်ပြည်မအလယ်သို့မရောက်နိုင်ကြောင်းနှင့် သင်္ဘောဖြင့် တရုပ်ပြည်ကမ်းရိုး(အင်မွိုင်) မြို့အထိသာ ရောက်နိုင်မည့်အကြောင်းကိုလည်း ကျွန်ုပ်စုံစမ်းသိရပေသည်။ အမွိုင်မှတဆင့် တရုပ်ပြည်တွင်းသို့ ဝင်ရောက်ခွင့်ရရန်ကိုမူ ကျွန်ုပ်၏ ပင်ကိုယ်ဉာဏ်နှင့်အစွမ်းအစပေါ်တွင်တည်နေတော့၏။

ကျွန်ုပ်သည်အမွိုင်မြို့ရှိ (ကူလန်ဆူကျွန်း) ခေါ် နိုင်ငံခြားသားများနေထိုင်ရာ ရပ်ကွက်၌ ခေတ္တတည်းခိုရင်း တရုပ်ပြည်မအတွင်းသို့ဝင်ရောက်ရန်ကြံစည်ကြိုးစားနေခိုက်



ဗမာပြည်ရှိ ကျွန်ုပ်တို့၏ ရဲဘော်များသည် ဂျပန်တို့နှင့် ဒုတိယအကြိမ် လျှို့ဝှက်စွာ ဆက်သွယ်မိကြပြန်သည်။

ထိုဆက်သွယ်မှုကြောင့် ရက်များမကြာမီ ကျွန်ုပ်သည် ဂျပန်ပြည် တိုကျိုမြို့တော်သို့ ရောက်သွားလေတော့သည်။

\+ × + +

တိုကျိုမြို့တွင် ကျွန်ုပ်သည် အဆိုးထဲမှ အကောင်းကို ကြံဖန်ရှာဖွေခဲ့ရလေသည်။

ဗမာပြည်မှ ထွက်ခွါ၍မလာမီ ကျွန်ုပ်သည်ဂျပန်ပြည် အကြောင်းနှင့် ပက်သက်သည့် စာအုပ် စာတမ်းအချို့ကို ဘတ်ခဲ့ဘူးရာ ထိုစာအုပ်များတွင် ဂျပန်တို့ မကောင်းကြောင်းတွေ ရေးသားထားသမျှမှာ တကယ့်အဖြစ်မှန်ထက် ဂျပန်ဆန့်ကျင်ရေးဝါဒ ဖြန့်မှုတွေက ပို၍များပေလိမ့်မည်ဟု မိမိကိုယ်ကို နှစ်သိမ့်ခဲ့ဘူး၏။

မည်သို့ပင်ဖြစ်စေ တိုကျိုမြို့၌ ကျွန်ုပ်၏ ပထမဆုံး အတွေ့အကြုံကို ဘော်ပြရမည်ဆိုလျှင် ဂျပန်များသည် သိပ်ပြီးမဆိုးပေါဟု ဆိုရပေမည်။ ကျွန်ုပ်နှင့် လျှို့ဝှက်စွာ တွေ့ဆုံသိကျွမ်းရသော ဂျပန်လူမျိုးများမှာ အထူးရည်မှန်းသိမ်မွေ့လျက် ဆက်ဆံရာ၌လည်း ကျွန်ုပ်တို့ ဗမာအရေး



www.burmeseclassic.com

www.burmeseclassic.com

ချင်းကဲ့သို့ပင် လွယ်ကူမြေပြစ်ခဲ့သဖြင့် ကန့်ကွက်စရာ အပြစ်ဆိုစရာဟူ၍ မရှိသလောက် ဖြစ်ခဲ့လေသည်။

ကျွန်ုပ် တိုကျိုမြို့သို့ ရောက်သွားသော (၁၉၄၀-ခုနှစ်၊ နိုဝင်ဘာလ ၁၂-ရက်) နေ့တွင် ဂျပန်အင်ပိုင်ယာ နှစ်ပေါင်း ၂၆၀၀ ပြည့်သည့် အငြိမ်း အမှတ် အခမ်းအနား သဘင်ကြီးတခုကို အလွန် ကြီးကျယ်ခမ်းနားစွာ ကျင်းပလျက်ရှိလေသည်၊ နောက်တနေ့တွင်ကျွန်ုပ်ကို ဂျပန်ဘုရင်၏ နန်းတော်ရှိရာသို့ ခေါ်သွားသဖြင့် မြောက်မြားစွာသော ဂျပန်လူမျိုးယောကျ်ား မိန်းမခလေးသူငယ်များနည်းတူ ကျွန်ုပ်လည်း နန်းတော်ဘက်သို့ ဦးညွတ်အလေးပြုခဲ့ရသေးသည်။

ဤအချက်ကို ကျွန်ုပ်သည် ထူးထူးထွေထွေ လေးနက်စွာ မတွေးခဲ့ချေ။စင်စစ် ကျွန်ုပ် ဂျပန်ကေရာဇ်အား နိုင်ငံတနိုင်ငံ၏ အထွတ်အထိပ် ဘုရင်မင်းမြတ်တဦးအနေနှင့် လေးစားသင့်သည်ဟု မှတ်ယူ၍သာ ဦးညွတ်အလေးပြုခဲ့ခြင်းသာဖြစ်ရာ ထိုသို့ပြုမူခြင်းအားဖြင့် ဂျပန်ဘုရင်၏ သစ္စာတော်ခံယူလိုသော ရည်ရွယ်ချက်သဘော စိုးစဉ်းမျှမရှိခဲ့ချေ။

အကြောင်းမူကား ကျွန်ုပ်အနေနှင့် သက်ဦးဆံပိုင် ဘုရင်အုပ်စိုးခြင်း Monarchy စံနစ်ကို မည်သည့်နည်း မည်သည့်ပုံမျိုးပင်ဖြစ်စေ လုံးဝနှစ်သက် သဘောကျခြင်း မရှိသောကြောင်းပင်တည်း။



ထိုနောက် ကျွန်ုပ်တို့၏ လုပ်ငန်း အစီအစဉ်များကို ကြားရလေတော့သည်။

တဖြည်းဖြည်းနှင့် ကျွန်ုပ်လည်း ဂျပန်အကြောင်း (အထူးအားဖြင့် ဂျပန်စစ်မဲ့ဝါဒအကြောင်း) ကို မိုမို၍ သတိရှိ သဘောပေါက်လာလေသည်။

ဤနေရာ၌ ဂျပန်နှင့်ကျွန်ုပ်တို့ အလုပ်ကိစ္စ မည်သို့ ခေန်းသွားခဲ့သည်ကိုမပြောပြမီ ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် လူနေမှုစံနစ်အကြောင်း အနည်းငယ် ဖော်ပြလိုပေသည်။

တိုကျိုမြို့တွင် ၂-ရက်၊ ၃- ရက်ခန့် နေပြီးသော် ကျွန်ုပ်တို့အား မြို့ပြင်ကျေးလက်ဒေသရှိဟိုတယ်တခုသို့ခေါ်သွားလေသည်။

ကျွန်ုပ်တခုပြောပြရန် မေ့လျော့ ကျန်ရစ်သည်မှာ ဂျပန်ပြည်သို့သွားရောက်ရာ၌ ကျွန်ုပ်အား လက်ခံပြုစုမည့် "အိမ်ရှင်" မှာ ကာနယ်ဆူဇူကီး (နောက်တော့ ဗိုလ်မိုးကြိုးဖြစ်လာသူ) ဆိုသူပင်ဖြစ်သည်။တိုကျိုလေဆိပ်၌ သူနှင့် ပထမအကြိမ် တွေ့ဆုံစဉ်က သူ့အား ဂျပန်- ဗမာ အသင်း၏ အတွင်းရေးမှူးချုပ်(မစ္စတာ-မီနာမိ) ဟု အရပ်သား တယောက်အဖြစ်သာ မိတ်ဆက်ပေးခဲ့သည်။

မြို့ပြင်ဟိုတယ်သို့ ရောက်သောအခါ ကာနယ်ဆူဇူကီးက ကျွန်ုပ်အား ပျော်ပါးရန် မိန်းမ ယူမလား ဟု မေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က ကျွန်ုပ်မှာ တကဲ့လူပျိုစစ် အရွယ် သက်သက် တယောက်ဖြစ်သေးသည့်အခါလျှောက်၊ ဆူဇူကီး၏ စကားကိုကြားရသောအခါ အလွန်ရှက်သွေးမှန်သွားမိပြီ

"မလိုချင်ပါဘူး-နေပါစေ" ဟုသာ ပြန်ဖြေ လိုက်လေသည်။

ထိုစဉ်အခါ ကာနယ်ဆူဇူကီးက....

"ဒါရှက်စရာ ကိစ္စမဟုတ်ပါဘူး၊ မိတ်ဆွေတို့ ခင်ဗျားတို့ ကျုပ်တို့ရေချိုးသလို သာမန်အလုပ်တခုပါဘဲ" ဟုပြောပြန်သည်။ကျွန်ုပ်တို့ကမူ ကျေးဇူးတင်ကြောင်းနှင့် ယင်းသို့မိန်းမနှင့်ပျော်ပါးရန် အလိုမရှိကြောင်းသာ ပြန် ပြောလိုက်ရလေသည်။

ကျွန်ုပ်၏စိတ်ထဲ၌ထား-

"အင်းဒီဂျပန်တွေကငါတို့ကို ပထမအဆင့်အနေနဲ့ ကိုယ်ကျင့်တရားနဲ့ စိတ်ဓါတ် ပျက်ပြားအောင်လုပ်တာပါ ဘဲကလား"ဟု တွေးမိလိုက်ပါသည်။

တိုကျိုမြို့သို့ ပြန်ရောက်သော အခါ၌လည်း ဂျပန် တွေက ပြည့်တန်ဆာအိမ်သို့ ခေါ်ပြန်သည်။ သို့သော် ကျွန်ုပ်တို့က ခရီးပမ်းလာ၍ မပျော်ပါးလိုပါ၊ ဟိုတယ် ပြန်ပြီးသာ အိပ်ချင်ကြကြောင်း၊ ဇွတ်အတင်း ငြင်းပယ် တော့မှ ဟိုတယ်သို့ ပြန်အိပ်ခွင့်ရခဲ့လသည်။

ထိုအဖြစ်အပျက်ပြီးသွားသည့်နောက်တွင်မူ၊ ကျွန်ုပ်



ဗမာပြည်သို့ လျှို့ဝှက်စွာပြန်လာသည်အထိ ကျွန်ုပ်အား မိန်းမနှင့်ပျော်ပါးရန်စကားမခေါ်တော့ချေ။

ကာနယ်ဆူဇူကီးကပျော်ပါးရန်းမိန်းမတွေနေသော ရပ်ကွက် အဆင်သင့်ရှိကြောင်း ပြောပြတော့မှ ကျွန်ုပ်တို့ ယခင်က စာအုပ်ထဲ ဘတ်ဘူးသော ဂျပန် မိန်းမများ အကြောင်းကို ကိုယ်တိုင်သိရှိ နားလည်ခွင့်ရလာပေသည်။

ဤကိစ္စနှင့်ပတ်သက်၍ အဖြစ်ကလေး တခုလည်းရှိ သေး၏။

တနေ့ ကျွန်ုပ်တို့တည်းခိုသော ဟိုတယ်မှ ရုပ်ရည် သန့်ပြီးမိခကောင်းဖခင်သားသမီးတယောက်ဖြစ်ဟန်တူသော ၁၆- နှစ်အရွယ် မိန်းခလေး စားပွဲထိုး တယောက်သည်၊ လက်ဘက်ရည်ပွဲကိုလာချစဉ် ကာနယ် ဆူဇူကီးက ထိုမိန်း ခလေးအား ပြည့်တန်ဆာမအိမ်ဘယ်နားမှာရှိသလဲဟု ခပ် အေးအေးမေးလိုက်လေသည်။

ကျွန်ုပ်တို့အနေနှင့် ကိုယ့်သိက္ခာကို ရှိသေသူမှန် သမျှ မပြောသင့်သောစကားကို ထိုသို့ပြောင်ပြောင်ပြောချလိုက် ခြင်းကြောင့် ကျွန်ုပ်တို့မှာအံ့အားသင့် တုန်လှုပ် သွားမိကြ သေသည်။

သို့သော် - ကာနယ်ဆူဇူကီးရော အမေးခံရသူ မိန်း ခလေးကပါ လုံးဝဣန္ဒြေပျက်ခြင်းမရှိခဲ့ပေ။

နောက် - ရက် အနည်းငယ်ကြာ၍ ကျွန်ုပ်တို့သည် အခြားကျေးရွာတရွာရှိ ဟိုတယ်တခုသို့ပြောင်းရွှေ့နေထိုင်



www.burmeseclassic.com

www.burmeseclassic.com

ရသောအခါ၌လည်း ဂျပန်လူမျိုးတို့က သူတို့၏အမျိုးသမီးများကို မည်သို့ သဘောထားဆက်ဆံပုံကို ပိုမိုလေ့လာသဘောပေါက်ခွင့်ရပြန်လေသည်။

အကျယ်ချဲ့၍ရေးသားလေ…သို့အခွံစိုး၍ ဂျပန်တို့၏စိတ်ဓါတ်နှင့်ပတ်သက်သောသာဓကနမူနာသာ ကျွန်ုပ် တင်ပြလိုပေသည်။

တခါသော် ကျွန်ုပ် တို့ သည် စား သောက် ဖွယ်ဟိုတယ်ဆိုင်တခု၌ မှာယူစားသောက်လျက်ရှိစဉ် ကိုရီးယားအမျိုးသားတဦးသည်လည်း ထိုဆိုင်တွင်း၌ ရှိနေလေသည်။

ကျွန်ုပ်အဘို့ကား ကိုရီးယားမှန်း ဂျပန်မှန်း ခွဲခြား၍မသိရာ၊ ကာနယ် ဆူဇူကီးက ထိုကိုရီးယား အမျိုးသားဘက်သို့လက်တဘက်မြှောက်ပြီး ရပ်ပြလိုက်တော့မှ အံ့အားသင့်သွားမိပါသည်။

ထိုသူပြုမူချက်၏ အဓိပ္ပါယ်ကိုနားလည်ပါ၏လောဟုကာနယ်ဆူဇူကီးကမေး၍ကျွန်ုပ်တို့ကနားမလည်ကြောင်းပြန်ပြောပြသောအခါ သူက—

"ဒါဟာ-ကျွန်ုပ်တို့ နိပွန်လူမျိုးအနေနဲ့ ကိုရီးယားလူမျိုးတွေကို ရှုတ်ချတဲ့ သဘောဘဲ၊ ကိုရီးယားလူမျိုးတယောက်တွေ့တိုင်းတွေ့တိုင်း၊ကျုပ်တို့ရဲ့မနှစ်မြို့မလိုလားပုံကို အဲဒီလို ပြကြတာဘဲ၊ ကျုပ်အဖေဆိုရင် ကိုရီးယားတယောက်သူ့နားမှာမြင်တာနဲ့ ချက်ချင်းမောင်းပစ်လိုက်တာဘဲ"ဟု ပြန်ပြောလေသည်။



ကျွန်ုပ်အဘို့မှာရင်းအခြင်းအရာကိုမြင်ခြင်းအားဖြင့် ဂျပန်က ကိုရီးယားအပေါ် မည်သို့ဆက်ဆံခဲ့ကြောင်းနှင့် ကိုရီးယားအမျိုးသားတွေ ဘာကြောင့် ဂျပန်လက်အောက်က-လွတ်မြောက်ပြီး လွတ်လပ်ရေး လိုချင်ကြကြောင်းကို ချက်ချင်းသဘောပေါက်ရိပ်မိပါတော့သည်။

နောက် သာဓကတခုကတော့ ကာနယ် ဆူဇူကီးက ကျွန်ုပ်တို့အား ဗြိတိသျှဆန့်ကျင်ရေးစကားတွေရှိကာချဲ့၍ ပြောနေရင်း နားလည်သဘောပေါက်လာခဲ့ပါသည်။

ဆူဇူကီးက သူ ပထမ ကမ္ဘာစစ်ကြီး အတွင်းက ဗလာဒီဗော့စတော့မြို့ (ရုရှားပြည်)၌ အမှုထမ်းလျက်ရှိစဉ် သူသည် ရန်သူရုရှားအိမ်တအိမ်သို့သွား၍ရုရှားလူမျိုးတအိမ်သားလုံး မိန်းမနှင့် ကလေးတွေပါမကျန် သတ်ဖြတ်ပစ်ခဲ့ကြောင်းများကို ထုတ်ဖေါ်ပြောပြပါသည်။

"အဲဒီလိုဘဲ ခင်ဗျားတို့ကလဲ အင်္ဂလိပ် မှန်သမျှ ယောကျ်ား၊ မိန်းမ၊ ခလေးပါမကျန် ကိစ္စတုံး သတ်ပစ်ကြရမယ်"ဟု ကာနယ်ဆူဇူကီးကဆက်လက်ပြီးပြောလိုက်သောအခါ၌မူ ကျွန်ုပ်မှာ ထိုအခါနီကဗြိတိသျှဆန့်ကျင်ရေး စိတ်ဓာတ်တွေ ကိန်းအောင်းလျက်ရှိစေကာမူ ဂျပန်ပြောသလို ရက်စက်ရိုင်းစိုင်းစွာပြုမူရန်ဆန္ဒ လုံးဝမဖြစ်ပေါ်ခဲ့ချေ။

တခုတော့ ကာနယ်ဆူဇူကီးအတွက်ပြောစရာရှိသည်ကား၊ နောက်ပိုင်းတွင် ရင်းကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏



www.burmeseclassic.com

www.burmeseclassic.com

သိမ်မွေ့သောစိတ်ဓါတ်နှင့်အတွေးအခေါ်ကိုသတိမူ၊ လေး စားကာ အသိအမှတ်ပြုလာခြင်းပင်ဖြစ်၏။

၎င်းနောက် ကျွန်ုပ်တို့၏ လုပ်ငန်းများကို စတင် အကောင်အထည်ဖေါ်ခန်းသို့ရောက်လာပါတော့သည်။

ကျွန်ုပ်၏ ပင်ကိုယ် စရိုက်(Character) စိတ်နေ သဘောထားအမှန်ကို သိနိုင်ရန်အထွက် ကာနယ်ဆူကူကီး သည် ချော့ချည်တလှည့်၊ ချောက်ချည်တမျိုး၊ နည်းအမျိုး မျိုးဖြင့် ဆက်ဆံခဲ့လေသည်။

ကျွန်ုပ်နှင့် ပတ်သက်၍ ဂျပန်တို့က အထူး သိလို သောအချက်များမှာ....

၁။ ကျွန်ုပ်ဘာကြောင့်တရုပ်ပြည်သို့ ထွက်ခွာလာ ခဲ့သနည်း။

၂။ ကျွန်ုပ်သည် ကွန်မြူနစ်တယောက်ပေလော။

၃။ ဂျပန်နှင့်တရုပ် အရေးတော်ပုံနှင့် ပတ်သက်၍ ကျွန်ုပ်၏ ယူဆချက်များက မည်သို့ပေနည်း၊ အစရှိသော မေးခွန်းများပင်ဖြစ်လေသည်။

ကျွန်ုပ်က ၎င်းမေးခွန်းများကို တတ်နိုင်သလောက် ဖြေကြားရာ၌ မုသားပြောရလည်းမရောက်ဘဲ ဘာမှလည်း ထူးထူးထွေထွေထုတ်ဘော်ပြောရမရောက်အောင် ကြိုးစား၍ ဖြေကြားခဲ့သည်။

မေးလာသမျှလူတိုင်းကို ကျွန်ုပ်က တရုပ်ပြည်သို့



ထွက်လာရခြင်းမှာ နိုင်ငံခြား အကူအညီ ယူချင်၍ပင်ဖြစ် ကြောင်းပြောခဲ့ပါသည်။

“ခင်ဗျားဟာ- ကွန်မြူနစ်တယောက်လား” ဟူ သောမေးခွန်းကိုမူ ကျွန်ုပ်က နိုင်ငံခြားမှနည်းစံနစ်ပုံစံတခု ကို အခြားနိုင်ငံတခု၌တိုက်ရိုက်ကူးယူအသုံးချခြင်းကိုကျွန်ုပ် တို့မယုံကြည်၊ ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးမှနည်းစံနစ်မျိုး စုံကို သေချာစွာလေ့လာသုံးသပ်ပြီးမှ ကျွန်ုပ်တို့တိုင်းပြည် အခြေအနေနှင့်ဆီလျော်အောင် ပြုပြင်သုံးသပ်ယူကြောင်း၊ ကွန်မြူနစ်ဝါဒနှင့် ပတ်သက်၍ ကျွန်ုပ်တို့ မနှစ်သက်စရာ အချက်အလက်တွေ့ ရှိစေကာမူ၊ ကွန်မြူနစ်တို့၏ စံနစ်ကျ သော စီးပွားရေးစီမံမှုမှာ တကယ့်ချီးကျူးစရာကောင်း ကြောင်း၊ ထို့ကြောင့်(ဂျပန်အပါအဝင်)အခြားနိုင်ငံများ ကပင် ထိုစံနစ်ကိုအတုယူပြီးကျင့်သုံးနေကြောင်းစသည်ဖြင့် ဖြေကြားခဲ့ပါသည်။

တရုပ်-ဂျပန်အရေးတော်ပုံနှင့် ပတ်သက်၍ကား.... ကျွန်ုပ်တို့အဘို့ အဓိက ပြဿနာမှာ ဗမာ့လွတ်လပ်ရေး လှုပ်ရှားမှုပင်ဖြစ်၍ ကျွန်ုပ်တို့၏ ရန်သူအား တိုက်ခိုက် အနှောက်အယှက်ပြုသူ မည်သူမဆိုကိုကျွန်ုပ်တို့၏ မိတ်ဆွေ အဖြစ်ယူဆမည်ဖြစ်ကြောင်းပြောပြခဲ့လေသည်။

နောက်ဆုံး(တတိယ)မေးခွန်းမှအပ၊ ကျွန်ုပ်၏ဖြေ ကြားချက်များကို ဂျပန်တို့ကလုံးဝသဘောကျနှစ်သက်ဟန် မတူခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်အစအဆုံး ဂျပန်ကကျွန်ုပ်အားစိတ်မချဘဲ သံသယရှိခဲ့လေသည်။

အခွင့်ရတိုင်း ကျွန်ုပ်ကလည်း ကျွန်ုပ်တို့၏ပြင်းထန်သော မျိုးချစ်စိတ်ဓါတ်ကို ဖုံးကွယ်ထားလိုကြောင်း၊ ယခု ဂျပန်နှင့် လာပူးပေါင်းခြင်းမှာလည်း ဗမာပြည်၏ လွတ်မြောက်ရေးအတွက် ဂျပန်အကူအညီနှင့် ဆောင်ရွက်လိုရုံပင်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့အဘို့မှာလည်း ဂျပန်တို့၏ (ဟန်ဆောင်မဟုတ်သော)မဟာမိတ်အစစ်တဦးဖြစ်လိုသော ဆန္ဒရှိကြောင်းများ ဘွင်းဘွင်းပင်ပြောခဲ့ပါသည်။

ဂျပန်များနှင့် ပတ်သက်၍ကား၊ သူတို့ထဲက လူအတော်များများသည်၊ ကျွန်ုပ်၏ပြင်းထန်သော မျိုးချစ်စိတ်ဓါတ်ကို လေးစားအသိအမှတ် ပြုခဲ့ကြသည်ဟု ဆိုရပေမည်။

ဒေါက်တာကာမော်၏ ပြောပြချက်အရဆိုလျှင်ဗမာပြည်ဆိုင်ရာ၊ ပထမ ဂျပန်စစ်သေနာပတိ လက်ဖတင်နယ်ဂျင်နရယ် အီးဒါးက ကျွန်ုပ်(အောင်ဆန်း)အား အောက်ပါအချက်သုံးချက်ကြောင့် လေးစားခဲ့မိသည်ဟု သိရပေသည်။

၁။ ငွေကြေးကိုမတပ်မက်ခြင်း။

၂။ တံခိုးအာဏာကိုမမက်မောခြင်း။

၃။ ကိုယ်ရေးကိုယ်တာ ကိစ္စများဖြင့် သီးခြားနေလိုသော တကိုယ်ကောင်းဝါဒကိုမနှစ်သက်ခြင်း။



အခြားဂျပန်လူကြီးပိုင်းထဲက ပုဂ္ဂိုလ်တယောက်ကလည်း ကျွန်ုပ်အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ရဲဘော်လုပ်ဘော်ကိုင်ဘက်တဦးအား—

“အောင်ဆန်းက သိပ် ဖြောင့်တဲ့လူ၊ ဂျပန်တွေကသာဖြောင့်ရင်၊ သူဟာလူကောင်းတယောက်ဘဲ၊ သို့သော်-ဂျပန်ကမဖြောင့်ဘူးဆိုရင်တော့ အောင်ဆန်းဟာ အလွန်ကြောက်စရာကောင်းတဲ့လူတယောက်ဘဲ၊ ကျုပ်တို့ဂျပန်ရဲ့ ဝါဒပေါ်လစီကလဲ သိပ်မဖြောင့်တာခက်တယ်”ဟု-ပြောဘူးကြောင်းသိရပေသည်။

သည်လိုအကြောင်းကိစ္စမျိုးတွေကိုအသာဖယ်ထားလျက် ကျွန်ုပ်၏ဇာတ်လမ်း ဆက်လက်ပြောရမည်ဆိုလျှင်— ကာနယ်ဆူဇူကီးသည်ကျွန်ုပ်အားရှေ့ဦးစွာအင်္ဂလိပ်ဘာသာဖြင့် စီမံကိန်းတခုကိုရေးဆွဲတင်ပြရန်ပြောလေသည်။

ကျွန်ုပ်လည်းရှိသေစွာနှင့်ပင် များမကြာမီကျွန်ုပ်တို့အသေးစိတ်ဆွေးနွေးရမည်ဟုမြော်လင့်လျက် ဗမာပြည်သို့ချီတက်တိုက်ခိုက်ရန်၊စီမံကိန်း(Plan)တခုကို ရေးဆွဲခဲ့လေသည်။ ၎င်းစီမံကိန်း၌ ဗမာပြည်သို့ ဂျပန်စစ်တပ်များကတစိတ်တဒေသသာလျှင် (ရှမ်းပြည်နယ်ဘက်) ဝင်ရောက်တိုက်ခိုက်ရန် ဖော်ပြထားခဲ့ပေသည်။

သို့ရာတွင် ကျွန်ုပ်မြော်လင့်ခဲ့သလို ကျွန်ုပ်ရေးသားခဲ့တင်ပြသော စီမံကိန်းကို ဂျပန်တို့နှင့် လုံးဝ မဆွေးနွေးရပေ။



www.burmeseclassic.com

www.burmeseclassic.com

ကာနယ်ဆူဇူကီး၏လက်ထောက်အရာရှိအား ထိုစီမံကိန်းမှာ စစ်မှုရေးရာနှင့်သာ ပတ်သက်သော စီမံကိန်းသာ ဖြစ်ကြောင်း ကျွန်ုပ်ကပြောခဲ့မိသေး၏။

ဤအကြောင်းနှင့်ပတ်သက်၍ နောက်မှ သိရသည်ကား—ကျွန်ုပ်၏စီမံကိန်းကို ကာနယ်ဆူဇူကီးကတိုကျိုမြို့ရှိ ဂျပန် စစ်ဦးစီး ဌာနချုပ်သို့ ယူဆောင်ပြီး တင်ပြသည်ဟု ဆို၏။ နောက်ဆုံးတွင်မူ ထိုစီမံကိန်းကိုဗမာပြည်သို့စစ်ဆင်ချီတက်ရေးကိစ္စကို ထုတ်နုတ် ချန်လှပ်လျက် ဂျပန်တွေက ကျွန်ုပ်လက်သို့ပြန်ပေးကြလေသည်။

ကျွန်ုပ်က ဗမာပြည်ရှိ ကျွန်ုပ်တို့ရဲဘော် နိုင်ငံရေးသမားများထံ ရင်းပြင်ဆင်ပြီး စီမံကိန်းကို သွားရောက်ဆွေးနွေးရန်ဖြစ်လေသည်။

ကျွန်ုပ်လည်း ဂျပန်တို့ပြန်ပေးသောစီမံကိန်းကိုယူဆောင်လျက် ဗမာပြည်သို့ လျှို့ဝှက်စွာပြန်လာခဲ့ပြီးနောက် ကျွန်ုပ်တို့၏နိုင်ငံရေးရဲဘော်များထံ တင်ပြ ဆွေးနွေးခဲ့လေသည်။

ရန်ကုန်မှ ကျွန်ုပ်၏ ရဲဘော်များကား၊ ဂျပန် စစ်တပ်တွေ ဗမာပြည်သို့မည်သည့်အချိန်လောက်တွင် ချီတက်ဝင်ရောက်လာကြမည်ကိုသာ အတူးစိတ်ဝင်စားကာသိချင်နေကြလေသည်။

ကျွန်ုပ်မှာ ဂျပန်စစ်တပ်များ ဗမာပြည်သို့ချီတက်ဝင်ရောက်လာခြင်းကို လုံးဝ သဘောမကျသူ ဖြစ်သဖြင့်



ကျွန်ုပ်တို့ ဗမာရဲဘော်များက ယင်းသို့ ဂျပန်လာရေးကို စိတ်ဝင်စားနေကြောင်းသိရသည်တွင် စိတ်ထဲ၌ အနှောက်အယှက်ဖြစ်သွားမိလေသည်။

ဗမာပြည်မှ ရဲဘော်များ၏ စိတ်တွင်ကား၊ ဂျပန်စစ်တပ်တွေ ဗမာပြည်ဘိုလာလျှင် ဗြိတိသျှတို့သည် ပြေးပေါက်မရဘဲ ချောင်ပိတ်မိနေမည်။ ထိုအခါ ကျွန်ုပ်တို့က အခွင့်ကောင်းယူ၍ ဗမာ့လွတ်လပ်ရေးအတွက် တော်လှန်ကြလျှင် မုချအောင်မြင်ရမည်ဟု တွေးထင်နေကြလေသည်။

သူတို့၏ ယူဆချက်ကိုရာခိုင်နှုန်းပြည့် မယုံကြည်ခဲ့သော်လည်း ကျွန်ုပ်တို့ကိုယ်တိုင်က ၎င်းအတွေးအခေါ်သည်မှန်ကောင်းမှန်ပေလိမ့်မည်ဟု ထိုအချိန်က ထင်မြင်မိခဲ့ပါသည်။

ယခု စစ်ကြီးပြီးသွားမှတော့ ထိုအချိန်က အဖြစ်အပျက်နှင့် အတွေးအခေါ်တွေကို ရယ်စရာသဘော ပြက်ရယ်ပြုပြောနိုင်ကြလင့်ကစား၊ ထိုအချိန် အခါကမူ၊ ကျွန်ုပ်တို့တတွေသာမက၊ ဗြိတိသျှတို့သည်၎င်း၊ ကမ္ဘာအရပ်ရပ်မှ အခြားသူများသည်၎င်း၊ ဂျပန်၏ စစ်အင်အားကို အထင်သေးသလောက် ဗြိတိသျှတို့ကို အလွန်အကျူး အထင်ကြီးခဲ့မိကြလေသည်။

ဤနေရာတွင်လည်း ကျွန်ုပ်အထက်တွင် ပေါ်ပြခဲ့ပြီးသလို ကျွန်ုပ်တို့၏ အရင်းရှင်ပေါက်စ လူတန်းစားဥာဉ်က ကျွန်ုပ်တို့၏ အတွေးအခေါ်ကို လွှမ်းမိုးဆွဲဆောင်



www.burmeseclassic.com

www.burmeseclassic.com

လျှက်ရှိလေသည်။ လူတန်းစား အတွေး အခေါ်ကြောင့် ကျွန်ုပ်တို့သည် ဘာကိစ္စမဆို သေချာမှလုပ်ချင်ကြသည်။ မသေမချာဘဲ ချတ်ယွင်းပျက်စီးနိုင်မည့် အလားအလာဟူသမျှကိုလည်း တတ်နိုင်သမျှရှောင်ချင်ကြလေသည်။

ဤနည်းအားဖြင့် ကျွန်ုပ်တို့လည်း ဖက်ဆစ်ဝါဒကို လိုလား နှစ်သက်မှု လုံးဝမပါဘဲ၊ ကျွန်ုပ်တို့၏ အရင်းရှင်ပေါက်စ လူတန်းစား အတွေးအခေါ်၏ မှားယွင်းမှု၊ ကြောက်ရွံ့ တုန်လှုပ်မှုများကြောင့်သာလျှင် ဂျပန်တို့ကို ဗမာပြည်သို့ ဘိတ်ခေါ်ခဲ့မိကြခြင်းဖြစ်လေသည်။

ဂျပန်တို့ကား အစမှအဆုံးသူတို့ပေးခဲ့သော ကတိစကားဟူသမျှကို တခုမကျန် ဖျက်ဆီး ပစ်ကြလေတော့သည်။

ဂျပန်တွေ ဘယ်ထိအောင် မကောင်းကြပုံများကို အကျယ် ရေ သားဘော်ပြရလျှင် ဆုံးနိုင်ဘွယ် မရှိသဖြင့် ခပ်တိုတိုနှင့် လိုရင်းအချက်ကိုသာ ပြောပြရမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဂျပန်၌ လျှို့ဝှက်စွာ စစ်ပညာလေ့လာသင်ကြားနေချိန်ကတည်းက သူတို့၏သစ္စာမရှိမှု၊ လိမ်လည်ဟန်ဆောင်မှု၊ ဖေါက်ပြန်သော အတွေးအခေါ်နှင့် အပြုအမူတို့အပြင် တဖက်သားကို အလွန်စီးပိုး၍ တင်းမာစွာဆက်ဆံမှုများကိုပါ လက်တွေ့သဘောပေါက်လာသဖြင့် ကျွန်ုပ်တို့အားလုံး(ယခင်က ဂျပန်ဆန့်ကျင်ရေးစိတ် မရှိသူများပါ) ဂျပန်ကိုအလွန်မုန်းတီး၍ ရှာလျက်ဂျပန်ဆန့်ကျင်



ရေးစိတ်တွေ ပြင်းထန်စွဲမြဲစွာ ဝင်ရောက် လာကြပါတော့သည်။

ထိုအချိန်က(ကျွန်ုပ်တို့နှင့် အယူအဆခြင်းမတူဘဲ နေခဲ့သူဗမန့စ်ဦးကိုချန်လှပ်သော်) ဂျပန်ပြည်၌ စစ်ပညာလေ့လာနေကြသူများမှာ ၂၇-ယောက်ရှိလေသည်။

တကဲ့အဖြစ်အပျက်တခုပြောပြရန် ကျန်သေးသည်ကား တခါသော်ကျွန်ုပ်တို့ တိုကျိုမြို့သို့ ခေတ္တသွားနေခိုက် ၂၆-ယောက်သော ရဲဘော်တို့သည် အထက်ပေါ်ပြူပါ လူနှစ်ယောက်အနက် တယောက်သူ၏ ကိုယ်ရေးကိုယ်တာ အကြောင်းများကြောင့်လှုံ့ဆော်ပေးသဖြင့်ဂျပန်တို့အား ဂျပန်ပြည်၌ တော်လှန်ပုန်ကန်ရန် ကြံစည်ကြခြင်းပင်ဖြစ်လေသည်။

(ထိုအချိန်က စစ်ပညာသင်စခန်းမှာ ဖေါ်မိုဆာကျွန်းဖြစ်လေသည်။)

ကံအားလျော်စွာကျွန်ုပ်သည် တိုကျိုမြို့မှဖေါ်မိုဆာသို့အချိန်မှီပြန်ရောက်လာ၍သာ အဆိုပါပုန်ကန်မှုကို တားဆီးနိုင်ခဲ့လေသည်။

ကျွန်ုပ်တို့ယိုးဒယားပြည်သို့ ရောက်လာသောအခါ ဗမာပြည်ရှိ ရဲဘော်ခေါင်းဆောင်များထံ စာတစောင်ရေးလိုက်လေသည်။ စာတွင် ဂျပန်ကိုစိတ်မချရကြောင်း အရိပ်အပြွက် ပြောလိုသည့်သဘောဖြစ်နိုင်ငံခြားမှ အကူအညီကို



www.burmeseclassic.com

www.burmeseclassic.com

မြော်လင့်အားကိုးခြင်း မပြုကြရန် သတိပေးနှိုးဆော်ခဲ့ပေသည်။

နောက် ယိုးဒယားပြည်၌ပင် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီ-အိုင်-အေ-) ကိုရှိသမျှလူနှင့် စတင်စည်းရုံးဖွဲ့စည်းသောအခါ၌လည်း ကျွန်ုပ်က ရှေ့ပြေး လူနှစ်စုကို (ဂျပန်တော်လှန်ရေး စတင်စည်းရုံးရန်အတွက်) ဗမာပြည်တွင်းသို့ စေလွှတ်ခဲ့လေသည်။

ကျွန်ုပ်၏အကြံကား ဤသို့တည်း။

ဂျပန်စစ်တပ်များ ဗမာပြည်သို့ ချီတက်ဝင်ရောက်လာရေးမှာ တားဆီးမရနိုင်တော့သည့်အတူတူ ကျွန်ုပ်တို့ဗမာရဲဘော်များကဂျပန်မလာမီ 'လွတ်လပ်သောဗမာနိုင်ငံ' ကိုဖွဲ့စည်းတည်ထောင်ထားနှင့်ပါမူ ဂျပန်တို့အား ကျူးကျော်ဝင်ရောက်လာခြင်းကို အချိန်မှီ တားဆီးပိတ်ပင်နိုင်မည့်ပြင်ကျွန်ုပ်တို့၏ဗမာ့လွတ်လပ်ရေးကိုလည်းဂျပန်ကပေးသနားရန် လိုတော့မည်မဟုတ်ဟူ၍ တွက်ကိန်းချခြင်းပင်ဖြစ်လေသည်။

အကယ်၍ရင်းအကြံအစည် အထမမြောက်ခဲ့သော် ကျွန်ုပ်၏နောက်အကြံတခုမှာ လျှို့ဝှက်စွာ မြေအောက်စည်းရုံးရေးနည်းဖြင့်ဗမာလူထုကြီးအားဂျပန်ကို တော်လှန်ရန်စည်းရုံးလှုံ့ဆော်ပေးရန်ပင်ဖြစ်သည်။ဤနည်းအားဖြင့် ဂျပန်တို့သည် ဗမာပြည်၌ အင်အား ကောင်းကောင်းနှင့် အခြေစိုက်ရန် ခဲယဉ်းသွားမည့်ပြင် သူတို့၏ ဖက်ဆစ်ဆံဆံ



လူထုအပေါ် နှိပ်စက်ညှဉ်းပမ်းခြင်းကိုလည်း အသင့်အတင့်တော့ လျော့ပေါ့ကြပေလိမ့်မည်ဟု ကျွန်ုပ်က တွက်ခဲ့လေသည်။

သည်နေရာတွင် ဗမာ့လွတ်လပ်ရေး(ဘီ-အိုင်-အေ) တပ်မတော်၏ အရေးပါအရာရောက်ပုံကို ကျွန်ုပ်ချက်ချင်းမြင်မိလေသည်။

ဤတွင်ကျွန်ုပ်သည် အားတက်သွားမိပြီး ကျွန်ုပ်၏ရဲဘော်များကိုလည်း တနေ့ ကျွန်ုပ်တို့ စိုးရိမ်သလို ဂျပန်တွေ ဖေါက်ပြန်လာခဲ့သော် အနည်းဆုံး သူတို့ကို တန်ပြန်တိုက်ခိုက်ရန် လက်နက်ကိုင် တပ်တတပ်ရှိနေပြီဖြစ်၍ အားမငယ်ကြရန် သွေးထိုးစကားပြောကြားခဲ့သေး၏။

သို့ရာတွင် ဗမာပြည်တွင်းရှိ ကျွန်ုပ်တို့ရဲဘော်များကဂျပန်ဆန့်ကျင်ရေးစည်းရုံးမှုကို ထိရောက်စွာ မပြင်ဆင်နိုင်သဖြင့် ကျွန်ုပ်မှာ စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရလေသည်။

ထိုအတောအတွင်း အဖြစ်အပျက် များကလည်း တခုပြီးတခု လျင်မြန်စွာဖြစ်ပျက်သွားခဲ့လေသည်။

အရေးပါဆုံးသော ဗမာခေါင်းဆောင်အားလုံးမှာ ထောင်ထဲရောက်နေကြလျက် အခြားလူများကလည်း(ငင်းတို့၏အရင်းရှင်ပေါက်စလူတန်းစားစရိုက်သဘောအတိုင်း) တွေဝေငေးငိုင်လျက်ပင် ရှိကြလေသည်။

သို့နှင့်ပင် ကျွန်ုပ်တို့သည် ရန်ကုန်မြို့ကြီးကို လက်ရသိမ်းပိုက်မိကြလေသည်။(၁၉၄၂-ခု၊ မတ်လ ၈-ရက်နေ့)



www.burmeseclassic.com

www.burmeseclassic.com

စစ်ချီတက်ရာလမ်းတလျှောက်တွင် ဂျပန်တို့က ဗမာပြည်သူလူထုအပေါ် ပြုမူဆက်ဆံပုံကြောင့် ကျွန်ုပ်တို့မှာ များစွာ စိတ်မကောင်းဖြစ်ခဲ့ကြလေသည်။

ကျွန်ုပ်တို့ကသက်ဆိုင်ရာဂျပန်အာဏာပိုင်များထံသို့ တိုင်ကြားကန့်ကွက်ခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ရသည်။

ဂျပန်စစ်သားနှင့်ကျွန်ုပ်တို့(ဘီ-အိုင်-အေ)တပ်သားများ ပဋိပက္ခဖြစ်မှုတွေလည်း များသည်ထက် များလာလေသည်။

ကျွန်ုပ်ကိုယ်တိုင်၏အခြေအနေမှာသည်း ရန်ကုန်မြို့သို့ရောက်သည်အထိ၊ ဗမာ(ဘီ-အိုင်-အေ)တပ်ကို တိုက်ရိုက်ဦးစီးကွပ်ကဲခွင့်မရဘဲ၊ ကာနယ်ဆူဇူကီး၏ စစ်ဦးစီး အရာရှိ တယောက်အဖြစ်သာ နေခဲ့ရလေသည်။

ထိုအချိန်လောက်တွင်ကျွန်ုပ်တို့ရဲဘော်အချင်းချင်း လျှို့ဝှက်စွာ တိုင်ပင်၍ ဂျပန်အား တော်လှန်ရန် နည်းအမျိုးမျိုး စဉ်းစားကြံစည်ခဲ့ကြသေး၏။ သို့သော် အခြေအနေမှာအလွန်ရှုပ်ထွေးလျက်ကြံ တင်ပြင်ဆင်မှုဆို၍လည်း ဘာမှမရှိသေးသောကြောင့် ကျွန်ုပ်အကြံမှာ မအောင်မြင်ခဲ့ပေ။

ငှင်းနောက် ကျွန်ုပ်အား ရုတ်တရက် ရှောင်တခင် ကာနယ်ဆူဇူကီးကခေါ်ယူပြီး ဗမာတွေအားလုံးကိုတာဝန်



ယူဦးစီးကွပ်ကဲ၍ ဧရာဝတီမြစ်ကြောင်းမှ အထက်ဗမာပြည်သို့ချီတက်ရန် ညွှန်ကြားလေသည်။

ကျွန်ုပ်လည်း (ဘီ-အိုင်-အေ) တပ်များနှင့်အတူ အထက်ဗမာပြည် စစ်မျက်နှာသို့ ချီတက်ခဲ့လေသည်။

ဤအတောအတွင်း ဗြိတိသျှတို့၏ ဖမ်းဆီးခြင်းခံခဲ့ရသော ထောင်တွင်းရှိ တို့ဗမာ အစည်းအရုံးဝင်(သခင်)များသည်၊ ဂျပန်များအပေါ် ကျွန်ုပ်တို့က သဘောထားဆက်ဆံရေးနှင့်ပတ်သက်၍ အချင်းချင်းသဘောကွဲလွဲမနေကြသည်ဟူသော သတင်းအစအနကိုကြားရလေသည်။

ကျွန်ုပ်တို့ရဲဘော်များအနက် တကယ်ရိုးသားသော သူအချို့ပင်လျှင်ဂျပန်အပေါ် ဘယ်လိုဝါဒသဘောထားရမည်ကို အလျှင်းမစဉ်းစားတတ်အောင်ဖြစ်ခဲ့၏။ သူတို့၏ အမြင်မှာ ဗမာလူငယ်ထဲမှတကဲ့ထိပ်သီးခေါင်းဆောင်များပင် ဂျပန်ဘို့နှင့်အတူ ပူးပေါင်း လက်တွဲလာသည်ကိုသာ မြင်တွေ့ကြရလေသည်။

ကျွန်ုပ်တို့၏ တကယ့်အတွင်းရေး အခြေအနေနှင့် ကျွန်ုပ်တို့၏ သဘောထားကိုသာ အားလုံးကသိရှိခဲ့ပါမူ ထိုမျှလောက် ရှုပ်ထွေးသော အခြေသို့မရောက်နိုင်ဟုထင်ရပေသည်။

မည်သို့ပင်ဖြစ်စေ ထိုအချိန်က ဗမာပြည်ရှိ လက်ဝဲဆင်အားစုအားလုံးတွင် အတွေးအခေါ်နှင့် ပတ်သက်၍ မရှင်းလင်းဘဲ ရှုပ်ထွေးလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက် ကျွန်ုပ်တို့သည် ရွှေဘိုမြို့သို့ ရောက်သောအခါ ဗမာလူငယ် လက်ဝဲနိုင်ငံရေးသမားထဲက သခင်စိုး၊ သခင်မြသွင်နှင့်ကိုသိန်းဖေ(တက်ဘုန်းကြီး)တို့သည် တရုပ်စစ်တပ်များနှင့်အတူ၊ ဗမာပြည်ဘက်သို့ လိုက်ပါသွားကြောင်း ပထမဆုံးအကြိမ် ကြားသိရလေသည်။

ထိုသတင်းမှာကျွန်ုပ်တို့အဘို့အားတက်ဝမ်းမြောက်ဘွယ်ဖြစ်သော်လည်း နောက်ပိုင်းကျတော့ ၎င်းအကြံအစည်အထမမြောက်ကြောင်း သိရသဖြင့်စိတ်ပျက်အားကုန်သွားကြရပြန်သည်။

ဂျပန်စစ်ဘက် အာဏာပိုင်တို့က ကျွန်ုပ်တို့ဘီ-အိုင်အေ တပ်ကိုအထက်ဗန်းမော်ထိအောင်ချီတက်ရန်ညွှန်ကြားချက်ထုတ်ပြန်လေသည်။ သို့သော် ထိုအချိန်၌ အင်္ဂလိပ်စစ်တပ်များအား တိုက်ခိုက်ရေးမှာပြီးဆုံးသလောက်ဖြစ်နေသောကြောင့် ကျွန်ုပ်က ဗိုလ်မှူးကြီးဇေယျအား ကွပ်ကဲအုပ်ချုပ်ရန် တာဝန်ပေးခဲ့လေသည်။

ကျွန်ုပ်ဗန်းမော်ဘက်သို့ ချီတက်သွားစဉ် အခါတောအတွင်း ဗိုလ်မှူးကြီးဇေယျနှင့်တကွ ဘီ-အိုင်-အေ စစ်ဦးစီးအဖွဲ့သည်ဂျပန်စစ်တပ် တတပ်နှင့် အချင်းပွားကြသေးကြောင်းသိရလေသည်။ ဂျပန်စစ်ဗိုလ်တဦး ဒါးခုတ်ခံရမှုနှင့်ပတ်သက်၍ ဗိုလ်ဇေယျနှင့် အခြား ရဲဘော်အချို့ကို ဂျပန်တို့က ဘမ်းဆီးနှိပ်စက်ခဲ့သေး၏။ သို့သော် ကျွန်ုပ်တို့နှင့်တွဲဘက်အလုပ်လုပ်ရသော ဂျပန် အကြံပေးအရာရှိတဦး၏



ဖြန်ဖြေခြင်းကြောင့် ဗိုလ်ဇေယျတို့လူစု လွတ်မြောက်လာလေသည်။

သို့မဟုတ်လျှင်ကား၊ ကျွန်ုပ်တို့ ဘီ-အိုင် အေတပ်နှင့် ဂျပန်တို့ ထိုနေရာ ထိုအချိန်၌ တိုက်ခိုက်ကြတော့မည်မှာ သေချာလှပေသည်။

ကျွန်ုပ်တို့ အောက်ဗမာပြည်သို့ ပြန်မဆင်းလာမီ ဗန်းမော်မြို့မှတဆင့်တရုပ်နယ်စပ်ဖြတ်ကျော်၍တရုပ်ဘက်သို့ သွားရောက်ပူးပေါင်းရန် ကြံစည်စိတ်ကူးကြသေး၏။

ဂျပန်ကိုတော့ ကျွန်ုပ်တို့ အလွန်စက်ဆုပ် ရွံမုန်းလျက်ရှိပေပြီ။

ထိုနောက် ကျွန်ုပ်သည် နောက်ပိုင်းအခြေအနေကို လေ့လာရန်အတွက် မန္တလေးမြို့သို့ ပြန်လာခဲ့လေသည်။ ထိုအချိန်က တာဝန်ယူလျက် ရှိနေသူမှာ ဘီ-အိုင် အေ စစ်ဦးစီးအဖွဲ့မှူး ကာနယ်လှမေ(ဗိုလ်လကျာ)ဖြစ်လေသည်။

ကျွန်ုပ်နှင့်အတူ ဗိုလ်မှူးကြီးနေဝင်းလည်း ပါလာသည်။

မုံရွာခရိုင် ယင်းမာပင်မြို့အနီးတွင်သခင်သန်းထွန်း (နောက်တော့ ဖ-ဆ-ပ လအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဖြစ်လာသူ)ကို တွေ့ရလေသည်။ ကျွန်ုပ်မှာ ခရီးဆက်သွားရန် ရှိသေး၍ အချိန်မရှိသည်တကြောင်း၊ စိတ်မချရသော လူစိမ်းများရှိသည် တကြောင်း၊ သခင်သန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com

အား အခြေအနေအမှန်ကို အရိပ်အမြွက်မျှလောက်သာ ပြောခွင့်ရခဲ့လေသည်။

ဗိုလ်မှူးကြီးလက်ျာကိုမှ ကျွန်ုပ်က ပခုက္ကူမြို့မှနေ၍ မန္တလေးသို့သွားပြီး ကျွန်ုပ်တို့၏ ... ရေး ရဲဘော်အားလုံးကို စုရုံးတွေ့ဆုံပြီး တိုင်းပြည် အခြေအနေကို ပြည့်စုံစွာ လေ့လာပြီး၊ ရှေ့အဘို့ ဘာလုပ်ကြရမည်ကို ရဉ်းစားဆုံးဖြတ်ရန်အတွက် တင်ကြို၍ စေလွှတ်ခဲ့ပါသည်။

သို့ရာတွင် ကျွန်ုပ် ကသာခရိုင် ကောလင်းဝန်းလိုမှ ပြန်ဆင်းလာသောအခါ၌ မန္တလေးမြို့၏ အခြေအနေမှာ အလွန်ရှုပ်ထွေးလျက်ရှိပြီး၊ ဂျပန်စစ်ပုလိပ် (ကင်ပေတိုင်) အဖွဲ့ကလည်း ရက်စက်ကြမ်းကြုတ်စွာ မင်းမူလျက်ရှိလေသည်။

ရွှေဘိုမြို့သို့ရောက်သောအခါ ကျွန်ုပ်သည် ကိုသိန်းဖေနှင့် ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ရလေသည်။ ၎င်းနောက်.... ကိုသိန်းဖေ၊ ဗိုလ်နေဝင်းနှင့် ကျွန်ုပ်တို့သည် မန္တလေးမြို့သို့ဆင်းလာခဲ့ရာအမရပူရ ရောက်သည်တွင် မန္တလေးကင်ပေ (ဂျပန်စစ်ပုလိပ်)က အပြင်းအထန်လိုက်ရှာနေကြောင်း သိရသဖြင့် ကိုသိန်းဖေလည်း ချက်ခြင်းပင် "မြေအောက်" သို့ သွားရပြန်လေသည်။

ဂျပန်တို့ကား ကိုသိန်းဖေ(တက်ဘုန်းကြီး)အစစ်ကို မမိဘဲ၊ ကျွန်ုပ်တို့၏ ရဲဘော်တယောက်(မန္တလေးတိုင်းချစ်ဦးသိန်းဖေ)ကိုလူမှား၍ ဖမ်းမိခဲ့သေးသည်။ ထိုကိုသိန်းဖေ



ကို ကျွန်ုပ်တို့၏ တင်းမာစွာ ကန့်ကွက်ချက်အရ လွှတ်လိုက်သော်လည်း ဖမ်းဆီးထားစဉ်အတွင်း ဂျပန်တို့၏ နှိပ်စက်ညှဉ်းပန်းမှုကို သေလုမျောပါး ခံခဲ့ရသေး၏။ ဂျပန်ဖမ်းဆီးခြင်းခံရသော အခြားကျွန်ုပ်တို့ရဲဘော်နှစ်ဦးဆိုလျှင် နှိပ်စက်ညှဉ်းပမ်းမှုဒဏ်ဖြင့် အသက်ပင် သေဆုံးခဲ့ရရှာသည်။

\+ \+ \+ \+

မကြာမီ ဂျပန်စစ်အုပ်ချုပ်ရေး လက်အောက် ဗမာ့မြို့ပြအုပ်ချုပ်ရေးအဖွဲ့တခု ဖွဲ့စည်းလိုက်လေသည်။

ဘီအိုင်အေတပ်ကိုလည်း ဘီ-ဒီ-အေ(ဗမာ့ကာကွယ်ရေးတပ်မတော်)အဖြစ် ပြန်လည်ဖွဲ့စည်းပြီး၊ ကျွန်ုပ်ကိုပင် ကာနယ် (ဗိုလ်မှူးကြီး) ရာထူးဖြင့် ဦးစီးကွပ်ကဲစေခဲ့ လေသည်။

ထိုအတောအတွင်း အဖြစ်အပျက်တခုက ပေါ်လာပြန်လေသည်။

ဗြိတိသျှ အစိုးရလက်အောက်တွင် တရားသူကြီးအဖြစ် အမှုထမ်းဘူးသူ တယောက်အား ဂျပန်စစ်ဘက်က ဖမ်းဆီးလိုက်လေသည်။ဖမ်းဆီးရခြင်းအကြောင်းကတော့ မလိုလားသူတဦး၏ ခြေထိုးသတင်းပေးချက်အရ အဆိုပါတရားသူကြီး နေအိမ်ဝင်းအတွင်း တယ်လီဖုံး ဝိုင်ယာကြိုးများ တွေ့ရှိသောကြောင့်ဟုဆိုသည်။

စင်စစ်အားဖြင့် ထိုသူမှာ ရိုးသားအပြစ်ကင်းသောလူတယောက် အမှန်ဖြစ်၏။ သို့သော် ဂျပန်တို့က မတန်း



www.burmeseclassic.com

www.burmeseclassic.com

နှိပ်စက်ညှဉ်းပမ်းသောနည်းဖြင့် ထိုသူ့ထံမှ "ဖြောင့်ချက်" တခု ဆောင်ယူရရှိသည်ဆို၏။

နောက် ဂျပန် စစ်မှုပြင်ဆင်ရေးအဖွဲ့မှူး ကာနယ်ဖူကွီးဆိုသူက ဗိုလ်မှူးလကျာနှင့် ငါးဓါတ်ပေးရေး ဗိုလ်ဗတင်တို့သည် အဆိုပါ တရားသူကြီးနှင့် ပူးပေါင်း၍ ဂျပန်တော်လှန်ရေးကို လျှို့ဝှက်ကြံစည်နေကြသည်ဟု တရားသူကြီးဖြောင့်ချက်အရ ဂျပန်စစ်ဘက်က သိရပါသည်ဟု ကျွန်ုပ်အား ပြောပြလေသည်။

၎င်းကား၊ သက်သက်မဟုတ်မတရား ကြံစည်လည်ပတ်ပြောဆိုချက်ဖြစ်ကြောင်း ယုံမှားဘွယ်မရှိပေ၊ ကျွန်ုပ်တို့အားလုံးသည် ဂျပန်ကိုမုန်းတီးလျက်ရှိပြီး ဂျပန်တော်လှန်ရေးကို စည်းရုံးရန်ကြံစည်ထားသည်မှန်သော်လည်းအထက်ပါ အမှုမှာ တကယ့်လုပ်ကြံမှုသာ ဖြစ်လေသည်။

ထို့ကြောင့် ကျွန်ုပ်က ရိုးသားစွာနှင့်ပင် ကာနယ်ဖူကွီးအား အဆိုပါသတင်းမှာ လုံးဝ အခြေ အမြစ်မရှိကြောင်းအကယ်၍မယုံကြည်လျှင်လည်းကာနယ်လကျာနှင့်သူ၏ ထပ်ရေးကိုပါ ခေါ်ယူစစ်ဆေးနိုင်ကြောင်း ပြောပြခဲ့လေသည်။

သို့သော် ဂျပန်တို့က ဗိုလ်လကျာကို ချန်ထားပြီး တပ်ရေး ဗိုလ်ဗတင်ကိုသာ မေးမြန်း စစ်ဆေးရန် ဆို၍ ခေါ်ထားလေသည်။

ရက်အတော်ကြာသွား၍ ဗိုလ်ဗတင် တယောက်



ပြန်ပေါ်မလာသောအခါ ကျွန်ုပ်တို့မှာ စိုးရိမ်ပူလျက်ကာနယ်ဖူကွီးကိုလည်း ဗိုလ်ဗတင်အကြောင်း ထပ်တလဲလဲနားပူနားဆာ မေးကြရတော့သည်။ ထို့ပြင် ကျွန်ုပ်က ၎င်းအကြောင်းနှင့်ပတ်သက်၍ ဂျပန်စစ်ဦးစီး ဌာနချုပ်သို့ တိုက်ရိုက်ကန့်ကွက်လျက် ကျွန်ုပ်တို့ရဲဘော်အချို့ကလည်း ဂျပန်စစ်ပုလိပ်တပ်မှူးထံသွား၍ အတင်းအကြပ်ပြောဆိုကြပြီးနောက် ၂-လခန့်ကြာမှ ဗိုလ်ဗတင်ကို ဂျပန်တို့က ပြန်လွှတ်လိုက်လေသည်။

သူ့အားဂျပန်တို့က ပထမတွင် နည်းအမျိုးမျိုးဖြင့် ညှဉ်းပမ်းနှိပ်စက်ပြီး နောက်ပိုင်းကျမှ (ဘီဒီအေ) အရာရှိတယောက်ဖြစ်သည်တကြောင်း၊ ကျွန်ုပ်တို့ကလည်း သူနှင့်ပတ်သက်၍ အပြင်းအထန်ဆူပူကန့်ကွက်ခဲ့သည်တကြောင်း၊ နောက်ပိုင်းကျတော့ ညှဉ်းဆဲရိုက်နှက်ခြင်းမပြုတော့ဟုသိရပေသည်။

သို့ရာတွင် ဗိုလ်ဗတင်ခမြာမှာ ဂျပန်ကင်ပေ၏ ဒဏ်ကြောင့်-ပြန်လွှတ်လာသည့်အချိန်အထိ အတော်တုန်လှုပ်ချောက်ချားလျက်ရှိလေသည်။

၁၉၄၃-ခုနှစ်၊ မတ်လတွင် ကျွန်ုပ်သည် သတင်းတခုကိုရုတ်တရက်ကြားရလေသည်။ထိုသတင်းကား၊ဒေါက်တာဘမော်နှင့် အခြားပုဂ္ဂိုလ်နှစ်ဦးတို့အပြင် ကျွန်ုပ်ကိုပါ ဂျပန်ပြည်တိုကျိုမြို့သို့ အထူးတလည် ဘိတ်ခေါ်ကြောင်းသတင်းပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

(ထိုအတောအတွင်း၊ဗမာပြည်အားလွတ်လပ်သော နိုင်ငံအဖြစ်မကြာမီကျေညာတော့မည့်အကြောင်းဂျပန်ဝန်ကြီးချုပ် ဂျင်နရယ်-တိုဂျိုက ထုတ်ဖော် ပြောဆိုပြီးဖြစ်သည်)။

အထက်ပါသတင်းနှင့်အတူ ကျွန်ုပ်ကိုလည်းကာနယ်အဖြစ်မှ မေဂျာဂျင်နရယ် (ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားကြောင်းပါသိရလေသည်။ ထို့အပြင် ကျွန်ုပ်သည် ဂျပန်ဘုရင်မင်းမြတ်ကိုယ်တိုင်နှင့် ကိုကျို့တွင်တွေ့ဆုံခွင့်ရပြီး ဂျပန်ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တခုခုကိုလည်းရလိမ့်ဦးမည်ဟု ဆိုလေသည်။

သို့နှင့်ပင် ကျွန်ုပ်လည်း ဒေါက်တာဘမော်တို့နှင့် အတူ တိုကျိုမြို့သို့ လိုက်ပါသွားရလေသည်။

ဂျပန်ပြည်ရောက်သောအခါစောစောကပြောထားသည့်အတိုင်း ဂျပန်ဘုရင်မင်းမြတ်နှင့်တွေ့ဆုံရပြီး-ဂျပန်ပြည်မှ အထူး ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခြင်း ခံရပြီးနောက်အကြီးအကျယ်ကျွေးမွေးဧည့်ခံခြင်း၊ခံရသည့်အပြင် ဂျပန်ဝန်ကြီးချုပ်တိုဂျို၊အစိုးရအဖွဲ့ဝန်ကြီးများ၊ ကြည်းတပ်၊ ရေတပ်-ဦးစီးဗိုလ်ချုပ်များနှင့်လည်း တွေ့ဆုံခဲ့ရလေသည်။

ကျွန်ုပ်တို့ဂျပန်ပြည်မှ ပြန်လာသောအခါ၌မူကား ဗမာပြည်ကို ၁၉၄၃-ခု၊ ဩဂုတ်လ ၁-ရက်နေ့တွင် လွတ်လပ်ရေးပေးတော့မည့်အကြောင်းနှင့်၊ ဂျပန်နှင့်ဗမာနိုင်ငံတို့သည်စာချုပ်အချို့ကိုပါချုပ်ဆိုရမည်ဖြစ်ကြောင်း၊ ကတိပေးဖေါ်ပြထားသော စာတမ်းကို ဂျင်နရယ် တိုဂျိုက ပေးလိုက်လေသည်။

ကျွန်ုပ်တို့လူစုဂျပန်ပြည်မှာရှိစဉ်က၊ဗမာနိုင်ငံရှိဂျပန်နှင့်အတူတွဲ၍ လိုက်ပါလျက်ရှိလေသည်။ တခုဆိုးသည်ကား ဂျပန်အိုဆိုမူရာသည် ကျွန်ုပ်တို့ ဘယ်သွားသွား နောက်က တကောက်ကောက်လိုက်၍ ကလေးများပမာဆက်ဆံခဲ့ခြင်းပင် ဖြစ်လေသည်။

ဂျပန်ပြည်မှဗမာနိုင်ငံသို့အပြန် လမ်းခရီး၌ကျွန်ုပ်တို့သည်ဖိလစ်ပိုင်ကျွန်း (မနီလာ)မြို့ ဟိုတယ်တခုတွင် ခေတ္တဝင်နားခဲ့ကြရာ ဂျပန်တွေကကျွန်ုပ်တို့အား ဖိလစ်ပိုင်လူမျိုးများသည် ယုံကြည်စိတ်ချရသူများ မဟုတ်သဖြင့် သွားရောက် တွေ့ဆုံခြင်းမပြုရန် တားမြစ်ခဲ့ကြသေး၏။

နောက်တနေ့နံနက်တွင် ကျွန်ုပ်တို့မနီလာမြို့မှ ဆေးဂုံမြို့(အင်ဒိုချိုင်းနား)သို့ ခရီးဆက်ထွက်ခဲ့ရာ လမ်းခုလတ်ကျမှဒေါက်တာဘမော်က ဂျင်နရယ်တိုဂျို ပေးလိုက်သော လွတ်လပ်ရေး ကတိစာတမ်းကို မနီလာဟိုတယ်၌ မေ့ကျန်ရစ်ခဲ့ကြောင်း ပြောပြလေတော့သည်။

ထိုအကြောင်းကိုဂျပန်အိုဆူမူရာအား ပြောပြသောအခါ၊သူ့တင်သူ့ကိုယ်သူဘဲ သတ်သေလိုက်တော့မလောက်ဗျာများတုန်လှုပ်သွားလေသည်။ ကျွန်ုပ်တို့က မနီလာမြို့ရှိ ဂျပန်စစ်ဌာနချုပ်သို့ အကြောင်းကြားရန် ပြောပြသောအခါလည်း အိဆူမူရာက ထိုသို့လည်း မဖြစ်နိုင်ကြောင်း

www.burmeseclassic.com

သူနှင့် ဒေါက်တာ ဘမော်ကိုယ်တိုင် ပြန်သွားမှ ဖြစ်မည့်အကြောင်း ပြောပြလေသည်။

နောက်ဆုံးတွင် စာတမ်းကို တကယ်သွားပြန်ယူရသူမှာ (ထိုစဉ်က ဗမာပြည် ဒုတိယ ဝန်ကြီးချုပ်) သခင်မြဖြစ်လေသည်။

ရင်းအချိန် အတောအတွင်း မနီလာမြို့မှ အဆိုပါစာတမ်းကို ဟိုတယ်တခုတွေ့ရှိထားကြောင်း ဝိုင်ယာလက်ကြေးနန်းသတင်းရလေသည်။ သို့သော် သခင်မြနှင့်အူယေးဒါး အမည်ရှိ ဂျပန်တဦးတို့က မနီလာသို့ တခေါက်သွားပြန်ယူခဲ့ရလေသည်။

ဤကိစ္စနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ အားလုံးသည် အထူးလျှို့ဝှက်ထားပြီး တလုံးတပါဒမှ မပြောကြရန် ဂျပန်က နှုတ်ပိတ်ထားခဲ့လေသည်။ အီဆိုမူရာ၏ အကြောင်းပြချက်မှာ သူက သက်ဆိုင်ရာ အာဏာပိုင်များထံသို့ ကျွန်ုပ်တို့၏ ဓလယာဉ်ပျံမှာ ဆေးဂုံမြို့၌ စက်အနည်းငယ် ချို့ယွင်းသွားသောကြောင့် ခရီးတရက်ပို၍ကြာသွားကြောင်းသတင်းပို့ အစီရင်ခံထားသောကြောင့်ဟု ဆိုလေသည်။

ကျွန်ုပ်တို့အဘို့မှာကား အီဆိုမူရာတို့ဂျပန်များသည် အဓိပ္ပါယ်မရှိသော အပိုအလုပ်တွေကို မလုပ်သင့်ဘဲလုပ်နေ[illegible] ထင်မြင်မိလျက် သူတို့၏အပြုအမူကိုနားမလည်နိုင်အောင် ရှိခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ၁၉၄၃-ခုနှစ်၊ ဩဂုတ်လ ၁-ရက်နေ့တွင် ဂျပန်းဘိုကပေးသော "ဗမာ့လွတ်လပ်ရေး"ရောက်လာလေသည်။

ကျွန်ုပ်တို့အဘို့မှာမူအဆိုပါ "ဗမာ့လွတ်လပ်ရေး"ကို အထင်ကြီးခြင်း၊ စိတ်ကူးယဉ်သာယာခြင်းများ လုံးဝမရှိခဲ့ချေ။ Independence Preparatory Commission ခေါ် ဗမာ့လွတ်လပ်ရေး ပြင်ဆင်မှုကော်မီတီတွင် ပါဝင်ခဲ့သူမှန်သမျှသည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် ဂျပန်ပေးသောလွတ်လပ်ရေးနှင့် ပတ်သက်၍ အထင်ကြီးခြင်း၊ စိတ်ကူးယဉ်သာယာခြင်းများ ရှိခဲ့ကြမည်မဟုတ်ဟု ကျွန်ုပ်ယုံကြည်မိပေသည်။

ကျွန်ုပ်တို့ ဂျပန်ပြည်မှ ရန်ကုန်သို့ပြန်အရောက်တွင် ပြုလုပ်သော ဂုဏ်ပြုညစာခံပွဲတခု၌ ကျွန်ုပ်က ဂျပန်တို့ပေးမည့် "လွတ်လပ်ရေး"မှာ နာမည်လောက် ဖြစ်လိမ့်မည့်အကြောင်းကို အရိပ်အမြွက် ပြောပြခဲ့သေး၏။

ထို့ကြောင့် ကျွန်ုပ်တို့၏ ရဲဘော်များအား ဂျပန်တို့၏ လွတ်လပ်ရေး အတုအယောင်ကြီးကို ဘွင်းဘွင်းကြီး ဖော်ထုတ်ရန်အတွက် ဂျပန်ကို တော်လှန်ပုန်ကန်ရန် သင့်လျော်ပြီ ဖြစ်ကြောင်း ကျွန်ုပ်ကပင် စတင် ပြောခဲ့လေသည်။ သို့မှသာလျှင် ကျွန်ုပ်တို့၏ ဖက်ဆစ်ဆန့်ကျင်ရေး အယူအဆကို ကမ္ဘာကသိအောင် ပြနိုင်ကြမည် ဖြစ်ပေသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ကျွန်ုပ်တို့သည် သခင်သန်းထွန်းနေအိမ်၌ စည်းဝေးဆွေးနွေးကြပြီးနောက် အလုံးစုံကြို့တင်





www.burmeseclassic.com

www.burmeseclassic.com

ပြင်ဆင်မှုများ ပြုလုပ်ပြီးသော် ဂျပန်ကို မုချတော်လှန်ရန် ဆုံးဖြတ်လိုက်ကြတော့သည်။

ကျွန်ုပ်တို့၏ တွက်ကိန်းအရ ၁၉၄၃-ခု၊ နှစ်ကုန်လောက်တွင် တော်လှန်ရေးပြင်ဆင်မှု အရပ်ရပ်သည်ပြည့်စုံပြီးစီးလိမ့်မည်ဟု ခန့်မှန်းခဲ့ကြလေသည်။ သို့ရာတွင် တကယ်လက်တွေ့ကျသောအခါ၌မူ ကျွန်ုပ်တို့ ထင်သည်ထက်ပို၍ ကြာခဲ့လေသည်။

ထိုစဉ်အခါ ဂျပန်ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုများမှာ တခုနှင့်တခု ဆက်စပ်မှုလည်းမရှိ၊ စည်းစံနစ်လည်း ကောင်းစွာ မကျနခဲ့ပေ။

ကျွန်ုပ်တို့တွင် တိကျပြတ်သားသော လုပ်ငန်းအစီအစဉ်ဟူ၍လည်း အဆင်သင့်မရှိခဲ့သေးသည့်ပြင် တရုပ်ပြည်နှင့် အိန္ဒိယရှိ ကျွန်ုပ်တို့ရဲဘော်များနှင့်လည်း ဆက်သွယ်မှု မရခဲ့သေးချိန် ဖြစ်လေသည်။

ရိက္ခာဖြည့်တင်းရေး၊ သယ်ယူ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ပြဿနာများကိုလည်း ကျွန်ုပ်တို့သည်၊ ဦးဏှောက်ရှုပ်စွာ ကြိုတင်ပြင်ဆင်ခဲ့ရသည်။

ပြည်လူထုကြီးတရပ်လုံးက ကျွန်ုပ်တို့အား အဆင်သင့် ကူညီထောက်ခံရန်နှင့် ဗမာလူထုကို ဂျပန်ဆန့်ကျင်ရေး တပ်ဦးကြီးဖြစ်အောင် လှုံ့ဆော်စည်းရုံးရန် လုပ်ငန်းကလည်း ကျန်ရှိနေသေး၏။

ဤသို့အားဖြင့် ကျွန်ုပ်တို့တွင် လုပ်စရာ၊ ကိုင်စရာ၊ ပြင်ဆင်စရာလုပ်ငန်းတွေ တပြုံတခေါင်းကြီး ကျန်ရှိနေသေးလေသည်။

ထိုအချိန်လောက်တွင် ကျွန်ုပ်တို့မိတ်ဆွေကိုသိန်းဖေက အိန္ဒိယပြည်မှ သူ၏ လူတယောက်ကို ဗမာပြည်သို့ လျှို့ဝှက်စွာ စေလွှတ်လိုက်လေသည်။ ကိုသိန်းဖေက ကျွန်ုပ်တို့ထဲကလူအချို့ အိန္ဒိယပြည်သို့ထွက်လာနိုင်ပါမည်လားဟူ၍လည်း မှာကြားမေးမြန်းလိုက်လေသည်။ ထိုအချိန်က ကောင်းစွာခရီးမရောက်သေးသဖြင့် အိန္ဒိယသို့လူလွှတ်ရန်ကိစ္စမှာ မဖြစ်နိုင်သလောက် ခဲယဉ်းနေပေသည်။

တဖန် ကျွန်ုပ်တို့ထဲမှ ထင်ရှားသောခေါင်းဆောင်တဦးဦး လျှို့ဝှက်စွာ ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် ဂျပန်စစ်ပုလိပ်က ကျွန်ုပ်တို့အားလုံးကို ချက်ချင်းဘမ်းဆီးခြင်း၊ သို့မဟုတ် ကြပ်တည်းစွာ အကဲခတ် နောက်ယောင်ခံလိုက်တော့မည်မှာ သေချာနေသည့် အခါကာလလည်းဖြစ်နေသည်။ ထိုစဉ်က ကျွန်ုပ်တို့အား ဂျပန်က မျက်ခြေမပြတ် ကြည့်နေသည် ဆိုစေကာမူ တကယ်ကြပ်တည်းစွာလိုက်လံစုံထောက်ခြင်း မပြုသေးသဖြင့် ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများ လုပ်နိုင်သေးသော အခါဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့လည်း နောက်ဆုံး၌ ရဲဘော် ညိုထွန်း(နောက်တော့ရခိုင်တိုင်း ဖက်ဆစ်တော်လှန်ရေးကို အောင်မြင်စွာ ခေါင်းဆောင်ခဲ့သူ) အား၊ အိန္ဒိယသို့ စေလွှတ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၄ ခု၊ ဩဂုတ်လဆန်း (ဩဂုတ် ၄ ရက်မှ ၇ ရက်အတွင်းဟု ထင်မိသည်။) လောက်တွင် ပဲခူးမြို့၌ ကျွန်ုပ်နှင့် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခဲ့ကြလေသည်။ ၎င်း ဆွေး နွေး ပွဲ ၌ ကျွန်ုပ်တင်ပြသော (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်) ဖွဲ့စည်းရန် အစီအစဉ်နှင့် ဖ-ဆ-ပ-လ အဖွဲ့ချုပ်၏ ပထမဆုံး ကျေညာစာတမ်းအမှတ် (၁) ကို အားလုံးသဘောတူလက်ခံကြလေသည်။ လက်တွေ့လုပ်ငန်း ၊ အကောင်အထည်ဖေါ်ရန် စီမံကိန်းတခုကိုလည်း စုပေါင်းတိုင်ပင်၍ ရေးဆွဲခဲ့ကြလေသည်။

ထိုနောက်တွင်ကား (ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်) ကို အခြေအနေက ပေးသလောက် ကျယ်ပြန့်စွာ စည်းရုံးကြပြန်လေသည်။

ထိုအတောအတွင်း ကျွန်ုပ်တို့ ဘီ-အိုင်-အေ တပ်မ ရဲဘော်တယောက် (အထက်ဗမာပြည် ဗြိတိသျှတို့၏ဝင်းဂိတ် ထိုးစစ်တွင် ဘမ်းမိသွားသူ) သည် အိန္ဒိယပြည်မှ လျှို့ဝှက်သော ကိုယ်စားလှယ်အဖြစ် ရောက်လာပြန်သည်။ နောက်ပြီး ဆက်တိုက်ဆိုသလို အိန္ဒိယပြည်မှ လျှို့ဝှက်သော ကိုယ်စားလှယ် တို့သည်လည်း တယောက်ပြီး တယောက် ရောက်လာကြပြန်သည်။ ၎င်းတို့အားလုံးမှာဖ-ဆ-ပ-လအဖွဲ့ချုပ် (စစ်ပြီးခေတ်အခေါ်) အတွင်းမှ လူများပင်ဖြစ်၍ဂျပန်



စစ်ပုလိပ်က ဂျပန်တွေ့သတ်ဖြတ်မှုနှင့် လိုက်နေသော နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်များကပင်ဖြစ်လေသည်။

သို့နှင့်ပင်အချိန်က တဖြည်းဖြည်းကုန်ကာ ဗြိတိသျှနှင့်မဟာမိတ်စစ်တပ်များသည်၊ ထိုးစစ်ဖြင့် မန္တလေးမြို့အနီးသို့ ရောက်လာကြလေတော့သည်။ ၎င်းအချိန်မတိုင်မီကလေးတွင်မှ ရခိုင်ပြည်၌ ဆရာတော် ဦးပညာသီဟနှင့် ကိုညိုထွန်းတို့ကဂျပန်တော်လှန်ရေးကို ဗြောင်စည်းရုံးတိုက်ခိုက်နေနှင့်ပြီဖြစ်လေသည်။ သို့အတူ မန္တလေးပတ်ဝန်းကျင်ရှိ ကျွန်ုပ်တို့ တပ်အားလုံးကို ဂျပန်အား အတိ အလင်း တော်လှန်တိုက်ခိုက်ရန် ကျွန်ုပ်တို့က ညွှန်ကြားချက် ပေးခဲ့ပြီး ဖြစ်လေသည်။

၁၉၄၅-ခု၊ မတ်လ ၂၇-ရက်နေ့တွင်ကား ကျွန်ုပ်တို့သည် ကမ္ဘာက ယခုသိသော ဖက်ဆစ်ဂျပန် တော်လှန်ရေးကြီးကို နိုင်ငံနှင့်အဝှမ်းချီ၍ စည်းရုံးကြေးကြော်ကာ စတင်တိုက်ခိုက်ခဲ့ကြလေတော့သည်။

\+ × + +

ဂျပန်တို့ကား ကျွန်ုပ်တို့အပေါ် ခပ်စောစောကပင် သံသယရှိခဲ့ကြောင်းမှာ ယုံမှားဘွယ်မရှိပေ။

ထို့ကြောင့်ဂျပန်ခေတ်'လွတ်လပ်သောဗမာနိုင်ငံ' အစိုးရအဖွဲ့တွင် ကျွန်ုပ်က ကာကွယ်ရေးဝန်ကြီး ဖြစ်နေသောအခါ ကျွန်ုပ်တို့ ဘီ-ဒီ-အေ တပ်အားလုံးကိုပုံလိုက်ကို



www.burmeseclassic.com

www.burmeseclassic.com

ရပ်ဝေးရှိ စစ်မျက်နှာအသီးသီးသို့ပို့ထားလေသည်။ ကျွန်ုပ်နှင့် ကျွန်ုပ်တို့တပ်အသီးသီး ဆက်သွယ်မှု မရရှိနိုင်အောင် ဖန်တီးထားခြင်းဖြစ်လေသည်။

ကျွန်ုပ်က တပ်များသို့ သွားရောက်စစ်ဆေးကြည့်ရှုရန်ကြံတိုင်း ဂျပန်တို့က အကြောင်းတခုခုပြ၍ ကျွန်ုပ်ကို ခရီးမသွားဖြစ်အောင် တားမြစ်တတ်လေသည်။ သို့သော် ကျွန်ုပ်တွင် လုပ်ငန်းကြံစည်စရာ နည်းလမ်းတွေကိုယ့်ဟာကိုယ် တွက်ချက်ထားပြီးဖြစ်၍ ၎င်းကိစ္စကြောင့် စိတ်အနှောက်အယှက် မဖြစ်ခဲ့ချေ။

အထက်တော်ပြခဲ့သည့်အတိုင်း ဂျပန်များကကျွန်ုပ်တို့(ဘီ-ဒီ-အေ)တပ်များကို လေ့ကျင့်ခန်းများ ပြီးဆုံးအောင်သင်ကြားခြင်းလည်းမပြည့်စုံသေးဘဲလျက်ဗမာပြည်အနှံ့ အပြားသို့ တတပ်နှင့်တတပ် ဝေးကွာစွာခွဲခြား၍ဖြန့်လွှတ်လေသည်။

ကျွန်ုပ်ကမူ ဘာမျှမပြောဘဲကြည့်၍သာနေခဲ့သည်။

ပြော၍လည်း အကြောင်းထူးမည် မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော် ဂျပန်တို့၏ နည်းပရိယာယ် ထုံးစံအတိုင်းပါပဲဟုဆို၍ ကျွန်ုပ်က အကြံပေးတိုင်း သူတို့သည် ကျွန်ုပ်ပြောသမျှ(ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ) အကြံပေး ချက်၏ ဆန့်ကျင်ဘက်ကို လုပ်လေ့ရှိသောကြောင့်ပင်တည်း။



သို့ဖြစ်လေရာ ဂျပန်တွေက ကိစ္စတစုံ တခုအတွက် ကျွန်ုပ်၏ အကြံပေးချက်ကို တောင်းတိုင်း ကျွန်ုပ်က သူတို့အစီအစဉ်အားလုံး ကောင်းပါသည်။ သင့်လျော်ပါသည်ဟူ၍သာ သဘောတူခဲ့လေသည်။ ကျွန်ုပ်၏စိတ်ထဲတွင်ကား ဘယ်နည်းနှင့်ဖြစ်ဖြစ် ဂျပန်များကိုပြန်တော်လှန်ရန်ဖြစ်နိုင်ကြောင်း တွက်ကိန်းရှိပြီးဖြစ်လေသည်။

တဖန် ဂျပန်တို့သည် တမျိုးတဖုံ စဉ်းစားမိဟန်ဖြင့် ဘီ-ဒီ-အေ တပ်တွေအားလုံးပြန်လည်စုရုံးရလျှင် မကောင်းပါလားဟု ကျွန်ုပ်ကို တိုင်ပင်လာကြပြန်၏။

ကျွန်ုပ်ကလည်း သွက်သွက်ကြီး သဘောတူညီချက်ပေးခဲ့၏။

ထိုအချိန်လောက်တွင် ကျွန်ုပ်တို့အဘို ပြင်ဆင်မှုအချို့လောက်သာ ကျန်ရှိလေတော့သည်။ ၎င်းတို့မှာ ပြည်သူလူထုကြီးက ဂျပန်တို့အား အလုံးအရင်းနှင့် တခဲနက်တော်လှန်ထကြွရန်အတွက် စည်းရုံးပြင်ဆင်ရေးနှင့် အပြစ်ကင်းသော ပြည်သူလူထုအပေါ် ဂျပန်တို့က ရက်စက်စွာ ကလဲ့စားချေလာလျှင် မည်သို့တန်ပြန် ဆောင်ရွက်ရမည်ဟူသော အချက်များပင်ဖြစ်လေသည်။

\+ + + +

ကျွန်ုပ်တို့၏ ဗမာ့တပ်မတော်(နောက်တော့မျိုးချစ်ဗမာ့တပ်မတော်) နှင့်တကွ ပြောက်ကျား တပ်များသည်



www.burmeseclassic.com

www.burmeseclassic.com

ဖက်ဆစ်တော်လှန်ရေး ကာလအတွင်း မည်မျှစွမ်းဆောင်၍ မည်မျှ အောင်မြင်ခဲ့သည်ကို ဤနေရာတွင် ရှည်အံ့စိုး၍ အကျယ်ချဲ့ပြီး မဘော်ပြလိုတော့ပါ။

(နောင်တနေ့တွင် ဤတော်လှန်ရေးကြီးနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များအပြည့်အစုံကို ရေးသားဘော်ပြနိုင်ရန် မျှော်လင့်ပေသည်။)

အားလုံးစုစုပေါင်းဆိုလျှင် ကျွန်ုပ်တို့တပ်များသည် ရန်သူဂျပန်ဖက်ဆစ်တို့နှင့် ရင်ဆိုင်တိုက်ရသည့်တိုက်ပွဲပေါင်း (၁၀၀၀)ထက်မနည်းခဲ့သည်ဟူ၍သာ ဘော်ပြလိုပေသည်။

ယခုဆိုလျှင် ကျွန်ုပ်တို့တပ်များတည် ပြောက်ကျား စစ်ဆင်ခြင်းအတတ်၌ ကမ္ဘာပေါ်ရှိ မည်သည့် စစ်တပ်နှင့် မဆို ယှဉ်ပြိုင်နိုင်ရန် အဆင်သင့်ရှိပါပြီ—ဟု အတိအလင်းပြောဝံ့ပေပြီ။

အလျဉ်းသင့်၍ ဘော်ပြရမည်ဆိုလျှင် ကျွန်ုပ်တို့ ဗမာလူမျိုးများသည် ရိုးရာစရိုက်အားဖြင့်ပြောက်ကျားစစ်ခင်းခြင်း၌ ဝါသနာနှင့်စိတ်ဓါတ်ရှိခဲ့လေသည်။

၁၃-ရာစုနှစ်များအတွင်းက တရုပ်ပြည်မှ(ကူဘလိုင်ခန်)နှင့် သူ၏ "တာတာ"စစ်သည်များသည် အလုံးအရင်းနှင့် ပုဂံပြည်သို့ ချဉ်းနင်းတိုက်ခိုက်လာသောအခါ လေးလံနှေးကွေးသော စစ်ဆင်များသာရှိပြီး ဒလှံ လက်နက်များ၌သာ ကျွမ်းကျင်ကုန်သော ဗမာစစ်တပ်များက တရုပ်တို့၏ ထိုးစစ်ဒါဏ်ကို မခံနိုင်အောင် ဖြစ်ခဲ့လေသည်။

ထို့ကြောင့် ဗမာတို့က မီးရှို့ဖျက်ဆီးပစ်သော "မြေလှန်စံနစ်" ကိုသုံးကာ ရပ်သူရွာသားတွေကိုလည်း အလုံးအရင်းနှင့် မြို့များမှစွန့်ခွာထွက်သွားစေလျက် တောင်ဘက်သို့ ဆုတ်ခွာရင်း တရုပ်စစ်သည်များကို ပြောက်ကျားနည်းစံနစ်ဖြင့် ပြန်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

နောက်ဆုံးတွင် ကူဘလိုင်ခန်သည် သူ၏စစ်တပ်များအတွက် လက်နက်ခဲယမ်းနှင့် ရိက္ခာဖြည့်တင်းရေး အခက်အခဲကြောင့် ဗမာပြည်မှပြန်လည် ဆုတ်ခွာသွားခဲ့ရဘူးလေသည်။

ထိုနည်းတူစွာ ၁၇-နှစ် ရာစုနှစ် အတွင်းကလည်း အောက်ဗမာပြည်မှ မွန်လူမျိုးတို့၏ စစ်မက်ဝါဒကြောင့် ဗမာ တနိုင်ငံလုံး ထိးကျိုးစည်ပေါက်ကာ မင်းမဲ့ဝါဒ Anarchyကြီး လွှမ်းမိုးလျက်ရှိချိန်တွင် အလောင်းဘုရားသည် ဗမာနိုင်ငံကို ပြန်လည်စုစည်းရန် ကြိုးစားစဉ်ကလည်း ပြောက်ကျားစစ်ဆင်နည်းဖြင့် တိုက်ခိုက်အောင်မြင်ခဲ့လေသည်။ အလောင်းဘုရားကိုယ်တိုင်က ပြောက်ကျားခေါင်းဆောင်အဖြစ်မှ စတင်ခဲ့ရာသူနှင့်အလားတူ ဗမာပြည်၏ အရပ်ချပ်မှ ပြောက်ကျားခေါင်းဆောင်များ၏ အကူအညီ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အလွန်စည်းရုံးညီညွတ်ပြီး အင်အား တောင့် တင်းသော ဗမာနိုင်ငံတော်ကြီးကို အောင်မြင်စွာတည်ထောင်နိုင်ခဲ့လေသည်၊

ဤစာတမ်းငယ် ရှေ့ပိုင်းတွင်လည်း ကျွန်ုပ်တလျှောက်လုံး၌ မျိုးချစ်စိတ်ရှိသော ခေါင်းဆောင်သည် သီးတို့သည်၊ ပြောက်ကျားနည်းစနစ်ဖြင့် ဖြိုတိုသျှနယ်ရှိ သမားအား အကြိမ်ကြိမ်တော်လှန်ထကြွခဲ့ ဘူးကြောင်း တော်ပြခဲ့ပြီးဖြစ်လေသည်။

ယခုစစ်ကြီးကား ပြီးသွားပေပြီ။

ကျွန်ုပ်တို့သည်လည်း (ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်)ကို တပ်ဦး၏ အဖြစ်မှတ လျက် တမျိုးသားလုံး၏စည်းလုံးညီညွတ်ရေးကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပေပြီ။

ကျွန်ုပ်တို့ အားလုံးသည် စည်းလုံးညီညွတ်လျက် ခြင်းကြောင့် စည်းလုံးညီညွတ်စွာဖြင့် တခုတည်းသော ပန်း တိုင် (ဗမာ့လွတ်လပ်ရေး)သို့ ရှေ့ရှုချီတက်ကြရန်လည်း အဆင်သင့်ရှိနေကြလေပြီ။

*　　*　　*　　*

နိဂုံးမချုပ်မီ၊ ဗမာပြည်ဆိုင်ရာ ဖြိုတိသျှတပ်မှား (၁၂-နံပါတ်တပ်မကြီး)၏ ဗိုလ်ချုပ် ဆာမွန်တေဂူစတော့

ဖတ်ထံသို့ ရေးလိုက်သောစာနှင့်တကွ၊ မဟာမိတ်တပ်ပေါင်းစုံအရာရှိကြီးများ စုံညီစွာတက်ရောက်သည့် နေ့လည်စာ စားပွဲ၌ ကျွန်ုပ်ပြောကြားခဲ့သော စကားကောက်နုတ်ချက် အချို့ကိုပါ ဖော်ပြလိုပေသည်။

မှ-

စစ်သေနာပတိချုပ်-

၁၂-နံပါတ်တပ်မကြီး။

သို့-

စစ်သေနာပတိ-

မျိုးချစ်ဗမာ့တပ်မတော်။

ယခုအခါ ဂျပန်တို့ကဗမာပြည်ရှိ ၎င်းတို့၏ တပ်များအားလုံးလက်နက်ချရန်စည်းကမ်းချက်များကိုသဘောတူလက်ခံလိုက်ပြီဖြစ်ရာ မိတ်ဆွေတို့၏တိုင်းပြည်ကိုကယ်တင် လွတ်မြောက်ရေး၏ နောက်ဆုံးအဆင့်တွင် အရေးပါစွာ ကူညီပါဝင်ခဲ့သော မိတ်ဆွေနှင့်တကွ၊ မျိုးချစ်ဗမာ့တပ်မတော်မှ အရာရှိ တပ်သားအားလုံးကို ကျွန်ုပ်ကချီးကျူး၍ ကျေးဇူးတင်စကား ပြောကြားလိုပါသည်။

မိတ်ဆွေတို့၏ပူးပေါင်းကူညီချက်ကြောင့်သာဂျပန်တို့ဘက်မှ အကြီးအကျယ်ကျဆုံးခဲ့ရခြင်းဖြစ်ပါသည်။

ဂျပန်ကျူးကျော်ရေးသမားတို့အားတော်လှန်တိုက်




www.burmeseclassic.com

www.burmeseclassic.com

ခိုက်ရာ၌၊ သွေးထိုးအားပေးခဲ့သည့် သင်တို့၏ နိုင်ငံကိုချစ် သောစိတ်ဓါတ်သည်၊ ယခု စစ်ပြီးသည့် အခါတွင်လည်း မျိုးချစ်ဗမာ့တပ်မတော်သား အားလုံးတို့အားဗမာနိုင်ငံစ တပ် Burma Army ဝင်ရဲဘော်များအဖြစ် တိုင်းပြည် ကို ဆက်လက်ကာကွယ် စောင့်ရှောက်ရန် စိတ်ဓါတ်မျာ အဖြစ် တိုးတက်ဖွံ့ဖြိုးလာမည်ဟု ကျွန်ုပ် အထူးမြှော်လင့် ယုံကြည်မိပါသည်။

\+ \+ \+ \+

(မဟာမိတ်တပ်ပေါင်းစုံအရာရှိများအား၊ ကျွန်ုပ် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်များ။)

ကျွန်ုပ်တို့ဗမာနိုင်ငံနှင့်တကွ၊မဟာမိတ်နိုင်ငံပေါင်း တို့ဘက်နေ၍ ကျွန်ုပ်တို့၏ ပါဝင်ဆောင်ရွက်ချက်များကို အသိအမှတ်ပြုကာ ချီးကျူးစကားပြောကြားသည့်အတွက် မျိုးချစ် ဗမာ့တပ်မတော်နှင့် ဗမာပြောက်ကျားတပ်မျာ ကိုယ်စား ကျွန်ုပ်ကကျေးဇူးတင်လှပါသည်။

ဤကား— ကျွန်ုပ်တို့ တပ်မတော်သား အားလုံး အတွက် အလွန်အားတက်ဂုဏ်ယူဘွယ် အသိအမှတ်ပြုခြင်း တရပ်လည်းဖြစ်သည်။

မျိုးချစ်ဗမာ့တပ်မတော်ဟူ၍ "မျိုးချစ်" ဟူသော အမည်ကို ကျွန်ုပ်တို့တပ်သားများသည်၊ တကယ်ပင်ခံ



ထိုက်လောက်အောင်လည်း လက်တွေ့ ဆောင်ရွက်ခဲ့ကြ ကြောင်းမှာ ယုံမှားဘွယ်မရှိပါ။

ကျွန်ုပ်တို့သည် ခရီးလမ်း၏အစတွင် မှားချင်မှားခဲ့ ပေမည်။ အတိတ်ကာလအတွင်းက ကျွန်ုပ်တို့သည်မှားယွင်း မှုများကို ပြုမူခဲ့ချင်လည်းပြုမူခဲ့ကြပေလိမ့်မည်။ သို့သော် လည်း ဘယ်အချိန် ဘယ်အခါကမှ မျိုးချစ်စိတ်ဓါတ်၏ ခရီးလမ်းကြောင်းမှ ရှောင်ဖယ်သွေဖီ၍ မသွားခဲ့ကြောင်း ကိုတော့ ကျွန်ုပ်က ရဲဝန့်စွာပြောလိုပါသည်။

ဂျပန်တို့နှင့် ပူးပေါင်းနေခဲ့စဉ်ကလည်း ကျွန်ုပ်တို့ သည်၊ မဖွယ်မရာရှက်စရာကောင်းသော မျိုးချစ်စိတ်ဓါတ် နှင့်ဆန့်ကျင်သောအလုပ်ဟူသမျှဘာတခုမှမလုပ်ခဲ့ကြောင်း ကိုပါ ကျွန်ုပ်ပြောပြလိုပါသည်။

ကျွန်ုပ်တို့သည် ဂျပန်၏စစ်မက်ဝါဒနှင့်ရိုင်းစိုင်းစွာ ပြုမူဆက်ဆံနည်းများကို လုံးဝမနှစ်ချိုက်သည့်အပြင်၊သူတို့ ပေးခဲ့သမျှကတိစကားအားလုံးကိုလည်းတခုမကျန်ဖျက်ဆီး ခဲ့ကြောင်း သိရသော်လည်း ဂျပန်တို့အပေါ် တတ်နိုင် သလောက် စိတ်ရှည်လက်ရှည်ဆက်ဆံခဲ့ပါသည်။

အရိပ်ပွါယ်ကတော့ မိတ်ဆွေဖြစ်မိကြမှတော့ တဦး နှင့်တဦးမိတ်မပျက်အောင် ကြိုးစားခဲ့ခြင်းပင်ဖြစ်ပါသည်။

သို့ရာတွင် ဂျပန်ဗမာချစ်ကြည်ရေးကို ဖျက်ဆီးပစ် လိုက်သူကား-ဂျပန်ပင်ဖြစ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်များသည် ကျွန်ုပ်တို့အပေါ်တွင် သစ္စာလည်းမရှိ၊ ကောက်ကျစ်စဉ်းလဲယုတ်မာသော စိတ်ထားဖြင့်လည်း ဆက်ဆံခဲ့၏။ "လွတ်လပ်ရေး" အတုအယောင်ကိုသာပေးခြင်းကြောင့် ကျွန်ုပ်တို့မှာ တိုင်းပြည်အတွက် တကယ်ယိုထောက်သော လုပ်ငန်းဟူ၍ တခုမျှမလုပ်နိုင်အောင်ဖန်တီးခဲ့၏။ ကျွန်ုပ်တို့တိုင်းပြည်သူပြည်သားများအား အမျိုးမျိုးအဖုံဖုံ မတရားနှိပ်စက်ညှဉ်းပမ်းသည်သာမက လူထုထံမှ ပစ္စည်းဥစ္စာရှိသမျှကိုလည်း အဓမ္မသိမ်းပိုက် လုယူခဲ့ကြ၏။ ဒီမိုကရေစီလွတ်လပ်ရေးနှင့် လူ့အခွင့်အရေးဟူ၍ စိုးစဉ်းမျှ မကျန်ရှိအောင်လည်းလုပ်ခဲ့၏။ ကျွန်ုပ်တို့၏တပ်များကိုလည်း စံနစ်တကျစည်းရုံးလေ့ကျင့်ပေးခြင်း၊ စစ်ပစ္စည်းကရိယာစုံလင်အောင် တပ်ဆင်ပေးခြင်းလည်းလုံးဝမပြုဘဲ ထားခဲ့၏။

ထိုအချိန်၌ သူတို့ဂျပန်တပ်ကလည်း ဗမာပြည်အားတကယ်တမ်းကာကွယ်စောင့်ရှောက်ပေးနိုင်စွမ်းမရှိကြောင်း ထင်ရှား၍နေလေသည်။

ပြင်ဆင်မှု၊ လေ့ကျင့်မှုအတွက် အချိန်လုံလောက်စွာမရ ... သောအကြောင်းပြချက်မှာလည်း အခြေအမြစ်မဲ့ ... ချ။ သုံးနှစ်မျှသောအချိန်မှာတိုင်းပြည်တပြည်၏ ကာကွယ်ရေးကို ကောင်းကောင်းကြီးပြင်ဆင်နိုင်သောအချိန်အာလ ... ဖြစ်ပေသည်။



ထိုသုံးနှစ်အတွင်း၊ ဗြိတိန်သည် ရင်းဟပ်များကိုစစ်ဖြစ်ခါစအချိန်ကထက် အဆပေါင်းများစွာ အင်အားပိုမိုတောင့်တင်းလာအောင် တိုးချဲ့ဖြည့်တင်းနိုင်ခဲ့ပေသည်။

ထိုသုံးနှစ်အတွင်းမှာပင်တိုင်းပြည်ငယ်တခုဖြစ်သော (ယူဂိုစလားဗီးယား) နိုင်ငံသည်လည်း မူလကဘာမှမရှိဘဲလျက် ရင်း၏စစ်တပ်များနှင့် တိုက်ခိုက်ရေး အင်အားကိုအောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပေသည်။

မည်သည့်စစ်ပွဲ၊ မည်သည့်တော်လှန်မှု အရေးတော်ပုံ၌မဆို၊ နိုင်ငံ တနိုင်ငံသည် သုညကစပြီး မိမိ၏ကာကွယ်ရေးအင်အားကို တိုတောင်းလှသော အချိန်ကာလအတွင်း သူတပါး၏ ကျူးကျော်လာခြင်းကို အောင်မြင်စွာမဟုတ်သည်တိုင်အောင် ချီးကျူးဘွယ်ရာ တောင့်တင်းခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သော သာဓကများရှိခဲ့ရာ ဂျပန်ပြည်အသည်လည်း ဤနေရာ၌ ချွင်းချက်မဟုတ်ချေ။

ဂျပန်တို့ကမူ၊ ကျွန်ုပ်တို့အား အတွေ့အကြုံဝါနုသေးသည်၊ ရင့်ကျက်တည်ငြိမ်ခြင်းမရှိသေးဟု အကြောင်းပြကာ ကျွန်ုပ်တို့၏ စစ်မက်အင်အား တည်ဆောက်ရေးကို ခွင့်မပြုခဲ့ဘဲနေခဲ့၏။

တဘက်တွင်ကား-စစ်အောင်နိုင်ရေးအတွက်လိုအပ်သည်ဆိုပြီး-ဗမာလူထုထံမှ ရှိသမျှပစ္စည်းဥစ္စာများကို အဓမ္မ



www.burmeseclassic.com

www.burmeseclassic.com

သိမ်းယူခြင်း၊ အလွန်ဆင်းရဲပင်ပမ်းလှသော ချေးတပ်ထဲ ဆွဲသွင်းပြီး အတင်းအကြပ်စေခိုင်းခြင်း၊ တန်ဘိုးမရှိသော ဂျပန်ငွေစက္ကူတွေ အလွန်အကျွံထုတ်၍ ကုန်ပစ္စည်းတန်ဘိုး အဆမတန် တက်စေခြင်း စသည်တို့ကို ပြုကျင့်လျက် စစ်ယန္တရားကြီးကို ဖြည့်တင်းခဲ့လေသည်။

ဤအခြေအနေမျိုးတွင်ကျွန်ုပ်တို့မှာကရားမျှတခြင်းကို လိုလားသူ မျိုးချစ်စိတ်ဓာတ်ရှိသူများအဖြစ် ဖက်ဆစ်ဂျပန်အားပြန်၍ တော်လှန် ပုန်ကန်ရန်မှတပါး၊ အခြားနည်းလမ်းမရှိတော့ချေ။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဂျပန်အား အလုံးအရင်းနှင့် တော်လှန်တိုက်ခိုက်ခဲ့တော့သည်။

တခုအတိအလင်းကျွန်ုပ်ပြောလိုသည်မှာ–ကျွန်ုပ်တို့ ဂျပန်ကိုတော်လှန်သောအချိန်၌မဟာမိတ်တပ်များကအချိန်မီလာရောက်ကူညီနိုင်မည်မနိုင်မည်ကိုလည်းသေချာတပ်အပ်စွာမသိသေးခဲ့ကြောင်း၊ကျွန်ုပ်တို့လှုပ်ရှားမှုခြေလှမ်းကြောင့် ဂျပန်စစ်ဘက်မှ ဘယ်လိုလက်စားချေမှု ပေါ်ပေါက်လာမည် ကိုလည်းကြိုတင်သိထားနှင့်ကြောင်းနှင့် ကျွန်ုပ်တို့ကိုယ်တိုင်က ဂျပန်တော်လှန်ရေးအတွက်၊ မဟာမိတ်တို့နှင့် စေ့စပ်ဈေးဆစ်လိုခြင်း၊ အခွင့်အရေး ကောင်းသော အခြေအနေ သမားဝါဒကို မြှော်ခေါ်ခြင်းများ လုံးဝမရှိခဲ့ကြောင်း စသည့် အချက်များပင်ဖြစ်ပါသည်။



မဟာမိတ်များထံမှလည်း အခွင့်အရေးနှင့်ပတ်သက်၍ ကတိစကားဟူ၍ ကျွန်ုပ်တို့ဘာမျှမရခဲ့ချေ။ ကျွန်ုပ်တို့သည် မဟာမိတ်တို့ဘက်မှ ဝင်ရောက် တိုက်ခိုက်ခြင်းမှာ ၎င်းတို့၏ ရည်ရွယ်ချက်နှင့်စစ်တိုက်ရခြင်းဝါဒ မှန်ကန်သည်ဟု ယူဆသောကြောင့်ပင်ဖြစ်သည်။

မဟာမိတ်တို့သည် လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးရှိသော လောကသစ်စခန်းသို့ ရှေ့ရှုချီတက်နေကြသည်ဟု ကျွန်ုပ်တို့ ယုံကြည်သော ကြောင့်လည်း ဖြစ်သည်။ ထိုငြိမ်းချမ်းပြီးလွတ်လပ်သောကမ္ဘာသစ်မှာသာလျှင်ကျွန်ုပ်တို့နိုင်ငံသည်လည်း လုံခြုံတည်မြဲ နိုင်မည်ဟုလည်း ယုံကြည်သောကြောင့်ဖြစ်သည်။

ထို့ပြင် ကျွန်ုပ်တို့သည် ကမ္ဘာလူထုကြီး (ဗြိတိသျှလူမျိုးများအပါအဝင်)အပေါ်၌ အကြွင်းမဲ့ ယုံကြည်စိတ်ချသောကြောင့်လည်း တိုက်ခိုက်ခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့တတွေ မည်မျှရှုတ်ခွံနှစ်စွာ စွမ်းစွမ်းတမန်တိုက်ခိုက်ကြကြောင်းကိုကား ကမ္ဘာက သိပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့ တပ်များက ဂျပန်စစ်သား ၂၀,၀၀၀ ကျော်ထက်မနည်း တိုက်ခိုက်သတ်ဖြတ်ခဲ့သည့်ပြင် စစ်သုံ့ပန်းအဖြစ်လည်းဂျပန်အမြောက်အမြားကို လက်ရဖမ်းဆီးခဲ့ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုတော်လှန်ရေးကြီး ကာလအတွင်း ကျွန်ုပ်တို့တပ်များ၏ စွမ်းဆောင်ချက်များအနက် အထူးခြားဆုံးကို ဘော်ပြရမည်ဆိုလျှင် ဂျပန်အမှတ်(၅၄)တပ်မကြီးတခုလုံးကို အပြုတ်ချေမှုန်း တိုက်ခိုက်လျက် ဂျပန်ဗိုလ်ချုပ် (လက်ဖတင်နယ် ဂျင်နရယ် တယောက်နှင့် မေဂျာ ဂျင်နရယ် ၂ ယောက်)သုံးယောက်ကိုပါ သတ်ဖြတ်နိုင်ခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

ငှင်းတိုက်ပွဲ၌ ကျွန်ုပ်တို့သည် ဂျပန်တို့ထံမှ အရေးပါအရာရောက်သော စာရွက်စာတမ်းအတော်များများကိုပါ သိမ်းယူရရှိပြီး မဟာမိတ်တပ်များလက်သို့ အပ်နှံခဲ့ကြသည်။

ကျွန်ုပ်တို့တပ်များ၏ တိုက်ခိုက်အောင်မြင်မှုများကို ဤနေရာတွင် အသေးစိတ် ဖေါ်ပြရလျှင် ရှည်လျားမည်ဖြစ်၍ အောက်ပါ အချက်တခုကိုသာ ပြောပြလိုပါသည်။

"ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တိုင်းပြည်နှင့်ကမ္ဘာ့လူထုအပေါ် တာဝန်တခုကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့ပြီးဖြစ်ပါသည်။ သို့ထမ်းဆောင်ရာ၌လည်း မဟာမိတ်တပ်များအပေါ် ယုံကြည်ရိုးသားသောစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။"

ကျွန်ုပ်တို့သည် မဟာမိတ်တို့ထံမှ ယခုထက် ပို၍



ကူညီထောက်ပံ့မှုရခဲ့ပါမူ ဆထက်တံပိုးတိုး၍ ထိရောက်အောင်မြင်စွာ ရန်သူဖက်ဆစ်ကို တိုက်ခိုက် ချေမှုန်းနိုင်မည်ဖြစ်သော်လည်းတော်လှန်ရေးကာလအတွင်း ရရှိသမျှသော အကူအညီ အထောက်အပံ့များအတွက် မဟာမိတ်တပ်ပေါင်းစုကို ကျေးဇူးဥပကာရ တင်ရှိလှပါသည်။

မျိုးချစ်စိတ် ထက်သန်စွာဖြင့် ကျွန်ုပ်တို့လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အားတက်သရော ပူးပေါင်းကူညီခဲ့သော ဗမာတိုင်းရင်းသား လူထုကြီးကိုလည်း အတိုင်းထက်အလွန် ကျေးဇူးတင်ရပါဦးမည်။

စင်စစ်ပြည်သူလူထုကြီး၏ အခြေအနေမှာ လုံးဝအားကျစရာကောင်းသည်မဟုတ်ချေ၊ ကျွန်ုပ်တို့ရဲဘော်တွေကြောင့် ဂျပန်က ပြည်သူလူထုအား အချိန်မရွေး ရက်စက်ညှဉ်းပမ်းနိုင်သည့် အခြေအနေမျိုးရှိခဲ့၏။ ယင်းသို့ ဖက်ဆစ်ဂျပန်က လူထုအပေါ် မထရားညှဉ်းပမ်း ရက်စက်မည်ကို စိုးရိမ်အားကြီး၍သာ ကျွန်ုပ်တို့၏ ဖက်ဆစ် တော်လှန်ရေးမှာ အချိန်ဤမျှ ကြန့်ကြာခဲ့ရခြင်းဖြစ်ပါသည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့သည်ဂျပန်အားခပ်စောစောကပင်တော်လှန်တိုက်ခိုက်မိကြမည် ဖြစ်ပါသည်။ ထိုကြောင့် ဂျပန်တို့ကပြည်သူလူထုအပေါ် ညှဉ်းဆဲနှိပ်စက်လာလျှင်၊ မည်ပုံ တန်ပြန်လှုပ်ရှားရမည်ကို ကျွန်ုပ်တို့က တော်လှန်ရေး မတိုင်မီအချိန်အတွင်း ကြိုတင်ပြင်ဆင်ခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ယခုစစ်ကြီးကား ပြီးသွားပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဤစစ်ပွဲတွင်လည်း ကမ္ဘာ့လူထုကြီးဘက်က အနိုင်ရခဲ့သည်ဟူ၍ပင် ဆိုရပါမည်။

၁၉၃၁-ခုနှစ်ကစ၍ကမ္ဘာကြီးတွင်(တနေရာမဟုတ် တနေရာ၌) သေးထွက်သံယိုမှုများ ဖြစ်ခဲ့ရသည်။ ယခုတော့ ငြိမ်းချမ်းရေးသည် ရောက်ရှိလာပါပြီ။

ကမ္ဘာ့ ကုလသမဂ္ဂ အသင်းကြီးကလည်း ကမ္ဘာ့တဝှမ်းလုံးတွင် ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးများမလွဲမသွေ ရရှိအောင် ဆောင်ရွက်တည်ဆောက်နိုင်ပါစေဟူ၍လည်း ဆုတောင်းမိပါသည်။

ယခုငြိမ်းချမ်းရေးသည် လူသေနှင့် သင်းချိုင်းတို့၏ ငြိမ်းချမ်းရေးမျိုးမဟုတ်ဘဲ၊ တကယ့် ငြိမ်းချမ်းရေးအစစ် ဖြစ်ပေလိမ့်မည်ဟုလည်း မြော်လင့်ပါသည်။

ကျွန်ုပ်တို့ဗမာနိုင်ငံအဘို့ကား ယခုလက်ငင်းပြဿနာ၊ ဗမာပြည် ကာကွယ်ရေးအတွက်၊ လက်နက်ကိုင် တပ်များ စံနစ်တကျဖွဲ့စည်းတည်ထောင်ရန်ပင်ဖြစ်သည်။ သို့မှသာလျှင် ရှေ့ ၂-နှစ် ၃-နှစ်အတွင်း ဗမာနိုင်ငံသည် အခြားဖြတ်သန်းမနသဟာယ နိုင်ငံများနည်းတူ ဒိုမီနီယံအဆင့်သို့ ရောက်ချိန်၌ နိုင်ငံကာကွယ်ရေးအတွက် လုံလောက်သော ပြင်ဆင်မှုများ တည်ဆောက်နိုင်ပြီးသား ဖြစ်နိုင်ပေမည်။

ဗမာပြည်ကို လွတ်လပ်ရေးပေးရန် ကိစ္စနှင့်စပ်လျဉ်း



၍ ဟိုဘက်သည်ဘက်လျှောက်လဲစရာ အငြင်းပွားနိုင်စရာ ဆင်ခြေတွေတော့အများကြီး ရှိချင်ရှိပါမည်။ သို့သော်.... ဤနေရာ၌ "လာချင်အနီးကလေး မလာချင်ခရီးဝေး" ဟူသော ကျွန်ုပ်တို့ ဗမာစကားပုံကလေးကိုသာ ကိုးကားလိုပါတော့သည်။

ကမ္ဘာ့ ရာဇဝင် သမိုင်းတွင်ကား တော်လှန်ရေး ကာလအတွင်းနိုင်ငံသစ်တခုသည် ခြေလှမ်းကျဲကျဲလှမ်း ခြင်းအားဖြင့် တိုင်းပြည်၏ ဖွံ့ စည်းတည်ဆောက်ခြင်းကို အပြီးအစီးလုပ်နိုင်ခဲ့သည့်သာဓကတွေ အမြောက်အမြား ရှိခဲ့ပါသည်။

ဗြိတိန်ပြည်မှာတွင်ပင် အလွန်နှေးကွေးသည် ဆိုသော ပါလီမန်က ၎င်းတို့တကယ်လိုလားသောဥပဒေကြမ်း တခုကို တရက်အတွင်းဆုံးဖြတ် အတည်ပြုနိုင်ကြပါသည်။ ထို့ကြောင့် ဒိုမီနီယံ အုပ်ချုပ်ရေးမပေးမီ ကာလအတွင်း ဗမာပြည်၏ ကာကွယ်ရေးအစီအစဉ်များကို ရေးဆွဲစီမံရာ၌ ဗမာလူထုကြီး၏ ကိုယ်စားလှယ်များကိုပါ ညှိနှိုင်းတိုင်ပင်လိမ့်မည်ဟုလည်း မြော်လင့်ပါ၏။

ကျွန်ုပ်တို့ မျိုးချစ်ဗမာ့ဘပ်မတော်နှင့်ပြောက်ကျားတပ်သားတို့၏ မြော်လင့်ချက်Aspirationsများကိုတော့ အားလုံးက သိနှင့်ပြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ကလည်း တိုင်းပြည်၏ လက်ရှိအခြေအနေကို ထောက်၍ အဖြစ်နိုင်ဆုံးနှင့် အနည်းဆုံးအခွင့်အရေးနှင့် စည်းကမ်းချက်များကိုသာ တောင်းထားပါသည်။ ထိုမှသာ မျိုးချစ်ဗမာ့တပ်မတော်ပြောက်ကျားတပ်များနှင့်ဗမာပြည်သူလူထုက နိုင်ငံကာကွယ်ရေးတွင် ဝင်ရောက် အမှုထမ်းနိုင်ကြပါသည်။

ထိုသို့မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ မြှော်ခေါ်ချက်များကို နားလည်အောင် လေ့လာခြင်းမပြု၍ လစ်လျူရှုကာ အာဏာပိုင်တို့ကလုပ်သွားပါမူ၊ ဗြိတိန်သည်၎င်း၊ ဗမာပြည်သည်၎င်း၊ နှစ်ဦးနှစ်ဝလိုလားသောပန်းတိုင်သို့မရောက်ဘဲ၊ ယခင်စစ်မဖြစ်မီကကဲ့သို့ နှစ်ပြည်ထောင်လူထု၏ မြှော်ခေါ်ချက်များပျက်ပြားကာတဦးနှင့်တဦး ယုံကြည်မြှော်လင့်ချက်များလည်း ကင်းမဲ့သွားပါလိမ့်မည်။

ယခု ထိုသို့မဖြစ်ပါစေနှင့်ဟု ကျွန်ုပ်အထူးမြှော်လင့်မိပါသည်။

သို့ဖြစ်ရကား ခဲယဉ်းပင်ပန်းစွာဆွတ်လှမ်းရရှိသော စစ်အောင်နိုင်မှုကိုအခြေပြုကာ ကျွန်ုပ်တို့အားလုံး(ဗြိတိသျှနှင့်ဗမာလူမျိုးတွေ)သည်လက်ချင်းတွဲကာ တကယ်သာယာမှန်မြတ်သော ငြိမ်းချမ်းရေးကြီးကိုတည်ဆောက်ကြပါစို့။

ကျွန်ုပ်အထက်တွင် ပြောခဲ့သလို ဖက်ဆစ်လူရိုင်းတို့



လက်မှ တိုက်ယူရရှိသော ငြိမ်းရေးသည်၊ သင်းချိုင်းဂူတို့ဖြင့်သာ ပြီးသောငြိမ်းချမ်းရေးမဟုတ်ဘဲ၊ တကဲ့လွတ်လပ်ရေး တိုးတက်ဖွံ့ဖြိုးရေးတို့ဖြင့် ပြည့်စုံသည့် ငြိမ်းချမ်းရေးအစစ်ကြီး ဖြစ်လာပါစေသတည်း။

× ÷ + ×



www.burmeseclassic.com

www.burmeseclassic.com

## အောင်ဆန်းဦးတို့အဖေ

၁၉၄၆-ခု စက်တင်ဘာလ(၂၉)ရက်နေ့ ဖြစ်လေသည်။

မိုးရာသီ တချိန်လုံး အုံ့မှိုင်း ရီဝေ နေခဲ့သော ရန်ကုန်မြို့၏ ကောင်းကင်သည် မိုးရိပ်တိမ်လိပ်များကင်းစင်လျက် ကြည်လင်တောက်ပ၍ နေလေသည်။ဗဟန်းလမ်း အတိုင်း တိန်စွာနှန်ရှိဘေးမှ၊အလ ံပြဘုရားလမ်းဘက်သို့တအား ပြေးနေသောဂျစ်ကားတစင်း၏နောက်ပိုင်းတွင် ကာကီစိမ်းရောင် စစ်ယူနီဖောင်း ဘိုသိပတ်သိဝတ်လျက် ကတုံးဆံတောက်နှင့် လူရွယ်တယောက်၊မျက်လုံးမျက်ဖန် ကောင်းကောင်းနှင့် လုံးကြီးပေါက်လှမိန်းမတယောက်တို့ကို မြင်ရလေမည်။ ရဲဘော်အဝတ်အစားနှင့် စစ်သုံး ကက်ဦးထုပ်တလုံးဆောင်းထားသောလူငယ်တဦးက ဂျစ်ကားကိုမောင်းလျက်ရှိလေသည်။ အခြားဘော့မဟုတ်၊ (ဖ-ဆ-ပ-လ)အဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်သူ့ရဲဘော်တပ်ဖွဲ့ သေနာပတိ ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းသည် ယမန်နေ့ကပင် ဘုရင်ခံ၏ အမှုဆောင် ဝန်ကြီးအဖြစ်ရောက်သွားလိုက် ပူပူနွေးနွေး ကာကွယ်ရေး နှင့်နိုင်ငံခြားရေးဝန်ကြီး ဦးအောင်ဆန်းအဖြစ် သူ၏ဇနီး ဒေါ်ခင်ကြည်နှင့်အတူ မြို့ထဲသို့ထွက်လာခြင်းဖြစ်လေသည်။ ဂျစ်ကားမောင်းသူရဲဘော်ကား-စာရေးသူပင်ဖြစ်သတည်း။

တလမ်းလုံးစကားတခွန်းမှမပြောပဲ ငေး၍သာလ… ခဲ့သောဗိုလ်ချုပ်သည် အလံပြဘုရားလမ်း (အော်တိုကား) တိုက်ရှေ့သို့ ရောက်သောအခါ ကျွန်တော့်အား လှမ်း၍ အင်္ဂလိပ်လို ပြောလိုက်လေသည်။

"I am not happy in office အစိုးရထဲဝင်ပြီး ရာထူးယူရတာငါတော့မပျော်ပါဘူးကွာ"

"ဘာဖြစ်လို့လဲဗိုလ်ချုပ်"

ဒေါ်ခင်ကြည်ကဘာမျှမပြော၊ ကျွန်တော်ကလှမ်း၍မေးလိုက်ခြင်းဖြစ်လေသည်။

"ဘာကြောင့်မှန်းမသိဘူး၊ ငါတို့နိုင်ငံရေးလုပ်တာ တာဖြုံးကနဲဒီလိုအစိုးရအဖွဲ့ထဲ ရောက်လိမ့်မယ်လို့ တခါ… စိတ်မကူးခဲ့ဘူး၊ ခုတော့မမျှော်လင့်ဘဲ ဒီအစိုးရအဖွဲ့… ရာထူးယူလိုက်ရတော့ ငါ့စိတ်ထဲဘာကြောင့်မှန်းမသိ ပျော်… ကိုမပျော်ဘူးကွာ"

ကျွန်တော်လည်းဘာမျှပြန်မပြောတော့ဘဲ၊ကား… သာ ဆက်မောင်းနေလေသည်၊ အမှန်တော့ သူဘာကြောင့် စိတ်ထဲမှာ မပျော်သလဲ ဟူသော မေးခွန်း၏ အဖြေကို ကျွန်တော် သိနေပါသည်၊ ကျွန်တော်သာမဟုတ် တလမ်းလုံးငေးလာရင်းအတွေးနယ်ကျူးနေဟန်ရှိသောဗိုလ်ချုပ်နှင့် သူ၏ဘေးမှ ထိုင်လျက်ရှိသောဒေါ်ခင်ကြည်တို့သည်လည်း ၎င်းအဖြေကိုသူတို့စိတ်တွင်းမှ လိုက်လံဖွဲ့သိကြသည်၊ ထုတ်ဖော်မပြောကြ၍သာ။

၁၉၄၆- ခု၊ စက်တင်ဘာလ ၂၂ ရက် တနင်္ဂနွေနေ့ကို အမှတ် (၂၅) တာဝါလိန်း၊ရှိ အိမ်သူအိမ်သားတွေ စိတ်ထဲမှာ ယာဝစဉ် သတိရနေပေလိမ့်မည်၊ အကြောင်းမူကား ထိုနေ့တွင် ဗမာတနိုင်ငံလုံးတွင် အလုပ်သမား အရေး၊ သပိတ်အရေးတို့ကြောင့် ဆာပေါ်ထွန်း အစိုးရ ပြုတ်ကျပြီးနောက် အကင်းပါးသော ဘုရင်ခံသစ် ဆာဟူးဗတ်ရန့် (စ်) က (ဖဆပလ) ခေါင်းဆောင်များ နှင့် အပူတပြင်းစေ့စပ် ဆွေးနွေးလျက်ဗမာပြည်၏ရှေ့ရေး ကံကြမ္မာသဘင်းကို လူတိုင်းကစိတ်ဝင်စားကြီးစွာ နားစွင့်နေခိုက် အလုပ် အများဆုံး၊ ခေါင်းအရှုပ်ဆုံးလူဖြစ်သော (ဖ-ဆ-ပ-လ) အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၊ ချစ်ဇနီးဒေါ်ခင်ကြည်တွင် စတုတ္ထမြောက် ရင်နှစ်သီးခြာသမီး ရတနာ ကလေးတဦး မီးရှူးသန့်စင် ဖွားမြင် လေသောကြောင့်ပင်တည်း။

ဖ-ဆ-ပ-လ အလုပ် အမှုဆောင် အစည်းအဝေး





www.burmeseclassic.com

www.burmeseclassic.com

များကား ထိုအချိန်က ဗိုလ်ချုပ်အိမ်မှာချည်း လုပ်လေ့ရှိသည်။ ဗမာလူထုကြီး၏ ကိုယ်စားလည် အစစ် ဖြစ်သော (ဖ-ဆ-ပ-လ) အဖွဲ့ချုပ်ကြီး၏ ဦးနှောက်ကား အလုပ်အမှုဆောင်အဖွဲ့ပင်ဖြစ်ရာ ဗမာလူထုနှင့်မြန်မာပြည်၏ ကံကြမ္မာကို ဖန်တီး နိုင်သည့် (ဖ-ဆ-ပ-လ) အလုပ် အမှုဆောင် အစည်းအဝေးများသည်(အထူးသဖြင့်ထိုကဲ့သို့လူထုအုံကြွမှုဖြစ်နေစဉ်တွင်)မည်မျှ အရေးကြီးကြောင်းကို စာဖတ်သူများတွေးကြည့်နိုင်ပေသည်။

တခါတခါနံနက် ၉ နာရီကစသောအစည်းအဝေးတခုသည်(နေ့လည်စာကို အစည်းအဝေးခန်းမ၌ပင်ခေါက်ဆွဲကျော်တပုဂံနှင့်ပင်ပြီးရသည်)၊ ည ၉နာရီ၊ ၁၀ နာရီ ထိုးမှပင် ပြီးတတ်လေသည်။ ထိုခါ အမြဲ ဖွင့်ထားသော ဆာဒေါ မန်စမစ်၏လောကွတ်ကိုအခါခါညည်းပယ်ခဲ့သော (ဖ-ဆ-ပ-လ)အဖွဲ့ကြီး အစိုးရအဖွဲ့ ဇာတ်စင်ပေါ် တက်ကရမည့်အရေးသည် အလွန်ပင်အရေးကြီးရကား၊ ဘုရင်ခံနှင့်စေ့စပ်ချက်များကို အထူးသတိကြီးစွာ သုံးသပ် ဝေဖန်ရသည်မှာ (ဖ-ဆ ပ-လ) ခေါင်းဆောင်များအဘို့ အတော်ပင် ခေါင်းရှုပ်စရာဖြစ်နေခဲ့သည်။ ဤသို့လျှင် ခေါင်းရှုပ်သောလူများ၏ သဘာပတိ ဗိုလ်ချုပ် အောင်ဆန်းသည် ဇွင်းတော်သလင်းလဆုပ်၁၂ရက်တနင်္ဂနွေနေ့ကသူ့တွင်သမီးရတနာတဦးတိုးပြန်ပြီဟူသော မင်္ဂလာ သတင်းကောင်းကို



ကြားရသောအခါ မည်မျှဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရှာနေမည်နည်း၊ သူ၏ ကလေး အကြီး (၂) ယောက်မှာ ယောက်ျားကလေးချည်းဖြစ်ကြလျက် တတိယ ကလေးမှာ မိန်းခလေးဖြစ်သည်။ ပြေးလွှား ကစား ဆော့တတ်သည့် အရွယ်ဖြစ်သော သား(၂)ယောက်ကို ကြည့်ရင်း တခါ တခါ မျက်စိနောက်သော ဗိုလ်ချုပ်သည်သူ၏သမီးကလေး (မမစု)အပေါ် အချစ်တွေ ပိုမိလေသည်။

ယခုတဖန် သမီးရတနာတဦးထွန်းကားပြန်ပြီ။မျှား မကြာမီ သူ့ရှုံးက ပင်ပမ်းပြီး ပြန်လာတိုင်း လှေခါးထိပ်မော်တော်ကားဆိုက်ရာသို့ ဖေဖေပြန်လာပြီဟုဆိုကာ ဘဝင်အေးမလာအပြုံးကလေးနှင့်ဆီးကြိုတတ်သော မမစုနှင့်အတူ အပေါ်ရမည့် သမီးထွေးကလေးကို စိတ်ကူးယဉ်ကြည့်ရင်း ဗိုလ်ချုပ် (ဝါ) အောင်ဆန်းဦးတို့အဖေ-ဦးအောင်ဆန်း၏စိတ်တွင် နှစ်သိမ့်ကြည်နူးသွားလေသည်။ သို့သော်ကံကြမ္မာက သူ၏ မျှော်လင့်ချက်အဆောက်အအုံကို တဟုန်တည်း မုန်တိုင်းဆင်၍ချေမှုန်းဖျက်ဆီးပစ်လိုက်လေသည်။ စက်တင်ဘာလ (၂၆)ရက်နေ့ (ဗိုလ်ချုပ်တို့ ဝန်ကြီးအဖြစ် ကျမ်းကြိမ်သောနေ့) တွင် ဗိုလ်ချုပ်၏ သမီးထွေးကလေးသည် သူ့ဖခင်၏ဂုဏ်ရှိန်သမ္ဘာတို့ကိုလူ့ပြည်တွင်(၅)ရက်မျှခံစားကာ အနိစ္စရောက်သွားရှာတော့သည့်သတင်းကိုကြားကြားချင်း ဗိုလ်ချုပ်သည် တချက်မျှ ငိုင်သွားကာ၊ အင်းအမြဲ



www.burmeseclassic.com

www.burmeseclassic.com

ထောင်ကြတဲ့(၅)နှစ်အတွင်း ကလေး လေးယောက်ရလို့ များလှတယ်ဆိုပြီး စိတ်တော့ညစ်မိပါတယ်၊ ဒါပေမဲ့ရပြီး မှတော့ ကလေးကို မသေစေချင်တော့ သိတ်နှမြောဟာဘဲ ဗျာ-ဟု ညည်းရှာလေသည်။

နိုင်ငံရေး ကိစ္စ အဝဝ တွေကြောင့် အလွန် အလုပ် များလျက်ရှိသော သူ၏ခန္ဓာကိုယ်အတွင်းရှိ နှလုံးသားထဲမှ ဖခင်တို့၏ ချစ်ခြင်းမေတ္တာအဟုန်သည် ပေါက်ကွဲ၍ ထွက် လာလေသည်။

ကြည့်စမ်းပါဦး တနင်္ဂနွေနေ့ကဘဲသမီးရတနာရခဲ့ပါ စို့သည့် ကြာသပတေးနေ့ကျသောအခါအစိုးရအဖွဲ့ဝင်ပြီး ဝန်ကြီးအဖြစ် ကျမ်းကျိန်ခဲ့သည်၊ ၎င်းကြာသပတေးနေ့က ပင် ချစ်သမီးကလေးဆုံးရပြန်သည်။ ကံကြမ္မာက သူ့အား လှောင်ပြောင်ကာ ပျက်ရယ်ပြုခြင်းပင် မဟုတ်ပါလော။ ဘယ်လောက်ဘဲ ဝန်ကြီးရာထူးက စည်းစိမ်ရှိသည်ဆိုဆို၊ ဘယ်လိုပင် မော်တော်ကားရေဒီယို၊ တယ်လီဖုန်းစသော အဆောင် အရောင်တွေများများ အတိုး မဖြတ်နိုင်သော ရတနာ(သမီးထွေးကလေး)ဆုံးရှုံးရသည့် ဗိုလ်ချုပ်ခမျာမှာ အဘယ်မှာလျှင် ပျော်နိုင်ရှာမည်နည်း။

▲

တို့ကြောင့်ပင် အစိုးရထဲဝင်ပြီး ရာထူးယူရတာ ဘာကြောင့်မှန်းမသိ ငါတော့မပျော်ဘူးကွာဟု ပြောသော်



သည်း သူမပျော်ရသည့် အကြောင်းများအနက် အထက် ဖော်ပြပါ အကြောင်းသည်အရေးပါသောအချက်တခုက် ဖြစ်ရှာမည်ဟု ကျွန်တော် တထစ်ချထင်လိုက်မိသည်။

(ဖ-ဆ-ပ-လ) အလုပ်အမှုဆောင် အစည်းအဝေး များ၊ တိုင်းပြုပြည်ပြုလွှတ်တော်ကော်မတီအစည်းအဝေး များ ကျင်းပစဉ် ဗိုလ်ချုပ်အား အမှတ်မဲ့ချောင်းကြည့်သူတို့ သည် သူ၏ စိတ်အားထက်သန်စွာဆွေးနွေးပုံ၊ ဖြစ်လာနေ သော အကြောင်းအရာ၌ စိတ်အား ထက်သန်စွာ အာရုံစူး စိုက်နေပုံ(Power of Contentration)ကိုသတိမပြုဘဲ မနေနိုင်ကြချေ။ ထိုပြဿနာ အကြောင်းအရာ တခုခုကို အချိန်ကြာမြင့်စွာ စိတ်အာရုံစူးစိုက်နိုင်ခြင်းမှာ ဗိုလ်ချုပ်၏ ထူးခြားသော အရည်အချင်းတခုပင် ဖြစ်လေသည်။

သူ၏ နေ့စဉ် လုပ်ငန်းအစီအစဉ် စာအုပ်ကလေး တခုကို အမှတ်မဲ့ ကြည့်လိုက်လျှင်-

နံနက်(၈)နာရီ၊ဆိုရှန်တိုဗီလာပြန်လည်ထူထောင် ရေး အစည်းအဝေး။

" (၁၀)နာရီ၊ အစိုးရအမှုထမ်း ကိုယ်စားလည် များနှင့်တွေ့။

" (၁၁) " အမေရိကန်ကောင်စစ်ဝန်နှင့်ချိန်း ထားသည်။

" (၁၂) " ကာကွယ်ရေး ဆိုင်ရာ ကော်မတီ အစည်းအဝေး။



www.burmeseclassic.com

www.burmeseclassic.com

ညနေ(၄)နာရီ၊ ဖ-ဆ-ပ-လ အမှုဆောင် အစည်းအဝေး။

စသည်ဖြင့်တွေ့ရပေလိမ့်မည်။ နေ့စဉ်နှင့်အမျှ သူ၏လုပ်ငန်းစဉ်မှာ ဤသို့ပင် ပြည့်ကြပ်လျက်ရှိသည်။ အစည်းအဝေးတခုနှင့်တခု ဆက်၍ နေသလောက် ဆိုင်ရာပြဿနာအကြောင်းအရာတွေမှာ တခြားစီဖြစ်နေသည်ကိုတချိန်လုံးစိတ်အာရုံစူးစိုက်၍တခုပြီးတခု ပြဿနာတွေကိုအောင်မြင်စွာဖြေရှင်းသွားနိုင်ခဲ့ခြင်းမှာချီးမွမ်းအံ့ဩဘွယ်ရာပင်တည်း

ဗိုလ်ချုပ် အဲသလို အစည်းအဝေးတွေ တခုပြီးတခုတက်ပြီး စိတ်အာရုံ (Concentrate) စူးစိုက်နိုင်တာတော်သကွာ ငါတော့ တခါ အစည်းအဝေး လုပ်နေရင်းစိတ်ကတခြားကိုလွင့်သွားတတ်လွန်းအားကြီးလို့ မနည်းကိုအားခဲပြီး အစည်းအဝေးကို စိတ်ရောက်အောင်ကြိုးစားရတယ်ဟု=

အစိုးရ အဖွဲ့ထဲ ဝင်ကာစ ဝန်ကြီးချုပ် ဦးနုက ကျွန်တော့်အား ပြောဘူးလေသည်၊ မှန်လေသည် ဖြူစင်သိမ်မွေ့သောစိတ်ထားနှင့် အနုပညာသမား ကိုကြီးနုသည် အစိုးရအဖွဲ့ခေါင်းဆောင်လုပ်ခြင်း၏ တာဝန်ဝတ္တရားများ၊ အစည်းအဝေးများ၊ မသွားမနေရသည့်ညည့်ခံပွဲ၊ထမင်းစားပွဲ၊ ပါတီများ၏ဒေါက်ကိုလူမှုရေးရာနားမလည်ဟုအများကဆိုကြသော ဗိုလ်ချုပ်လောက် ခံနိုင်ရည် ရှိဟန်မတူပေ။ အစည်းအဝေးများ၌မြင်ရသော ဘုကျကျမျက်နှာထားနှင့်



ဗိုလ်ချုပ်အား အချို့ကအလိုလိုကြောက်ကြသည်၊ အမှန်တော့ ဗိုလ်ချုပ်သည် စိတ်နှင့်အခန့်မသင့်လျှင် ဘုမှုတ်တတ်သလောက်နူးညံ့သိမ်မွေ့သည့်လူသာမန်တို့၏ စိတ်သဘောများသူ့တွင်အပြည့်ရှိလေသည်။ သူ၏ချစ်ဇနီးနှင့်သားသမီးများကပေါ် ကြင်နာယုယသည့်စိတ်အသည်လည်း အခြားလူများထက်မနည်းပေ၊ သူ၏သားသမီးများပြုစုစောင့်ရှောက်ရေး၊ ပညာသင်ကြားရေး၊သူတို့၏ရှေ့ရေးအတွက်ဗိုလ်ချုပ်သည် စိတ်ထဲတွင် အစဉ်ဝင်စားကာ ဆင်ခြင်နေတတ်လေသည်။

၁၉၄၅-ခုနှစ်စစ်ကြီးပြီးစအခါတွင် တော်လှန်ရေးမျိုးချစ် ဗမာ့တပ်မတော်ကြီး၏ သေနာပတိ ဂျင်နရယ်အောင်ဆန်းဆိုသူအား နိုင်ငံခြား သတင်းစာ ဆရာများ သတင်းထောက်များသည် အထူး စိတ်ဝင်စားလျက် ရှိရာမကြာခဏ တာဝါလိန်းဗိုလ်ချုပ်အိမ်သို့ လာရောက်တွေ့ဆုံစကားပြောရင်း မဟာမိတ် စစ်ဘက်အရာရှိများ ရပ်ကွက်တွင်ထင်ရှားလှသောဗိုလ်ချုပ်အောင်ဆန်းကိုစုံစမ်းအကဲခတ်လေ့ရှိကြသည်။

"ခင်ဗျားရှေ့ကို ဘယ်လိုကြံစည် စိတ်ကူးပါသလဲစစ်တပ်ကိုဘဲဆက်လက်ဦးစီးမလားသို့မဟုတ် နိုင်ငံရေးကိုဘဲအချိန်းထိုးလုပ်သွားမလား" ဟုသောမေးခွန်းကိုခဏခဏမေးသတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တော့-ခုစစ်လဲပြီးပြီမို့ စစ်တပ်ကိုဆက်လက်ဦးစီးရေး ဆောင်မလုပ်တော့ပါဘူး၊ ကျွန်တော် ကိုယ်စားအခု ဒုတိယစစ်သေနာပတိ ဗိုလ်လက်ျာကဘဲ ဦးစီးပါလိမ့်မယ် ကျွန်တော် အဘိုတော့နိုင်ငံရေးကိုထိထိရောက်ရောက်ဝင်လုပ်လိုက်အုံးမယ်၊ ဒါလဲမြန်မာပြည်လွတ်လပ်ရေးရတဲ့အထိပါဘဲ၊ လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးကထွက်ပြီးအေးအေး ဆေးဆေးစာအုပ်ကလေးဘာလေးရေးမယ် ကြံတာဘဲဗျာ၊ ကျုပ်ရဲ့အိမ်ထောင်(Family) အတွက်ဂရုစိုက်ပြီးစီစဉ်စရာတွေအများကြီးရှိသေးတယ်၊ ကလေးတွေပြုစုစောင့်ရှောက်ရေး၊ ပညာ သင်ကြားရေး ကိစ္စတွေလဲကျွန်တော်ကိုယ်တိုင်ကြီးကြပ်စီမံချင်တယ်"

ဗိုလ်ချုပ်၏အပြောကား ဤသို့ချည်းသာတည်း။ ဤသို့လျှင် (ဖ-ဆ-ပ-လ) အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ထိရောက်စွာဝင်မလုပ်ရသေးမီကပင် ဗိုလ်ချုပ်သည် နိုင်ငံရေးက ထွက်ချင်သည့်ဆန္ဒကို အတိ အလင်း ထုတ်ဖေါ် ခဲ့လေသည်။ (ဖ-ဆ-ပ-လ)အဖွဲ့ချုပ်ဥက္ကဋ္ဌလုပ်ရာမှ အစိုးရအဖွဲ့သို့ ဝင်ရသောအခါ၌ကား "လွတ်လပ်ရေးရပြီးရင်နိုင်ငံရေးကထွက်မယ်" ဟူသောစကားကိုခဏခဏပြောလေတော့သည်။

အိမ်မှာဆူငြံစွာ ဆော့ကစားရာမှ တယောက်နှင့်တယောက် ကစားစရာ လုကြငိုကြနှင့်လုပ်သော သား(၂)ယောက်အား တခါတခါစိတ်မရှည်သော ဒေါ်ခင်ကြည်က



မိခင်တို့ဘာဝ တယ်ဆိုးတဲ့ ကောင်လေးတွေဘဲ ဟု ညည်းမိလျှော၊ ကုတင်ပေါ်လှဲရင်း စာဖတ်နေသော ကလေးတို့အဖေက-"ငါ့ကလေးတွေ ဆိုးချင်ဆိုးပါစေကွာ အရေးကြီးတာက ကလေးဆိုတာ ပင်ကိုယ်စရိုက်(Character) စိတ်ဓါတ်ကောင်းရှိဘို့ရယ်(Love of truth)တည်ကြည်ဖြောင့်မတ်ခြင်းလိုလားတဲ့ စိတ်ရှိဘို့ရယ် ဒါဘဲအရေးကြီးတယ်"ဟု သူ့ကိုယ်နှင့်သူလည်းနှိုင်းလျက် သူ၏စိတ်ထဲတွင် ထင်မြင်မိသော(Ideal)စံပြယောကျ်ားကောင်းကို မျှော်မှန်းရင်းပြောလိုက်လေသည်။

ဟုတ်ပါသည်၊ သူ၏သားများကိုတည်ကြည်ဖြောင့်မတ်သော စိတ်ဓာတ်ကောင်းနှင့် တိုင်းပြည်၏သားကောင်းရတနာများ ဖြစ်စေချင်သည့် စေတနာတွေ ဗိုလ်ချုပ်တွင် အခြားအခြားသော ဖခင်များနည်းတူ ရှိလေသည်။ သား ၂ ယောက်အနက် အကြီး အောင်ဆန်းဦးမှာ သေးသေးသွယ်သွယ်အသားအနည်းငယ်ညို၏. မှတ်ဉာဏ်ကောင်းလှ၏။ လူကြီးများကဲ့သို့ အရွယ်နှင့် မလိုက်အောင် စကားကြီး စကားကျယ် တွေလည်း ပြောတတ်၏။ သား အငယ် အောင်ဆန်းလင်းမှာမူ ကိုယ်လုံး ကိုယ်ပေါက် ထွားထွား ကြိုင်းကြိုင်းနှင့် အသားအရေဖွံ့ဖြိုးပြီး ရယ်စရာမောစရာ လွန်လုပ်တတ်၏၊ ပြောတတ်၏။ ရဲဘော်တွေက သူ့ကို တခါတခါ(ကိုလင်းဘုတ်ပလို-ကျွဲကြီး)ဟု ချစ်စနိုး ခေါ်



www.burmeseclassic.com

www.burmeseclassic.com

တတ်၏၊ သူ၏ဝိုင်းစက်ပြူးကျယ်သော မျက်လုံးကြီးများ
မိခင် ဒေါ်ခင်ကြည်ထံမှရရှိသောအမွေများပင်တည်း။

တညနေ၌ မိသားစု စုံညီစွာရှိစဉ် ဗိုလ်ချုပ်သ
သူ၏ခလေးများကိုကြည့်ရင်း ပီတိဖြစ်ရာမှ သူ့စိတ်ထဲ
ထင်မြင်ဝေဘန်ချက်များကိုထုတ်ဖေါ်ပြောလေသည်။

"အကြီးကောင်ဦးက (Very Serious) အရွယ်
မလိုက်အောင်တည်တာရယ်၊ မှတ်ဉာဏ်ကောင်းတာရယ်
ထောက်တော့ သူ့အဖေလိုလာမယ် ထင်တာဘဲ၊ အ
လေင်းကြီးကတော့ သူ့ကြည့်ရတာ ရှုးပေါ်ပေါ်ကြီး
ပေါ့ပေါ့စားပေါ့ပေါ့နေရင်း ကြီးလာမဲ့ အကောင်ကြီး
ကွ၊ ကြီးလာရင် တေမျှားနေဦးမလားမသိဘူး။

ဘာဘဲပြောပြော ငါ့သမီးကလေးစုကတော့ အ
လုံးထဲမှာအလိမ္မာဆုံး၊ ချစ်စရာအကောင်းဆုံးနေမှာပ
ဒါပေမဲ့ မိန်းမရတဲ့ ၄ နှစ် အတွင်းမှာ ကလေး တ
တယောက် မွန်မွန်ကြီးရတာက ဂွကျသကွာ....ဟဲ....ဟဲ
ဟု ရယ်သွမ်းသွေးကာနှင့် ပြောလိုက်ရာ အနီးရှိချစ်
ဒေါ်ခင်ကြည်က (အလွန်ဘုကျပြီး အပြင်လူများကြ
သည်ဆိုသော) ဗိုလ်ချုပ်အား မျက်စောင်းထိုးလိုက်
သည်။

\+ × + +



ကျွန်တော်သိသောဗိုလ်ချုပ်

ရွှေသားရုပ်သွင် + ခပ်မင်စရာယ် +
မျက်နှာတော်ဝါဝါဝင်း + ရွှေလမင်းကြီးပုံ
နွယ်+ပတ္တမြားအသွေးနဲ့ တူညီပါတယ် +
ပါးကလေးကမြင်ရသူဘဲ+ အသဲထဲစွဲတယ်"

ဝဏ္ဏထဲကဇာတ်လိုက်မင်းသား 'မယ်ဘွဲ့သီချင်းဖြင့်
မြာကြူးနေခြင်းမယုတ်၊ (ဖ-ဆ-ပ-လ) အဖွဲ့ချုပ် ဥက္ကဋ္ဌ
သောင်း ဗမာပြည်အစိုးရ ဝန်ကြီးအဖွဲ့ ခေါင်းဆောင်နှင့်
စစ်ဝန်ကြီးလောင်း ဗုိလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကဥ္
သီးချင်းကိုသံနေသံထားနှင့်ဆိုခြင်းဖြစ်သည်။

၁၉၄၂-ခု ဧပြီလ ၅ ရက်နေ့ည ဖြစ်လေသည်၊
မာပြည်၏ကံကြမ္မာရေ့ ကိုဘယ်လို ဖန်တီးလာအုံးမည်ကို
သိရသေးဘဲ၊ ကျွန်တော်တို့တတွေစိတ်တထင့်ထင့်နှင့် ဗမာ
ပြည်သို့ဝင်လာမစ်ဲဘဲ တသဲသဲဖြစ်နေသော နေနတ်မျိုးနွယ်



www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေငပုတောကိုကြည့်နေရသော အချိန်၊ အထက်ဗမာပြည်
က ဆရာကြီးဦး ဆတ်မွှေးပြုံးသေးသောအခါ သမယ တွင်
ကျွန်တော်၏ရွာဆွေ မိတ္တာ လာကိုလှမောင် (ယခု-ယိုးဒယား
ပြည်သွားသုံးကမ္ဘာ)ဏ အရေးတော်ကြီး မိန်းမယူလိုက်သဖြင့်
ဘီ-အိုင်အေခေတ် ပထမဆုံး ပွဲဦးထွက် မင်္ဂလာဆောင်
အခမ်းအနား၊(ဒုတိယမင်္ဂလာဆောင်ကားသခင်ချစ်တို့စုံတွဲ
ဖြစ်သည်)ကို ရွှေတောင်ကြားလမ်း အမှတ်(၅၆) တွင်
ဆရာကြီးသခင်ကိုယ်တော်မှိုင်းကကြီးမှူးကျင်းပနေကြလေ
သည်။

မင်္ဂလာပွဲသို့လာသောပရိတ်သတ်မှာလူ(၁၀)ကျော်
မျှရှိသော်လည်း တို့ဗမာအစည်းအရုံးသခင်ခေါင်းဆောင်
များ၊တက္ကသိုလ်သမဂ္ဂခေါင်းဆောင်များ၊ဘီ-အိုင် အေ စစ်
ဗိုလ်များဖြစ်၍အတော်ကလေးမြိုင်ဆိုင်ချက်ရှိရာ ဗမာ့လွတ်
လပ်ရေးတပ်မတော်၏သေနာပတိဗိုလ်ချုပ်(ဗိုလ်တေဇ)
သခင်အောင်ဆန်းသည်လည်း သတို့သား၏ ရင်းနှီးသော
မိတ်ဆွေတဦးအဖြစ်ရောက်နေလေသည်။ထိုညကပရိသတ်မှာ
အတော် ပျော်ကြဟန် ရှိလေသည်။ သမဂ္ဂ ဥက္ကဋ္ဌဟောင်း
ကိုလှမောင်(ဗိုလ်ဇေယျ)၏ဇာတ်မင်းသားဟန်အာဝဇ္ဇန်း
ရှင်ရှင်နှင့်နိုင်ငံရေးတရားဟောသံ၊ ဒဂုန်တာရာကစန္ဒယား
တီး၊ကျွန်တော်က တယောထိုးလျက်၊ ဗိုလ်ဇေယျ၏သံနေ
သံထားဖြင့် သီးချင်းဆိုသံတို့ကိုကြားရပြီးနောက်=



"ဟေ့-ကိုတာရာ ကညွန့်သီချင်းတီးစမ်းပါ"ဟု

ဒေါင့်တဒေါင့်က အော်သံကြားသဖြင့် ကျွန်တော်
တို့လည်း ချက်ခြင်းပင်ခြောက်ပေါက်သံပြောင်း၍စမ်းကာ
ကညွန့်သီချင်းကိုစအတီးတွင် "ရွှေသားရုပ်သွင်ချို" ပြည်လှ
ဖေ၏ ကညွန့်သီချင်းသံကိုခြောက်ပေါက်လဲမဟုတ်၊ ၅ပေါက်
လဲမဟုတ် ဘယ်လိုမှ တူရိယာမဆန်သော အသံကြီးဖြင့်
ဆိုသံကြား၍ လှည့်ကြည့်လိုက်ရာ၊လား-လား-ဘီ-အိုင်-အေ၊
ဗိုလ်ချုပ်ကြီး- ဗိုလ်တေဇ (ခေါ်) သခင်အောင်ဆန်းက
အားရပါးရ သီဆိုနေသည်ကို တွေ့ရလေတော့သည်။

ကောလိပ်ကျောင်းသားဘဝဦးရင်း၊သခင်ဘဝဦးရင်း
ဂီတ-တူရိယာ အနုပညာ၌ လုံးဝ ဝါသနာ မပါခဲ့သော
ကိုအောင်ဆန်း၊ တက်ဘုန်းကြီး ကိုသိန်းဖေကသူ၏(သပိတ်
မှောက်ကျောင်းသား စတ္တုတွင်) အနုပညာ သမားတွေကို
ဆော်ထည့်ထားသည်ကို သဘောကျခဲ့သော ကိုအောင်ဆန်း
သည် သူ၏ သူငယ်ချင်း ကိုလှမောင် ဖျာပုံသူပျိုချော
မသန်းရီနှင့် ချစ်ပွဲဝင်တော့မည့် ညတွင် အလိုလို အားကျ
သလို-ဝမ်းနည်းသလိုလိုဖြစ်ရာက စိတ်ထဲတွင် ကြည်နူးကာ
သူ့ဝါသနာ မဟုတ်သောသီချင်းကို စိတ်ပါ လက်ပါ
ဆိုလိုက်ခြင်းဖြစ်လေသည်။

ပရိသတ်အားလုံးမှာလည်း အလွန်သဘောကျသွား



www.burmeseclassic.com

www.burmeseclassic.com

ကာ လက်ခုတ်လက်ဝါးတီးပြီး ဩဘာပေးကြလေသည် သို့သော် တူရိယာမဆန်သော ဗိုလိတေဇ၏ အသံကိုဝိုင်းကျ သော သဘောဖြင့် ကိုထွန်းအုံ (ယခု မြူနီစီပါယ်မင်းကြီး နယူဘားမား ကိုတင်မောင်(ယခု အမေရိကန်ပြည်ဗမာသံရုံး အတွင်းဝန်)ဗိုလ်ဇေယျ၊ သခင်ချစ်တို့လူစုကပါသီချင်းကို သံပြိုင်လိုက်၍ ဆိုပေးကြလေသည်၊ ဗိုလ်ဇေ ကဥ္စနသီ ချင်းဆိုသည့် အတွက် သဘောအကျဆုံး လူကားကျွန်တော် ပင်ဖြစ်သည်။

တက္ကသိုလ်သမဂ္ဂရုံးက ကျွန်တော်တို့လူစုကတူရိယာ ပြိုင်ပွဲသမဂ္ဂမှ ကြီးမှူးပြုလုပ်သည်ကိုပင် သူသိပ်သဘောမကျ ခဲ့၊ လွန်ခဲ့သော နှစ်ကနေ့က (ဧပြီလ ၃-ရက်နေ့ည) ပ သခင်မြ အိမ်၌ ကျွန်တော်တို့တစ်တွေ တီးမှုတ်သီဆိုနေစ (တာရာရေး- အောင်ဆန်း သို့မဟုတ်"အရိုင်"တွင်ပါသည့် အဖြစ်အပျက်)ကျွန်တော်ကဆူဆူညံညံနှင့် လူ အများကြား တွင် တီးကောင်းသည့်(ဇွတ်ချစ်မယ်)သီချင်းကို ဆိုသည့်အ တွက်၊ ဗိုလ်တေဇက "လူတွေကလဲအချစ်သီချင်းမယ်ဘ မောင်ဘွဲ့တွေ လုံးလုံးတီးဘို့မကောင်းဘူး၊ စစ်ချီစစ်တက် သီချင်းလိုဟာမျိုးဘဲတီးဘို့ကောင်းတယ်" ဟုပြောခဲ့သေး၏ ယော အခုတော့ ၎င်းဗိုလ်တေဇကိုယ်တိုင် ပြည်လှဖေ ည သော ကဥ္စနမယ်ဘွဲ့သီချင်းကိုကြူနေလေသည်။ အဘ ကြောင့် နည်း၊ဘယ်လောက်ကြမ်းတမ်းသောစစ်ဗိုလ်ချုပ်ကြီး



ဖြစ်စေကာမူ ဗိုလ်တေဇသည် သာမညလူတယောက်(ဝါ) ကိုအောင်ဆန်း မဟုတ်ပါလော၊ ထို့ကြောင့် တခါတခါ ပုထုဇဉ်သားတို့၏ ပင်ကိုယ်စိတ်ဓါတ် (Instinct) သည် တိုင်းပြည် နိုင်ငံရေးလုပ်ငန်းအစီအစဉ်တို့၏ အလွန်အလုပ် များလျက်ရှိသော သူ၏ ဦးနှောက်ကိုလွှမ်းမိုးပြီး တကိုယ် တည်း လူပျိုကြီးဘဝနေရသည်ကိုပျင်းရိငြီးငွေ့ကာ ယုယ မည့် ချစ်သူရှာ တေးသွား ကဥ္စနကို သူပင်၍ ဟစ်လိုက်ခြင်း ဖြစ်လေသည်။

ထိုညကပင် သူသည်နောက်သလိုလို ပြောင်သလိုလို နှင့် 'ဘိုးလှမောင်တယောက် မကောင်းဘူး ဆရာကြီးရဲ့ ကျွန်တော်တို့လုပ်ငန်းတွေမပြီးခင် မိန်းမယူတယ်' ဟု သခင် ကိုယ်တော်မှိုင်းအား တိုင်တန်းခဲ့သေးသည်။

အခိုပ္ပါယ်က ကျွန်တော်တို့ တက္ကသိုလ်သမဂ္ဂထွက် နိုင်ငံရေးသမားတစုသည် လူငယ်ဘဝ အိမ်ထောင်ပြုကြရ မည်၊ သို့သော်-ဗမာ့လွတ်လပ်ရေးတိုက်ပွဲကြီး ဆုံးခန်းတိုင် မရောက်သေးမီ အိမ်ထောင်မပြုသင့်သေးဟု သူယူဆသည်၊ အမှန်ကတော့ သူလည်းမိန်းမလိုချင်လှပြီ၊အချိန်အခါမသင့် သေးသောကြောင့်သာ အောင့်နေရသည်၊ ထို့ကြောင့် ကိုလှမောင် မိန်းမယူတာကိုသူအပြစ်မတင်၊ မိန်းမယူ စော တာကိုဘဲ သူဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှင်းနောက်-သခင်ချစ်၊ ဗိုလ်ဇေယျ၊ သခင်လူအေး တို့၏ လက်ထပ် မင်္ဂလာပွဲတို့သည် တခုပြီးတခု ဆက်တိုက် ဖြစ်ပေါ်လာကြသည်။

ကိုသိန်းအောင်(ကွယ်လွန်သူ ကျောင်းသားခေါင်း ဆောင်)၊ ဗိုလ်လကျ်ာတို့သည်လည်း စွန့်လွှဲဆဲ ဖြစ်နေလေ သည်။ အင်္ဂလိပ်တို့လည်း ဗမာပြည်မှ လုံးလုံးလျားလျား ဆုတ်ခွါသွားခဲ့လေသည်၊ အထက်မြန်မာပြည်စစ်မျက်နှာ၌ မကြာခဏ ဘီ-အိုင်-အေနှင့်ဂျပန်တို့သည် ဘုံကျကာ အချင်း များသည့် ကိစ္စတွေ ပေါ်ပေါက်ခဲ့လေသည်၊ အထူးသဖြင့် အညာမှာ ဗိုလ်ဇေယျကို ဂျပန်ကင်ပေတာ ဖမ်းသည့်ကိစ္စက တပ်မတော်သားရဲဘော်များ၏ စိတ်ကို အထူး ထိခိုက်စေခဲ့ လေသည်။

ယင်းသို့လျှင် ဗမာပြည်၏ နောင်ရေးနှင့်၊ ဗမာ့ လွတ်လပ်ရေးတို့ကိုအေးခဲနှင့်တည်ဆောက်အံ့ဟုကြွေးကြော် ကာ လက်နက်စွဲကိုင်လာခဲ့သော ဘီ-အိုင်-အေ တပ်ကြီး၏ ကံကြမ္မာတို့ ဘယ်လိုဖြစ်အုံးမည်မသိသေးသောအလွန်စိတ် ညစ်ဘွယ်ကောင်းနေသည့်အချိန်၊ အနောက်တောင် မုတ် သုန်လေစတင်တိုက်ခပ်လျက် အေးချမ်းသည့်မိုးပေါက်တွေ တဖြောက်ဖြောက် ရွာစပြုသော မိုးဦးကျအချိန်သမယတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်း ပြည်သူ့ဆေးရုံကြီးတွင် စိတ်



ရောကိုယ်ပါပင်ပမ်းနွမ်းနယ်လှသဖြင့် အနားယူနေရသော လူငယ်တဦးသည် အကြောင်းတစုံတရာကြောင့် ဦးနှောက် ရှုပ်နေလေသည်။ ထိုသူကား ဗိုလ်တော ခေါ် သခင် အောင်ဆန်းပင်တည်း။ သူ၏ဦးနှောက်တွင် ရှုပ်နေသော ပြဿနာကား မကြာသေးမီက ကိုလိုမောင်မင်္ဂလာဆောင် စဉ် သူ့ခေါင်းထဲတွင် စတင်ပေါ်ပေါက်ခဲ့သော အိမ် ထောင်ပြုရေး ပြဿနာပင် ဖြစ်သည်။

အမှန်ကတော့ ကိုလှမောင်ကစပြီး လုပ်ဖေါ်ကိုင် ဖက် လူငယ်နိုင်ငံရေးသမားတွေ တယောက်ပြီးတယောက် မိန်းမယူသွားကြကထဲက သူ၏စိတ်ထဲတွင် အတော်အားကျ နေလေပြီ။ငါတို့တတွေဗမာ့လွတ်လပ်ရေးအောင်ပန်းအဆုံး သပ် ဆွတ်လှမ်းပြီးမှသာ အိမ်ထောင်ပြုအခြေဆိုက်ကြရမည် ဟူသော သူ၏ယူဆချက်အစွဲသည်မှန်ပါ၏လော၊ သဘာဝ ကျပါ၏လော ဟု-သူ့စိတ်ထဲတွင် ဝေခွဲမရအောင် ဇဝေ ဇဝါဖြစ်နေပေသည်။

ဗမာပြည်၏ နိုင်ငံရေးနှင့်တကွ သူမျိုးဝေ့ကြကာ မျိုးတောင်ခဲ့သော ( ဘီ-အိုင်-အေ ) တပ်မတော်ကြီး၏ နောင်ရေးတို့အတွက်စဉ်းစားရင်းနှင့်စိတ်ရောကိုယ်ပါနွမ်းနယ် ကိုသက်သာရာရစေမည့် အပြုအစု ယုယမှုတို့ တောင့်တ လာလေပြီ၊ ထိုအချိန်၌ သူ့အခန်းသို့ နေ့စဉ်လာ၍ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

ကြီးငယ် ဆောင်ရွက်ပေးရင်း ယုယ ပြုစုသော လုံးကြီး ပေါက်လှ သူနာပြုဆရာမလေးကို သူသတိပြုမိလေသည်။

ယုယပြုစုစဉ် ဆရာမကလေးက ပြုံးကျယ်သော မျက်လုံးကြီးများဖြင့် သူ့အားစိုက်ကြည့်သည့်အခါ အလွန် နှစ်သိမ့်ဘွယ်ကောင်းသည်ဟု သခင်အောင်ဆန်း၏စိတ်ဝယ် ထင်မြင်မိလေသည်၊ အခုလို နှစ်သိမ့်ဘွယ် အပြုအစုယူ သည်၊ မကြာခင် ဆေးရုံကဆင်းသည့်အခါ ပျောက်ကွယ် မသွားဘဲ၊ ရာသက်ပန်ဖြစ်နေလျှင် အင်မတန်ကောင်းမှာပ ဟူ၍လည်း တွေးစပြုရင်း အိမ်ထောင်ပြုသင့်သော အချိန် ကာလပြဿနာကြီးကို သူအကြီးအကျယ် ဖြေရှင်းနေရလေ သတည်း။ ၎င်း ဆရာမကလေးအမည်မှာ မခင်ကြည်ဟု ခေါ်လေသည်။

"ဗိုလ်တေဇနဲ့ ဖူးစာပက်တာ မခင်ကြည်မှာ အဖ စင်ကညာ"

ရက်များမကြာမီဗိုလ်တေဇခေါ် သခင်အောင်ဆန် နှင့် ပြည်သူ့ဆေးရုံမှ ဆရာမ မခင်ကြည်တို့ လျှပ်တပျ လျှင်မြန်စွာ လက်ထပ်သည့်အရေးကိစ္စပေါ်လာခဲ့ပြီ။ ၎င် ဆေးရုံခန်းမကြီးမှာပင် ကျင်းပသော မင်္ဂလာဆောင်ညေ ပွဲတွင်(ရွှေပြည်အေး)ရေးစပ်သော မင်္ဂလာစုံတွဲ သီချင်း ကျွန်တော်တို့ ဝိုင်းဆိုနေကြခြင်း ဖြစ်လေသည်။ သ



အောင်ဆန်းသည်သူအတော်စဉ်းစားယူရသော ပြဿနာ၏ အဖြေမှန်ကိုရသွားလေပြီ။

"ဗိုလ်ချုပ်တယောက်မိန်းမရသွားပြီ၊ သူ့ကိုချစ်ခင် ယုယသောဇနီးသယ်(နောင်လာမည့် သားသမီးများ) အပေါ် သူ၏သံယောဇဉ်သည် တပ်မတော်က ရဲဘော်တွေ အပေါ်ရှိသည့်သံယောဇဉ်ထက်ကြီးမားပေလိမ့်မည်၊ အိမ် ထောင်ပြုခြင်းကြောင့်သူ၏နိုင်ငံရေးလုပ်ငန်း၌အဓိဋ္ဌာန်ပျက် သွားတော့မှာဘဲ"စသည်ဖြင့် တွေးကောပူပန်ကာ ဝမ်းနဲ ပက်လက် ယူကြုံးမရ ဖြစ်ရှာသူများကား ဘီ-အိုင်-အေမှ ဘီ-ဒီ-အေ ပြောင်းခါစ တပ်မတော်သား ရဲဘော်များဖြစ် လေသည်၊ သူတို့စိတ်ဝယ်အတိုင်းမသိ ချစ်ခင်မြတ်နိုးသော ဖခင်ကြီး နောက်မိန်းမယူမည်ကို စိုးရိမ်ကြောင့်ကြသော မိတဆိုးသားသမီးများပမာ ဝမ်းနဲကြလေသည်။

တပ်မတော်က ရဲဘော်ကလေးတွေသာ မဟုတ် တပ်မတော်အရာရှိကြီးများအချို့နှင့် လုပ်ဖေါ်ကိုင်ဘက် လူငယ်နိုင်ငံရေးသမားအချို့ကပါ၊ထိုစဉ်ကဗိုလ်ချုပ်မိန်းမ အယူစောသည်ကိုအကြောင်းကြောင်းတွေကြောင့်သဘော မကျခဲ့ချေ၊ သို့သော်...သူ့စိတ်ထဲမှ မှန်သည်ဟု ဆုံးဖြတ် ချက်ချပြီးလျှင် ဘယ်သူဘာပြောပြော တဇွတ်ထိုး လုပ်တတ်သောဗိုလ်ချုပ်အားမည်သူမျှမပြောသော၊မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကိစ္စကိုသာ ဖြစ်သလိုဝိုင်းဝန်းကူညီကာ စီမံပေးကြရလေတော့သည်။ သခင်အောင်ဆန်း အိမ်ထောင်ပြုသည်ကို လုံးဝမကန့်ကွက်ခဲ့သူတဦးကား တိုဗမာဆင်းရဲသားအစည်းအရုံးဌာနချုပ်မှူးဖိုမနှင့်လိုင်ပြဿနာအကြောင်း ကောင်းစွာနားလည်သူ ကိုကြီးနုပင်ဖြစ်သတည်း။

"အဲဒီတုန်းကမိန်းမယူဘို့အရေးကိုဗိုလ်ချုပ်အကြာကြီးစဉ်းစားပြီးမှ ဆုံးဖြတ်လို့ရသလား"

(ဖ-ဆ-ပ-လ) အဖွဲ့ချုပ် ဥက္ကဋ္ဌ အစိုးရအဖွဲ့ခေါင်းဆောင်ဆာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၆-ခု၊ ဇီဇဘ်ာလကရှမ်းပြည်သွားရင်း မိတ္ထီလာမှ တောင်ကြီးသွား ကားလမ်းခရီးတွင်ချစ်ဇနီးဒေါ်ခင်ကြည်ပါခေါ်လာသည့်အခေါက် ကျွန်တော်က ဗိုလ်ချုပ်အား မေးခွန်းထုတ်နေခြင်းဖြစ်လေသည်။

"ဘယ်ဟုတ်ပမလဲကွာ ငါက ကျောင်းနေတုံးကတော့ ကိုယ်ယူမဲ့စံပြမိန်းမလောင်းကို အကြီးအကျယ်စိတ်ကူးယဉ်ပြီး တွေးခဲ့သားပေါ့၊ ကျမ္ဘာရမယ်၊ သဘောထားကြီးရမယ်၊ ရုပ်ရည်အသင့်အတင့် ချောမောရမယ်၊ မျိုးရိုးဇာတိကောင်းရမယ်၊ငါ့မိဘဆွေမျိုးများနှင့်သင့်တင့်ရမယ်၊ ဘာညာနဲ့စုံလို့ပေါ့လေ ဒါပေမဲ့ အဲဒီအချိန်ရောက်တော့ ခေါင်းကလဲရှုပ်ရှပ်နဲ့ အခြားလူပျိုကြီးတွေလိုဟော်တယ်တွေဘာတွေ တက်မပျော်ချင်တော့ တကြောင်း (ဟယ်... တတ်နိုင်ပါဘူး၊ နောင်ခေါ်ကျမှ ကွဲခါမှ ကွဲရောခုတော့ မိန်းမယူမှာပဲ)ဆိုပြီး၊ ဇွတ် ယူလိုက်တာပါပဲကွာ၊ လူချင်းကြိုက်ပုံကလဲ [illegible]တို့ကောင်တွေလို သံသရာ ရှည်ကြီးလုပ်နေတာမဟုတ်ဘူး၊ ဇာ့ိုတိုတုတ်တုတ်လိုရင်းသဘောရောက်တဲ့(Very Business Like)နည်းဘဲကွ"ဟု သူ့လက်ဝဲဘက်ရှိ ချစ်ဇနီး ဒေါ်ခင်ကြည်အား ပြုံးကြည့်ရင်းမြိန်ရေရှက်ရေပြောပြလေသည်။

တဖန်ဆက်လက်၍ "ဒါထက် နေစမ်းပါအုံးကွ၊ အဲဒီတုံးက ငါပြုံးကနဲ မိန်းမယူပစ်လိုက်တော့ တပ်ထဲကရဲဘော်တွေစိတ်မှာဘယ်လိုဖြစ်ကြသလဲ"ဟု ဗိုလ်ချုပ်သည် သူ့စိတ်ထဲသိချင်သလောက် မေးခွင့်မရခဲ့သော မေးခွန်းကို မေးလိုက်လေသည်။

"ဟာ-ဘာဖြစ်ရမလဲ၊ ငါတို့ဗိုလ်ချုပ်တော့သွားပြီ၊ မိန်းမရတယ်ဆိုရင်ပဲ ဒို့ရဲဘော်တွေကိုသိပ်ပြီး ဂရုစိုက်တော့မှာမဟုတ်ဘူး၊ ဒို့တပ်မတော်ကြီးလဲ ဘယ်လိုဖြစ်အုံးမလဲ မသိဘူး၊ အဲသလိုဘဲ ရဲဘော်တိုင်းလိုလို တွေးမိပြီး ဝမ်းနည်းကြတာပေါ့၊ တချို့ရဲဘော်ဆိုရင် မျက်ရည်တောင်ကျတာပေါ့ဗိုလ်ချုပ်"ဟု ကျွန်တော်၏ဖြေ့မှ(ထိုစဉ်ကဗိုလ်ရန်နိုင်၏တပ်ရင်း ၂ မှ)ဗိုလ်မင်းလွင်က ဖြေလိုက်ရာ....။





www.burmeseclassic.com

www.burmeseclassic.com

"ဟေး=ဟုတ်လား" ဟု သာဆိုပြီး ဗိုလ်ချုပ်သည် ဘာမှမပြောတော့ပဲ၊ စတေရှင်ဝက်ဂွန်း မော်တော်ကား ပြတင်းမှ လမ်းဘေးရှိတောင်ကမ္ဘားရုံကြီးများဆီသို့ ငေးမောကြည့်နေလေသည်၊ ရဲဘော်အားလုံး(၁၇)ဗမာလူငယ် အပေါင်းတို့သည် သူ့အားမည်မျှချစ်ခင်ကြည်ညိုအားကိုးကြသည်ကို သူ ကောင်းကောင်းကြီး သိပေသည်၊ အမှန်ကတော့ ရဲဘော်တွေက သူ့ကို ကြည်ညို အားကိုး ကြသလောက် သူကလဲ ရဲဘော်တွေ အပေါ် သံယောဇဉ် အတော်ကြီးလေသည်၊ သားသမီးများများရှိသော ဖခင်ကဲ့သို့ သူ့တပည့်တပန်းရဲဘော်တွေ၏ နေထိုင်စားသောက်ရေး၊ ရဲဘော်တွေ၏ နောင်ရေးကိစ္စများကို သူ့စိတ်ထဲဝယ် တွေးတောပူပန်နေခဲ့ရှာလေသည်။

တော်လှန်ရေးတုံးကဗိုလ်ချုပ်၏ရှေ့တန်းစစ်ဌာနချုပ်မှာ ကျွန်တော်အမှုထမ်းလျက်ရှိသည့် တိုင်းအမှတ်(၇) နယ်ပါယ်ဖြစ်သော သရက်ခရိုင်၊ ဧရာဝတီမြစ် အနောက်ဘက်ကမ်းသို့ရောက်နေခဲ့ရာ၊ ၁၉၄၅ ခု၊ မေလဆန်းတွင် အာလံမြို့၌စခန်းချထားသောအမှတ် ၂၆၈ ဗြိတိသျှမဟာဗိုလ်မှူးကြီးမှ တဆင့် (၄) နံပါတ် စစ်တပ် သေနာပတိဂျင်နရယ်ဆလင်းကဗိုလ်ချုပ်တို့စခန်းသရက်ချောင်းရွာနှင့် ကျွန်တော်တို့လျို့ဝှက်စွာနေရာ ဧရာဝတီမြစ်ကမ်းကြားတွင် ဂျပန် ၄၀၀၀ ကျော်ခန့် အစဉ်မပြတ် ဆုတ်ခွါလျက်ရှိခြင်းကြောင့်၊ တပ်မတော်တပ်စုများနှင့် ပြောက်ကြားတိုက်ပွဲများလည်းမကြာခဏဖြစ်ပွားလျက်ရှိသဖြင့် ဗိုလ်ချုပ်အား ၎င်းဂျပန်စစ်တပ်ထုကြီးကို ဖြတ်ကျော်၍ အတော်ပင်ပန်းကြပ်တည်းစွာ ကြံဖန်ပြီး ဆောင်ကြဉ်းခဲ့ရလေသည်။

ဗိုလ်ချုပ်လည်းကိုယ်ရံတော်ဗိုလ်မင်းခေါင်နှင့်အတူ သရက်မှအာလံသို့ကူးကာအာလံ ရှိဗြိတိသျှတပ်မင်းကြီးနှင့် တွေ့ဆုံပြီးနောက် လေယာဉ်ပျံနှင့်တဆင့်စစ်ဗဟိုဌာနချုပ်ရှိရာ မိတ္ထီလာသို့ ထွက်ခွာသွားလေသည်။ နောက်ထပ်ဗိုလ်ချုပ်နှင့်အတော်ကြာအောင်မတွေ့ရတော့ပဲ၊ ကျွန်တော်တို့တပ်တွေမှာလည်းတဖြည်းဖြည်းစုရုံးမိခါ ဆုတ်ပြေးနေသောဂျပန်ကို နောက်ပိုင်းမှ ပြောက်ကျားစစ်ဆင်လျက်တိုက်ခိုက်လာခဲ့ရာ၊ ဇွန်လဆန်းသောအခါ ဗြိတိသျှတပ်မဟာ အမှတ်(၂၂)နှင့်အတူ တွဲဖက်တိုက်ခိုက်ရန် တိုင်းအမှတ်(၇)စစ်ဌာနချုပ်မှ နတ္တလင်းမြို့သို့ ရောက်လာခဲ့လေသည်။

နောက်....များမကြာမီ ဗြိတိသျှစစ်တပ်နှင့် ဗမာ့တပ်မတော် ဆက်ဆံရေးနှင့်ပတ်သက်၍၊ တပ်အသီးသီးကို ရှင်းလင်းပြောပြရန် ဗိုလ်ချုပ်သည် ဗိုလ်မှူးလှအောင်နှင့် အတူပြည်မှတဆင့် နတ္တလင်းသို့ ရောက်လာပြန်လေသည်။ ဗိုလ်ချုပ်ရောက်လာသော နံနက်တွင်ပင်ဗိုလ်မှူးမြင့်အောင်သည်သူ့ကိုယ်သူအဆုံးစီရင်လိုက်ရှာလေသည်၊ ၎င်းနေ့ည





www.burmeseclassic.com

www.burmeseclassic.com

နတ္တလင်းမြို့ ကျွန်တော်တို့ စခန်းချရာ ချစ်ကြီးတိုက်တွင် ဗိုလ်ချုပ်နှင့်ရဲဘော်တစုစကားထိုင်ပြောနေကြ၏။ ဗိုလ်ချုပ်သည်အခြားနိုင်ငံရေးကိစ္စ တပ်မတော်၏ နောင်ရေးကိစ္စအကြောင်းပြောပြပြီးနောက် "နောက်တခုက ကျွန်တော်တို့လုပ်ငန်းတွေ သေသေချာချာ ပြီးမြောက်သေးတာမဟုတ်ဘူး၊ ဒါကြောင့်မို့ ကိုယ့်လူထဲက မိန်းမယူမယ်ကြံတဲ့လူတွေလဲ တနှစ်လောက်တော့အောင့်ထားကြအုံး" ဟု ခတ်တည်တည် မှတ်လိုက်သဖြင့် ကျွန်တော်တို့လူပျိုရဲဘော်အစုက ပြုံးမိကြလေသည်။

"ဘာဖြစ်လို့လဲ ဗိုလ်ချုပ်ရဲ့" ကျွန်တော်က မရဲတရဲကန့်လိုက်မိသည်။

"နိုင်ငံရေးလုပ်ငန်းလုပ်နေတဲ့အခါ အိမ်ထောင်ပြုတော့သားမယားသံယောဇဉ်တွေကရှိသေးကွ၊ ရခါစတော့တုံးစံအတိုင်း မိုးမမြင်လေမမြင် ပျော်သလောက် နောင်တဖြည်းဖြည်းကြာလာပြီး သားသမီးတွေ ရလာတဲ့အခါတာဝန်ကိစ္စတွေ တဖြည်းဖြည်းများလာတတ်တယ်၊ ငါဆိုရင်တောင် လူပျိုဘဝတုံးက ဖြစ်သလို နေခဲ့ပေမဲ့ ခုသားသမီးနဲ့ အိမ်ထောင်နဲ့ဆိုရင်ပဲ၊ အနည်းဆုံးတွေးပူရတဲ့သံယောဇဉ်ကလေးရှိလာတာပဲ၊ ဘာပဲဖြစ်ဖြစ်ကွာ၊ အိမ်ထောင်နဲ့ဆိုတော့ လူပျိုဘဝလို တုံးတိုက်တိုက်ကမ်းတိုက်



တိုက်သံယောဇဉ်ကင်းကင်းနဲ့ အလုပ်လုပ်ဘို့မကောင်းလို့ ပါပဲကွာ"

ကြည့်စမ်းပါအုံး...ဗိုလ်ချုပ် ပါးစပ်က စကားတော်ကုံးထွက်လာတဲ့စကားတွေဘယ်လောက်များသဘာဝကျပြီး ဘယ်လောက်လူဆန်သောစကားပေနည်း။

၁၉၄၅-ခု၊ ဒီဇင်ဘာလ။

ဗိုလ်ချုပ်သည် မဟာမိတ် စစ်သေနာပတိချုပ်၊ မောင့်ဘက်တန်က ပေးအပ်သောစစ်ဗိုလ်တပ်မင်းကြီးရာထူးကို လက်မခံပဲ၊ ဖ-ဆ-ပ-လ အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဗမာ့လွတ်လပ်ရေးတပ်ဦးကို ပဲ့ကိုင်လျက်ရှိလေသည်။

ကျွန်တော်တို့မှာ ဗိုလ်မှူးအောင် ဦးဆောင်လျက်ပြည်သူ့ရဲဘော်တပ်ဖွဲ့ကြီးကို တပင်တပမ်း တည်ဆောက်နေဆဲဖြစ်သည်။ တနေ့သောနံနက် ကျွန်တော်တို့ ဗိုလ်ချုပ်အိမ်သို့ရောက်သွားလေသည်။

"ဟေ့ကောင်...မင်း ငါ့အိမ် လာနေပါလားကွ"
"မဖြစ်ဘူး ထင်တယ် ဗိုလ်ချုပ်..."
"ဘာဖြစ်လို့လဲ..."
"ကျွန်တော် အခုမိန်းမရနေပြီ..."
"ဟေ-ဟုတ်လား... ငါလခွေး...မင်းဟာ မြန်လှ



www.burmeseclassic.com

www.burmeseclassic.com

ချီလား၊ ဘယ်တုန်းက ရလိုက်တာလဲ၊ ဒို့တောင်မသိဘူး ဘယ်မှာ လက်ထပ်သလဲ—”

“လက်ထပ်တာ မဟုတ်ဘူး၊ ခိုးပြေးတာ”

ကျွန်တော့်မှာမိန်းမယူရသည့်အတွက် ဗိုလ်ချုပ်က ကြိမ်းမှာကြောက်နေလေသည်။ လွန်ခဲ့သော(၆)လကပင် နတ္တလင်းမှာတုန်းက လူပျိုရဲဘော်တွေမိန်းမ-မယူကြသေးဘို့ ပြောခဲ့ကြ၏။

“မင်းအသက် ဘယ်လောက်ရှိပြီလဲ....”

“နှစ်ဆယ့်ခြောက်နှစ်....”

“ဟာ-ဒါဖြင့် အောရိုက်ဘဲ၊ အမှန်ကတော့ စောစော အိမ်ထောင်ပြုတဲ့ Early Marriage စံနစ်ဟာ ကိုယ့်မှာ အလုပ်အကိုင် အတည်တကျနဲ့ ဝင်ငွေမရှိသေးလို့ဘိုင်ကျတာကလွဲရင် အဘက်ဘက်ကကောင်းတာချည်းဘဲ၊ ဒို့မြို့ကြီးပြကြီးတွေမှာသာ ငွကျနေတာ-တောအရပ်ဒေသတွေမှာဆိုရင် ရှေးစံနစ်အတိုင်း စောစောစီးစီး အိမ်ထောင်ပြုကြတာချည်းဘဲ၊အဲဒါကျန်းမာသန့်ရှင်းပြီး အစစအရာရာကောင်းတဲ့နည်းဘဲကွ၊ မြို့ကလူတွေမှာသာအင်္ဂလိပ်ပညာသင်လို့ အချိန်ကုန်ရတဲ့အထဲအလုပ်အကိုင်နေရာကျဘို့စောင့်ရ၊ ဟိုင်းရသည်ငဲ့ရနဲ့ အချိန်တွေ ကုန်သထက်ကုန်ပြီး လူလဲထိုင်း ဆွေးပြီး မဟုတ်တာဖြစ်ချင်တဲ့လူလဲဖြစ်ကုန်



တော့တာဘဲ၊ ဒါကြောင့် ငါလဲ သိတ်ရှေ့ရှေ့ နေးနေး စဉ်းစားမနေဘဲ ဇွတ်မိန်းမယူလိုက်တာဘဲ၊ ဟားဟား-ရယ်ရယ်မောမောနှင့် ဗိုလ်ချုပ်သည် အိမ်ထောင်ပြုတရားဟောနေလေသည်။

“နောက်ပြီး ငါတခုမကြိုက်တာရှိသေးတယ်၊ ဗမာ့ထုံးစံဆိုပြီးမင်္ဂလာဆောင်အခမ်းအနားအကြီးအကျယ်လုပ်ပြီး ငွေတွေ နင်းကန်ဖြုန်းတာဟာ အပိုဘဲ၊ လက်ထပ်တယ်ဆိုရင် ဘယ်သူမှရှိုးရှီးနဲ့ကျဉ်းကျဉ်းမလုပ်ချင်ကြဘူး၊ပိုက်ဆံဖြုန်းပြီးလက်ထပ်မှ ဟုတ်တယ်ထင်ကြတယ်၊ ဒါကြောင့် ငါတော့ ခိုးယူတာအဆုံးဘဲလို့ထင်တယ်၊ ဘာမှသိပ်မကုန်ဘဲနဲ့ လိုရင်းရောက်တာဘဲ မဟုတ်လား....”

“ဒါတော့ ဟုတ်ပါတယ် ဗိုလ်ချုပ်၊ ဒါပေမဲ့ လူတွေက ဒါလောက်ခေတ်မမှီသေးတော့ ခက်တာပါဘဲ၊အခုကျွန်တော်မိန်းခလေးအိမ်ကို လူကြီးများနဲ့ပြန်အပ်ဘို့စီစဉ်နေတယ်....”

“ဟာ- ဒီပြန်အပ်တာလဲ ငါတော့ပိုတယ်လို့ ထင်တာဘဲ၊ မိန်းမနဲ့ယောကျ်ား နှစ်ဦးသဘောတူရင် လူသိနတ်ကြား လင်းမယားအဖြစ်နေလိုက်ရင်ပြီးရော့ပေါ့ကွ”ဟု-

ဗိုလ်ချုပ်တအား မှုတ်နေလေသည်ကို သူ့ချစ်ဇနီး ဒေါ်ခင်ကြည်က ပြုံးရင်းနားထောင်နေသည်။ငင်းတကြိမ်



www.burmeseclassic.com

www.burmeseclassic.com

သာမဟုတ်၊ သူရေတိမ်နစ်မကျဆုံးမီကလေးတွင် ကာကွယ်ရေးအတွင်းဝန် ဦးဘတုင်၏ မင်္ဂလာဆောင်သို့ ဗိုလ်ချုပ်နှင့်ကျွန်တော်တို့သွားကြရာ တကဲ့ရန်ကုန်မြို့ မျက်နှာကြီးမင်္ဂလာဆောင်ဖြစ်သည့်အတိုင်း၊ အပိုဆာဒါးတွေက အလွန်ရှုပ်ပြီး တယောက်ကိုတယောက် ဂုဏ်ပြိုင်ကာ အရမ်းဝတ်စားဆင်ယင်လာကြသော မင်းပရိသတ်အပေါင်းကို သူအလွန်မျက်စိနောက်ဟန်ရှိလေသည်။ လက်ထပ် မင်္ဂလာပွဲအပြန်ကားထဲတွင် ဗိုလ်ချုပ်နှင့်ကျွန်တော်တို့ဇနီးမောင်နှံ ပေါင်း (၃)ယောက်ပါလာရာတလမ်းလုံးမျက်မှောင်ကုတ်၍ စကားမပြောဘဲ လာခဲ့သော ဗိုလ်ချုပ်သည် တာဝါလိန်းထဲသို့ ခေါ်တော်ကား ဝင်ခါနီးသောအခါ "ယောကျ်ားနဲ့ မိန်းမအိမ်ထောင်ပြုတဲ့နေရာမှာခိုးယူတာအကောင်းဆုံးပါဘဲကွာ" ဟု-ကျွန်တော့်ဇနီးအားလှမ်းပြောလိုက်လေသည်။ ဤကားအိမ်ထောင်ပြုရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်၏ အယူအဆသဘောတရား philosophy ပင်တည်း။

အော်-ဗိုလ်ချုပ်-ဗိုလ်ချုပ်သူ့ကိုအတိုင်းမသိကြည်ညို အားကိုးသော ဗမာလူထုကြီးက ကောင်းကောင်းမသိသလောက် တကဲ့သဘာဝကျသော အတွေးအခေါ် ယူဆချက်တွေနဲ့ လူနှင့် အလွန်တူသော ဗိုလ်ချုပ်။

"လွတ်လပ်ရေးရပြီးရင် ငါတော့ နိုင်ငံရေးကထွက်ပြီး စာတွေရေးမယ်၊ နိုင်ငံရေးတွေ ရာဇဝင်တွေအပြင်၊အိမ်



ထောင်ပြုရေး သားသမီး စောင့်ရှောက်ပြုပြင်ရေး အချစ်ပြဿနာ SEXလိင်ပြဿနာနဲ့ [redacted] အယူအဆ သဘာတရားတွေကိုပါ စာအု[redacted] ပြီလက မေမြို့မှာ ခေတ္တအနားယူ[redacted] ဗိုလ်ချုပ်သည် အထက်ပါသူ၏ရည်မှန်းချက်ကလေးတွေမှ မပြည့်ဝသေးမီ ရေတိမ်နစ်ခဲ့ရှာရလေပြီတကား။

ဗမာ့လွတ်လပ်ရေးပီသုကာနိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ်အဖြစ်ဗမာ့နိုင်ငံလုံးက နှမြောတသကြသလောက် သူ့ကိုလူတယောက်အဖြစ် ကောင်းကောင်းကြီး သိခဲ့သော ဒေါ်ခင်ကြည်၊ အောင်ဆန်းဦးမမစုကလေးတို့၏စိတ်ဝယ် မည်မျှယူကျုံးမရဖြစ်ရှာလေမည်နည်း။

x + +



www.burmeseclassic.com

www.burmeseclassic.com

## အနုပညာနှင့်ဗိုလ်ချုပ်

ဗိုလ်ချုပ်အောင်ဆန်းကို နာမည်သာ ကြား
သူများသည်ရှင်း၊ လူကိုယ်တိုင်သိကျွမ်းခဲ့သူများသည်
သူ့ကို စိတ်မြန် ကိုယ်မြန် ဒေါသကြီး ကြီးတတ်သူ
လောကကြီးအား တိတိကျကျမာကြောသော အ
အထည် ရုပ်ဝါဒ မျက်စိဖြင့် ကြည့်တတ်သူအဖြစ်သာ
မြင်ကြ သိကြပေသည်။

သို့ရာတွင် စာပေကဗျာ ဂီတတူရိယာ စ
ယဉ်ကျေးမှုပညာနှင့်ပတ်သက်၍ သူ၏အယူအဆ သ
ထားများကိုကား သိသူအတော်ရှားပေလိမ့်မည်၊ တက္ကသို
ကျောင်းသားဘဝက ခေါင်းစုတ်ဖွားနှင့် အဝတ်အ



ဘယ်အခါမှ သပ်သပ်ယပ်ယပ် ဝတ်လေ့ မရှိသည့်အပြင် "ဒီ-အောင်ဆန်းဆိုတဲ့ငတိဟာ နဲနဲမှဆိုရှယ်ဖြစ်တာ မဟုတ်ဘူးကွ" ဟူ၍ ကောလိပ်ကျောင်းသူနှင့်ကျောင်းသားအပြင်းအထန် ပွတ်ကြ၊ ဂေါ်ကြသည်ကို ဆိုရှယ်ဖြစ်သည်ဆိုကာ ခေတ်စားနေချိန်က၊ တက္ကသိုလ် ဗဟိုထမင်းစားခန်းမကြီး၌ သူထိုင်စားနေသောစားပွဲခုံသို့အခြားကျောင်းသားများပင် ဝင်မထိုင်ပဲ ရှောင်သွားခြင်းခံခဲ့ရသောကိုအောင်ဆန်းသည် ကျောင်းသားဘဝကပင် နိုင်ငံရေးနယ်သို့ စိတ်ရောကိုယ်ပါ ရောက်နေခဲ့လျက်၊ သူ၏ရှိသမျှထိုအချိန်၌ တက္ကသိုလ်သမဂ္ဂ မျော်စင်မှ ဤမျက်စိတဆုံး မိုးကုတ် စက်ဝိုင်းတွင် ဗမာ့ လွတ်လပ်ရေးအလင်းရောင်ကို မြင်လိုဇောဖြင့် တပင်တပမ်း မျော်ကြည့်ရှာလေသည်သာမက ဂျပန် တခေတ်လုံး တွင်လည်း ကျွန်တော်တို့၏ကျွန်ခေတ်သမိုင်းတွင် ပထမအကြိမ် ဗမာ့လက်နက်ကိုင် တပ်မတော်ကြီးကို တည်ဆောက်ခဲ့ပြီးနောက် ဖက်ဆစ်တော်လှန်ရေးစစ်ဆင်မှုများ၌သာ အလုပ်များခဲ့ရှာသေးသည်။

ထိုနောက် ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင်ကား (ဖ-ဆ-ပ-လ)တပ်ဦးကြီးကို တဖန် ပဲ့ကိုင် ခေါင်းဆောင်ပြန်ကာ နောက်ဆုံး လူမသမာတို့၏လက်ချက်ဖြင့် အနိစ္စရောက်သွားရသည့်တိုင်အောင် တိုင်းပြည်တာဝန်ကို အချိန်ပြည့်ရှုတ်ချွန်စွာ အမှုထမ်းခဲ့ရသူဖြစ်ခဲ့ရကား၊ သူလို လူ



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်ကြီးတဦးသည် လူထုထဲမှ ပုဂ္ဂိုလ်တယောက်ကဲ့သို့ ကဗျာနှင့်စာပေအကြောင်း၊သီချင်းဂီတအကြောင်း ရုပ်ရှင်နှင့်ပြဇာတ်အကြောင်းများကိုလေ့လာသုံးသပ်ဖြ ဆွေးနွေးဝေဖန်ခြင်းများ ပြုနိုင်ရန် ခဲယဉ်းလှသလော ဗိုလ်ချုပ်ကိုယ်တိုင်ကလဲ အလျှင်းဝါသနာပါမည်မဟုတ် အားလုံးကထင်မှတ်ခဲ့ကြခြင်းပင်ဖြစ်လေသည်။

သို့သော်....ဒီလောက်လဲမဟုတ်သေးပါ။

တိုင်းပြည် ခေါင်းဆောင် ဗမာ့ တပ်မတော် သေနာပတိဟောင်းဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော် ၏ ယခင် ဆောင်းပါးများတွင် ဖေါ်ပြထားသည့်အတို လူသာမန်တို့၏ နူးညံ့သိမ်မွေ့သောစိတ်ထားများ ယ ကျေးမှုအနုပညာကိုသုံးသပ်လိုစိတ်များ ချို့တဲ့ကင်းမဲ့ခြ မရှိသော လူ-အောင်ဆန်းလည်းဖြစ်ပါသည်။

၁၉၄၆ ခု၊ ဒီဇင်ဘာလ တစိမ့်စိမ့် အေးလှသော အခါသမယဖြစ်လေသည်၊ မိတ္ထီလာမှ တောင်ကြီးသွ မော်တော်ကားလမ်းပေါ်တွင် တောင် ကမ္ဘားပါးများ ဝင်္ကဘာလှည့်သကဲ့သို့ ကွေ့ကောက်ကာ ပြေးတက်လျက် သော စတေရှင်ဝက်ဂွန်း ကားစိမ်းတစီးတွင် ကြက်သ ရှိလှသော ကြယ်ဖြူနှင့်အနီရင့်ရောင် (ဖ ဆ ပ လ) အ



တခုလွင့်ထားသည်ကိုအခြားခရီးသွားဖေါ် မော်တော်ကား များက သတိပြုမိကြလေသည်။

ထိုအချိန်က (ဖ-ဆ-ပ-လ) အလံတော်ကို မော်တော်ကား၌ လွှင့်ထူလေ့ရှိသူတဦးသာ ရှိလေသည်။

ထိုသူကား (ဖ-ဆ-ပ-လ)အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ် အောင်ဆန်းပင်တည်း။

ဒီဇင်ဘာလ ၂၃-ရက်နေ့က သံဖြူဇရပ်တွင် ကျင်းပခဲ့သည့် ကျဆုံးသောစစ်သည်တော်များ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်ရင်း တနင်္သာရီတိုင်း ကရင်အမျိုးသားများ နှစ်ပါတ်လည်ပွဲကျင်းပရာ ကပ္ပလီရွာကို ပင်ပမ်းစွာ သွားခဲ့ပြီးနောက် ကရင်နှစ်သစ်ကူးပွဲအမီ ကရင်နီနယ် လွိုင်ကော်မြို့သို့ခရီးပြင်းနှင်ရန်အတွက် ရန်ကုန်မှမိတ္ထီလာသို့ ဝေဟင်ခရီးဖြင့်လာခဲ့ပြီး၊ မိတ္ထီလာမှတဆင့်ရှမ်းပြည်သို့ ကားနှင့်တက်နေခြင်း ဖြစ်လေသည်။

တနင်္သာရီတိုင်းတွင်ဆင်းရဲပင်ပမ်းစွာခရီးကြမ်းများ သွားခဲ့သောဗိုလ်ချုပ်မှာသင်းပျံ့သောထင်းရှူးပင်နံ့များ လှိုင်နေသည့် ရှမ်းကုန်းမြင့်ဒေသမှ လေကောင်းလေသန့်များကို ရှူရှိုက်ရသောအခါထိုင်းပြည်ရေးရာကိစ္စများဖြင့် အလုပ်အလွန်များခဲ့သော သူ၏ဦးနှောက်တွင် အနည်းငယ် ကြည်လင်၍ လာဟန် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ၏စိတ်ထဲ၀ယ် သည်တခါ ရှမ်းပြည်တက်ရသည်မှာ ပို၍ပျော်စရာကောင်းလျက် ကားလမ်းဘေး တဘက်တချက်တွင် ရလျက်ရှိသောဘောင်တန်းကြီးများ၊ သစ်ပင်ဝါးပင်များ၏ ရှုမျှော်ခင်းမှာလည်း ပို၍သာယာသည်ဟု ထင်မြင်မိလေသည်။

အကြောင်းမူကား ယခုတကြိမ်ခရီးထွက်ရာ၌သူ၏နဘေးတွင်ကပ်လျက် ချစ်ဇနီးဒေါ်ခင်ကြည်သည် လိုက်ပါလာသောကြောင့်ပင်တည်း။

ဥပမာ....လမ်းခရီး၌ နာစေ၊ ချောင်းဆိုးမှုစ၍ နေထိုင်မကောင်းဖြစ်ခဲ့လျှင် သူနာပြုအတတ်၌ ဝါရင့်ပြီးဖြစ်သော ဆရာမ ဒေါ်ခင်ကြည်က သူ့အား ပြုစုယုယ လိမ့်မည်ဖြစ်သတည်း။

"ဂန္ဓမာတောင် × လှိုင်ချောင်မုခ်နန်းဆီ
ဂုမ္ဘာန်တထောင် စောင့်ကြပ်ခါဆီးသည်
နတ်ပန်းကလေးနဲ့ နတ်ပန်းကလေးနဲ့
သဏ္ဌာန်တူသည် × လေယူရာ သင်းမွှေးလို့
လှိုင်ကြည် × ဘုန်းကမ္ဘာရှင် မျှော်ကိုးကာ
စောင့်ခဲ့ပြီ"

လား-လားရှိုးမော်တော်ကားသည် ကစလာမြို့သို့



နီးလာလျက် ပတ်ဝန်းကျင်ရှုမျှော်ခင်းမှာလည်းပို၍စိမ်းစိုသာယာလာလေရာ၊ ဗိုလ်ချုပ်သည် သူ၏လက်ဝဲဘက်ရှိ ချစ်ဇနီး၏ပေါင်ကို လက်ဝါးဖြင့်ပုတ်ကာစီးချက်လိုက်ရင်း အထက်ပါ မသန်းအေး၏(မြပန်းခွေ)သီချင်းကို တူရိယာမဆန်သောသူ၏အသံသြကြီးဖြင့် ဆိုနေခြင်းဖြစ်လေသည်။

ကျွန်တော်သည် မော်တော်ကား ရှေ့ဆုံးတန်းမှနေ၍ ဗိုလ်ချုပ် နောက်တည့်တည့်တွင်ထိုင်ကာ ခပ်ကုတ်ကုတ်လိုက်ပါလာသော သတင်းထောက်ကြီး ဦးပုကလေးအား လှမ်းကြည့်လိုက်ရာ အဘိုးကြီးကပြုံးစိစိနှင့် သူ၏ကိုင်းမျက်မှန်ကြီးထဲမှ မျက်စိတဘက်မှိတ်၍ ပြလိုက်လေသည်။

ဗိုလ်ချုပ် သည်လိုသီချင်းဆိုသည်ကို ဘယ်သူကယုံကြည်မည်နည်း၊ တက္ကသိုလ် အင်း၀ဆောင်တုံးက ကျွန်တော်၏မိတ်ဆွေတဦးသည် ကျွန်တော်တို့တတွေ တူရိယာဂီတတီးမှုတ်သီဆိုသမျှ အနားမှ လာ၍ နားထောင်လေ့ရှိ၏။

သူကိုယ်တိုင်ကား ဘယ်တော့မှသီချင်းဆိုလေ့ မရှိ သူများတဆိုခိုင်း၍လည်းမရ၊ ရေချိုးခန်းတွင် လူတကာနှင့်အောင်လေ့ရှိသလောက်ထိုသူမှာ ရေချိုးရာ၌ပင်သီချင်းတပုဒ်မှ ညီးလေ့ရှိသူမဟုတ်ပေ၊ အကြောင်းကိုမေးသော



www.burmeseclassic.com

www.burmeseclassic.com

အခါကျုပ်အသံက သီချင်းဆိုလို့ ကိုမဖြစ်လို့ပါ ဟုအဖြေပေးလေသည်။ ၎င်းမိတ်ဆွေ ကဲ့သို့ လူမျိုး အများပင်ရှိလေသည်။

ထိုသူများနှင့်စာလျှင် ဗိုလ်ချုပ်ခမြာ သူစိတ်ကူးရသည့်အခါ သီချင်းဆိုဘော်ရ၍ တော်လှပေပြီ မဟုတ်ပါလော။

“ဒိုရာသန်းအေး အသံက ကောင်းတော့အတော်ကောင်းတယ်ကွ၊ ငါတော့ သူ့အသံရယ်၊ မေရှင်အသံရယ် အကြိုက်ဆုံးဘဲ” ဟု ကလောမြို့အစဝင်တွင် ဗိုလ်ချုပ်ကလုပ်လိုက်သေးသည်။

ကိုင်း-ကဗျာမဆန် တူရိယာမဆန် အနုပညာနှင့် ဘယ်လိုမှဆက်စပ်၍မရသော ဗိုလ်ချုပ်အောင်ဆန်းသည် ယခုသူ့စိတ်ထဲတွင် ထင်မြင်သည့်အတိုင်း၊ ဗမာ့တူရိယာ တေးသံရှင်များကိုထုတ်ဖေါ်ဝေဖန်လိုက်လေပြီ။

ဘိလပ်ပြန်သန်းနှင့် မေရှင်တို့၏ ညုတုတုတေးသံသည်စိတ်ကူးယဉ်ကာ ရူးနေသော လူပျိုပေါက် ကောင်ကလေးများကဲ့သို့ပင် ဗိုလ်ချုပ်ကြီး နားဝင်ပီယံ ဖြစ်ကာ ဘဝင်နှလုံးတွင် ရှင်ပြုံးစွဲမက်စေခဲ့လေသည်။

၎င်းအကြိမ်တွင်သာမဟုတ် သူခရီးထွက်တိုင်းလိုပင်



စိတ်ကူး ပေါက်သည့်အခါ သူရသလောက် တပိုင်း-တစ ကာလပေါ် တေးသီချင်းများကို သူ၏အသံဩကြီးဖြင့် ညီးလေ့ရှိကြောင်းကို သူနှင့် အမြဲလိုလိုပါသော ရဲဘော်ဗိုလ်ထွန်းလှိုင်၊ ဒရိုင်ဘာ ခင်မောင်နှင့်သတင်းထောက်ကြီး ဦးပုလေးတို့သည် ကောင်းစွာသတိထားမိကြလေသည်။

၁၉၄၇-ခုနှစ်၊ နွေဦးတွင်ရွေးကောက်ပွဲများမတိုင်မီ (ဖ-ဆ-ပ-လ) အမတ်လောင်းတွေ မဲရဘို့ အရေးအတွက် ဗိုလ်ချုပ်သည် မြိတ်မှ မြစ်ကြီးနားထိအောင် ခရီးများ အကြမ်းသွားကာ ပင်ပန်းဆင်းရဲစွာ မဲဆွယ်ခဲ့ရသည်ကို ဘပတ်သူများမှတ်မိပေလိမ့်မည်။

ဗန်းမော်မှကသာသို့ ဧရာဝတီ မြစ်ကြောင်းမှ စုန်ဆင်း၍လာစဉ်၊ သာယာစိမ်းစိုသော အထက်အညာမှ ဧရာဝတီ ပတ်ဝန်းကျင်ရှိ ကြည်နူးဘွယ် ရှုမျှော်ခင်းများကို ကြည့်ရင်း လက်ဝဲသန္ဓရရေး မဲဇာတောင်ခြေ ရတုကြီးကို ဗိုလ်ချုပ်သည် တပိုင်းတစညီးခဲ့သေးသည်။

“လှေကလေးလှော်မည်၊ ဘေးမသန်းဘဲအေးချမ်းသာမည်” ဟူသော မသန်းအေး၏ သီချင်းသည် ၎င်း “လှိုင်းကလေးတွေဖွေးလို့ရယ် မြစ်ရေပြင်ဝယ် ” ဟူသော မေရှင်၏တေးသွားသည့်၎င်း၊ ဗိုလ်ချုပ်ခဏခဏညီးလေ့ရှိသော သီချင်းတပိုင်းတစ အချို့ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com

သစ္စာမဏ္ဍိုင်မြဲခိုင်ခဲ့ပေ—မေတ္တာမိုးစော့ သွန်းဖြိုးရွာစေ၍ ပြည်လူဖေနှင့်မေရှင်တို့စုံတွဲညသော (သက်ဝေ) သီချင်းကားဗိုလ်ချုပ်သဘောအကျဆုံးကာလပေါ်သီချင်းအပုဒ်ဖြစ်ပေသည်။ သက်ဝေသီချင်း ရေဒီယိုမှ လာခိုက်သူအိမ်မှာရှိသည့် အခါများတွင် အိပ်ရာပေါ်တွင် မှိန်း၍ ဇိမ်နှင့်နားထောင်လေ့ရှိသည်။

တော်လှန်ရေးတုံးက ရေဝတီမြစ် အနောက်ဘက် ကမ်းသရက်ချောင်းရွာကလေးတွင် ရှေ့တန်းစစ်ဌာနချုပ် ခေတ္တရုံးစိုက်ထားစဉ်၊မိုးမှာ တဖြောက်ဖြောက်ရွာနေသော ညက်၊ရီညီးငွေ့ဘွယ် တညနေ၌ ဗိုလ်ချုပ်ကကျွန်တော်အား (သက်ဝေ) သီချင်း ဆိုခိုင်းသည်ကို ကျွန်တော် မှတ်မိပါသေးသည်။

၁၉၄၇-ခုနှစ်၊ မိုးဦးကျတညဉ့်၌ ဗိုလ်ချုပ်သည် အိပ်ရာပေါ်တွင် လဲလျောင်းကာ အပမ်းဖြေရင်းရေဒီယိုကို သူ၏ဇနီးကဖွင့်လိုက်ရာ "ချုံကြယ်မြေမှာခကြွေ ကောင်းကင်မှာနေလတွေကွယ်စေ" အဖချီသောသက်ဝေသီချင်း၏ Chorus အပုဒ်ကလေးကို စထင်ကြားရသဖြင့် ဗိုလ်ချုပ်မှာ သူအကြိုက်ဆုံးသီချင်းဖြစ်၍ အထူးဂရုစိုက်ကာ နားထောင်လေသည်။ "ခိုင်းတော့သက်ဝေ အချစ်စမ်းချင်စမ်း မစမ်းချင်နေ ထူးတဲ့ခင်မင်တာတွေ အသက်ကို စွန့်ရတာ



တောင်မငြိုငြင်ဘူးရှင့် အသင့်လိုရာစေ" ဟူသော မေရှင့်၏ သစ္စာတိုင်ချက်ကလေးများကို သူစိတ်ထဲမှာ ယုံချင်သလိုလို သဘောကျချင်သလိုလိုဖြစ်နေလေသည်။

တူရိယာသံဆုံးသွားပြီးနောက်၊ တက္ကသိုလ်နေဝင်း အငြော်တမ်းအဖွဲ့မှ ကာလပေါ် သီချင်းများဖြင့်ဖျော်ဖြေ၍ပြီးဆုံးကြောင်းကျေညာချက်ကို ကြားရသောအခါတွင်ကား ဗိုလ်ချုပ်မှာ အံ့အားသင့်သွားလေသည်။

နောက်ထနေ့နံက် ထမင်းစားပွဲတွင် ကျွန်တော်နှင့် ဆုံရာသူက-

"ဟေ့ ကောင်-ညကမင်းတို့ တူရိယာဝိုင်း အတော်ဟတ်သားပါလား၊ သက်ဝေသီချင်းဆိုတာ ဘယ်သူလဲ ငါဖြင့်တကယ်မေရှင်ဓါတ်ပြားမှတ်လို့" ဟု မေးလေသည်။

"ဆိုတာကတော့ ကျွန်တော်မိန်းမဘဲ ဗိုလ်ချုပ် နှုတ်ယားက ဒဂုန်တာရာ၊ သရောကတော့ ကျွန်တော်ဘဲ'

"ဟေ—ဟုတ်လား၊ဒီလိုဆိုတော့ အနိုပ်သားဘဲကွ၊ အားလကွာငါမိန်းမကိုလဲသီချင်းဆိုသင်ခိုင်းအုံးမှာဘဲ" ဟု ရယ်သွမ်းသွေးရင်း အနီးရှိ ဒေါ်ခင်ကြည်ဘက်သို့လှည့်၍ ပြောလိုက်ရာ-

ဇနီးဖြစ်သူက "အမလေးမလုပ်ပါနဲ့ ဆော်-မေရှင်



www.burmeseclassic.com

www.burmeseclassic.com

ဒိုရာသန်းအေးတို့ ခါတ်ပြားတွေနားထောင်သဘောကျနေတော်ရောပေါ့”ဟုပြန်ပြောလိုက်လေသည်။

သူဟပည့် ရဲဘော်တယောက်၏ဇနီးတို့ ရေဒီယိုမှ အသံလွှင့်သီချင်းဆိုကြောင်း သိရသောအခါ၊ သူ၏ဇနီးကိုလည်း သီချင်းဆိုတတ်စေချင်သည့် အားကျစိတ်များ ရှိကြောင်းရယ်သလို မောသလိုနှင့် သူထုတ်ဖေါ်ပြလိုက်ခြင်းဖြစ်လေသည်။

သည်ဟာနကာ သဘာဝကျသောလူစိတ်အနုပညာ၌ ဝါသနာထုံသောစိတ်များမဟုတ်ပါလော။

(သက်ဝေ)သီချင်းကို ဗိုလ်ချုပ် ဘယ်လောက်ထိအောင် စွဲခဲ့သနည်းဆိုသော် ၁၉၄၇-ခု၊ နှစ်ဆန်းကသူဘိလပ်သို့သွားရောက်စဉ်သူအသဲစွဲအဆိုတော်တဦးဖြစ်သူ ဒိုရာသန်းအေးကို လန်ဒန်မြို့၌ သွားတိုးလေရာ ဗမာကိုယ်စားလှယ်အဖွဲ့ဝင်များဆွေးနွေးပွဲအပြီးတွင်ဗမာပြည်ဖပြန်မီ ညက(ဒေါ်ချက်စတာ)ဟော်တယ်၌ ညစာစားပွဲကျင်းပရာ ထိုညက ဘိလပ်မြန်သန်းသည်လည်း ဗိုလ်ချုပ်၏ဘေးတွင်ကပ်လျက်ထိုင်နေသည်ကို တွေ့ရလေသည်။

ထမင်းစားပွဲအပြီးတွင် ထုံးစံအတိုင်း အဆိုတော်ဒေါ်သန်းအေးအား သူ၏ချိုတေးသံသာဖြင့် ဖြေဖျော်ရန်ပိုင်း၍တောင်းကြလေသည်။



မသန်းအေးကား သူ၏ဖေးပရိတ်သီချင်းများဖြစ်သော (မြပန်းခွေ) (မိဘုရားစော) (ဟော်နန်း) (မိန်းမမြတ်) တို့ကို တပုဒ်ပြီးတပုဒ်ဆိုပြပြီး၊ နောက်အနီးဆုံးလူဖြစ်သော ဗိုလ်ချုပ်က....

“ဒိုရာ....ဟိုသီချင်းဟာလေဈေးဝံကြယ်မြေမှာခကြွအဲ....အဲ....သက်ဝေသီချင်းဆိုစမ်းပါ”ဟု...

ဝင်၍ အော်ဒါပေးလိုက်သဖြင့် မသန်းအေးခမြာ မနေသာပဲ၊ သူ့သီချင်းလည်းမဟုတ်၊ သူ ဆိုနေကျလည်းမဟုတ်၊ ဗမာ့အသံသက်သက်ဖြစ်သော မန္တလေး မြို့မငြိမ်းရေး(သက်ဝေ)သီချင်းကို ဆိုပြရလေတော့သည်။

သံပြိုင်ဆိုရမည့် ဈေးဝံကြယ်မြေမှာခကြွ အပိုဒ်သို့ရောက်လေလျှင် မသန်းအေးသာမဟုတ်၊ဗိုလ်ချုပ်ကိုယ်တိုင်ကပင်ဝင်၍ သံပြိုင်ဆိုနေကြောင်းတွေ့ရသဖြင့် ကျွန်တော်တို့တတွေမှာ သဘောမကျမနေနိုင်တော့ချေ။

အခြား နိုင်ငံရေးခေါင်းဆောင်များနှင့် မတူသောနောက်တချက် ဗိုလ်ချုပ်မှာ ရှိသေးသည်၊ ယခုခေတ်တွင် လူငယ် နိုင်ငံရေးသမားများပင် ပျော်ရွှင်မှုတခုဖြစ်သော ရုပ်ရှင်ပြဇာတ်နှင့်ပွဲလမ်းသဘင်များသို့မှန်မှန်သွားလေ့ မရှိကြချေ။ အချို့ကဝါသနာမပါ၊ အချို့ကအချိန် မြုန်း



www.burmeseclassic.com

www.burmeseclassic.com

သည်ထင်၍ မသွားကြခြင်းဖြစ်လေသည်။ဗိုလ်ချုပ်ကား တ ရုပ်ရှင်ပြဇာတ်များကို မှန်မှန်ကြီးကြည့်လေ့ရှိသည်။

ရုပ်ရှင်ဆိုလျှင် စစ်မဖြစ်မီလူမှုနိုင်ငံရေးသမားသ အောင်ဆန်းဘဝက တမတ်တန်းတို့၍ ကြည့်ခဲ့သည်မှအစ နောက်ဆုံး သူမသေမီအထိ ရုပ်ရှင် ကားကောင်းများ သူမလွတ်တမ်းကြည့်ခဲ့၏။ နက်နဲသိမ်မွေ့သောစိတ္တဗေဒနှ ယှဉ်သည့်ဇာတ်ကားများ (Character Story)သရုပ် ဇာတ်လမ်းများ၊ ရာဇဝင်သမိုင်းကို နောက်ခံကားပြုသည့် ရုပ်ရှင်များကို သူအထူးသဘောကျလေသည်။

စစ်မဖြစ်မီက ရန်ကုန်တွင်ပြသွားသော "Wuthering Heights" "Rebecca" "Gone With The Wind" "Lady Hamathan" "Waterloo Bridge" "The Good Earth" "Suez" စသည်တို့မှာ ဗိုလ်ချုပ်နှစ်သက်သောရုပ်ရှင်ကားအချို့ပင်တည်း။

၁၉၄၇ ခု၊ နှစ်ဦးက ရန်ကုန်တွင်ပြသော စပိန်ပြည်တွင်းရေးစစ်ကို နောက်ခံကားပြုသည့်(For Whom The Bell Tolls)ဇာတ်ကားကိုကား ဗိုလ်ချုပ် အထူးသဘောကျလေသည်။

ဟာသနှင့်ယှဉ်သော ဇာတ်ကားများကိုလည်း သူကြည့်လေ့ရှိ၏၊ ခေတ်သစ် လူရွှင်တော်များ ဖြစ်သော



"Bud Abbot" နှင့် "LouCastello" "Red-Skeletan" တို့ ပါဝင်သော ဇာတ်ကားများကို သူအတော်ကြိုက်လေသည်။

စစ်အတွင်းစောင်ခေတ်စားလာသော ဗမာပြဇာတ်များကိုလည်း ဗိုလ်ချုပ်သည် စိတ်ဝင်စား ခဲ့ပေသည်၊ မြိုင်အဖွဲ့၏ (ကျူစစ်ကြီးမှာ) (ဗမာ့သွေးခဲ) ပြဇာတ်များမှ အစပြု၍ ရန်ကုန်တွင်ကပြသော ပြဇာတ်ဟူသမျှကို မလွတ်တမ်း ကြည့်ခဲ့လေသည်။

ရုပ်ရှင်နှင့်ပြဇာတ်သည်၊ တိုင်းပြည်ရေးရာနှင့် နိုင်ငံရေး ဗဟုသုတကို လူ့ထံသို့ဖြန့်ချီရာ၌ အကောင်းဆုံး ယန္တယားလက်နက်တခု ဖြစ်ကြောင်းကို တက္ကသိုလ်သမဂ္ဂထဲက ယူဆခဲ့သော ဗိုလ်ချုပ်သည်၊ဘဆွေလေး၏(စစ်ပြန်) ပြဇာတ်ကို ကြည့်ရသောအခါ၌ကား သူ၏ယူဆချက်ကို တထစ်ချယုံကြည်မိလေတော့သည်။

ဗမာ့ရုပ်ရှင်နှင့်ပြဇာတ်လုပ်ငန်း၌ ဗိုလ်ချုပ် မည်မျှ စိတ်ဝင်စားခဲ့ကြောင်းကိုကား ရုပ်ရှင်နှင့်ပြဇာတ် အစည်းအရုံးကြီး၏ အမှုဆောင်အဖွဲ့ဝင်များအသိဆုံးဖြစ်ပေသည်။

တခါသော်...ဗိုလ်ချုပ်သည်၊ ရယ်စရာဇာတ်ကား ကြည့်ချင်သည်ဆိုပြီး လော်ရယ်နှင့် ဟာဒီတို့ပါဝင်သော



www.burmeseclassic.com

www.burmeseclassic.com

"Beau Hunks" ရုပ်ရှင်ကြည့်၍ အပြန်တွင်"ကျွန်တော
က ဘယ်နဲ့လဲ ဗိုလ်ချုပ်ကောင်းရဲ့လား"ဟု မေးရာ....

"ဟာ....မနိပ်ပါဘူးကွာ၊ ဒီကောင်တွေ ရီစရာလ
လာကလဲ သဘာဝမကျတဲ့ "Very Silly Jokes"ဟာ
တွေချည်းပဲ၊ ငါဖြင့် ဒို့ဗမာလူရွှင်တော်ဖိုးပါကြီးလော
ကို ကောင်းတယ်မထင်ဘူး"ဟု ဝေဖန်လိုက်လေသည်။

ဟုတ်ပါသည်၊ မြိုင်ပြဇာတ်အဖွဲ့မှ မျက်မှန်အဝိုင်
ကြီးနှင့်ဖိုးပါကြီးသည်၊ နိုင်ငံရေးကိစ္စတွေ့ကြောင့် အလု
များသော ဗိုလ်ချုပ်၏ဦးနှောက်အား ကြည်လင်ရွှင်ပျ
သည့် ပျော်တော်ဆက်တဦးဖြစ်ပေသည်၊ ဖိုးပါကြီးပါဝ
သည့်ပြဇာတ်များတွင်ဗိုလ်ချုပ်သည်(မြိုင်ရုံ)ရှေ့ဆုံးတန်း
ထိုင်ကြည့်လျက် ဖိုးပါကြီး၏ အမူအယာ ပြက်လုံးများက
အားရပါးရ ဘေးလူတွေအားလုံးထက်ကျယ်အောင် ရယ
မောသဘောကျလေ့ရှိကြောင်းကို မြိုင်ရုံပရိသတ်နှင့်တက
ဗိုလ်ချုပ်ရှေ့တွင်ကပ်လျက်ရှိသော(ရွှေမြည်အေး)တို့ တီး
ဝိုင်းမှလူများ ကောင်းကောင်းကြီးမှတ်မိကြပေလိမ့်မည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး၊စာပေငတ်လျက်ရှိသော
ခေတ်တွင် ပေါ်ထွက်လာသည့် (ဇဝန) ဂျာနယ် ပထမ
စာစောင်တွင် ဗိုလ်ချုပ်၏အကြောင်း ပုံဆွဲတခု ပါလေ
သည်၊ ၎င်းပုံဆွဲသူ၏အမှတ်အသားကားပုံအောက်နားတွင်



အင်္ဂလိပ်အက္ခရာတခုပင် ဖြစ်လေရာ၎င်းပုံဆွဲသူမှာ အခြား
မဟုတ် ဟာသဝိဇ္ဇာ ဇဝနကိုယ်တိုင်ဖြစ်ကြောင်း သိရသော
အခါ ဗိုလ်ချုပ်မှာ အထူးသဘောကျခဲ့လေသည်။

"ဒီဇဝနဆိုတဲ့ငတိဟာ စာအရေးသာ မဟုတ်ဘူး၊
ကာတွန်းဆွဲလဲမခေဘူးကွ၊ ပန်းချီပညာမြောက်တဲ့ အစွမ်း
အစ သူ့မှာရှိတယ်၊ဒါပေမဲ့ဒီလူက ကောင်းကောင်းမနေပဲ
တေတာကခက်တယ်"ဟု ဂရုဏာဒေါသနှင့် သူမှတ်ချက်ချ
ခဲ့ဘူးလေသည်။

ဗိုလ်ချုပ်ကား ပန်းချီဘက်၌လည်း လုံးဝဝါသနာ
မပါသူမဟုတ်ချေ၊ ဗမာဝတ္ထုမဂ္ဂဇင်းပါသော ပန်းချီရုပ်
များကို သူသေသေချာချာကြည့်ကာ ဝေဖန်လေ့ရှိသည်။

"ဒီပုံက အင်္ဂလိပ်မမျက်နှာကိုကူးဆွဲပြီး ဗမာဆံထုံး
တပ်ထားတာပဲကွ"ဟူ၍တခါက (ကောလိပ်ကျောင်းသား)
ဝတ္ထုမျက်နှာဖုံးမှ မိန်းမရုပ်တခုကိုကြည့်ရင်း ဝေဖန်ခဲ့ဘူး
လေသည်။

မင်းသုဝဏ်ရေးပြီး၊ ဆရာဦးခင်ဇော် တူရိယာသံ
သွင်းသော (မောင်ခွေးဘို) ခလေးချော့စာအုပ်မှ ဆရာ
ဦးဘဉာဏ်၏ပုံများသည် တကယ့် အဆင့်အတန်းမြင့်သော
ပန်းချီ ဂုဏ်မြောက်ပုံများ ဖြစ်ကြောင်းကို ဗိုလ်ချုပ်
ကောင်းစွာသိခဲ့သည်။ ထို့ကြောင့် ပန်းချီလက်ရာကောင်း



www.burmeseclassic.com

www.burmeseclassic.com

များ၏ အရသာကို သုံးသပ်ခံစားတတ်သည့် Sense Of Appreciation အရည် အချင်း သူ့မှာရှိကြောင်း ကျွန်တော်ဆိုပံလေသည်။

ဆရာဦးဇွေကိုင်၊ ဦးဘကြည်တို့၏ လက်ရာများကိုလည်း ဗိုလ်ချုပ်မကြာခဏချီးမွမ်းလေ့ရှိသည်၊ စစ်အတွင်းကဗမာ့တပ်မတော်တွင်(စစ်ပန်းချီဌာန)ဟူ၍ဆရာဦးဇွေကိုင်ကိုဦးစီးစေကာ တခမ်းတနား ဌာနကြီးတခုဖွင့်ထားခဲ့ခြင်းကိုထောက်၍လည်း ဗိုလ်ချုပ်သည် ပန်းချီပညာကို မည်မျှအားပေးလိုကြောင်း သိနိုင်ပေသည်။

ငင်းစစ်ပန်းချီဌာနမှ ဆရာဦးဇွေကိုင် အသက်သွင်းကာ သရုပ်ဖေါ်လိုက်သော နာမည်ကျော် (ရွှေတောင်တိုက်ပွဲ)၏ ပန်းချီကားကို ဗိုလ်ချုပ် အထူးသဘောကျခဲ့လေသည်၊ သည်လိုပန်းချီလက်ရာကောင်းများသည် လူငယ်များ၏ စွန့်စားမှုနှင့် ဗမာ့လွတ်လပ်ရေးသမိုင်းကို စာပေရာဇဝင်စာအုပ်များကဲ့သို့ပင် နောင်လာ နောက်သားများအတွက် မှတ်တမ်းတင်လိမ့်မည်ဟူသော အချက်ကို ဗိုလ်ချုပ်ကောင်းကောင်းကြီး သိခဲ့ပေသတည်း။

တက္ကသိုလ်သမဂ္ဂ အိုးဝေမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်းတို့တွင် ဗိုလ်ချုပ်၏ဆောင်းပါးများကို ဘတ်ဘူးသူများသည်ငင်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ



နှစ်ပတ်လည် သီလာခံသဘင်များ၌ ဗိုလ်ချုပ်၏ သဘာပတိမိန့်ခွန်း(အင်္ဂလိပ်လို)များကို ကြားဘူးသူ များသည်ငင်း၊ ဗိုလ်ချုပ်တွင် စာပေရေးသားရာ၌ ထူးချွန်သောအစွမ်းရှိကြောင်း သိရှိနိုင်ပေသည်။ ဗမာလိုရော အင်္ဂလိပ်လိုပါ စွယ်စုံမြောက် ကလောင်ရှင်တဦးပင်တည်း။

ဥပမာ၊ ၁၉၄၆-ခုနှစ်ဦးကရွှေတိဂုံ (ဖ-ဆ-ပ-လ) သီလာခံကြီးတွင် သူ၏သဘာပတိမိန့်ခွန်းမှာ တိုင်းပြည်သို့ဖြန့်ချီသော ဗမာဘာသာပြန်ထက် သူကိုယ်တိုင်ရေးသော အင်္ဂလိပ်လိုမူကသာ လွန်ကဲစွာ နက်နဲကောင်းမွန်ပြီး အဆီအသားပါလှပေသည်။

ငင်းပြင်၊ ဗမာလိုရေးသားရာ၌လည်း ဗမာစကားစကားပြေတွင် ပါဠိစကားလုံးများကို အတူးကျွမ်းကျင်သပ်ယပ်စွာသုံးတတ်သူ အလွန်ရှားသူများအနက်ဗိုလ်ချုပ်သည် တဦးဖြစ်ပေသည်။

ဥပမာ....ဒဂုန်မဂ္ဂဇင်းမှာ သူရေးခဲ့သော(နိုင်ငံရေးအမျိုးမျိုးဆောင်းပါး) ဆန်းသစ်စ ဗမာစာပေခေတ်ကိုရည်မျှော်သော (တာရာမဂ္ဂဇင်း)ကို သူအထူးဂရုစိုက်ကာဘတ်လေ့ရှိသည်။

တခါက ဒဂုန်တာရာသည်၊ (ဘဟိန်း သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ကဗျာ)ဟူသော လူကိုစလေ့လာခြင်းဆောင်းပါးတပုဒ်ရေ လိုက်၏။ဗိုလ်ချုပ်သည် ၎င်းဆောင်းပါးကိုဖတ်ပြီးနောက် "ဆောင်းပါးကတော့ကောင်းပါတယ်၊ဒါပေမဲ့ ခေါင်းစဉ် ကိုတော့ ငါနဲနဲပြောချင်တယ်၊ (ဘဟိန်းသို့မဟုတ်ကဗျာ) ဆိုတာက သိတ်ပြီး တိတိကျကျ မရှိသေးဘူး၊ (ဘဟိန်း သို့မဟုတ် Romance) ဆိုတာမှမှန်တယ်ကွ၊ ကဗျာက အင်္ဂလိပ်လို(Poetry)လို့ အဓိပ္ပါယ်ရတယ်၊အဲဒီစကားက သိတ်မဆီလျော်လှဘူး၊(Romance)ဆိုတဲ့စကားမှဗဟိန်း နဲ့အတိအကျ ဆက်စပ်လို့ရတယ်"ဟု ခေတ်ဆန်းစာပေ ကလောင်မှူးကြီး ဒဂုန်တာရာအား ဓဝ ဖန် လိုက် ရာ ကျွန်တော်မှာ အတော်အံ့အားသင့်သွားမိလေသည်။

အကြောင်းမှုကား ကျွန်တော်ကိုယ်တိုင်မှ ၎င်း ဆောင်းပါးကိုဖတ်ပြီး၊ ကဗျာဟူသော စကားလုံးကိုသိတ် မကြိုက်ချင်လှ၊သို့သော်....သူ့ထက်ပို၍ ဆီလျော်မည့်စကား လုံးကိုတော့ တွေး၍မရသောကြောင့်ပင်တည်း။

ညနေ၌စာပေအကြောင်းပြောရင်းတာရာမဂ္ဂဇင်းမှ (အောင်ဆန်းသို့မဟုတ်အရိုင်း) ဆောင်းပါး အကြောင်း ရောက်သွားပြီး၊ သူက "ငွေးမြိုင်ကတော့ငါ့ကို (အရိုင်း) တဲ့ကွာ၊ ဒါကတော့ ကြမ်းလွန်းတယ်ထင်တာပဲ၊ ငါဟာ စင်စစ်ရိုင်းသလောက်တော့ရိုင်းပါတယ်၊ ဒါပေမဲ့မရိုင်းတဲ့



အချက်အလက်တွေလဲ အများကြီး ရှိပါသေးတယ်ကွာ၊ မဟုတ်ဘူးလား" "What Do You Say"ဟု၍အနီး၌ ရှိသော ဒေါ်ခင်ကြည်ဘက်သို့လှည့်၍ ပြုံးဖြီးဖြီးနှင့် မေးလိုက်လေသည်။

× ÷ ÷ ×



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကို မွေးထုတ်သော တက္ကသိုလ်သပိတ်ကြီး။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအသင်းက ခေါင်းဆော[illegible]
ဦးစီးခဲ့သော ၁၉၃၆ ခုနှစ်၊ ကျောင်းသားသပိတ် အရေး[illegible]
တော်ပုံကြီးကား ရှေးလာလတ္တံ့သော ခေတ်များမှ ရာဇဝ[illegible]
သမိုင်းပုံစုသူ ဝိညာဉ်ရှင် သုတေသနဆရာတို့အဘို့ အလွ[illegible]
အရေးကြီးလှသည့် ကဏ္ဍတရပ် ဖြစ်လာမည်မှာ ယုံမှားဘွယ်[illegible]
မရှိပေ။

နိုင်ငံရေး စိတ်ဓာတ်တက်ကြွသော မျိုးချစ်လူငယ်[illegible]
တစု ရှေ့ဆောင်ဖွဲ့ပေးခဲ့သော အဆိုပါသပိတ်အရေးတော်[illegible]
ပုံကြီးမှာ ရန်ကုန်တက္ကသိုလ်နှင့် အခေါင်းပါကောလိပ်မျာ[illegible]



သာမက ဗမာတနိုင်ငံလုံးရှိ စာသင်ကျောင်းအသီးသီး[illegible]ကား ခက်ပြန့်ပွားသည့်အပြင် သပိတ်မှောက်ရသည့် အကြောင်းကား ဘာဘဲဖြစ်နေနေ သပိတ်ကြောင့် ဗမာကျောင်းသားလူငယ်တို့တွင် မကြုံစဘူး ထူးကဲလှသော စည်းရုံးရေးနှင့် ညီညွတ်မှုရရှိခဲ့၏။

ကျောင်းသားများသာမက ဗမာပြည်သူလူထုအနေနှင့်လည်း နိုင်ငံရေးစိတ်ဓါတ်၊ မျိုးချစ်စိတ်၊ လွတ်လပ်ရေးလိုချင်စိတ်၊ ဗြိတိသျှနယ်ချဲ့စနစ်အား အုံကြွတော်လှန်လိုစိတ်များ ရဲရဲတောက်ထွက်ပေါ် ဖွံ့ဖြိုးရှိလာခဲ့လေသည်။ နယ်ချဲ့စနစ် ကိုယ်စားလှယ်ဖြစ်သော ဗြိတိသျှအစိုးရဘို့၏ အာဏာတံခိုးကို ယခင်က ပြားပြားဝပ် ကြောက်ခဲ့ကြသလောက် ( သပိတ်မှောက်ကျောင်းသားတို့၏ စိတ်ဓါတ်ကြောင့်) အထင်သေးစိတ်၊ ရုန်းကန်တွန်းလှန်[illegible]များလည်းဖြစ်ပေါ်လာခဲ့၏။

တနည်းအားဖြင့် ၁၉၃၆ ခုနှစ်၊ ကျောင်းသားသပိတ်ကြီးက ဗမာတိုင်းရင်းသားလူထုကြီးအား စည်းလုံးညီညွတ်မှုအင်အားနှင့် နိုင်ငံရေးအတွေးအခေါ်၊ နိုင်ငံရေးအသိပညာများကိုလက်တွေ့ သင်ကြားပေးခဲ့သည်ဟုဆိုနိုင်ပေ၏။

ထိုတက္ကသိုလ် ကျောင်းသား သပိတ်အရေးတော်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ကြီးအကြောင်းကို အကျယ် ချဲ့ရေးရလျှင် စာတအုပ်ကျ တစောင် ဖြစ်နိုင်လောက်အောင်ပင် ရှည်လျားမည်ဖြ ဤစာအုပ်ငယ်တွင် ဆက်လက်မဆွေးနွေးလိုတော့ပါ။

သို့သော် ၁၉၃၆-ခုနှစ်၊ ကျောင်းသားသပိတ်ကြ မှ ဗမာနိုင်ငံအား တိုက်ရိုက်အမွေပေးခဲ့သော အကျိုးသ ရောက်မှု တခုကိုကား ဖော်ပြရပါမည်။ အခြားမဟုတ် တိုးတက်သော နိုင်ငံရေးအတွေးအခေါ်သစ်တွေ လမ်းည ပေးရင်း သပိတ်အရေးတော်ပုံသည် ဗိုလ်ချုပ်အောင်ဆ မည်သော ရဲရဲတောက်ဗမာ့ခေါင်းဆောင်တဦးကို ပြည် လူထုအကျိုးအတွက် မွေးထုတ်ပေးခဲ့ခြင်းပင်ဖြစ်လေသည်

ဗိုလ်ချုပ်မှာ ထိုအချိန်က တက္ကသိုလ်သမဂ္ဂအသ ကြေးကြော်သံ (အိုးဝေ) မဂ္ဂဇင်း၏တာဝန်ခံဖြစ်ကြောင် သူ့ကိုကောလိပ်မှထုတ်ပယ်ပစ်ခြင်းမှာလည်း သပိတ်မှော အရေးတော်ပုံကြီးကို တိုက်ရိုက် ဖြစ်ပေါ် စေခဲ့သ အကြောင်းတရပ်ဖြစ်ကြောင်း၊ အထက်တွင် ဖော်ပြခဲ့ လေပြီ။

ထိုအချိန်အထိတိုင်းပြည်တွင်မဆိုထားဘိ၊ကောလိ ကျောင်းတွင်ပင် လူသိနည်း လှသော ကိုအောင်ဆန်း သပိတ်အရေးတော်ပုံကြောင့် လူသိများလာလေသည်။

"အောင်ဆန်း" ဟူသောအမည်ကိုလည်း နေ



သတင်းစာအသီးသီး၌ အရေးတယူရေးသားဖော်ပြလာကြ သည်။ ဘယ်လိုလူပါလိမ့်ဟုသိလိုစောဖြင့် သူ၏ဓါတ်ပုံကို ကြည့်ချင်မြင်ချင်လာကြတော့သည်။

သို့ရာတွင် ကာယကံရှင် ကိုအောင်ဆန်းကထင်ပေါ် ကျော်ကြားခြင်းကို တကယ်လည်းမလိုချင်၊ ကျော်ကြား အောင်လည်းကြိုးစားတတ်သူမဟုတ်ရကား အတိုက်ကာလ အတွင်း ရှေ့တန်းကမနေဘဲ၊ ကိုနုမစွံတာရာရှိ၊ ကိုအုန်း စသော ခေါင်းဆောင်ကြီးများ၏နောက်ကွယ်မှနေ၍အကြံ ဥာဏ်ပေးခြင်း၊ ကြေညာချက်စာတမ်းရေးသားခြင်း၊ ရုံးအလုပ်မှန်သမျှအားလုံးတာဝန်ယူလုပ်ခြင်းစသောအလုပ် များကိုသာ အပင်ပမ်းခံကာ တကုတ်ကုတ်လုပ်ခဲ့လေသည်။

BURMESE CLASSIC .com

ဤလို ထင်ရှားကျော်ကြားမှုကို သူကရှောင်ခဲ့လင့် ကစား သူ၏လုပ်ရည်ကိုင်ရည်နှင့် အယူအဆအတွေးအခေါ် တို့ကအလှန်ပြတ်သားပြောင်မြောက်ခဲ့သဖြင့်ကိုအောင်ဆန်း ၏အမည်မှာအလိုအလျောက်ထင်ရှားပေါ်လွင်လာခဲ့သည်။

ဗိုလ်ချုပ်ကိုယ်တိုင်လည်းသုံးလတာမျှကြာခဲ့သော ကျောင်းသားသပိတ်အရေးတော်ပုံကို ကြည့်၍ သူ၏စိတ် တွင်းဝယ် ကျေနပ်နှစ်သိမ့်မှုတခုဖြင့် ပီတိဖြစ်ခဲ့၏။ သူ၏ ကျေနပ်မှုကား သပိတ်မှောက်ကျောင်းသားတို့၏ လိုလား ချက်ရတာမရတာမဟုတ်၊ သပိတ်လှုံ့ဆော်မှုကြောင့် ဗမာ



www.burmeseclassic.com

www.burmeseclassic.com

လူငယ်တွေနှင့် ပြည်သူလူထုက နီးကြားတက်ကြွကာ နိုင်ငံရေးအသိတွေပြည့်စုံကြွယ်ဝလာကြခြင်းပင် ဖြစ်သည်။

ဤအခြေအနေမျိုးတွင် သူတသက်လုံး နက်နဲစွာ တွေးတောခဲ့သော အယူအဆအမြင်သစ်တွေ၊ ဗမာ့လွတ်လပ်ရေးရယူရေးအတွက် လုပ်နည်းလုပ်ဟန်တွေကို စည်းလုံးညီညွတ်သောဗမာပြည်သူလူထုကြီးရှေ့မှောက်သို့ချပြလျှင် ဖြစ်နိုင်ပြီဟု၍လည်း ဗိုလ်ချုပ်၏စိတ်ဝယ် ထင်မြင်မိလာလေသည်။

စကားနည်းနည်းပြော၍အလုပ်များများလုပ်တတ်သောသူတယောက်ပီပီ၊ သူသည်သပိတ်အတွင်း နီးစပ်ဆက်သွယ်မှုရထားသော ဗမာပြည်အရပ်ရပ်မှ ကျောင်းသား၊ ထုကို ဆက်လက်၍ ညီညွတ်စွာစည်းရုံးရန် ကိုယ်တိုင်ကြိုးစားလေတော့သည်။ ထိုသို့ကြိုးစားရာ၌ အခြားသပိတ်မှောက်ခေါင်းဆောင်များဖြစ်သော မစ္စတာ ရာရှစ်၊ ကိုလှဖေ (ဗိုလ်လကျ်ာ) ကိုသိန်းဖေ (တက်ဘုန်းကြီး)စသောလူငယ်တို့၏ အကူအညီလည်းများစွာရခဲ့လေသည်။

သို့နှင့်ပင် ၁၉၃၆-ခုနှစ်၊သပိတ်ကြီးပြီးဆုံး၍သပိတ်လှန်လိုက်သောအခါ၌ "ခေါင်းဆောင်မှုညံ့ဖျင်းသည်ပြတ်သားမှုမရှိ၊ သပိတ်ကြီးရေတိမ်နစ်ခဲ့ပြီ" စသဖြင့်အယူသည်းပြင်းထန်သော အစိတ်အပိုင်းမှပြစ်တင်ဝေဖန်ခဲ့သော်လည်း



အဆိုပါသပိတ်အရေးတော်ပုံကြောင့် ဗမာနိုင်ငံအကျိုးအဖို့ မပြတ်နိုင်သောအမြတ်အစွန်းတခုတော့ ကျန်ရစ်ခဲ့လေသည်။

ထိုအမြတ်ကား ၁၉၃၆-ခုနှစ်တွင် ပထမဆုံးအကြိမ် အောင်မြင်စွာ ဖွဲ့စည်းတည်ထောင် နိုင်ခဲ့သည့် "ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအသင်း" ခေါ် တပြည်လုံးရှိ ကျောင်းသားတို့ အဖွဲ့အစည်းကြီးပင်တည်း။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအသင်းကြီးကိုအခြေပြု၍ဗမာလူထုတရပ်လုံးအားတော်လှန်ပုန်ကန်သော ခေါင်းဆောင်မှုပေးရန် ဗိုလ်ချုပ်က ရည်ရွယ်မျှော်မှန်းခဲ့သည်။ မျှော်မှန်းခဲ့သည့်အတိုင်းလည်း နောက်ပိုင်းတွင်မှန်ကန်ခဲ့ကြောင်းကို ရာဇဝင်က ပြခဲ့ပြီ။

တော်လှန်ရေးသမားအစစ် ခေါင်းဆောင်ကောင်း ဗိုလ်ချုပ်အောင်ဆန်းကိုမူ ၁၉၃၆-ခုနှစ်၊ ကျောင်းသားသပိတ်ကြီးက မွေးဖွားထုတ်လုပ်ပေးခဲ့သည်ဟူသောအချက်သည်ကား ဗိုလ်ချုပ်၏ ကိုယ်ရေးရာဇဝင် လေ့လာသူမှန်သမျှ မလွဲမသွေမှတ်သားထားရမည့် အချက်တခုပင် ဖြစ်ပေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အတွေး-အခေါ်-အမြင်

ဗိုလ်ချုပ်အောင်ဆန်းကို လေ့လာရာ၌ အလွန်စိတ်ဝင်စားဘွယ်ကောင်းသော အချက်မှာ လူ့အဖွဲ့အစည်းနှင့် ပတ်သက်၍၎င်း၊ နိုင်ငံရေးအခြေအနေနှင့်၎င်း၊ သူ၏ အတွေးအခေါ်အယူအဆ တနည်းအားဖြင့် သူ၏အမြင်ပင်ဖြစ်၏။ ဤအချက်ပင်လျှင် ဗိုလ်ချုပ်အား သာမန်အညာကျေးလက်က တောသားရိုးအအ တယောက်ဘဝမှ ကမ္ဘာကျော်အောင် ထင်ရှားသည့် နိုင်ငံရေး၊စစ်ရေးခေါင်းဆောင်ကြီးတဦး အဖြစ်သို့ ရောက်အောင် ဖန်းတီးပို့ဆောင်ပေးခဲ့သည်ဟု ကျွန်နော်ကဆိုချင်ပါ၏။

ငယ်စဉ်ကသူသည်အခြားကလေးများနှင့် ရောနှော



၍ မကစား၊ စာဘတ်လျှင်ဘတ်၊ မဘတ်လျှင်လည်း တယောက်တည်း တွေးတော စဉ်းစားနေတတ်ကြောင်းကို အထက်ကဖေါ်ပြခဲ့ပြီးဖြစ်သည်။

ထိုသို့မိမိတကိုယ်တည်း တွေးတောဆင်ခြင်နေတတ်သောအချိန်များ၌ ဗိုလ်ချုပ်၏ဦးနှောက်ထဲတွင် ပြဿနာအမျိုးမျိုးနှင့်ပတ်သက်၍ သူ၏ယူဆချက်၊ သူ၏အမြင်တို့သည် ပေါ်ပေါက်လာခဲ့ပေသည်။

ဗိုလ်ချုပ်ကိုယ်တိုင်စစ်အတွင်း ဂျပန်ခေတ်က ရေးသားခဲ့ဘူးသော သူ၏ကိုယ်ရေးရာဇဝင်မှတ်စုတခု၌-

"ကျွန်တော်သည်လူရိုင်းဘဝမှလာလေသလားမသိ၊ ယနေ့အထိ လူရိုင်းသဘောမျိုးနေချင်သည့်စိတ်ထားများရှိသည်။ ရံဖန်ရံခါလူယဉ်ကျေးများနှင့်အသွားမှကျခဲ့မျက်စိနောက် မြင်ပြင်းကပ်လာမိသည်၊ထိုအခါများတွင် လူယဉ်ကျေးများနှင့်ဝေါကလူရိုင်းဟု ဇာတိခွဲပစ်ချင်သည့်စိတ်များရှိလာသည်။ လူရိုင်းကား ကြမ်း၏၊ ခက်ထန်၏၊ သို့သော်ဖြူဖြောင့်၏၊ တည်ကြည်၏၊ လွတ်လပ်၏၊ ကျန်းမာ၏၊ ကျွန်တော်၏စိတ်တွင် အလွန်စိုပြေလတ်ဆတ်သောဘဝဟုယူဆမိဘည်"

"ဗမာပြည်ရှိလူများသည်လူရိုင်းဘဝမျိုးရောက်ချင်ရောက်သွားပါစေ- လွတ်လပ်ချမ်းသာစွာခေါင်းထောင်နေ



www.burmeseclassic.com

www.burmeseclassic.com

နိုင်မည်ဆိုလျှင် မလွတ်လပ်သော လူယဉ်ကျေးဘဝထက် အဆတရာ ကျွန်တော်ကကြိုက်နှစ်သက်သည်"

"ကျွန်တော်ကား စိမ်းလန်းစိုပြေ ကျယ်ပြန့်သော လွင်ပြင်ရိုင်းပေါ်တွင် လက်ပန်းပေါက်ခတ်၍ ယွတ်လွတ်လပ်လပ် မြူးတူးအော်ဟစ်နေလိုပေသည်"

ဟူ၍အတိအလင်းရေးသားခဲ့ဘူးပေရာ၊ ၎င်းမှတ်ချက်တခုထဲနှင့်ဗိုလ်ချုပ်၏ ပင်ကိုအတွေးအခေါ် သဘောထားကို ခန့်မှန်းနိုင်ကြပေပြီ။

ဗိုလ်ချုပ်အောင်ဆန်းနှင့် သိကျွမ်းခဲ့သော စာရေးဆရာဇဂနာတာရာသည် ဗိုလ်ချုပ်အကြောင်းလေ့လာချက် ဆောင်းပါးတပုဒ်ရေးသားခဲ့ရာတွင် "အောင်ဆန်းသို့မဟုတ် အရိုင်း" ဟူ၍ သူ၏ဆောင်းပါးကို ခေါင်းစဉ်အမည်တပ်ခဲ့ဘူးလေသည်။

ယင်းသို့ဖူးဖြောင့်ပြီး လွတ်လပ်သောအရိုင်းဘဝကို စုံမင်နှစ်သက်သည့်ဗိုလ်ချုပ်၏စိတ်ဓါတ်အား သူကြီးပြင်းလာပြီး နောက်ဆုံးကွယ်လွန် သွားသည်အထိ စွဲမြဲတည်ရှိလျက်ရှိသေးကြောင်းကို ကျွန်တော်တို့အနေနှင့် အကဲခတ်မိခဲ့ပါသည်။

နဂိုက အဝတ်ကောင်း အစားကောင်းကိုကျကျနန ဝတ်ဆင်ရမှာ ကြောက်သူဖြစ်ရာ စစ်အတွင်း ကာလတွင်



စစ်သေနာပတိ၊ စစ်ဝန်ကြီး၊ ယင်းနောက် စစ်ပြီးခေတ်တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးစသည်ဖြင့် အဆောင်အယောင်များ ထယ်ဝါခန့်ငြားသော အဝတ်အစားများ ပကာသနများ လိုအပ်သော၊ ရာတူးနှင့်နေရာသို့ ရောက်လာသောအခါ ဗိုလ်ချုပ်တွင် အလွန်စိတ်ပျက်လက်ပျက် ဖြစ်ခဲ့လေသည်။

"ဗိုလ်ချုပ်ဒီနေ့ညစာစားပွဲကို ခါတိုင်းလိုဝတ်စားသွားလို့ မဖြစ်ဘူး၊ ဟောဒီအဝတ်စုံနှင့် ဘိနပ်ကိုစီးသွားပါ" ဟု ကျွန်တော်က တခါတရံ သူ့နေရာ အချိန်ကာလနှင့် လျော်ညီအောင် တပည့်ရဲဘော်ပီပီ စီစဉ်ပေးသောအခါ များ၌-

"ကွာ-မင်းတို့ လူယဉ်ကျေးမှုတွေရဲ့ ပကာသနတွေက တယ်ရှုပ်တာကိုး၊ ငါတော့ ဒါတွေအားလုံးအပိုတွေချည့်ဘဲလို့ထင်တာဘဲ" ဟု ပြောရင်း ကျွန်တော်ယူပေးသော အဝတ်စုံကို မဝတ်ချင်ဝတ်ချင်ဝတ်တတ်လေသည်။

ဗိုလ်ချုပ်၏အတွေးအခေါ်နှင့်စပ်လျဉ်း၍ စိတ်ဝင်စားဘွယ်နောက်တချက်ရှိပါသည်။ ၎င်းကားအမှန်တရားကို မြတ်နိုးခြင်း Love of Truth ပင်တည်း။ ဤအချက်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ပင်ကိုယ်စရိုက်တွင်အပေါ်လွင်ဆုံး အချက်တချက်ပင်ဖြစ်သည်။

ငယ်စဉ် ကတည်းက သူသည် လိမ်လည်လေ့မရှိ



www.burmeseclassic.com

www.burmeseclassic.com

လိမ်လည်းမလိမ်တတ်ခဲ့ပေ။ မတော်တဆ လိမ်မိလျှင်လည်း ချက်ချင်းမှန်ရာကိုဖွင့်ပြောပြီး ဖြောင့်ချက်ပေးတတ်သည်။

နှတ်မောက်မြို့ဆရာတော် ဦးသောဘိတကျောင်း၌ နေစဉ် တနေ့သ၌ ကျောင်းသားများ အလုပ်အားနေရာ ဆရာတော်ဘုန်းတော်ကြီးက—

"ဟေ့ ကျောင်းသားတွေ အလုပ်မရှိရင် သော့မနေကြနဲ့၊ အိပ်နေကြ၊ မင်းတို့အားလုံး အိပ်ချင်ကြတယ် မဟုတ်လား"ဟုမေးရာ ကျောင်းသားတွေက မအိပ်ချင်ဘဲ အိပ်ချင်ပါသည်ဟု ဘုန်းတော်ကြီး အလိုကြလျှောက်ကြလေသည်။

"ဟဲ့ အောင်ဆန်း မင်းကော မအိပ်ချင်ဘူးလား" ဟု-တိုက်ရိုက် မေးသောအခါ၌မူ-

"မအိပ်ချင်ပါဘူးဘုရား"ဟု သူ့စိတ်ထဲ ရှိသည့်အတိုင်း မှန်ရာကိုလျှောက်လိုက်ရာ ဘုန်းတော်ကြီးမှာ ပြုံးနေလေသည်။

ဤကား ငယ်စဉ် တောင်ကျေးဘဝထဲက အမှန်တရားကို မြတ်နိုးပြီး လိမ်လည်ခြင်းကို စက်ဆုတ်သော ဗိုလ်ချုပ်၏ ပင်ကိုယ်သဘောကို ထင်ရှားစေသောသာဓကတခုပင်ဖြစ်သည်။

လူလားမြောက်၍ ကြီးပြင်းလာသောအခါ၌လည်း



မှန်ကန်ဖြောင့်မတ်ခြင်းကို လိုလားနှစ်သက်သော သူ၏ စရိုက်မှာပျောက်ကွယ်မသွားဘဲ ဆက်လက် တည်မြဲ နေခဲ့လေသည်။ ငယ်ငယ်ကလို ဒေါသကြီးစိတ်တိုသလောက် စကားကိုဘယ်တော့မှလိမ်၍မပြော ဟုတ်မှန်ရာကိုတိတိကျကျပြောတတ်သည်။

ထိုသို့မှန်ကန်ဖြောင့်မတ်ခြင်းလိုလားသောဝါသနာ စရိုက်ကို သူ၏သားသမီးများတွင်လည်းရှိစေချင်သောဆန္ဒ ဗိုလ်ချုပ်တွင်ရှိလေသည်။

၁၉၄၅- ခုနှစ်၊ ဒုတိယ ကမ္ဘာစစ်ကြီး အပြီး ဖ-ဆ-ပ-လ အမျိုးသားတပ်ဦးကို ပင်ပန်းကြီးစွာ ဦးစီးခေါင်း ဆောင်လျက် ရှိစဉ်၊ ဗိုလ်ချုပ်၏ ဒုတိယ သား အောင်ဆန်းလင်း (ယခုကွယ်လွန်သွားရှာပြီ)မှာ အခြားကလေးများထက်ပိုပြီး ဆိုးချင်ဆော့ချင်သဖြင့် ဒေါ်ခင်ကြည်က မိခင်တို့ဘာဝ-

"ဒီကောင်လေး တယောက်ဟာ သိတ်ဆိုးတာဘဲ အငြိမ်ကိုမနေဘူး" ဟု ငြီးတွား လိုက်ရာ ဖ-ဆ-ပ-လ-ရွေတိဂုံ ညီလာခံအတွက် မိန့်ခွန်း စီစဉ်ရေးသားနေသော ဗိုလ်ချုပ်က-

"ဟေ့-ငါ့ကလေးတွေ ဆိုးချင် ဆိုးပါစေကွာ အရေးကြီးတာက ကလေး ဆိုတာ ကိုယ်ကျင့် တရား



www.burmeseclassic.com

www.burmeseclassic.com

Character ကောင်းဘို့ရယ်၊ နောက်ပြီး မှန်ကန်ဖြောင့်မတ်ခြင်းကို လိုလားဘို့ Love of Truth ရယ်၊ ဒါဘဲ လိုတယ်”ဟု သူ့ကိုယ်သူနှင့်လည်း နှိုင်းလျက် သူလိုလားမျှော်မှန်းသော ယောကျ်ားကောင်း၏ ဂုဏ်အင်္ဂါကို ထုတ်ဖော်ပြောခဲ့ဘူးလေသည်။

အမှန်တရားကို မြတ်နိုးသော ဗိုလ်ချုပ်၏ အတွေးအခေါ်နှင့် စပ်လျဉ်း၍ နောက်သာဓကတခုရှိသေး၏။

သူ ၄-နှစ်သားအရွယ်ခန့်က မိခင် ဒေါ်စုသည် တနေ့သ၌တောမှစပါးဝယ်လာသူတွေနှင့် အရောင်းအဝယ်ဈေးစကားပြောနေကြရာ အမေစုက-

“ကဲ-ဒီစပါးတွေကို မင်းတို့လိုချင်ရင် ၅ဝိ ဈေးနဲ့ဘဲပေးလိုက်ပါ့မယ်၊ ငါဝယ်တုံးက ၆ဝိ-ဈေးတောင်ပေးရတယ်”ဟု ဟု ပြောနေစဉ် အနီးအနားတွင် ကစားနေသော မောင်အောင်ဆန်းကလေးက မိခင်အား-

“ဟာ-အမေကလဲ မဟုတ်တာ ပြောရော့မယ်...ခင်ဗျား ၅ဝိ-ဈေးနဲ့ ဝယ်ထားတာ ကျွန်တော်သိသားနဲ့ မှန်တာကို ပြောပါဗျာ၊ လိမ်တာ မကောင်းပါဘူး”ဟု ဒယ်ဒိုးကြီး ဝင်ပြောလိုက်သောအခါအောင်ဆန်းကလေးမှာ မိခင်ကြီးက ပေါင်းတွင်းကြော လိမ်ဆွဲခြင်းကို ခံခဲ့လေသည်။ သို့သော်-သူကအလျှော့မပေး။



“အမက လိမ်ပြောတာကိုးဗျ”ဟု မိခင်ကြီးအား ဆင်ခြေပြန်ကန်ခဲ့လေသည်။ ဤကား ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုယ်စရိုက်နှင့် စပ်လျဉ်း၍ သူ့အသက်ထက်ဆုံး တည်မြဲပေါ်လွင်ခဲ့သော အတွေးအခေါ်ဆိုင်ရာ အချက်အလက်အချို့ပင်တည်း။

\+ \+ \+ \+



www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဗီဇ

ဗိုလ်ချုပ်အောင်ဆန်းသည် မျိုးရိုးဇာတိအားဖြင့် ကြေး[illegible] မြေပိုင်ရှင်(ဝါ) ဗမာလူ့အဖွဲ့အစည်း၏ [illegible] အရင်းရှင်[illegible] အစိပ်အပိုင်းမှ ဆင်းသက်လာခဲ့ကြောင်း အထက်တွင်ပြဆိုခဲ့ပြီး ဖြစ်ပေသည်။

သို့ရာတွင် လူလားမြောက်သောအခါ၌မူ လူ၏ဘာအသိနှင့် ဆန့်ကျင်ဘက်ဖြစ်သော နိုင်ငံရေးစိတ်ဓါတ်တွေ ဆင်းရဲသားကျေးမွဲလူထု၏ ဘဝလွတ်မြောက်ရေးကိုဖန်တီးဆောင်ကြဉ်းပေးလိုသော ဆန္ဒတွေပေါ်ပေါက်လာခဲ့ခြင်းမှာ အဘယ်ကြောင့်ပေနည်း။



ပြီးခဲ့သောအခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း သူ၏ လေးလေးနက်နက် တွေးတောဆင်ခြင်မှုများမှ ဖြစ်ပေါ်လာအပ်သည့် အတွေး အခေါ်နှင့် အမြင်တို့မှ တဆင့် သူ၏စိတ်ဓါတ်နှင့် ထင်မြင် ယူဆချက်များ ပြောင်းလဲ တိုးတက်လာသည်ဟူ၍ပင် ဆိုရပါမည်။

ဥပမာ...မိဘများက ပစ္စည်းဥစ္စာ ကုံလုံသော မြေပိုင်ရှင်များဖြစ်သည့်အတိုင်း တောအရပ်မှ ဆင်းရဲသား တောင်သူ လယ်သမားတွေအား မြေရှင် ပဒ္ဒ ပဒ္ဒ အပေါ် စီး၍ဆက်ဆံသည်ကို ဗိုလ်ချုပ်အနေနှင့် မနှစ်မြို့ခဲ့၊ အထူးသဖြင့်ဆင်းရဲနွမ်းပါးလှသော စာရင်းငှား အလုပ်သမားကိုကြည့်ရင်း လူဘန်းစေ မနေနိုင်သော ဆင်းရဲသားလူထုအပေါ် သနားဂရုဏာဖြစ်မိခဲ့သည်။

ဗမာပြည်လူဦးရေ၏ လူများစုဖြစ်သောဆင်းရဲသားလူတန်းစား၏ကောင်းကျိုးချမ်းသာနှင့်ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လိုစိတ်တွေ တဖွားဖွားဖြစ်ပေါ်လာခဲ့သည်။

တဖန် ဗိုလ်ချုပ်သည် ဘိုးအေတော်သူရှေ့လရောင်တွဲခံ မျိုးချစ်အာဇာနည်ကြီး ဦးမင်းရောင်၏ အစွမ်းနှင့် စိတ်ဓါတ်အကြောင်းကိုကြားသိမှတ်သားရ၍ငှင်း၊ဗမာပြည်သူ့ဇဝင်သမိုင်းကို လေ့လာ သင်ကြားရပြီး အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတွင်နေခဲ့ရ၍ရင်း၊နိုင်ငံရေးစိတ်ဓါတ်၊ အမျိုးသားရေးစိတ်ဓါတ်တွေ ဖြစ်ပွား ပေါ်ပေါက် လာရသည်ဟူ၍လည်းအချို့ကဆိုကြသည်၊ ဤအချက်သည်လည်း ဖြစ်နိုင်သောအကြောင်းတရပ်ပင်ဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်း၏နိုင်ငံရေးဗီဇကား ခပ်ငယ်ငယ်ကလေးအရွယ်လောက်ကပင် စတင်ခဲ့ကြောင်း ယုံမှားဘွယ်မရှိပေ၊ရေနံချောင်းမြို့ အမျိုးသားကျောင်း၌ ပညာသင်ကြားလျက်ရှိစဉ် ကျောင်းသားအစည်းအဝေးတခုတွင်ကိုအောင်ဆန်းက....

"ကျွန်တော်တို့အမျိုးသား ကျောင်းသားတွေဟာကျောင်းစာကိုကုန်းဖတ်ရုံနဲ့ တာဝန်ကျေပြွန်ပြီလို့ မဆိုနိုင်ဘူး၊ ဗမာပြည်ကြီးသူများလက်အောက်ခံ ကျွန်ဖြစ်နေတာကို ကျွန်ဘဝလွတ်မြောက်အောင် ဘယ်လိုဖန်တီးကယ်တင်ရမယ်ဆိုတာကို ခုနေကစဉ်းစားဘို့တော်ပြီ၊ ဒါတွင်မကသေးဘူး၊အခုခင်ဗျားတို့ကျွန်တော်တို့ ရာဇဝင်ဘာသာသင်နေရတယ်၊ရာဇဝင်ကို တတ်သိနားလည်ရုံနှင့်မပြီးသေးဘူး၊ရာဇဝင်ကိုဖန်တီးပေးနိုင်တဲ့လူတွေဖြစ်လာအောင်ကိုယ်တိုင်ကြိုးစားကြမှတကဲ့လူတော်လူကောင်းတွေလို့ ဆိုနိုင်မယ်" ဟုရဲရဲတောက် နိုင်ငံရေးစကားကို ပြောဆိုခဲ့သဖြင့် သူ့အထက်အသက်ကြီးသောကျောင်းသားကြီးများပင်အံ့အားသင့်ကြရလေသည်။



၁၉၃၂-ခုနှစ်၊ ရန်ကုန် တက္ကသိုလ်ကျောင်းရောက်လာသောအခါ၌မူကား နိုင်ငံခြားမှ အထွေထွေဗဟုသုတစာတမ်းများကိုလည်းဘတ်ရှုလေ့လာရသည်တွင် ဗိုလ်ချုပ်၏နိုင်ငံရေးစိတ်ဓါတ်နှင့် အတွေးအခေါ်များသည် ပို၍ရင့်သန်တက်ကြွလာလေသည်။

တက္ကသိုလ် ပဲခူးကျောင်းဆောင်၌နေရင်း ဆိုကရေတိစ်၊ ပလေတို၊ အရစ္စတိုတယ်လ်နှင့် နိုင်ငံရေးအဘိဓမ္မာသစ်ရှာဖွေသူ ကားလ်မာ့က္ခစ်၏ စာပေများကို သဲသဲမဲမဲလေ့လာခဲ့လေသည်။

အထူးသဖြင့် ခေါမ (ဂရိ) အဘိဓမ္မာ ဆရာကြီးအရစ္စတိုတယ်လ်၏ "လူသည် နိုင်ငံရေးသတ္တဝါဖြစ်သည်" ဟူသောအာဘော်ကို ဗိုလ်ချုပ်ကအလွန်နှစ်ချိုက်သဘောကျခဲ့လေသည်။

ထိုခေတ် ရန်ကုန်တက္ကသိုလ်မှ ရှုပ်ရှင်မင်းသားဟန်ကျော့ကျော့မော့မော့ စတိုင်ဖြောင့်အောင် ဝတ်စား ဆင်ယင်လေ့ရှိသော ကောလိပ် ကျောင်းသား များအားဗိုလ်ချုပ်က အစိုးရအမှုထမ်း၊မြို့အုပ်၊ဝန်ထောက်၊အရေးပိုင်စာရေးစာချီလောက်များအဖြစ် မမြင်မီ ခေါမ စာရေးဆရာကြီး အရစ္စတိုတယ်လ်ရေးခဲ့သော "နိုင်ငံရေးသတ္တဝါ" များအဖြစ်သာ မြင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်-အခိုက်အတန့်အားဖြင့် အဆိုပါ နိုင်ငံရေးသတ္တဝါများသည်၊ ပတ်ဝန်းကျင်အခြေအနေအရ နိုင်ငံရေးအတွေးအခေါ် မှားနေခဲ့ကြသည်ဖြစ်ရာ သူတို့အားလုံးအမြင်မှန်ရအောင် မည်သို့မည်ပုံ ဆောင်ရွက်ပေးရမည်ကို ပဲခူးကျောင်းဆောင် သူ၏အခန်းကလေးထဲတွင်အောင်းနေရင်း ဗိုလ်ချုပ်သည် တွေးတောကြံဆခဲ့လေသည်။

ဘီ-အေ-အောင်လျှင် အိုင်-စီ-အက်၊ ဘီ-စီ-အက် စာမေးပွဲဝင်ရန် သူရည်ရွယ်ချက်ရှိပြီး၊ ဘီ-အေ မအောင်မီကာလတွင်မူ တင်းနစ်ကစား ၊လှေလှော်၊ ဆိုရှယ်မိတ်ဆက်ပွဲတက်သဘင်တက်၊ အင်းယားဟောလ်(မိန်းကလေးဆောင်) သွားဘို့လောက်သာ အားထုတ် အချိန်ဖြုန်းနေကြသော ဗမာ့သားကောင်း တက္ကသိုလ်ကျောင်းသားထုကိုကြည့်ရင်း ဗိုလ်ချုပ်မှာ စိတ်ထဲတွင် မချင့်မရဲဖြစ်နေ၏။

''တနေ့တနေ့ ဒီလူတွေ စိတ်ဓါတ်ပြောင်းလဲပြီး မှန်ကန်ပြောင်းလဲလာအောင် လုပ်ပေးရမယ်''ဟု တွေးရင်း ဗမာလူငယ်အား မှန်ကန်သော ခေါင်းဆောင်မှုပေးရန် အခွင့်အရေးကား သူ ဘီ-အေ အထက်တန်းသို့ ရောက်သောနှစ် ၁၉၃၅-တွင် အခြေအနေအရ ပေါ်ပေါက်လာခဲ့လေတော့သည်။

\+ + + +



အကောင်းကထည့်ဖြစ်လာသောအိပ်မက်

ဒေါက်တာဘမော်နှင့် ဒေါက်တာ သိန်းမောင်တို့ ထံမှ ကြားသိရသော သတင်းကား ဗမာပြည်လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် နိုင်ငံခြား အကူအညီရနိုင်သည်။ အထူးသဖြင့် ဂျပန်တို့ထံမှ အကူအညီ ယူမည်ဆိုက ရနိုင်သည် ဟူသော စကားကမ်းလှမ်းချက်ပင် ဖြစ်လေသည်။

ဤတွင် သခင်အောင်ဆန်းနှင့်တကွ အခြားလူငယ် နိုင်ငံရေး ခေါင်းဆောင်များသည် လေးလေးနက်နက်စဉ်းစားဆင်ခြင်ကြရ လေတော့သည်၊ အင်အား ကြီးသော ဗြိတိသျှတို့ထံမှ အင်အားမရှိသော မျိုးချစ်လူငယ် တစုက



www.burmeseclassic.com

www.burmeseclassic.com

လုပ်သားလက်လုပ်ရေးရအောင် ယူရန်အတွက် ပြင်ပအကူအညီတော့ လိုသည်။ နိုင်ငံခြားအကူအညီရလျှင် ဗမာလူထု၏ လက်လုပ်ရေး ကြေးကြောင်းအကြောင်း ကမ္ဘာက ကြားသိနိုင်မည်၊ အခြား လိုနေသော အကူအညီများလည်းရနိုင်မည်။ သို့သော်.... မည်သည့် နိုင်ငံခြားအကူအညီကိုယူကြမည်နည်း။

ဗမာပြည်နှင့် အနီးကပ်ဆုံး နိုင်ငံများမှာကား တရုပ်ပြည် ယိုးဒယားပြည်တို့သာဖြစ်နေသည်။

အထက်ပါအချက်အလက်များကိုဆွေးနွေးဆင်ခြင်ပြီးနောက် မှုလက လျှို့ဝှက်စွာ အဆက်အသွယ် ရှိပြီးဖြစ်သော တရုပ်ပြည်သို့ သွားကြရန် သဘောတူ ဆုံးဖြတ်လိုက်ကြလေသည်။ သို့သော်...တရုပ်၊ ဂျပန် စစ်မက် အရေးကြောင့် ဗမာမော်တော်ကားလမ်းမကြီးကို ၁၉၄၀-ခုနှစ်ကပင် ပိတ်ထားလိုက်ပြီးဖြစ်၍ တရုပ်ပြည်သို့ တိတ်တဆိတ်သွားရောက်ရေးမှာ ခက်ခဲနေပြန်သည်။

သခင်အောင်ဆန်း တယောက်ထည်း အနေနှင့်မူ နိုင်ငံခြားအကူအညီကို ဝါဒဖြန့်ချိမှုရရှိရန် အတွက်လောက်သာ ယူချင်ပြီး လုံးဝအားကိုးခြင်းမပြုလိုချေ။ သူ့အမြင်တွင် ဗမာ့လွတ်လပ်ရေးအတွက် တကဲ့လုပ်ငန်းတော့မှာ နိုင်ငံခြားတွင်မဟုတ်ဘဲ၊ ဗမာပြည်တွင်းမှာသာ ရှိသည်ဟု ယူဆမိသည်၊ ဗမာပြည်လူထုကြီးကို နိုင်ငံရေးသဘောဖြင့်



းလုံးညီညွတ်အောင် အပြင်းအထန် လှုံ့ဆော်စည်းရုံးခြင်း၊ လူတန်းစားအားလုံးအကြား သပိတ်မှောက်းကဲ့သို့လှုပ်ရှားမှုတော့ဆက်တိုက်ဖန်တီးပေးခြင်း၊ နောက်ဖြိုတ်သျှအစိုးရအုပ်ချုပ်ရေးစက်ယန္တယားကြီး မလည်ဘဲရပ်တန့်သွားအောင် ပြုလုပ်ပြီးမှနိုင်ငံရေး အာဏာကိုယူရန် သခင်အောင်ဆန်းက လုပ်ငန်းစီမံကိန်း အဖြစ်းဆွဲခဲ့လေသည်။

သို့ရာတွင်...သခင်အောင်ဆန်း၏ အကြံပေးချက်ပြချက်များကို အခြားလုပ်ဘော်ကိုင်ဘက် နိုင်ငံရေးမားခတွက များစွာသဘောမကျလှကြပေ။

"ကျွန်ုပ်တို့အမှ ါအဝင်လူငယ်နိုင်ငံရေးသမားတစုမှာမိမိတို့၏ အရင်းရှင်ပေါက်စလူလတ်တန်းစားဥာဥ်နှင့် အတွေးအခေါ်ညံ့ဖျင်းမှုကြောင့်ပြဿနာတခုကိုပြတ်ပြတ်သားသား မမြင် ခြင်း၊ အပြော သန်သလောက်အလုပ်ကျတော့ နှေးကွေးခြင်း ပြည်သူလူထုကြီးနှင့် လူထုစည်းရုံးမှု အင်အားအပေါ်ယုံကြည်အားကိုးစိတ် ကင်းမဲ့ခြင်း၊စသောတော့ဝေမှုများ ထိုအချိန်က ဖြစ်ခဲ့ကြလေသည်"



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်၁၉၄၅-ခုနှစ်ကပြန်လည်သုံးသပ် ဝေဘန်ခဲ့ဘူးလေသည်။

မည်သို့ပင်ဖြစ်စေ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲရန်အတွက် လက်နက်ခဲယမ်းလိုသည်၊လက်နက်ခဲယမ်းရအောင်လက်ကမ်းလာသည့် နိုင်ငံခြားအကူအညီကိုဘဲ၊ယူကြရတော့မည်ဟုဆုံးဖြတ်ကာ ဒေါက်တာဘမော်မှတဆင့် ဆက်သွယ်လာသော ဂျပန်အကူအညီကို လက်ခံကြလေတော့သည်။

စင်စစ် ထိုအချိန်က ဂျပန်တို့သည် ဗမာပြည်ရှိဗြိတိသျှဆန့်ကျင်ရေး အင်အားဖြစ်သော သခင်အောင်ဆန်းတို့အား စကားကမ်းလှမ်း ရလင့်စတား ပထမတွင်၊တို့ဗမာအစည်းအရုံးမှ သခင်များကို ကွန်မြူနစ်အစစ်တွေဟု ယူဆကာ သံသယဖြစ်လာပြန်သဖြင့်သခင်တော့ပါသောနိုင်ငံရေးအုပ်စုကို လက်ကမ်းရန် ဆုတ်ဆိုင်း နေ့းကွေးနေပြန်လေသည်။

သခင်အောင်ဆန်းအဘို့ကားဂျပန်တွေနောက်ထပ်လာသည်အထိ မစောင့်ဆိုင်းတော့ဘဲ ဖြစ်သလိုကြံစည်ပြီးပင်လယ်ခရီးဖြင့် တရုပ်ပြည်အမွိုင်မြို့သို့ တိတ်တဆိတ်ထွက်ခွာခဲ့လေတော့သည်၊ အမွိုင်မြို့မှတဆင့် ဟရုပ်ပြည်မကြီးအတွင်းသို့ ကြံဖန်ဝင်ရောက်ရန် စိတ်ကူးလည်းရှိခဲ့သည်။



သခင်အောင်ဆန်း တရုပ်ပြည် အမွိုင်မြို့သို့ ဆိုက်ရောက်သောနေ့ကား ၁၉၄၀-ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့ဖြစ်လေသည်။

ဗြိတိသျှအစိုးရ၏ စုံထောက်နှင့် ပုလိပ်အဖွဲ့ကားသူတို့၏ မျက်စေ့အောက်မှ ပျောက်သွားသော သခင်အောင်ဆန်းမျက်ခြေပြတ်ကာ မည်သို့မည်ပုံ ဗမာပြည်ပြင်ပသို့ ရောက်သွားကြောင်း မသိလိုက်ကြပေ။

ထိုအတောအတွင်း ရန်ကုန်မြို့ရှိဗမာတော်လှန်ရေးရဲဘော်များက ဂျပန်ကိုယ်စားလှယ်များနှင့် လျှို့ဝှက်စွာပြန်လည်ဆက်သွယ်မိသဖြင့်သခင်အောင်ဆန်းအားအမွိုင်မှ ဂျပန်ပြည်သို့ ရောက်အောင် ဆက်လက် ခရီးသွားရေးအတွက် စီစဉ်ကြရပြန်သည်။ မကြာမီ အမွိုင်မြို့တွင်ယောင်လည်လည် ဖြစ်နေသော သခင်အောင်ဆန်းအားဂျပန်စစ်ဘက်အရာရှိတဦးက လာရောက်ရှာဖွေ၍စီစဉ်ပေးချက်ကြောင့် ၁၉၄၀-ခုနှစ်၊နိုဝင်ဘာလ ၁၂-ရက်နေ့တွင်ဗိုလ်ချုပ်သည် ဂျပန်ပြည် တိုကျိုမြို့သို့ ပထမဆုံးအကြိမ်ရောက်သွားပါတော့သည်။

ဂျပန်ပြည်တွင်ဗိုလ်ချုပ်တို့တွေ့ဆုံဆက်သွယ်ရသောကာနယ်ဆူဇူကီး (နောက်တော့ မိုးကြိုးဖြစ်လာသည်) နှင့်တကွ အခြားဂျပန်များမှာ အလွန်ဘော်ရွေ ရည်မွန်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဆက်ဆံကြလင့်ကစား ဗိုလ်ချုပ်၏ စိတ်ထဲတွင် ဂျပ[...]
အပေါ် မယုံကြည်စိတ်၊ သံသယစိတ်များကို ကနဦး[...]
ကပင် ဖြစ်ပေါ်ခဲ့ပေသည်။

ဗိုလ်ချုပ်တို့တိုကျိုသို့ရောက်နေချိန်၌ဂျပန်အင်ပါ[...]
ကြီး၏ နှစ်ပေါင်း ၂၆ဝဝ-မြောက် အောင်ပွဲ[...]
အမှတ်ပွဲများ ကြီးကျယ်ခမ်းနားစွာ ကျင်းပလျှ[...]
ယောင်ပေါင်းများစွာသောဂျပန်လူမျိုးယောကျ်ား[...]
ကလေးသူငယ်တို့က ဂျပန်ဘုရင်၏ အင်ပီးရီးရဲနန်း[...]
ဆီသို့ ဦးညွှတ်အရိုအသေပြုကြသည်ကိုကြည့်ရင်း ဗိုလ်[...]
၏စိတ်ဝယ် စက်ဆုတ်ခြင်းဖြစ်မိလေသည်။

"ကျွန်ုပ်အဘို့ကား Monarchy ဘုရင်အုပ်[...]
စနစ်ကိုမည်သည့်အသွင်မျိုးဖြစ်စေ လုံးဝ နှစ်သက်[...]
ခြင်းမရှိပါ" ဟူ၍ ဗိုလ်ချုပ်ကိုယ်တိုင် တခါက ဖွင့်[...]
ဆိုခဲ့ဘူးလေသည်။

ထို့ပြင် ဂျပန်တွေက ညွှန်ခံပြုစုရာ၌ အရက်[...]
များနှင့်ဆွယ်ပြီးကိုယ်ကျင့်တရားပျက်ပြားအောင်လု[...]
ကိုလည်း ဗိုလ်ချုပ်၏စိတ်တွင် လုံးဝမနှစ်သက်ခဲ့ချေ[...]
တွင် သူ၏တကွဲရည်မှန်းချက်ဖြစ်သော ဗမာ့လွတ်လ[...]
အကူအညီနှင့်လက်နက်ခဲယမ်းတို့ကိုဂျပန်တို့သာလျှ[...]
ဆယ်ပေးနိုင်ကြမည်ဖြစ်၍၊ မချစ်သော်လည်း အောင်[...]



နမ်းလျက် ဂျပန်တွေနှင့် အဆင်ပြေအောင် ကြည့်ပေါင်းပြီး
ဗမာ့ လူငယ်တစု ဂျပန်၏လျှို့ဝှက်စွာ စစ်ပညာသင်ကြား
လေ့လာရန် အစီအစဉ်များကို ကာနယ်ဘူဇူကီး (ဗိုလ်မိုး
ကြိုး) တို့နှင့် အတူပြုလုပ်ခဲ့ရလေတော့သည်။

အစီအစဉ်အတိုင်းဆိုလျှင် ဗမာပြည်မှ မျိုးချစ်စိတ်
များတက်ကြွသော လူငယ်အချို့ကို လျှို့ဝှက်စွာ ပြင်ပသို့
ခေါ်ထုတ်ပြီး ဂျပန်အင်ပိုင်ယာအတွင်း လုံခြုံသောတနေ
ရာ၌ အခြေခံစစ်ပညာများကို လေ့လာသင်ကြားစေရန်ဖြစ်
၏။ ထိုလူငယ်တစုကတဖန် ဦးစီးခေါင်းဆောင်၍ ဗြိတိသျှ
တို့အားတိုက်ရန် ဗမာ့လက်နက်ကိုင်တပ်တတပ်ကို ဖွဲ့စည်း
တည်ထောင်ပြီး စစ်ပညာနှင့် သေနင်္ဂဗျူဟာများ သင်
ကြားလေ့ကျင့်ပေးရန် ဖြစ်လေသည်။

ထို့ကြောင့် ၃-လ ကြာလတ်သော် ဗိုလ်ချုပ်
အောင်ဆန်းသည် ဂျပန်သင်္ဘောတစင်းကို စီးလျက် ဗမာ
ပြည်သို့ လျှို့ဝှက်စွာတခေါက်ပြန်ခဲ့လေသည်။

ရန်ကုန်မြို့သို့ ပြန်ရောက်သောတနေ့ကား ၁၉၄၁
ခုနှစ်၊ မတ်လ ၃-ရက်နေ့ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကိုယ်တိုင်
စစ်အတွင်းက ရေးသားခဲ့သော မှတ်တမ်းတခု၌ ဖော်ပြ
ပါရှိလေသည်။

ထိုအချိန်က ဗြိတိသျှအစိုးရ၏ စုံထောက်များက



www.burmeseclassic.com

www.burmeseclassic.com

"မြေလျှိုး" နေသောဗိုလ်ချုပ်အောင်ဆန်းအား မြေ ချင်းလိမ်အောင် သဲသဲမဲမဲရှာဖွေလျက်ရှိရာ ဗိုလ်ချုပ်မှာ လုံခြုံမှုအတွက် တရုပ်အမျိုးသားတဦးအသွင် ရုပ်ဖျက်၍ နေခဲ့ရလေသည်။ ရန်ကုန်မြို့တွင် မတ်လ ၉-ရက်နေ့အထိသာ နေပြီးအပြန်တွင် စစ်ပညာသင်ကြားမည့် ရဲဘော်သုံးကျိပ်မှ ပထမအသုတ် လူငယ်တစုကို တပါတည်း သင်္ဘောနှင့် လျှို့ဝှက်စွာခေါ်၍ ဂျပန်ပြည်သို့ ပြန်ခဲ့လေသည်။

၁၉၄၁-ခု၊ မတ်လ ၂၇-ရက်နေ့တွင် ဂျပန်ပြည် တိုကျိုမြို့သို့ ပြန်လည်ဆိုက်ရောက်လေသည်။

"ရဲဘော် သုံးကျိပ်" ဟု နာမည် တွင်လာသည့် ဗိုလ်ချုပ်အပါအဝင် ဗမာ့တပ်မတော်၏ ပထမအမြုတေ မျိုးချစ် လူငယ်တစု စစ်ပညာလျှို့ဝှက်လေ့လာခဲ့ရသော နေရာကား ထိုစဉ်က ဂျပန်လက်အောက်ဖြစ်နေသော ဟိုက်နန်ကျွန်း တောင်ပိုင်းဒေသတွင် ဖြစ်၏။

ဗိုလ်ချုပ်သည်ဗမာပြည်သို့ ခေတ္တပြန်လာစဉ် သူ၏ နိုင်ငံရေးရဲဘော်များက ဂျပန်စစ်တပ်တွေ ဗမာပြည်ကို ဘယ်တော့လောက် ဝင်လာမည်နည်းဟု မေးကြသည်ကို ကြားရ၍ အတော်စိတ်ညစ်မိလေသည်။ သူကိုယ်တိုင်က ဂျပန်တို့၏အတွေးအခေါ်နှင့် လုပ်ကိုင်ပုံမှုမှုတွေကိုသဘော မကျဘဲရှိခဲ့ပြီးဗမာပြည်လူငယ်တွေကမူဂျပန်ကိုဘဲ မျှော်လင့်



တောင့်တနေသယောင်ယောင် ဖြစ်နေသဖြင့် ဗိုလ်ချုပ်က စိတ်ပျက်မိခြင်းဖြစ်လေသည်။

ဗမာနိုင်ငံရေးသမား လူငယ်တွေ၏ စိတ်တွင်ကား ဂျပန်က ဗမာပြည်ကိုဝင်တိုက်ရန်ကြံရွယ်ခြိမ်းခြောက်ရုံနှင့် ဗြိတိသျှတို့အကြပ်ရိုက်နေစဉ် ဗမာ့လွတ်လပ်ရေးကိုယတိုက် ယူနိုင်မည်ဟုတွေးမိကြလေသည်။ ဗိုလ်ချုပ် ကိုယ်တိုင်လည်း ထိုစဉ်အခါက သူ၏ရဲဘော်တွေ ခန့်မှန်းချက်သည် ဖြစ်ကောင်းဖြစ်နိုင်လိမ့်မည်ဟုထင်မိခဲ့သည်။

စင်စစ်ဗိုလ်ချုပ်ကိုယ်တိုင်ဖွင့်ဟဝန်ခံခဲ့သည့်အတိုင်း သူတို့တတွေ၏ အရင်းရှင်ပေါက်စ လူတန်းစား အတွေးအခေါ်ကြောင့်အခက်အခဲ ဘေးအန္တရာယ်များမည့်အလုပ်ကို ရှောင်နိုင်သလောက်ရှောင်ပြီး ဗမာ့လွတ်လပ်ရေးတိုက်ယူရာတွင်လည်း လွယ်လွယ်နှင့်ချောင်ချောင်ရနိုင်မည့်နည်းလမ်းကိုလိုက်လိုသောဆန္ဒရှိခဲ့ကြခြင်းဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ အချိန်ကာလနှင့် အဖြစ်အပျက်တို့က ရွေ့လျားလှုပ်ရှားလျက်ရှိရာ ဗိုလ်ချုပ်တို့လူစု စစ်ပညာသင်ကြားပြီး ဟိုင်နန်မှ ဗမာပြည်ဘက်ဆီသို့ ခရီးထွက်၍ များမကြာမီပင် ဂျပန်က ဗြိတိန်နှင့် အမေရိကန်တို့အား စစ်ကြေညာ လိုက်လေသည်။ ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၈-ရက်၊ရဲဘော်သုံးကျိပ်ကို ဗိုလ်ချုပ်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဆန်း(ထိုအချိန်ကဗိုလ်ငတေဇ)ကပင်ဦးစီးလျက် ယိုးဒယား ပြည် ဘန်ဘောက်မြို့ရှိ မြန်မာအမျိုးသားများကို စည်းရုံး သိမ်းသွင်းပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး (ဘီ-အိုင် အေ)ကို ဖွဲ့စည်းတည်ထောင်လိုက်ကြလေသည်။

“ဗမာပြည်မှ ဗြိတိသျှ နယ်ချဲ့ သမားကို အပြုတ်တိုက်၍ ဗမာ့ လွတ်လပ်ရေးကို ရ ယူအံ့”

ဟု ကြွေးကြော်ကာကြွားကြွားဝင့်ဝင့်ချီတက်လာ သောဗမာ့လွတ်လပ်ရေးတပ်မတော်၏ သေနာပတိဗိုလ်ချုပ် အောင်ဆန်း(ဗိုလ်တေဇ)ကား တစုံတခုကိုတွေးပြီး ကေ နပ်နှစ်သိမ့်လေသည်။

ထိုနှစ်သိမ့်မှုကား သူသဘောမကျသောအကူအည ကိုယူခဲ့စေကာမူ သူ၏နိုင်ငံရေးစိတ်ကူးယဉ်အိပ်မက်တခုဖြ သောမျိုးချစ်ဗမာ့လူငယ်တွေပါဝင်သည့်ခေတ်မှီဗမာ့လက် နက်ကိုင် တပ်ပေါင်းစုကြီးတခုသည် ရုတ်ချင်း အကောင် အထည် ပေါ်လာခြင်းဖြစ်ပေသတည်း။

+ + + +



## ခေါင်းဆောင်မှု၏ အစ

ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ် ကျောင်း သားဘဝက အခြားကျောင်းသားများနှင့်လုံးဝမတူ၊ အူ ကြောင်ကြောင်နှင့် လူ့ဂွစာတယောက်ဖြစ်ခဲ့လေရာ သူ၏ တဝန်းကျင်ရှိလူ့အပေါင်းတို့က“အောင်ဆန်းအရူးဘဲ”ဟု ဆောင်ပြောင်မဝကန်ခြင်းခံရလေသည်ကို သူနှင့်ကောလိပ် ကျောင်းတွင် တချိန်တည်း နေခဲ့ရသူမှန်သမျှက သိခဲ့ကြ သသည်။

တနည်းအားဖြင့် သူသည် ကောလိပ်ကျောင်းသား တယောက်ဖြစ်လာသည့်တိုင်အောင် တနေ့ကျလျှင် လူဦးရေ (၁၇)သန်းမျှသာ ဗမာတိုင်းရင်းသား လူထုကြီးအား



www.burmeseclassic.com

www.burmeseclassic.com

လှုတ်လပ်ရေး ပန်းတိုင်ဆီသို့ ရှေ့ဆောင်ခေါ်ယူသွား
မည့် ပုဂ္ဂိုလ်ထူးတဦး၏ အရိပ်လက္ခဏာများလည်း
လွှင်ထင်ရှားခြင်းမရှိခဲ့ပေ။

သို့ရာတွင်သူ၏ဦးနှောက်ထဲ၌နှစ်ရှည်လများစဉ်း
ဆင်ခြင်ခဲ့သော နိုင်ငံရေးအတွေးအခေါ်အယူအဆများ
တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းတွင် အတော်
ကျက်၍ လာခဲ့လေ၏၊ တဖန်....ထိုသို့တပြည်းပြည်းကြွယ်
ပြောင်မြောက်လာသော သူ၏ အတွေး အခေါ်များ
လက်တွေ့လုပ်ငန်းအဖြစ် စမ်းသပ်အကောင်အထည်ဖေါ်
အခွင့်အရေးတခုသည် သူ ဘီ—အေ အထက်တန်းရေ
သော ၁၉၃၅-ခုနှစ်တွင် ပေါ်ပေါက်လာလေတော့သည်

ရန်ကုန်တက္ကသိုလ် သမဂ္ဂအသင်းသည်ကား စ
တည်ထောင်သော ၁၉၃၁-ခုနှစ်မှစ၍ သာမန်စာ
သင်းယောင်ယောင်၊ သဟာယအသင်း ယောင်ယောင်
တကဲ့ စည်းရုံးမှုသဘော ပါဝင်သော လူထုအဖွဲ့အစ
တရပ်မဖြစ်ခဲ့ချေ။ထိုအသင်းကို ခေါင်းဆောင်သည့်ဥက္က
အတွင်းရေးမှူး စသည့် အမှုဆောင်များမှာလည်း နေ
ကျောင်းမှထွက်သောအခါ အစိုးရအက် ရာထူးကော
ကောင်းရတိုလောက်သာ မျှော်မှန်းချက်ရှိသူများဖြစ်ခဲ့
သည်။ ကျောင်းသားထု၏ ဘဝမြှင့်တင်ရေး၊ ဗြိတိသျှ



ပေးထားသော ကိုလိုနီပညာရေးစံနစ်ကိုတော်လှန်ပြောင်း
လဲပစ်ရေးတို့၌ ရှေ့ဆောင် ရှေ့ထွက် ပြုပေးရန်လည်း
သမဂ္ဂအမှုဆောင် များကကောင်းစွာစိတ်မဝင်စားခဲ့ကြချေ။

၁၉၃၆-ခုနှစ်တွင်မူအယူအဆအတွေးအခေါ်သစ်
အမြင်သစ်တွေနှင့် လူငယ်တစုသည် ရန်ကုန်တက္ကသိုလ်
သမဂ္ဂအသင်းကြီး၏ စင်မြင့်ပေါ်သို့ တက်ရောက်လာကြ
လေသည်။

ဥက္ကဋ္ဌအဖြစ် မျိုး ချစ် စိတ်သန်လှသော ကိုနု
(ဝန်ကြီးချုပ်ဟောင်းဦးနု) အရွေးခံရသည်နှင့်အမျှ ကျန်
အမှုဆောင်များအဖြစ်လည်း ကိုကျော်ငြိမ်း၊ ကိုသိန်းဖေ၊
ကိုလှဖေ၊ မစ္စတာရာရှစ်၊ ကိုအုန်း စသောလူငယ်များက
များသဘောတူမဲဆန္ဒဖြင့် ခေါင်းဆောင်ပိုင်းသို့ ရောက်
လာကြလေသည်။

ထိုအမှုဆောင်အဖွဲ့တွင် ကိုအောင်ဆန်းသည်လည်း
ပါဝင်လာခလေရာ စာပေအရေးအသား ကောင်းမွန်နိုင်နင်း
သူတယောက်အဖြစ် သူ့အား တက္ကသိုလ်သမဂ္ဂအသင်း၏
ကျေးကြော်သံဖြစ်သော "အိုးဝေမဂ္ဂဇင်း"၏ တာဝန်ခံ
အယ်ဒီတာအဖြစ် ရွေးချယ်ခြင်းခံရလေသည်။

ယင်း....အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ဖြစ်လာခြင်းမှာ
ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝခရီးတွင် အလွန်အရေးပါ



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသော မှတ်တိုင်တတိုင် ဖြစ်သည်ဟု ဆိုရပေမည်။ သူငယ်စဉ်ကစပြီး တွေးတောဆင်ခြင်ကြည့်ခဲ့သော အယူ အဆများကို လူထုပရိသတ်ရှေ့မှောက်သို့ တင်ပြနိုင်လာ သော ပထမဆုံး အခွင့် အရေးလည်းဖြစ်ခဲ့သည်။

ထို့ကြောင့်....သမဂ္ဂ၏ စာစောင် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ္ဌကုလားထိုင်ပေါ်မှနေ၍ ဗိုလ်ချုပ်သည် ဗမာ လူငယ်ထုအား သူ့အမြင်အတိုင်း ခေါင်းဆောင်မှုပေး လော့အံ့ဟု စိတ်ပိုင်းဖြတ်ကာ ကလောင်လက်နက်ကိုစွဲကိုင် လေတော့သည်။

ထို့ကြောင့် ၁၉၃၅-ခုနှစ်ထုတ် အိုးဝေမဂ္ဂဇင်း မှာ ယခင်နှစ်များကနှင့် လုံးဝမတူတော့ဘဲ တမူခြားကာ ဆန်းသစ်ပြောင်မြောက်သော အသွေးအရောင် အာဘော် တွေနှင့် တွက်ပေါ်လာခဲ့လေသည်။

အဆိုပါ အိုးဝေမဂ္ဂဇင်း ထွက်လာသည်နှင့်တပြို နက် ရန်ကုန် တက္ကသိုလ်နယ်မြေတခုလုံး သွက်သွက်ခါ အောင် တုန်လှုပ်သွားစေသည့် အကြောင်းတရပ်လည်း ပေါ်လာတော့၏။ ထိုအကြောင်းကား ရေးသူအမည်ကို ဖော်မထားသော "အဝီစိငရဲမှ ခွေးနက်ကြီးတကောင် လွှတ်နေပြီ" 'Hell Hound Released From Hell' ခေါ် ဆောင်းပါးတပုဒ် မဂ္ဂဇင်းတွင် ပါလာခြင်းပင် ဖြစ်၏။



ထိုဆောင်းပါးမှာ တက္ကသိုလ် အာဏာပိုင် အရာရှိ ပိုင်းမှ ကိုယ်ကျင့်တရား ဖေါက်ပြားနေသော ပုဂ္ဂိုလ်တဦး အား လက်သံပြောင်ပြောင်နှင့် စောင်းချိတ် သရော်ထား သော အင်္ဂလိပ်ဘာသာစာပြောင်ဆောင်းပါးတပုဒ်ပင်ဖြစ် ရာ တက္ကသိုလ်အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်တို့ကဆတ်ဆတ်ခါ နာကျည်းကြလေသည်။အိုးဝေမဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ ဖြစ်သူ ကိုအောင်ဆန်းကိုလည်းအကြီးအကျယ်အမျက်ထွက် ကာ ဒါထက်ပါဆောင်းပါးရေးသူ၏အမည်မှန်ကိုထုတ်ဖေါ် ကင်ပြရမည်ဟု အတင်းအကြပ်အမိန့်ပေးလေသည်။

ဤကား မဲမဲတောက်သတ္တိနှင့်စိတ်ဓါတ်ရှိသူ ဗိုလ် ချုပ်အား တက္ကသိုလ်အာဏာပိုင်တို့က အကြောင်းမသိဘဲ၊ သွေးတိုးစမ်းသလို ပြုလုပ်ခဲ့ခြင်းပင်ဖြစ်သည်။

စာနယ်ဇင်း လောကဥ္စ စာဖြင့် ရေးမထားသော ဥပဒေများရှိရာ တခုသော ဥပဒေမှာ တာဝန်ခံအယ်ဒီတာ မည်သည်၊ စာစောင် သို့မဟုတ်မဂ္ဂဇင်းတွင် ပါဝင်ရေးသား သော ဆောင်းပါးစာမူများအားလုံးအတွက် တာဝန်ယူရ သည့်အပြင်၊ တစုံတရာအကြောင်းကြောင့်ဆောင်းပါးရှင် ၏အမည်နေရပ်ကို ပြင်ပလူများက မေးမြန်းစစ်ကြောလျှင် မည်သည့်နည်းနှင့်မှ ထုတ်ဖေါ်ဖွင့်ဟခြင်းမပြုရ၊ တစုံတရာ ဖြစ်လာခဲ့လျှင်လည်း အယ်ဒီတာကသာ တာဝန်ယူအပြစ်ခံ သင့်ခံရမည်၊ သစ္စာရှိရမည်ဟူသတည်း။

www.burmeseclassic.com

ဤတာဝန်ဥပဒေကို ဗိုလ်ချုပ်မှာ အထူးလေးစား ရှိသောသူဖြစ်ရာအာဏာပိုင်တို့က "ဆောင်းပါးရှင်ဘယ်သူလဲ ဖွင့်ပြောရမည်" ဟု အကြပ်ကိုင်လေ သစ္စာရှိ၊ သတ္တိရှိသော အယ်ဒီတာပီပီ "မပြောနိုင်ဘူး၊ ခင်ဗျားတို့ကြိုက်သလိုလုပ်" ဟူ၍သာ ခေါင်းမာမာနှင့် တင်းခံလေ လုပ်နေခဲ့သည်ကို တက္ကသိုလ်အုပ်ချုပ်ရေးဘက်က အထူးမခံရပ်နိုင်ဖြစ်ခဲ့၏။

အိုးဝေမဂ္ဂဇင်းကို ထုတ်ဝေသော တက္ကသိုလ်သမဂ္ဂ အသင်းနှင့် အသင်းဥက္ကဋ္ဌကိုနုကိုလည်း အရေးယူပြန်သဖြင့် သမဂ္ဂနှင့်တက္ကသိုလ်အာဏာပိုင်တို့ အကြီးအကျယ် ပဋိပက္ခ ဖြစ်လာတော့သည်။

ဤနေရာတွင် ထိုစဉ်က ရန်ကုန်တက္ကသိုလ် သမဂ္ဂ အသင်းအကြောင်း အနည်းငယ်ဖော်ပြရန် လိုပေသည်။ ထိုနှစ်သမဂ္ဂအမှုဆောင်အဖွဲ့သို့ တက်ရောက်ဦးစီးသူများမှာ တိုးတက်သောနိုင်ငံရေးအတွေးအခေါ်နှင့်မျိုးချစ်စိတ်ဓါတ် တက်ကြွသူလူငယ်တစုဖြစ်ရာ ဝါဒပေါ်လစီအားဖြင့်ဗြိတိသျှ နယ်ချဲ့စနစ်ကိုရင်း၊ ဗြိတိသျှ ကိုလိုနီ နိုင်ငံရေးစနစ်ကိုရင်း၊ တိုက်ဖျက်ပြီး၊ ဗမာ့လွတ်လပ်ရေးလမ်းစကို ဖော်လိုသော ရည်ရွယ်ချက်ထားရှိကြ၏။ ထို့ကြောင့် သမဂ္ဂ အသင်း၏ ခေါင်းဆောင်မှုနှင့် စည်းရုံးရေးအောက်တွင် တက္ကသိုလ် ကျောင်းသားထု၏အင်အားစုရုံးသိမ်းသွင်းရန်လိုနေခဲ့သည်။



တက္ကသိုလ် ကျောင်းသားတော့မှာ သာမန်အားဖြင့် …သွားအေးသူများဖြစ်ရာရိုး…နည်းဖြင့်စည်းရုံးရန် မလွယ်ကူ …ချေ။ ဗမာ့လူ့အဖွဲ့အစည်းမှာအရင်းရှင်ပေါက်စလူလတ်တန်းစားများဖြစ်သည့်အတိုင်း သွေးဆူပြီး စိတ်လှုပ်ရှားမှု …ခုခုမရှိဘဲ၊ ထိုင်ရာမှမထလိုသူများချည်းဖြစ်ခဲ့၏။ မျိုးချစ် …ိတ်မရှိ၍မဟုတ်၊ ဖါသိဖါသာနေလိုသော စိတ်ဓါတ်မျိုး ဖြစ်၏။

ထိုအခြေအနေမျိုးတွင် အိုးဝေဆောင်းပါးကြောင့် သမဂ္ဂခေါင်းဆောင်ပိုင်းနှင့် တက္ကသိုလ် အာဏာပိုင်တို့၏ ပဋိပက္ခဖြစ်မှုသည်၊ ပြာဖုံးသော မီးခဲအနီးမှကောက်ရိုးပုံကို ဟုန်းကနဲလေပင့်၍တိုက်သလို ဖြစ်သွားစေလေတော့သည်။

အထူးသဖြင့် အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်းအား ခေါင်းမာမှုကြောင့် တက္ကသိုလ် ကျောင်းမှ ထုတ်ပယ်ပစ်လိုက်သောအခါမူ၊ သမဂ္ဂခေါင်းဆောင်တို့၏ …နစ်တကျ လှုံ့ဆော်မှုကြောင့် ကောလိပ် ကျောင်းသား …များစုသည် အလိုအလျောက် ညီညွတ်စွာ စည်းရုံးမိ …းသား ဖြစ်လာတော့သည်။

အိုင်စီအက်၊ ဘီစီအက်ရာထူးတွေကို မျှော်မှန်းနေ ကြသော လူတော်ကြော့ကျောင်းသားထုသည် နိုင်ငံရေး၊ မျိုးချစ်စိတ်ဓါတ်တွေတက်ကြွလာ တခဲနက်သွေးဆူစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သမဂ္ဂအလံတော်အောက်သို့ တညီတညွတ်တည်း စုရုံးဝင်လာကြလေတော့သည်။

ရန်ကုန်တက္ကသိုလ် ရာဇဝင်တွင် မကြုံဘူးအောင် ကျောင်းသားထု၏ စည်းလုံးညီညွတ်မှုကို သမဂ္ဂအသင်းမှ ခေါင်းဆောင်ဖန်တီးပြလိုက်သောအခါ တက္ကသိုလ်အာဏာပိုင်များနှင့်ဗမာပြည်(ဗြိတိသျှ)အစိုးရပါ မျက်လုံးပြူးသွားခဲ့သည်။

သမဂ္ဂဥက္ကဋ္ဌကိုနုနှင့် အိုးဝေအယ်ဒီတာ ကိုအောင်ဆန်းတို့အား တက္ကသိုလ်အာဏာပိုင်များက စတင် ထိုးစစ်ဆင်သလို ရန်စလာခြင်း၏ အကျိုး သက်ရောက်မှုထား၊ ပစ္စုပ္ပန်ခေတ် ဗမာနိုင်ငံသမိုင်းတွင် အလွန်အရေးပါ ရွာ မှတ်တမ်း တင်ရမည့် (၁၉၃၆-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂-ရက်နေ့စတင်သော) ရန်ကုန်တက္ကသိုလ်သပိတ်မှောက်အရေးတော်ပုံကြီးပင် ဖြစ်ပေသတည်း။

* * * *



## စစ်ကြိုခေတ်

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီး ပြီးဆုံးသော ၉၃၉-ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး အရှေ့အာရှ တခွင်သို့ းစက်ဖြစ်ပွားလာသောအချိန်ကာလကို "စစ်ကြိုခေတ်" ၍ပင် ခေါ်ဝေါ်မှတ်သားသင့်ပါသည်။ အကြောင်းမူ ား ၁၃၀၁-ပြည့်နှစ် အရေးတော်ပုံ ကြီးကြောင့် နိုင်ငံ ရေးအသိတရားတွေ နိုးကြားတက်ကြွလာသော ဗမာလူထု ည်၊ ဒုတိယကမ္ဘာစစ်မီးပွား ဥရောပတိုက်တွင် စတင် ာက်လောင်သောအချိန် ၁၉၃၉-ခုနှစ် စက်တင်ဘာလ ရက်နေ့မှစပြီး နိုင်ငံတကာစစ်မက်ရေးရာ အခြေအနေကို ကြောင်းပြု၍ ဗမာ့လွတ်လပ်ရေးကိုအရတိုက်ယူရန် ကြိ



www.burmeseclassic.com

www.burmeseclassic.com

စည်ကြိုးပမ်းခဲ့ကြပုံမှာ၊ ၁၉၄၁-ခုနှစ်၊ဒီဇင်ဘာလ ဂ
နေ့တွင် အကောင်အထည်ဖြစ်လာသည့် ဒုတိယ ကမ္ဘာ
ကြီးကိုမျှော်မှန်းကြိုဆိုကြသကဲ့သို့ ရှိသောကြောင့်တည်

ဤအချိန်ကာလသည်ပင်လျှင် တက္ကသိုလ်ကျော
သမားဘဝမှ သခင်ဖြစ်လာသောကိုအောင်ဆန်းကိုဗိုလ်
အောင်ဆန်းဖြစ်လာအောင် ဖန်တီးပေးမည့် အဖြစ်အပ
များ၏ အစပျိုးရာ ပဏာမခြေလှမ်းပင်ဖြစ်သည်ဟု ဆိုနိုင်
တော့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှ ဗမာအစည်း၊ အစ
အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်စဉ်၊ ထူး
သောသူ၏ကြိုးပမ်းအောင်မြင်မှုတရပ်ကား၊ ၁၃၀၀
နှစ် အရေးတော်ပုံကြီးအပြီး ကျင်းပခဲ့သော မော်လ
သခင်ညီလာခံကြီးပင်ဖြစ်သည်။

ဒို့ဗမာ အစည်း အရုံးကြီး သက်တမ်း သ
တလျှောက်ကျင်းပခဲ့သည့် ညီလာခံများအနက် မော်လ
ညီလာခံကြီးကို စိတ်ဝင်စားစွာ အာရုံစိုက်ခဲ့ကြသည်။

ထိုမော်လမြိုင်ညီလာခံကြီး အောင်မြင်ထမြောက်
သည်မှာ အတွင်းရေးမှူးသခင်အောင်ဆန်း၏ လုံ့လဝီ
ရိယသတ္တိ၊ ကြိုတင်ပြင်ဆင်မှုနှင့် စည်းရုံးမှု အရည်အချင်
ကြောင့်ဟုဆိုက မှားမည်မဟုတ်ပေ။



အထက်တွင် ဖေါ်ပြခဲ့ပြီးသည့်အတိုင်း ၁၃၀၀
ပြည့်နှစ် အရေးတော်ပုံ ပြီးဆုံးသော ၁၉၃၉-ခုနှစ်၊
စက်တင်ဘာလ ၃-ရက်နေ့တွင် ဒုတိယက မ္ဘာစစ်ကြီး၏
မီးလျှံသည် ဥရောပ၌ စတင်တောက်လောင်ခဲ့လေရာ၊ ယင်း
အနောက်နိုင်ငံများမှအရင်းရှင်နယ်ချဲ့သမားအချင်းချင်း
စစ်ဖြစ်နေသော နိုင်ငံတကာ့ရေးရာ အခြေအနေကို
ကောင်းပြုချက်ကောင်းယူကာ၊ ဗမာနိုင်ငံ၏ လွတ်လပ်
ရေးအောင်မြင်ရရှိအောင် ဖန်တီးရန် အခါအခွင့် ကောင်း
ကြုံလာပြီဟုသခင်အောင်ဆန်းနှင့်တကွဗမာလူငယ်နိုင်ငံ
ရေးခေါင်းဆောင်များက ထင်မြင်ယူဆမိကြလေသည်။

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ အပြီးတွင်
ဒေါက်တာဘမော်၏ ညွန့်ပေါင်း အစိုးရအဖွဲ့၏ ခေါင်း
ဆောင်ဖြစ်လာသော်လည်း ကြာရှည်မခံဘဲ၊ ဦးပု အစိုးရ
၏ သစ်တောရေးဝန်ကြီးဖြစ်သူ ဂဠုန်ဦးစောကဖန်
တီး၍ ဦးပုအစိုးရအား အယုံအကြည်မရှိ အဆိုတင်သွင်း ဖြုတ်ချ
ပြီး ဦးစောကိုယ်တိုင် နန်းရင်းဝန်လုပ်၍ အစိုးရအဖွဲ့တက်
လာလေသည်။

ထို့ကြောင့်ဗိုလ်ချုပ်တို့လူစု လွတ်လပ်ရေး အတွက်
အလွန်ပဲ ကြိုးပမ်းအားထုတ်နေသော "စစ်ကြိုခေတ်"
အတွင်း ဗမာပြည်၏ နန်းရင်းဝန်မှာ ဂဠုန်ဦးစော



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့လေသည်။ အရင်းရှင်ပေါက်စမြေပိုင်ရှင်လူလတ်တ
စားတို့ အများဆုံးပါဝင်သည့် ဦးစော၏ မျိုးချစ်ပါတီ
လည်း ဗမာပြည်တွင် တံခိုးအာဏာထွန်းမိုးနေတော့သည

ကမ္ဘာ့စစ်မက်ကြီးအခြေအနေနှင့် နိုင်ငံဟာကာ့
ရာ အခြေအနေတို့အရ ဗမာ့လွတ်လပ်ရေးအတွက် အ
တခုထိထိရောက်ရောက်လုပ်ကြတော့မှတော်မည်ဟု ယူ
သော ဗမာနိုင်ငံရေးသမားများက၊ ဦးစောအစိုးရ လ
ထက်တွင်ပင် Ali Burma Freedom Bloc ခေ
"ဗမာ့ထွက်ရပ်ဂိုဏ်းကြီး"ကို ဖွဲ့စည်း တည်ထောင်လိုက်
လေသည်။(၁၉၄၀ ခုနှစ်)။

ထွက်ရပ်ဂိုဏ်းကြီးတွင် လူကြီးပိုင်းက ဒေါက်
ဘမော်၊ ဒေါက်တာသိန်းမောင်(ယခုကွယ်လွန်ရှာပြီ)၊
တို့၏ပါဝင်နောက်လိုက်များနှင့်သခင်ကိုယ်တော်မှုိ
သခင်မြ၊သခင်အောင်ဆန်းတို့ပါဝင်သောဒို့ဗမာအစည်း
အရုံးတို့က ဦးစီးခေါင်းဆောင်ခဲ့၏။ထွက်ရပ်ဂိုဏ်း၏
နှင့် လုပ်ငန်းစဉ်များကိုမူ ဒို့ဗမာ အစည်းအရုံး လ
အောက်ခံလူထုအသင်းအဖွဲ့များ၊သမဂ္ဂအသင်းများစ
လူထုအဖွဲ့အစည်း မြောက်မြားတို့က ထောက်ခံသ
ကြသဖြင့် နိုင်ငံရေးသဘောအရ ဗမာ့ထွက်ရပ် ဂိုဏ်း
သိုက်မြိုက်ပြောင်မြောက်ခဲ့လေသည်။



ဒို့ဗမာထွက်ရပ်ဂိုဏ်းတွင် သခင်အောင်ဆန်းပင်
အထွေထွေအတွင်းရေးမှူးဖြစ်လာလေသည်။

ဥရောပစစ်ပွဲတွင် ဗြိတိန်ပြည်ကဒီမိုကရေစီလွတ်လပ်
ရေး အတွက် တိုက်နေရပါသည်ဟု ကြွေးကြော်သည့်
အတိုင်း၊ ဗမာ့ ထွက်ရပ်ဂိုဏ်းကလည်း လွတ်လပ်ရေးနှင့်
ဒီမိုကရေစီတည်မြဲရရှိရေးကို ရှေ့ရှုပါသည်ဟု ကြေညာခဲ့
လေသည်။ ဗြိတိသျှတို့က ဥရောပစစ်ပွဲတွင် ဗမာနိုင်ငံ၏
ထောက်ခံကူညီမှုကို လိုလားနေရာ၊ ဗမာ့ထွက်ရပ်ဂိုဏ်း
ခေါင်းဆောင်များကဗြိတိန်၏စစ်မက်အင်အားကိုကူပါမည်
သို့သော် ဗမာ့လွတ်လပ်ရေးကို ပေးမည်ဟု ကတိပေးပါ၊
ဗမာပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံကို ရေးဆွဲမည့် တိုင်းပြည်ပြု
လွှတ်တော်တရပ်ကိုလည်း ခေါ်ပေးပါဟု တောင်းဆိုကြ
လေသည်။

ဗြိတိသျှအစိုးရကား ဗမာပြည်သူလူထု ကိုယ်စား
တောင်းဆိုသော ထွက်ရပ်ဂိုဏ်း၏ ကြွေးကြော်သံများကို
ဂရုမစိုက် လျစ်လျူရှုလျှသာ နေခဲ့လေသည်။ ထို့ကြောင့်
ဥရောပတိုက်၌ နယ်ချဲ့သမားအချင်းချင်း အဝေမတည့်၍
ဖိုလ်လုသောစစ်ပွဲကို ဗမာလူထုအနေနှင့် စိတ်ဝင်စားဘွယ်
မရှိဟုယူဆကာ၊ ဗိုလ်ချုပ်အောင်ဆန်းက နယ်ချဲ့စံနစ်နှင့်
နယ်ချဲ့ဆန့်ကျင်ရေးလှုံ့ဆော်မှုများကို အပြင်းအထန်ကြိုး
စား၍လုပ်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၀-ခုနှစ်မှာပင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်၍ သခင်သန်းထွန်း၊ ကိုဗဟိန်းတို့ပါဝင်သောသခင်ကိုယ်စားလှယ်အဖွဲ့တဖွဲ့သည်အိန္ဒိယပြည်ရမ်ဂါမြို့၌ကျင်းပသော အိန္ဒိယအမျိုးသားကွန်ဂရက် ညီလာခံကြီးသို့တက်ရောက်ခဲ့လေသည်။ဗိုလ်ချုပ်တို့လူစုမှာ ထိုစဉ်အခါကပင် အိန္ဒိယခေါင်းဆောင်ကြီး နေရူးနှင့်အမျိုးသားကွန်ဂရက်အဖွဲ့ကြီး၏နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းစဉ်များကို များစွာလေးစားသဘောကျခဲ့ကြလေသည်။

ဗိုလ်ချုပ်တို့ အိန္ဒိယပြည်မှပြန်လာပြီးနောက် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားပြင်းထန်လာလေသည်။ ဗြိတိသျှအစိုးရကလည်း လူထုလှုပ်ရှား အုံကြွမှုများကို နှိမ်နင်းရန်အတွက် လူမှုအခွင့်အရေးတွေကိုပိတ်ပင်သော ဗမာပြည်ကာကွယ်ရေး တချက်လွှတ်ဥပဒေ Defence Of Ord-inace ကိုထုတ်ပြန်လိုက်သည်။

ဤအခြေအနေမျိုးတွင်သခင်အောင်ဆန်းတို့လူငယ်တသိုက်မှာ နယ်ချဲ့သမားခြေလှမ်းကို ;တဘက်ကြည့်ရင်း ဗမာ့လွတ်လပ်ရေးမရရအောင်ယူရေး ပြဿနာ၏အဖြေကို အပြင်းအထန်ရှာဖွေနေခဲ့ကြရလေသည်။

ဗြိတိသျှအစိုးရအနေနှင့် ဥရောပစစ်ပွဲနှင့် ဗမာပြည်လွှဲခြုံစရေးကိုအစကြွစင်းပြုံတာအမျိုးသားလှုပ်ရှားမှုဟူသမျှ



ကိုနှိမ်နင်းရန် ဟန်တပြင်ပြင်ရှိနေလေပြီ။ ဗိုလ်ချုပ်အောင်ဆန်းအစရှိသော ဗမာလူငယ်နိုင်ငံရေးသမားများနှင့် ဗမာ့ထွက်ရပ်ဂိုဏ်းလိုတက်ကြွသော နိုင်ငံရေး အဖွဲ့အစည်းတိုင်းလုပ်ငန်းစဉ်နှင့်လွတ်လပ်စွာစည်းရုံးမှု၊လွတ်လပ်စွာရေးသားပြောဆိုမှုတို့ကိုလည်း တစတစ ဖိနှိပ် ချုပ်ချယ်လာလေတော့သည်။

မကြာမီဒို့ဗမာအစည်းအရုံးမှအရေးပါသောသခင်ခေါင်းဆောင်ဟူသမျှကိုလည်း နိုင်ငံရေးပုဒ်မဖြင့် ဖမ်းဆီးကာ ထောင်အသွင်းအကျဉ်းချထားလိုက်ပြန်သည်။

သခင်အောင်ဆန်းကိုလည်း ဟသ်္သာတခရိုင်ဇလွန်မြို့သခင်ညီလာခံမှအပြန် ဒေါင့်ကြီးရွာဒို့ဗမာအစည်းအရုံးကကျင်းပသော တရားပွဲတခု၌ အစိုးရက တားမြစ်ထားသည့်တောင်တန်းဒေသ (ချင်းတောင်နယ်) အကြောင်း ပြောသည်ဟုဆိုကာ ဖမ်းဆီးရန် ဝရမ်းထုတ်လိုက်လေသည်။

သို့သော်မျိုးချစ်စိတ်ရှိသော ဗမာပုလိပ်အရာရှိတဦး၏အကူအညီဖြင့် လျှို့ဝှက်စွာကိုယ်ရောင်ဖျောက် ထွက်ခွါသွားကြပြန်သောအခါ ဟသ်္သာတခရိုင် ရာဇဝတ်ဝန်မစ္စတာဇေဗီယားက သခင်အောင်ဆန်းအား မိအောင်ဖမ်းပေးနိုင်သူ သို့မဟုတ် သတင်းပေးနိုင်သူအား ဆုငွေ ၅၊-ကျပ်ပေးမည်ဟု သရော်လှောင်ပြောင်သလိုလိုနှင့် ကြေညာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှအစိုးရ၏ စုံထောက်ပုလိပ်တွေခြေလှမ်းလိမ်နေသည့်ကြားက ရန်ကုန်ရောက်အောင် ကြံဖန်ပြန်လာခဲ့ရသောသခင်အောင်ဆန်းကား၊ ထင်ထင်ပေါ်ပေါ် နေ၍မဖြစ်တော့သဖြင့် ပုန်းလျှိုးဝှက်လျှိုးနေထိုင်သွားလာနေရလေသည်။ နိုင်ငံရေးအခြေအနေကလည်း ပိုမိုလျှပ်ရှား မြင်းထန်လာပြီဖြစ်ရာ၊ ဗမာ့လွတ်လပ်ရေးကို မရရအောင်ယူမည်ဟုစိတ်ပိုင်းဖြတ်ထားကြသော နိုင်ငံရေးခေါင်းဆောင်တစုမှာ ရှေ့ခြေလှမ်းအတွက် အပြင်းအထန် ကြိုးစားပြင်ဆင်ကြရလေတော့သည်။

အားလုံးသဘောတူလက်ခံသည့်အချက်ကား ဗမာတွေ လွတ်လပ်ရေးလိုချင်ကြခြင်းမှာ တနည်းသဖြင့် ရသင့်ရထိုက်သောလိုလားချက်တခုဖြစ်ကြောင်းကို၊ ဗမာပြည် ပြင်ပနိုင်ငံခြားသို့တိုင်အောင် သတင်းပါဒဖြန့်ချိမှုရရှိရန်နှင့်နိုင်ငံခြားအကူအညီတခုခုံရမည်ဆိုလျှင် လက်ခံကြရန်ဟူသောအချက်ပင်တည်း။

သို့သော်-ဘယ်ပုံဘယ်နည်းနှင့် မည်သည့်နိုင်ငံခြားအကူအညီကို တောင်းယူ ရရှိကြသည်ဟူသော ပြဿနာ၏အဖြေကိုကား မည်သူမျှတိကျစွာမပေးနိုင်ပေ။

ထိုအတောအတွင်း၌မမျှော်လင့်သောထွက်ရပ်ဂိုဏ်း



ါင်းဆောင်ဒေါက်တာဘမော်နှင့်ဒေါက်တာသိန်းမောင်ထံမှ ကြားသိရသော သတင်းစကား တခုက သခင်ာင်ဆန်း၏ ဘဝကိုရှင်း၊ ဗမာ့လွတ်လပ်ရေးတိုက်ပွဲ၏င်းကိုရှင်း၊ တမျိုးတဖုံပြောင်းလဲ ဖြစ်ပေါ်အောင်ဖန်တိုက်ခဲ့ပြန်ပါသတည်း။

*   *   *   *



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၀၀-ပြည့်နှစ်အရေးတော်ပုံ

ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝမှာ ဗမာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းနှင့် ခွဲခွာ၍ မရအောင် ဆက်စပ်လျက် ရှိခြင်းကြောင့် ဗိုလ်ချုပ်ကို လေ့လာရာတွင်လည်း ဗမာ့လွတ်လပ်ရေးသမိုင်းကို ချိန်လှုပ်ထား၍ မဖြစ်နိုင်ပေရာ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဘဝဦးကို မွေးဖွားပေါ် ထွက်ပေးခဲ့သော ၁၉၃၆-ခုနှစ်၊ တက္ကသိုလ်သပိတ်ကြီး ပြီးသည့်နောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သည့် ဗမာပြည်နိုင်ငံရေး လှုပ်ရှားမှုများကိုလည်း ဆက်လက်လေ့လာရင် လိုအပ်ပေသည်။

ဗိုလ်ချုပ်သည် သပိတ်ကိစ္စမှ ဆက်စပ်ဖြစ်ပေါ်လာ



သောဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအသင်းကြီး၏ လုပ်ငန်းအရပ်ရပ်၌ အလွန်ပင် စိတ်ဝင်စားခဲ့လေသည်။ ကျောင်းသားထုကြီးကို စည်းရုံးခြင်းဖြင့်ဗမာလူငယ်တို့ကို စည်းရုံးနိုင်မည်။ လူငယ်တွေကိုစည်းရုံးနိုင်လျှင် ဗမာ့လွတ်လပ်ရေးတိုက်ပွဲအတွက် နိုင်ငံရေးတွင်အလွန်အရေးပါသော အင်အားစုကြီးတခုကို အလိုလိုရနိုင်သည်ဟူ၍ သူ၏ ဝတ်ဝယ် တထစ်ချယုံကြည်မိခဲ့လေသည်။

ထို့ကြောင့်ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအသင်း၏ အောင်မြင်ရေးအတွက် ခရိုင်နယ်များသို့ ကိုယ်တိုင်ထွက်၍ စည်းရုံးလှုံ့ဆော်ခြင်း၊ ရုံပုံငွေရှာ၍ ဆောက်ခံခြင်း၊ လူထုတရားပွဲများ ကျင်းပဟောပြောခြင်း၊ အသင်းစည်းရုံးလုပ်ငန်းအရပ်ကို ပင်ပမ်းခံကာ အင်တိုက်အားတိုက်လုပ်ခဲ့ပေသည်။ သူ၏ ကြိုးစားမှုကြောင့်လည်း ဗမာနိုင်ငံအနှံ့အပြားတွင်နယ်ကျောင်းသားသမဂ္ဂအသင်းများတွေ အမြောက်အမြား ဖြစ်မြောက်ပေါ်ထွက်လာခဲ့လေသည်။

ထိုထက်ထူးခြားသည်ကားဗိုလ်ချုပ်တို့လူစုကြိုးပမ်းချက်ဖြင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများညီလာခံကြီးကို ပဌမဆုံးအကြိမ် မန္တလေးမြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့၏။ ဗမာနိုင်ငံ ကျောင်းသားများ သမဂ္ဂ၏

www.burmeseclassic.com

ပဌမဆုံးအတွင်းရေးမှူးအဖြစ်လည်း ဗိုလ်ချုပ်အော ကိုပင် ကျောင်းသားကိုယ်စားလှယ်ထုက ရွေး တင်မြှောက်ခဲ့ကြလေသည်။ (ပထမဥက္ကဋ္ဌမှာ အမ်အေ ရာရှစ်)ဖြစ်လေသည်၊

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ အသင်း၏ ဒုတိယနှစ် (၁၉၃၇-၃၈)တွင်မူ ဗိုလ် ဥက္ကဋ္ဌဖြစ်လာသည်။ နိုင်ငံလုံးဆိုင်ရာ ကျောင်းသ ဒုတိယညီလာခံကြီးကိုလည်း ပုသိမ်မြို့တွင်ခမ်းနားသ စွာကျင်းပအောင်မြင်ခဲ့လေသည်။

ထိုအချိန်က ဗိုလ်ချုပ်မှာ ဘီအေ အောင် ဘီအယ်လ် ဥပဒေတန်း၌ ပညာ ဆက်သင်လျက် သို့သော်....သူ၏စိတ်များမှာကျောင်းသုံးဥပဒေစာအ ထဲတွင်မရှိ၊ ကျောင်းသားလူငယ်များကိုပျိုးချစ်စိတ် ရေးစိတ်၊ လွတ်လပ်ရေး လိုချင်စိတ်တွေ ပွားမျ လာအောင် လှုံ့ဆော်လမ်းပြပေးရန်သာ ဆန္ဒရှိနေ

“ကျောင်းသားနှင့်နိုင်ငံရေးမသက်ဆိုင်” ဟ စကားကို ဗိုလ်ချုပ်ကလက်မခံနိုင်၊ နယ်ချဲ့သမား အောက်က ကိုလိုနီပညာရေးစံနစ်အတိုင်း သင်ကြား သော ကျောင်းသားများ၏ ဘဝကို နိုင်ငံရေးနည



ကျောင်းသားများကိုယ်တိုင် လွတ်မြောက်အောင် ကြိုး ကြရမည်ဟု သူကစွဲမြဲစွာယုံကြည်ခဲ့သည်။

ဗိုလ်ချုပ်သည်သူယုံကြည်ချက်အတိုင်းကျောင်းသား သမဂ္ဂလုပ်ငန်းများကို အာရုံစိုက်၍ အချိန်ပြည့်အလုပ်လုပ် ခဲ့ပြီး၊ သူ၏ပညာဆက်လက်သင်ကြားရေးကို လျစ်လျူရှုခဲ့ ခြင်းကြောင့် ဘီအယ်လ် ပထမနှစ်စာမေးပွဲကို ရှုံးခဲ့လေ သည်။သို့သော်....သူ၏စိတ်ထဲတွင် နိုင်ငံရေးအတွေးအခေါ် တွေ ပြည့်လျှံနေပြီးဖြစ်၍ စာမေးပွဲရှုံးသည်ကိုစမ်းမနည်း ရှုလည်း မစိုက်တော့ပေ။

တက္ကသိုလ်ကျောင်းသားသပိတ်ကြီးမှအတွေ့အကြုံ နှင့် ကျောင်းသားသမဂ္ဂအသင်းကြီးကို ခေါင်းဆောင်မှုမှ ရအပ်သောအယူအဆအတွေးအခေါ်ကြောင့်သူ၏စိတ်တွင် ဗမာ့လွတ်လပ်ရေးကိုမရရအောင်တိုက်ယူရန်နှင့်နိုင်ငံရေးကို ဦးပိုက်လက်ကောက်ဝင်ပြီးဆောင်ရွက်လိုသောဆန္ဒတွေသာ ဖွားဖွားပေါ်ပေါက်လာခဲ့တော့သည်။

ထိုအချိန်၌ ဗမာပြည်ရှိ နိုင်ငံရေးပါတီများအနက် မျိုးချစ်စိတ်ထက်သန်သော လူငယ်တွေဦးစီးပြီးအတက်ကြွ ဆုံးပါတီဟူ၍ တို့ဗမာအစည်းအရုံး(သခင်ပါတီ)တခုသာ ရှိလေသည်။ တို့ဗမာ အစည်းအရုံးမှာ ၁၉၃၆-ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားသပိတ်နှင့် မရှေးမနှောင်းပင် ပေါ်ပေါက်လာ၍ ၁၉၃၈-ခုနှစ်တွင်မူ သခင်ကိုယ်တော်မှိုင်း၊သခင်မြ ခေါင်းဆောင်သောအပိုင်းနှင့်သခင်ထွန်းအုပ်၊သခင်ဗစိန်ကို ဦးစီးသည့်အပိုင်းနှစ်ပိုင်းမှာ အချင်းချင်းစိတ်သဘောကွဲလွဲလျက် တို့ဗမာအစည်းအရုံးကြီး နှစ်ခြမ်းကွဲသွားလေသည်။

ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းကား သူ၏ယူဆချက် အတွေးအခေါ်များနှင့် အနီးစပ်ဆုံးသော နိုင်ငံရေးပါတီကိုရှာဖွေရာတွင် တို့ဗမာအစည်းအရုံးကိုသာ မြင်၏။ တဖန်သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့အယူသည်းမှုကိုလည်း မနှစ်သျှိက်သဖြင့် နောက်ဆုံးသူသည် သခင်ကိုယ်တော်မှိုင်း၊သခင်မြတို့ဦးစီးသည့် မူလတို့ဗမာအစည်းအရုံးကြီးသို့ခြေစုံပစ်ဝင်လိုက်လေတော့သည်။

ဤနည်းအားဖြင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၏ ဥက္ကဋ္ဌ ကိုအောင်ဆန်းသည် သူ၏ရာထူးသက်တမ်းမစေ့မီပင် တို့ဗမာအစည်းအရုံးကြီး၏ဌာနချုပ်အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းဘဝသို့ရောက်လာခဲ့သည်။

သူ၏နေရာဖြစ်သော ဗမာနိုင်ငံကျောင်းသားသမဂ္ဂဥက္ကဋ္ဌနေရာကိုကား ထိုနှစ် တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌဖြစ်သူ



ကိုဟိန်း(ယခုကွယ်လွန်)ပင် မွေးဆောက်တင်မြှောက်ခြင်းခံရလေသည်။

ထိုသို့တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့ခြင်းမှာ သူလုပ်ချင်သော နိုင်ငံရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ လုပ်ကိုင်လို၍၎င်း၊ စည်းရုံးရေးတွင်ရောရဲရဲဖြစ်နေသော ပါတီစည်းပုံကို ပြုပြင်စည်းရုံးလို၍၎င်း၊ ဖြစ်လေ့ရှိအထွေထွေအတွင်းရေးမှူးဖြစ်လာလာချင်း ဗိုလ်ချုပ်သည် စံနစ်ကျပြီးမြန်သော စည်းရုံးရေး လုပ်ငန်းများကို စတင်တော့၏။ ထိုအချိန်က သူနှင့်တပြိုင်တည်း နိုင်ငံရေးလုပ်ရင်း သခင်ဖြစ်သော သခင်နု၊သခင်သိန်းဖေ၊သခင်လှဖေတို့၏ အကူအညီ အကြံဉာဏ်ကို ရရှိခဲ့သည်။

၁၉၃၈-ခုနှစ်သည်ကား ၁၉၄၁-ခုနှစ် (ဒုတိယကမ္ဘာစစ်)ဟိုဘက်ပိုင်းမှာ ဗမာ့သမိုင်းတွင် အလွန်အရေးကြီးလှသောနှစ်ပင် ဖြစ်လေသည်။ အကြောင်းမူကား ထိုနှစ်တွင် ဗမာနိုင်ငံတွင်မကြုံဘူးသော ပြည်သူလူထုစည်းရုံးမှုများဖြစ်ပေါ်ခဲ့ရာ "၁၃၀၀-ပြည့်နှစ်အရေးတော်ပုံကြီး" ပေါ်ပေါက်ခဲ့သောကြောင့်ပင်တည်း။

ထိုနှစ်တွင် ဒုတိယဗမာ-မွတ်စလင် အဓိကရုဏ်းကြီးဖြစ်ပွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေပြင်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com

ဥပဒေကြမ်းကိုလည်း ဒေါက်တာ ဘမော်တို့ အစိုးရ
လွှတ်တော်တွင် တင်သွင်းအတည်ပြုသောနှစ်ဖြစ်ခဲ့သည်
ဗိုလ်ချုပ်တယောက် မရှိသော်လည်း တက္ကသိုလ် သမ
ခေါင်းဆောင် ကိုဗဟိန်း၊ ကိုလှရွှေ၊ ကိုသိန်းဖေ
ကိုလှမောင် (စာရှုပ်ပြည်ရောက်ဗမာသံအမတ်ကြီးဟောင်း
တို့မှာ ၁၉၃၆-ခုနှစ်၊ သပိတ်က ချမှတ်ခဲ့သော လမ်း
အတိုင်း ပြတ်သား တင်းမာစွာ ဆောင်ရွက် ကြလေ
ကျောင်းသားတုို့၏ စည်းရုံးမှုအင်အားကို တောင့်တင်း
ရရှိခဲ့၏။ တို့ဗမာအစည်းအရုံး၏ တိုးတက်သော ခေါ
ဆောင်မှုကြောင့်လည်း ရေနံမြေအလုပ်သမား တောင်
လယ်သမားများ ရပ်ကွက်တွင်လည်း စည်းရုံး ညီညွတ်
ရအောင် လှုံ့ဆော်ဖန်တီးနိုင်ခဲ့သည်။

နိုင်ငံရေးစကားဖြင့်ဆိုရသော် ထိုနှစ်တွင် ဗြိတိသျှ
နယ်ချဲ့သမားအား လူထု အုံကြွ တော်လှန်ရေးနည်းဖြင့်
တိုက်ရန် အဆင်သင့်ရင့်ရော်မှည့်ဝင်းနေသော အခြေအနေ
မျိုးသို့ ရောက်နေခဲ့သည်ဟု ဆိုရပေမည်။

ထို့ကြောင့် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌကိုဗဟိန်းနှင့်
အထွေထွေ အတွင်းရေးမှူး ကိုဗဆွေတို့ မကွေးမြို့သို့
ကျောင်းသားကိစ္စဖြင့် သွားရောက်စဉ် အစိုးရက ဖမ်းဆီး
ချုပ်နှောင် လိုက်သည်မှအစပြုပြီး၊ ရန်ကုန် တက္ကသိုလ်နှင့်



တကွဗမာတပြည်လုံးရှိ ကျောင်းများသို့ ကူးစက်ပျံ့နှံ့
သွားခဲ့သော ဒုတိယအကြိမ် ကျောင်းသားသပိတ် အရေး
တော်ပုံကြီး ဖြစ်ပေါ်လာလေတော့သည်။

ထိုစဉ်အခါက ဗမာပြည်တွင် ခေတ်မှီစည်းရုံးမှု
သဘောသက်ဝင်သော အလုပ်သမားအသင်းအဖွဲ့ဟူ၍ မရှိ
သေး၊ ရေနံမြေအလုပ်သမားများသာလျှင်ဂိုဏ်ဂဏ်အတက်
ကြွဆုံးဖြစ်ခဲ့သည်။ ထို့ကြောင့် ရေနံမြေ ,သပိတ်မှောက်
အလုပ်သမားတပ်ကြီး အလုံးအရင်းနှင့် ရန်ကုန်သို့ ချီတက်
လာခြင်းကို နန်းရင်းဝန် ဒေါက်တာဘမော်၏ အစိုးရအဖွဲ့
နှင့် ဗြိတိသျှဘုရင်ခံတို့ပါ မျက်လုံးမျက်ဆန်ပြူးပြီး တုန်
လှုပ်ခြောက်ခြားခဲ့လေသည်။

ရန်ကုန်လမ်းတလျှောက် အမြို့မြို့မှနေ၍ အလုပ်
သမားတပ်ကြီးကို ပုလိပ်တို့ကတားဆီးကြသေး၏။ သို့သော်
စည်းကမ်း သေဝပ်စွာနှင့် လူထုအင်အား အရသာလျှင်
ချီတက်လာခြင်းကြောင့် ပုလိပ်တို့၏ အဓမ္မ တားမြစ်ခြင်း
မှာ မအောင်မြင်ခဲ့ပေ။

ရေနံမြေ အလုပ်သမားတို့၏ အုံကြွ လှုပ်ရှားမှုနှင့်
တကွ သမဂ္ဂဥက္ကဋ္ဌကိုဗဟိန်း၊ အတွင်းရေးမှူး ကိုဗဆွေတို့
ဖမ်းဆီး ခံရခြင်းကြောင့် ဆူပူမကြေနပ် ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားထု၏ အခြေအနေကို နိုင်ငံရေး အမြင်တွင် အလွန်တန်ဘိုးရှိသော အခြေအနေပင်ဖြစ်ကြောင်း သခင် အောင်ဆန်းအမှူးရှိသော လူငယ်နိုင်ငံရေး ခေါင်းဆောင် များက ကောင်းစွာသဘောပေါက်ခဲ့ကြလေသည်။

ရေနံမြေ အလုပ် သမား တပ်ကြီး ရန်ကုန်မြို့သို့ ဆိုက်ရောက်လာချိန်တွင်ကား ရန်ကုန်တက္ကသိုလ်နှင့် ဗမာ နိုင်ငံအရပ်ရပ်ရှိကျောင်းသားအားလုံးသပိတ်မှောက်နေကြ ပြီးလျှင် တတိုင်းပြည်လုံး နိုင်ငံရေးကြွေးကြော်သံတွေ နယ် ချဲ့ဆန့်ကျင်ရေး ဟစ်အော်သံတွေ ဆူညံလျက်ရှိနေပေပြီ။

ဗိုလ်ချုပ်အောင်ဆန်းမှာ ထိုအချိန်ကကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌ မဟုတ်တော့ဘဲ၊ တို့ဗမာ အစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းသာ ဖြစ်နေ ရာရန်ကုန်တက္ကသိုလ်နှင့်ဆိုလျှင် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ ကော်မီတီလူကြီး တဦးအဖြစ်သာ တိုက်ရိုက်ဆက်သွယ်မှုရှိ နေတော့၏။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းကား ကျောင်းသား လူထုကြားထဲမှ ပေါ်ထွက်လာသော ကျောင်းသားခေါင်း ဆောင်တဦးပီပီ တို့ဗမာ အစည်း အရုံး၏ နိုင်ငံရေး လုပ်ငန်းတွေ လုပ်နေသည့် ကြားက တက္ကသိုလ်နှင့်



ကျောင်းသားသမဂ္ဂကို သံယောဇဉ် မပြတ်နိုင်ပေ၊ ထို ကြောင့် အားလပ်ချိန်ရတိုင်း တက္ကသိုလ်သမဂ္ဂခေါင်း ဆောင်များနှင့် အတူရင်းနှီးစွာ ဆွေးနွေးခြင်း၊ အကူအညီ အကြံဉာဏ်ပေးခြင်းစသဖြင့် တိုက်ရိုက်အားပေးခဲ့လေသည်။

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံကြီးတွင် ဗိုလ်ချုပ် သည် ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း၊ ကိုလှရွှေ ကိုဗဆွေတို့လောက် နာမည်မထင်ရစေကာမူ စတင်သပိတ် မှောက်သည့်ကိုစွ၊ ရေနံမြေအလုပ်သမား သပိတ်တပ်ကြီး ချီတက်ရေးကိစ္စ၊ ကျောင်းသားဗိုလ်အောင်ကျော်ကျဆုံးပြီး သပိတ်မှောက် ကျောင်းသားတွေ အာဏာဖီဆန်ခံသည့်ကိစ္စ၊ အာ-အီး-တီ ဘတ်စ်ကားအလုပ်သမားများ သပိတ်မှောက် သည့်ကိစ္စတွေအားလုံး၌လှုပ်ရှားမှု၏နောက်ကွယ်မှ တိုက်ရိုက် အကြံဉာဏ်ပေးအစီအစဉ်များပြုလုပ်ပေးသွားခဲ့လေသည်။

ထိုအရေးတော်ပုံနှစ်က အဖြစ်အပျက် အကြောင်း ခြင်းရာတွေကို စုံလင်အောင် ဖေါ်ပြနေမည်ဆိုလျှင်ကျယ် အုံ့စိုး၍ ညှိမျှနှင့်ပင် ကော်လိုက်ရပါတော့သည်။

သို့သော်....ဗမာတနိုင်ငံလုံး ကြိမ်မီးအုံးသလို ဆူပူ အုံကြွကာ ပြည်သူလူထုကြီး၏ စည်းလုံးညီညွတ်မှုကိုမကြုံ



www.burmeseclassic.com

www,burmeseclassic.com

ဘူးအောင်ရရှိခဲ့သော ၁၃၀၀ပြည့် အရေးတော်ပုံကြီး၏ ထင်ရှားသည့် အကျိုးသက်ရောက်မှုတခုကား ဒေါက်တာဘမော်ခေါင်းဆောင်သော ညွန့်ပေါင်း အစိုးရအဖွဲ့မရှုမလှ ပြုတ်ကျခဲ့ခြင်းပင်ဖြစ်ပါသတည်း။

*　　*　　*　　*



"တော်လှန်ရေးသမားဗိုလ်ချုပ်အောင်ဆန်း"

ဗမာတွေအပေါ် စေတနာရှိလှပါသည်။ ဗမာ့လွတ်လပ်ရေးတိုက်ပွဲအတွက် အကူအညီပေးချင်လှပါသည်ဆိုသော ဂျပန်တို့ကား ဗမာပြည်တွင်းသို့ချင်းနင်းဝင်ရောက်မိသည်နှင့်တပြိုင်နက်သူတို့၏ဇာတိရုပ်ကိုဖုံးကွယ်မနေတော့ဘဲ ဘွင်းဘွင်းပေါ်အောင် လုပ်ကိုင်ပြုမူနေကြလေပြီ။

ပစ္စည်းယူလုသတ်၊ အပြစ်တင်သူတွေကို ပါးရိုက်၊ အမျိုးသမီးတွေကိုမတရားကျင့်ခြင်းစသည်တို့ကားဗမာပြည်ရှိ ဂျပန်စစ်တပ်တွေက ထမင်းစားရေသောက်သလို မကြာမှန်



www.burmeseclassic.com

www.burmeseclassic.com

ကြီးပြုကျင့်သွားကြသော သေခင်းကျန်းမှုများပင်ဖြစ်လေတော့သည်။

ဖက်ဆစ်စံနစ်အရ လူထုခေါင်းပေါ်တွင် ဒါးမိုးကာ အာဏာဖြင့် တင်းမာခက်ထန်စွာ ဗမာပြည်သူလူထုအပေါ် စိုးမိုးလျက်ရှိသော အစွမ်းကုန်ရက်စက်ကြမ်းကြုတ်လှသော ဂျပန်စစ်ပုလိပ်(ကင်ပေတိုင်)အဖွဲ့ကလည်း ဂျပန်ဆန့်ကျင်ရေးအရိပ်အငွေ့ဟူသမျှသုတ်သင်ခြေမှုန်းလျက်ရှိလေသည်။

သို့ရာတွင် စိတ်လိုက်မာန်ပါ မစုံးစမ်းမဆင်ခြင်ဘဲ တခုခုလုပ်ရန်မဖြစ်နိုင်ကြောင်း၊ အခြေအနေကလည်း မပေးကြောင်းကို ဟိုင်နန်ကျွန်းတုံးကတည်းကအတွေ့အကြုံကြောင့် ဗိုလ်ချုပ်သည် ကောင်းစွာသိရှိခဲ့လေသည်။

ဖက်ဆစ်အာဏာရှင် စံနစ်လက်အောက်တွင် စံနှင့်မကျသော လှုပ်ရှားမှုများသည်အကျိုးများဘို့ထက်အကျိုးယုတ်ဘို့ကပိုများသည်။ တကယ်ထိရောက်အောင်မြင်သည့် တော်လှန်ရေးမည်သည်အဘက်ဘက်ကပြည့်စုံအောင် စည်းကမ်းစံနစ်ကျစွာ စည်းရုံးပြင်ဆင်ရန် အထူးလိုအပ်သည်။

ဤအချက်များကို ဗိုလ်ချုပ်သည် လေးနက်စွာ



သုံးသပ်တွေးတောခဲ့၏။ ဂျပန်လိုလက်နက်ပြည့်စုံပြီး ရက်စက်ကြမ်းကြုတ်သော ရန်သူအား တော်လှန်တိုက်ရန်ကား တာဝန်ကြီးမားသလောက် ပြည်သူလူထုအဘို့ အန္တရာယ်များကြောင်းကိုလည်း ကြိုတင်မြင်ခဲ့မိ၏။

ယို့ကြောင့်ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ဗမာ့တပ်မတော်မှ ရဲဘော်များကိုမဟိုပြုရှဲ ဖက်ဆစ်တော်လှန်ရေးပြင်ဆင်မှု၊စည်းရုံးမှုများကအထူးပိုဃိသိုသိပ်စွာပြုလုပ်ခဲ့လေသည်။

စင်စစ်အားဖြင့် ဗိုလ်ချုပ်သည် ဂျပန်အားပြန်လည်တော်လှန်ရန် အစီအစဉ်အားလုံးကို ၁၉၄၃-ခုနှစ် မကုန်မီပြင်ဆင်ပြီးစီးလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ သို့သော် ပြင်ဆင်မှုများကား လက်တွေ့လုပ်ရာ၌ ထင်သည့်အချိန်အပိုင်းအတွင်းမပြီးမြောက်ခဲ့ပေ။ မပြီးခြင်းမှာလည်း ထိုမျှခက်ခဲနက်နဲသောအရေးတော်ပုံကြီးအတွက်ဖြစ်ကာတတ်ဆန်းပြင်ဆင်မှုများဖြင့် ဗိုလ်ချုပ်ကမကျေနပ်နိုင်သောကြောင့်ဖြစ်လေသည်။

ပြည်သူလူထုကြီးအားဂျပန်ဆန့်ကျင်ရေးစိတ်ဓါတ်တွေလှုံ့ဆော်ပေးရန်ကိစ္စ၊ တော်လှန်ရေး တပ်သားတို့၏ ရိက္ခာဖြည့်တင်းရေး၊ သယ်ယူပို့ဆောင်ရေး၊ အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com

ဆက်သွယ်ရေးကိစ္စများမှာ ၁၉၄၃-ခုနှစ်အတွင်းပြည့်ပြည့်စုံစုံ မပြီးမြောက်သေးသော ပြဿနာ ရပ်များပင် ဖြစ်လေသည်။

အိန္ဒိယရှိ မဟာမိတ်စစ်ဌာနချုပ်နှင့်မူ ၁၉၄၃ ခုနှစ်ကုန်လောက်တွင် လျှို့ဝှက်စွာ ဆက်သွယ်ခဲ့၏။ သို့သော် ဂျပန်အား အတိအလင်းလက်နက်စွဲကိုင် တော်လှန်ရန်ကိစ္စကို ဗိုလ်ချုပ်က အလောတကြီးမလုပ်ဘဲ၊ သေချာစွာ စဉ်းစားချိန်ဆခဲ့လေသည်။ ဂျပန်အာဏာပိုင်တို့မှာ မျက်ခြေမပြတ် အကဲခတ်နေသည်ဖြစ်၍ ဗိုလ်ချုပ်တို့အနေနှင့် ခြေလှမ်းတချက်မှားယုံနှင့်အပြစ်ကင်းမဲ့သောပြည်သူလူထုအပေါ် ဒလကြမ်းညှဉ်းပမ်းရက်စက်တော့မည့် အရေးကို အထူးပင် စိုးရိမ်ခဲ့မိ၏။

ရန်ကုန်မြို့ဂိုဏ်ဒင်ဘယ်ရီလမ်းရှိ သခင်သန်းထွန်းနေအိမ်တွင် အကြိမ်ကြိမ်လျှို့ဝှက် စည်းဝေးဆွေးနွေးခဲ့ခြင်း၊ အိန္ဒိယရောက် ရဲဘော်ကိုသိန်းဖေနှင့် ဆက်သွယ်ကာ ဗမာလူငယ်အချို့အား တိတ်တဆိတ်အိန္ဒိယပြည်သို့ လေ့ကျင့်ခန်းယူရန်စေလွှတ်ခြင်း၊ ဗမာ့တပ်မတော်မှရဲဘော်များကိုလည်း တော်လှန်ရေးနှင့်ပတ်သက်၍ သဘောတရားရေး၊ စစ်ရေးသင်တန်းများပေးခြင်းအစရှိသောပြင်ဆင်မှုများကို ရှေးဦးစွာဂရုစိုက်ပြုလုပ်ခဲ့လေသည်။



၁၉၄၄ ခု-ဩဂုတ်လ ၄-ရက်မှ ၇-ရက် အတွင်းမှာမူ ဗိုလ်ချုပ်ကိုယ်တိုင် ခေါင်းဆောင်၍ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး (ဖ-ဆ-ပ-လ)ကို ပဲခူးမြို့တွင် လျှို့ဝှက်စွာ ဖွဲ့စည်းအောင်မြင်ခဲ့လေသည်။

ထိုနောက် တော်လှန်ရေးအတွက် အသေးစိတ် ပြင်ဆင်မှုများကို တဘက်ကလုပ်၍ တဘက်ကလည်း ဗမာ့တပ်မတော်စစ်ဌာနချုပ်တွင်(ပြည်သူ့ဆက်ဆံရေးဌာနချုပ်ကြီး)ဟူ၍ သီးသန့်ဖွင့်လှစ်ကာတပ်မတော်နှင့် ပြည်သူလူထု ရင်းနှီးစွာချဉ်းကပ်ဆက်ဆံရေးအစီအစဉ်များကို ဗိုလ်ချုပ်ကပင် ညွှန်ကြားပြုလုပ်ခဲ့လေသည်။

တဖန်ဗိုလ်ချုပ်ခြေလှမ်းမှန်သမျှကို မျက်ခြေမပြတ် အကဲခတ်ကြည့်နေသော ဂျပန်တွေက ယုံမှားသံသယမဖြစ်အောင်လည်း "ရန်သူကို အပြုတ်တိုက်ရန်"ဟု အကြောင်းပြလျက် တပ်မတော်ပြန်လည်ဖွဲ့စည်းပြီး ယခင်ကဂျပန်တွေထားခိုင်းသောနေရာတွင်နေရသည့် တပ်မတော်၊ တပ်ရင်း၊ တပ်ခွဲတို့ကိုလည်း ဗိုလ်ချုပ်တို့ စစ်ဦးစီးဌာနချုပ်က ညွှန်ကြားထားသည့် နေရာသစ်များသို့ စခန်းပြောင်းနေစေခဲ့လေသည်။

"ရန်သူ"ဆိုသည်မှာအင်္ဂလိပ်လော၊ဂျပန်လောဟူ၍



www.burmeseclassic.com

www.burmeseclassic.com

ကား ဗိုလ်ချုပ်ကဖွင့်ဟာမပြောခဲ့ပေ။ ထို့ကြောင့်နောက်ဆုံး အချိန်အထိ တပ်မတော် သို့မဟုတ် တော်လှန်ရေးအင်အား စုများနှင့်အဆက်အသွယ်မရှိသူတို့က ဗိုလ်ချုပ်တို့၏စစ်ပြင် ဆင်မှုမှာ ရန်သူအင်္ဂလိပ်ကိုပင် တိုက်ခိုက်ရန်ဟုထင်မှတ်မှား ကြလေသည်။

၁၉၄၅-ခု နှစ်ဆန်းလတ်သော် ဖက်ဆစ်တော်လှန် ရေးပြင်ဆင်မှုအရပ်ရပ်သည် ပြီးစီးလုပြီဖြစ်လာသည်။ ဂျပန် တို့ကလည်း တကယ်ဘဲအင်္ဂလိပ်ကို တိုက်ခိုက်တော့မည်ဟု ယုံကြည်နေခဲ့ကြသည်။

ထိုအချိန်အထိ မဟာမိတ်စစ်ဌာနချုပ်နှင့် ဆက်သွယ် မှုရရှိသည်ဆိုလင့်ကစား၊ ဗမာ့တော်လှန်ရေး တပ်သားနှင့် တပ်မတော်တို့၏ နောင်ရေးနှင့်တကွ ဂျပန်ကို ကူညီတိုက် ထုတ်ပေးသည့်အတွက် အခွင့်အရေးတစုံတရာကို ပေးလိမ့် မည်ဟူသော ဂတိစကားလည်းမရသေးဘဲ၊ မရေမရာဖြစ်နေ သေးသည်။ သို့သော် ဗိုလ်ချုပ်က "အို-ဘာဘဲဖြစ်ဖြစ်ဗျာ မဟာမိတ်တွေဆီက ဘာအခွင့်အရေးမှ မရချင် နေပစေ ကျုပ်တို့ဟာကျုပ်တို့ ဂျပန်ကိုတော်လှန်ကြမယ်၊ ဒါမှလဲ ကမ္ဘာက ကျုပ်တို့ဟာ တကဲ့ဖက်ဆစ် ဆန့်ကျင်ရေးသမား တွေဆိုတာသိလာလိမ့်မယ်" ဟု ပြတ်သားစွာပြောဆို အကြံ ပေးရာက ၁၉၄၅-ခုနှစ်၊ မတ်လ ၂၇-ရက်နေ့တွင် ဗမာ



နိုင်ငံသမိုင်းတွင် ထင်ရှားစွာ မော်ကွန်းတင်ထားရအံ့သော ဖက်ဆစ် တော်လှန်မှု အရေးတော်ပုံကြီးသည် အကောင် အထည်ဖြစ်ပေါ်လာလေတော့သည်။

အထက်ပါ အချက်အလက်များကို ထောက်ရှုခြင်း အားဖြင့် ဘယ်သူက ဘယ်လိုဝေဘန်စေကာမူ ဗိုလ်ချုပ် အောင်ဆန်းသည် တကယ်ပြောင်မြောက် ပြတ်သားသော တော်လှန်ရေးသမားအစစ် တယောက်ဖြစ်ကြောင်းထင်ရှား လှပေတော့သတည်း။

\+ + + +



www.burmeseclassic.com

www.burmeseclassic.com

## ရခိုင်သို့ စည်းရုံးရေး ခရီးထွက်စဉ်က

၁၉၄၆ ခု၊ မတ်လ ၄-ရက်၊ တနင်္လာနေ့နံနက် ၁၀-နာရီအချိန်တွင် ရန်ကုန်မြို့ ပြည်လမ်းမကြီး အတိုင်း မြောက်ဘက်သို့ ခပ်မြန်မြန် မောင်းနှင်သွားလျက် ရှိသော ၃-တန်စစ်မော်တော်ကားကြီးတစင်းကို သေချာစွာ ကြည့်လိုက်ရမည်ဆိုလျှင် ၎င်းစစ်ကားထဲ၌ အင်္ဂလိပ်၊ ကုလား ကပ္ပလီစစ်သားဟူ၍ တယောက်မျှမပါ၊ ကားမောင်းသူမှာ ဗမာအရပ်သား တယောက်ဖြစ်လျက်၊ ကားထဲတွင်လည်း ကာကီဖဲဦးထုပ် ဆောင်းထားသော အသက် ၅၀-ခန့် ဗမာလူကြီး နှစ်ယောက်၊ အသားဖြူဖြူဝဝ ဗလကောင်း ကောင်းနှင့် ရှပ်လက်တိုအဖြူ စစ်ဘောင်းဘီရှည်အစိမ်းရောင်



ဝတ်ထားသောလူရွယ်တယောက်နှင့် ကာကီရှပ်ဘောင်းဘီရှည်ဝတ်ထားသော ဗမာလူငယ် ၃-ယောက်တို့ကိုတွေ့ရပေလိမ့်မည်။

ကားမောင်းသူအနီးတွင်ကား၊ ကာကီရှပ်လက်တို၊ ကာကီဘောင်းဘီရှည်ဝတ်ထားပြီး၊ ဦးခေါင်းချွန်ထွက်နေသည်ကိုထင်ရှားစွာ ဖေါ်ပြနေသည့် ကတုံးဆံတောက်နှင့် မျက်မှောင်ကုတ်လျက်နေသူ အသက် ၃၀-ခန့် လူရွယ်ထိုင်လျက်လိုက်ပါသွားလေသည်။ သူကား ဖ-ဆ-ပ-လ အဖွဲ့ကြီး၏ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်းသည် ရခိုင်ပြည်၏အခြေအနေများကိုစုံစမ်းလေ့လာရန် ရန်ကုန်မှ ထွက်ခွာလာခြင်းဖြစ်ရာ၊ သူနှင့်အတူ ဟသ်ာတဦးမြ၊ ဦးအောင်ဇံဝေ၊ (ရခိုင်ခေါင်းဆောင်)နှင့် သခင်ဂတင်ကြီးတို့လည်း ပါလာလေသည်။

ဗိုလ်ချုပ်၏နောက်တွင် ပြည်သူ့ရဲဘော် တပ်အဖွဲ့ဝင် တပ်မတော်အရာရှိဟောင်းများလည်း လိုက်ပါလာကြသည်။ ယခု သူတို့တောင်ဂုတ်လမ်းမှတဆင့် ရခိုင်ပြည်သို့ သွားရန်ခရီးထွက်လာကြသည်။

သခင်မြ

မူလအစီအစဉ်တွင်ဗိုလ်ချုပ်အောင်ဆန်း၊ ဟသ်ာတ…



www.burmeseclassic.com

www.burmeseclassic.com

ဦးမြ၊ ပျော်ဘွယ်ဦးမြတို့ ရခိုင်ပြည်သွားရန်ရှိခဲ့သော်လည်း ခရီးထွက်သောအခါ ပျော်ဘွယ်ဦးမြတယောက်မပါသဖြင့် နယ်ထွက်သွားသော သခင်မြ၊ သို့မဟုတ် သခင်ဝတင်လိုက်ရန်အတွက် သခင်ဝတင်ကြီးလိုက်လာခြင်းဖြစ်သည်။

ညနေ ၄-နာရီအချိန် နတ္တလင်းသို့ရောက်ကြသော် တောင်သူလယ်သမားအစည်းအဝေး လုပ်နေသောသခင်မြတို့ လူစုကိုသွားတွေ့ရလေသည်။ ကြိုတင်အကြောင်းကြားထားခြင်းမရှိသော်လည်း ဗိုလ်ချုပ်အောင်ဆန်းက "သခင်မြဘဲလိုက်ခဲ့ပါဗျာ" ဟု ခေါ်သောအခါ သူ့ခမြာမငြင်းမဆန် ချက်ချင်းပင်ထလိုက်လာခဲ့သည်။

သခင်မြကား ၁၉၄၁-ခုနှစ်၊ ကျောက်တော်မြို့၌ပွဲလုပ်သော ရခိုင်အမျိုးသား ကွန်ဂရက်၏ညီလာခံသဘင်သို့ ဗမာအစည်းအရုံးကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ဘူးသူဖြစ်၍၊ ယခုအကြိမ်ပါဆိုလျှင် သူရခိုင်ပြည်သို့သွားသည်မှာ နှစ်ခေါက်ရှိတော့မည်၊ ရခိုင်ပြည်လိုက်မည်ဟုအားခဲ၍ လိုက်လာသော သခင်ဝတင်ကြီးကား၊ နတ္တလင်းမှာဆင်းကျန်ရစ်လေတော့သည်။

### ဦးအောင်ဇံဝေ

ရခိုင်ပြည်သွားအဖွဲ့အင်အစစအရာရာစီမံခန့်ခွဲဆော်ဩ



သူမှာ ဦးစီးအဖွဲ့ဝင် ရခိုင် အမျိုးသား ခေါင်းဆောင် ဦးအောင်ဇံဝေပင်ဖြစ်လေရာ၊ မော်တော်ကားစက်ပျက်နေခြင်းကြောင့် သူကြိုတင်ရေးဆွဲထားသည့်အတိုင်း နံနက် ၆-နာရီတိတိရန်ကုန်မှ ထွက်မည်ဟူသော အစီအစဉ် ပျက်ကွက်ခဲ့ရသည့်အတွက် အလွန်စိတ်ညစ်လျက် မျက်နှာမသာယာရှိခဲ့လေသည်။

ထိုနောက် ပြောင်းစီးသော မော်တော် ကားက အလွန်ကောင်းမွန်၍ ထိုနေ့ညနေ ၁နာရီခွဲလောက်တွင် ရွှေတောင်သို့ ချောမောစွာရောက်သွားတော့မှ-

-'အင်း-ဒီကားကကောင်းပေလို့ အချိန်မှီရွှေတောင်သို့ ရောက်လာတော့တယ်၊ တယ်ကောင်းတဲ့ကားဘဲ၊ ဟဲ-ဟဲ-ဟု—

သူ၏ကျုံ့နေသော ရှေ့သွားနှစ်ချောင်း ပေါ်အောင် ဦးအောင်ဇံဝေမှာ ရယ်လာနိုင်တော့သည်။

### တောင်ဂုတ်လမ်း

မတ်လ ၄-ရက်နေ့ညတွင်ပင် ရွှေတောင်မှ ပန်းတောင်းဘက်သို့မြစ်ကိုကူး၍အိပ်ကြပြီးနံနက် ၇-နာရီအချိန်



www.burmeseclassic.com

www.burmeseclassic.com

တွင် ပန်းတောင်းမှ မော်တော်ကားဖြင့် တောင်ဂုတ်လမ်း
အတိုင်း ခရီးဆက်ထွက်ကြလေသည်။

တောင်ဂုတ်လမ်းကား၊ ရခိုင်ပြည်နှင့်ဗမာပြည်ဆ[...]
သွယ်သွားလာရေးအတွက် အကောင်းဆုံးလမ်းဖြစ်၍ [...]
[...]ကြာ ပြုပြင်ထားသည်ဆိုသော်လည်း လမ်းမှာ အလ[...]
ကြမ်းတမ်းလျက်ပင်ရှိသေးလျက်၊ မော်တော်ကား ၂[...]
ကောင်းစွာရှောင်သာအောင်ကျယ်ဝန်းသည့်နေရာ အလ[...]
ရှားလောက်အောင် ကျဉ်းမြောင်းလေသည်။

ယမန်နေ့ညက ကောင်းစွာ အိပ်မရသောကြော[...]
ကားပေါ်တွင် လူအားလုံးမှာ ငိုက်မြည်း၍ လာကြလေ[...]
မကြာမီ အိပ်ငိုက်ရာမှ မျက်လုံးကျယ်လာသော အဖြစ်သ[...]
ရောက်ရလေတော့သည်။

တကွဲကိုချောက်ကျပြီ

မိုင်တိုင် ၄၀-ကိုကျော်လွန်ပြီးနောက် ကျွန်တော်တို့
၏ မော်တော်ကားသည် အကွေ့တနေရာတွင် နွားလှည်း
တစီးကို ရှောင်တိမ်းလိုက်ရာ၊ ကားမောင်းသမားက နွား
ကိုတိုက်အံ့စိုး၍အရှောင်လွန်သွားသောကြောင့်၊ မော်တော်
ကား၏ လက်ဝဲဘက် ၂-ဘီးသည် တောင်ကမ်းပါးယံဖြင့်



ကပ်လျက်ရှိသော တတောင်ခန့်နက်သည့် ရေစီးမြောင်း
ကလေးထဲသို့ ဖြုံးကနဲ ကျသွားလေတော့သည်။

အရေးထဲတွင် စက်ပါရုတ်တရက် ရပ်သွားပြန်လေ
ရာ၊ ဘက်ထရီအားနည်းလှသော ကျွန်တော်၏ မော်တော်
ကားမှာမတုန်မလှုပ်ချောက်ထဲတွင် ငြိမ်နေလေတော့သည်။
စိတ်မြန်လက်မြန်နှင့် အမြဲတမ်းထကြွကြွရှိသော ဟင်္သာတ
ဦးမြက-

"ကဲ-ကဲ-ငိုင်နေလို့ မပြီးဘူး၊ အားလုံးပိုင်းတွန်းကြ
ရအောင်၊ ယော့-ကားမောင်းတဲ့သူငယ်၊ လုပ်စမ်းပါအုံး
ကွ၊ ဟိုဘက်က ရဲဘော်တွေကော တွန်းကြလေ"

ဟု-ဆော်ဩလိုက်သဖြင့်၊ ကျွန်တော်တို့တတွေမှာ
မနေသာဘဲ မော်တော်ကားကို တွန်းကြရတော့၏။

ကား၏လက်ျာဘက်တွင် ဦးအောင်ဇံဝေနှင့်သခင်မြ
တို့ပါ ချွေးတဒီးဒီးနှင့် တွန်းနေကြရာ သခင်မြ၏နောက်
နားတွင်ကပ်လျက် ဗိုလ်ချုပ်အောင်ဆန်းပါ ကူ၍တွန်းနေ
ရှာလေသည်။

"ကဲ-လုပ်ကြစမ်း ယောကျ်ားဘသား"ဟု



www.burmeseclassic.com

www.burmeseclassic.com

ညာသံပေး၍ အားကုန်ဝိုင်းတွန်းကြ၏၊ သို
ကားက တုတ်တုတ်မျှမလှုပ်၊ ငြိမ်ချက်သား ကော
တော့သည်။

"တယ်ဂွကျတဲ့ ကားဘဲ" ဟု စိတ်မရှည်
ဦးအောင်ဇေယျ ငြီးလိုက်ရာ လူကြီးသလောက်
မြန်သော ဟသ်ာတ ဦးမြက "အို...ဒါတွေရှောက်
နေလို့ အပိုဘဲဗျာ၊ ကဲ-ကားနောက်ဘီးကို ဂျိုက်ထေ
ပြီး မြှောက်ကြည့်ရအောင် ဟေ့-သူငယ်တွေ ရဲဘော်
ကော လာလာလုပ်ကြရအောင်"

ဟု ပြောပြောဆိုဆိုမော်တော်ကား နောက်ဘီ
ဂျိုက်ထောက် မြှောက်ကြည့်ပြီး တွန်းကြည့်ကြပြန်၏
သော် အချိန်နှစ်နာရီပင်၊ တဖန်အနီးသို့ ရောက်လာသော
သမားအချို့ကိုပါခေါ်ကာ၊ လူပေါင်း ၂၀-ခန့် ဝိုင်း
ကြပြန်၏။ ဤတွင် ကားရွေ့ပါ၏။ သို့သော်...လမ်း
သို့ မတက်၊ ကျွန်တော်တို့ကားမှာ တကွဲကို "ချောက်
နေလေတော့သည်။

မနပ်သောထမင်းနှင့် ဖုတ်လှုံးသော ငါးခြောက်

မော်တော်ကားတွန်းမရ၍ ချေးတပီးပီးနှင့် ကြ



အမြန်ကထမင်းမစားရသေးသည်ကိုသတိရပြီး၊ ဝမ်းဟာ
လာလေသည်။ ထို့ကြောင့် မော်တော်ကားဆရာတို့အား
ဆက်ကိုကြိုးစားပြင်ရန်ခိုင်းပြီးပါလာသောဆံနှင့် ထမင်းကို
ချက်ကြလေသည်။

နာရီဝက်ကြာသောအခါ မနပ်သောထမင်းတအိုး
ဖြစ်လာ၏။ ငါးရံ့ခြောက် ၃-ပြားမီးဖုတ်ပြီး၊ မနပ်တနပ်
ထမင်းပူပူကို ပြာအလှုံးလှုံး မြေကြီးအလှုံးလှုံးငါးခြောက်
ဘော်နှင့် လွေးရသည်မှာ ဆာလောင်နေလွန်း၍လားမသိ
အလွန်စား၍မြိန်ကြ၏။

အချိန်သုံးနာရီကျော်ကျော်ကြာသွားပြီးမှမော်တော်
ကားစက်သည် ရှဘ်တရက်နိုး၍ရလေတော့သည်။စက်နိုးပြီး
အရှိန် ပြင်းပြင်းနှင့် တဟုန်တည်း မောင်းတက် လိုက်မှ
ကားသည် လမ်းပေါ်သို့ရောက်လာသောအခါ အားလုံး
ဝမ်းသာ၍မဆုံးနိုင်ဖြစ်ကြသည်။

မိုးညှီးထိတောင်

သို့နှင့်ပင် ခရီးဆက်ထွက်ကြရာကျွန်တော်တို့သည်
တဖြည်းဖြည်း မြင့်သထက်မြင့်လာသော တောင်ကြီးများ
ပေါ်သို့တက်လျက်ရှိကြောင်း သိရလေသည်။ (မိုးညှီးထိ
တောင်)ဟုခေါ်သောတောင်ကြီးကားအမြင့်ဆုံးဖြစ်လျက်
ငုံးတောင်ထိပ်ပေါ်မှအရှေ့ဘက်ရောဝတီမြစ်ကြီးကိုရင်း၊



www.burmeseclassic.com

www.burmeseclassic.com

အနောက်ဖက် ရခိုင်ပြည်ကမ်းရိုးတန်းဆီဒုင်း၊ လှမ်း၍ ကြည့်နိုင်လေသည်။

ပန်းတောင်းမှထွက်စဉ်ကစ၍ မြင်ရသောတောပတ်လည်ရှုမျှော်ခင်းတွင် အခက်အရွက်မရှိ ပကတိခြောက်သွေ့နေသည့်သစ်ပင်များကိုမြင်ခဲ့ရသော်လည်း ခရီးမိုင်(၆၀)ကျော်သွားသောအခါ ဤကားလမ်းဝန်းကျင်ရှိသစ်ပင်ဝါးပင် စိမ်းလန်းစိုပြေလာသည်ကို တွေ့ရသည်။

အခက်အလက်တို့ဖြင့် စိမ်းစိုသာယာသော သစ်ပင်ဝါးပင်တို့ကိုကြည့်ခြင်းအားဖြင့်ရခိုင်ပြည်ဘက်မှ ရာသီဥတုအခြေအနေကို ခန့်မှန်းသိနိုင်လေသည်။

'ရေပေါ်ကြီး'အမည်ရှိကုန်းမြင့်တခုကား အလွန်မြင့်မားမတ်စောက်လျက် အရှည်ဆုံးသော အတက်လည်းဖြစ်၍ ကား နွားလှည်းသာသာသွားသော ကျွန်တော်တို့၏ကားသည် တက်မှတက်နိုင်ပါမလားဟု စိတ်တထင့်ထင့်နှင့်လိုက်ပါလာကြသည်။

ယမန်နှစ်မိုးတွင်းက အာဖရိကတိုက်မှကပ္ပလီများမောင်းသော ကားကြီးပင် ၎င်းရေပေါ်ကြီး အတက်တွင် နောက်ပြန်ကျခဲ့လေသည်။



သို့ရာတွင် ကျွန်တော်တို့၏ကားကို လူတွေအကုန်ဆင်းစေပြီးနောက် တက်ကြည့်ရာခပ်ဖြည်းဖြည်းနှင့်အပေါ်သို့ရောက်သွားလေတော့သည်။

## ကျားသောင်းကျန်းသောစခန်း

ရေပေါ်ကြီးစခန်းသို့ ကျွန်တော်တို့ ရောက်သောအခါ ညနေ ၆-နာရီ ထိုးလုနီးပြီဖြစ်၍ နာရီဝက်မျှ ထပ်သွားပြန်သော် နေမှာလုံးလုံးဝင်သွားလျက် တဖြည်းဖြည်းမှောင်လာတော့သည်။

ကျွန်တော်တို့ စီးလာသောမော်တော်ကားမှာ ရှေ့မီးလုံးများထွန်းမရအောင်ပျက်နေရာကျဉ်းမြောင်းလှသော တောင်ပေါ်လမ်းများ၌ မီးမပါဘဲ မော်တော်ကားမောင်းရန် အလွန်အန္တရာယ်များလှသဖြင့်၊ မိုင်တိုင်(၇၀)အလွန်တွင် ကျွန်တော်တို့၏မော်တော်ကားကိုထိုး၍ရပ်လိုက်ရလေတော့သည်။

တောကြီးထဲတွင် တညအိပ်ရချေတော့မည်၊ တောအလယ်ခေါင်အိပ်၍ ကိစ္စမရှိ၊ ထမင်းတနပ်ငတ်၍ အရေးမကြီး၊ တောင်ကုတ်လမ်းမှာလူသားစားကျားတွေသောင်း



www.burmeseclassic.com

ကျန်းနေသည်၊ ကပ္ပလီစစ်သားတွေ မကြာခဏ ကျား… ရသည်ဆိုသော သတင်းက အရေးကြီးလေသည်။

ထို့ကြောင့် ထိုနေ့ညက ဗိုလ်ချုပ်အောင်ဆန်း ဦးမြ၊ သခင်မြနှင့် ဦးအောင်ဇေယျတို့ကို မော်တော်ကား ပေါ်မှာအိပ်စေပြီး၊ ကျွန်တော်တို့ လူငယ်ရဲဘော်တွေ အလှည့်နှင့် ကင်းစောင့်ကြရ၏၊

ထိုနေ့ည ချောမောစွာလွန်မြောက်သွားလေသည်။

## ဒုက္ခပေးသောကား

နောက်တနေ့နံနက် မိုးသောက်ရသော် ဒုက္ခတမျိုး တွေ့ရပြန်၏။ မော်တော်ကားဘက်ထရီ အားကုန်သွား… စက်နှိုး၍မရတော့ပေ၊ ဝိုင်းတွန်းကြသေး၏။ သို့သော် ကားက ဇွတ်ပေ၍ ကပ်နေ၏။ အိပ်ရေးကလည်းပျက်၊ ထမင်းကလည်းဆာသည့်အထဲ၊ မော်တော်ကားစက်နှိုး၍မ… ပြန်၍ ကျွန်တော်တို့တတွေမှာ အတော်စိတ်ပျက်နေကြ… ပြီ၊ ထိုအခိုက်နွားလှည်း ၄-စီး ပန်းတောင်းဘက်မှ တ… လာသဖြင့် ၎င်းလှည်းဆရာများကို တောင်းပန်ပြီး ပစ္စည်း များကိုတင်ကာ လူတွေက ခြေလျင်လျှောက်ကြလေသည်။

(စလူ) အမည်ရှိ စခန်းတခုအနီးသို့ ရောက်သော် လှည်းတစီးမှ နွားတကောင်သည် မသွားတော့ဘဲ၊ လမ်းပေါ်တွင် ဇွတ်ပေအိပ်နေတော့၏။

ထိုအခါ မတတ်သာသော လှည်းဆရာသည်၊ ၎င်း နွားကို ဖြုတ်၍ နွားနေရာက သူကိုယ်တိုင် ဝင်ထမ်းပြီး စခန်းသို့ ရောက်အောင် လာခဲ့ရလေသည်။

(စလူ) စခန်းတွင် ကျွန်တော်တို့ လှည်းဆရာတွေ ထံမှ ထမင်း တောင်းစား ကြရသည်။ စလူ စခန်းမှ တဖန် လှယ်းအသစ်ငှါး၍ ဆက်ထွက်ကြပြန်ရာ ညနေ ၃-နာရီ ထိုးခန့်တွင် တောင်ကုတ်မှ ဗိုလ်ချုပ်တို့ကို ကြိုဆိုရန်ဆို၍ ကားကြီးတစီးတက်လာ၏။

၎င်းကားနှင့် ချက်ချင်းလိုက်လာမှ ညနေ ၅-နာရီခွဲ ခန့်တွင် ကျွန်တော်တို့တောင်ကုက်သို့ရောက်ကြတော့သည်။

## တောင်ကုတ်မြို့

တောင်ကုတ်မြို့ကား စစ်ကြီး၊ ဘေးဒဏ်ကြောင့်ပျက်စီး လျက်ရှိ၍ မြို့အတွင်းသို့ ပြန်ဝင်သူတွေ သိပ်မများသေး၊ အနီးအနားရှိ (နတ်မော်-မောင်ရွာ) စသော ရွာများသို့ ပြောင်းရွှေ့နေသူကများသည်။ မတ်လ ၇-ရက်နေ့တွင် နတ်မော်ရွာ ဘုန်းကြီးကျောင်း၌ လူထုစီးဝေးပွဲပြုလုပ်ပြီး ဗိုလ်

www.burmeseclassic.com

ချုပ်အောင်ဆန်း၊ ဟသ်ာတဦးမြ၊သခင်မြဦးအောင်ဇေ ဝေ
နှင့် ဗိုလ်အောင်မင်း(ပြည်သူ့ရဲဘော်)တို့ အသီးသီး ဟော
ပြောကြသည်။

ဟောပြောပွဲအပြီးတွင်တောင်ကုတ်မှ လူကြီးတချို့
က သူတို့မှာ အလွန်ချောင်ကျသော မြို့ဖြစ်၍ မြန်မာပြည်
နှင့် အဆက်အသွယ် ပြတ်ခဲ့ကြောင်း၊ စာနယ်ဇင်းများ
မရောက်သဖြင့်ပညာဗဟုသုတ နည်းပါးကြောင်းပြောသည်
တွင် ဗိုလ်ချုပ်အောင်ဆန်းက အစည်းအဝေး လာသော
အမျိုးသမီးအချို့ကို ညွှန်ပြရင်း....

"အမယ်....ခင်ဗျားတို့ဆီကို သတင်းစာတွေဘာတွေ
သာ မရောက်တာ မိန်းခလေးတွေ ခေါင်းက အမောက်
ကလေးတွေလုပ်တာ ခေတ်ဆန်ဆန် ဖော်စားတာဆိုတဲ့
ရန်ကုန် ဖက်ရှင်တွေတော့ အရောက် သွားကိုး၊ဗျ" ဟု
ဆိုလိုက်ရာ-

ကျွန်တော်တို့လူသိုက်တွင် ဝါးကနဲပွဲကျသွားလေ
သည်၊ နောက်မှ

"ဒါကတော့ ဒီလိုပါ တခါတုန်းက ရုပ်ရှင်ကိုသာ
ရောက်ပါတယ်၊ နောက်ပြီး ဒီကမိန်းခလေး တချို့ ဟာ



န်ကုန်သွားပြီး ကျောင်းနေကြတာက စလို့ ဘာပညာ
ဟုသုတမှယူမလာတောင် ခေါင်းက "အမောက်"စတဲ့
က်ရှင်သစ်တွေတော့ ယူလာပါတယ်"ဟု

ကျွန်တော်တို့နှင့် အတူ ပါလာသော သံတွဲသား
သာညွန့်က ရှင်းပြလေသည်။

မတ်လ ၈-ရက်နေ့ မွန်းလွဲ တချက်တီးချိန်တွင်
တောင်ကုတ်မှစစ်တွေသွားရန် မီးသင်္ဘောနှင့်ထွက်ကြရလေ
သော့သည်။ရခိုင်ပြည်တပြည်လုံးတွင်လူစီးမီးသင်္ဘော ၄-စီး
သာ ရှိသည်ဟု ကြားသိရသည်။

ထို့ကြောင့်ပင်လျှင် ဗိုလ်ချုပ်အောင်ဆန်းတို့စီးနင်း
က်ပါသွားသော သင်္ဘောမှာ လူတွေထိုင်စရာမရှိအောင်
ည်ကြပ်နေလေတော့သည်။ သင်္ဘောသည် ရခိုင်ကမ်းရိုး
တိုင်း အတွင်းမြစ်များမှ အထက်သို့ ဆန်တက်သွားရာ
ချက်တချက်တွင် အနောက်စူးစူး၌ ကမ်းမမြင်ရသော
င်လယ်ရေပြင်ကြီးကို မြင်ရသည်။ ရေမြေ တောတောင်
ကျောက်ဆောင်တွေ၊ အုံးပင်တောကြီးတွေနှင့်ရခိုင်ပြည်၏
တာဝရှုမြော်ခင်းကား အထူးသာယာလှလေသည်။

လမ်းဟွင်ရမ်းဖြူးကျောက်ဖြူမြို့များသို့ဖြတ်သွားရ၏၊
န့်တက်သွားရင်း စကားပြောသံတို့သည်တရွာထက်တရွာ



www.burmeseclassic.com

www.burmeseclassic.com

(ဝဲ)သထက်(ဝဲ)လာသည်ကိုလည်း သတိပြုမိ၏။ သက္ကဋ္ဌ လူများစကားပြောပုံက အလျဉ်းမပဲပကတိဇာတ်သံကြဲသို့ပြ ပြီသ၏။ စစ်တွေနယ်ရောက်သောအခါ၌ကား--

"သူတို့ ခပ်မြန်မြန်ပြောသွားလျှင် ကျွန်တော်တို့ နားမလည်နိုင်တော့ပါ"

ဟု-သံတွဲသားများက ဆို၏။

စစ်တွေအခြေအနေ

တောင်ကုတ်မှနေ့စဉ်ညအိပ်ခရီးသွားလျှင် မဘီလ ၁၀ ရက်နေ့ညတွင် စစ်တွေမြို့သို့ သင်္ဘောဆိုက်ကပ်တော့သည်။ စစ်တွေမြို့ကား အလွန်ပျက်စီးလျက်ရှိ၏။ စစ်ဘက်ဆိုင်ရာ မြို့ကို ယခုတိုင် သိမ်းထားသေးသဖြင့် မြို့သူမြို့သားများမှာ စစ်တွေနှင့် ဂ-မိုင်ကွာ ကြက်ကိုင်းတန်းသို့ စစ်မော်တော် ကားများ အချောင်မစီးရလျှင် ကုန်းကြောင်းရှောက်ကြ ရ၏။

စစ်တွေမှသင်္ဘောစီးခရီးသွားလျှင်သင်္ဘောလက်မှတ် အပြင် အရေးပိုင်ထံမှ လက်မှတ်တစောင် ယူရသေး၏။ သင်္ဘောဆိပ်သို့လည်း လူအများမလာရ၊ လူလာကြိုလျှ င် စပါယ်ရှယ်လက်မှတ်တောင်းရသေး၍ ကျွန်တော်တို့



ကုန်သို့ ဂျပန်ဝင်စက "ဘူးသီးကျော်" လက်မှတ်တွေ ခိုးကြီးပုံကို ပြေးသတိရမိလေသည်။

ဦးပညာသီဟနှင့်ကိုကြာလှအောင်

စစ်တွေမြို့တွင် ဆရာတော် ဦးပညာသီဟနှင့် ရခိုင် ကျောက်ကျား ခေါင်းဆောင် တဦးဖြစ်သော ကိုကြာလှ အောင်တို့ကို ကံအားလျော်စွာ သွားတွေ့လေသည်။ သူ တို့ကား မြေလဆန်းတွင် ကျင်းပလတံ့သော ရခိုင်တိုင်း ဆိုင်ရာ ညီလာခံအတွက် စိုင်းပြင်း နေရင်း မကြာမီက ပြည်မှုနှင့်မသက်ဆိုင်ဟုဆိုပြီး (ဖ-ဆ-ပ-လ)အဖွဲ့ဝင် အချို့ ကို ဖမ်းထားခြင်း ကိစ္စကို ဆောင်ရွက်ရန် စစ်တွေသို့ ရောက်နေကြပြီဖြစ်၍ ဗိုလ်ချုပ် အမှူးရှိသော ဗမာပြည်မှ ခေါင်းဆောင်များကိုမခမျှော်လင့်ဘဲ မြင်လိုက်ရသောအခါ တို့တွင် တအားတက်သွားတော့၏။

လူထုအစည်းအဝေး

နောက်တနေ့ နေ့လည် ၁၁-နာရီတွင် ငုင်းကြက် ဆန်းအရပ်မှာပင် လူထုအစည်းအဝေး ပြုလုပ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးပညာသီဟက နာယက ဦးအောင်ဇံဝေက အကျိုးဆောင်အဖြစ် ဆောင်ရွက်ကြသည်။

ဦးအောင်ဇံဝေကား ရခိုင်သံ ပီပီသသလေးလေးကြီးဖြင့် (ဖ-ဆ-ပ-လ)၏အဂ်ိပ္ပါယ်ကို လူတိုင်း နားလည်အောင် ရှင်းပြနိုင်၏။ဗိုလ်ချုပ်အောင်ဆန်းနှင့်သခင်မြတို့က ဗမာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများနှင့် လုံး၀ လွတ်လပ်ရေးစခမ်းသို့ မည်သို့ လှမ်းရမည်ကို ရှင်းလင်းဟောပြောကြ၏။

ဟသံ့ာတ ဦးမြက လွတ်လပ်ရေးနှင့် စီးပွားရေးအကြောင်းကို ခပ်ရှင်းရှင်းဟောပြော၏။ ဗိုလ်အောင်မင်းက (ပြည်သူ့ရဲဘော်တပ်)အကြောင်း ရှင်းပြလေသည်။

## ရခိုင်ပြည်၏စီးပွားရေး

ရခိုင်ပြည်၏ မြို့တော်ဖြစ်သော စစ်တွေမြို့ကိုကြည့်ခြင်းအားဖြင့် ရခိုင်ပြည်၏ စီးပွားရေးအခြေအနေဆိုးနေပုံကို သိနိုင်လေသည်။ ဗမာပြည်မှာထက် ငွေရှားနေသည်။

ဗမာပြည်ဘက်ကဲ့သို့ပြည်တွင်းစားကုန်သောက်ကုန်တွေလည်းမထွက်၊ လမ်းပမ်းသွားလာရေးကလည်း ခက်ခဲ



လှသဖြင့် ကုန်ကူးသန်း ရောင်းဝယ်ခြင်း ပြောပလောက်အောင်မရှိပေ။

အိန္ဒိယပြည်ဘက်မှ ပလေကပ်လုံချည်၊ အထည်၊ ပိတ်အုပ်များ၊ အလှကုန်ပစ္စည်းများ တိတ်တဆိတ်သွင်းယူရောင်းချရာ၌လည်း၊ငွေရင်းများသောကုလားကုန်သည်ကြီးများကြားသို့ တိုးနိုင်သူရှားလှ၏။

တောင်သူလယ်သမားတွေမှာလည်း လယ်ခွန်တော်ပေးရန်ငွေမရှိကြ၊ ယမန်နှစ်က စစ်တလင်းဖြစ်ခဲ့၍ ရခိုင်ပြည်မှာ၊ ဆန်စပါးကောင်းစွာမစိုက်ပျိုးနိုင်သဖြင့်၊ရှေ့နှစ်အဘို့ ဆန်စပါးမလုံလောက်ဟု ခန့်မှန်းရရှိ၏။

## ကျောက်တော်

ဗိုလ်ချုပ်အောင်ဆန်းတို့သည် မတ်လ ၁၂-ရက်နေ့တွင် စစ်တွေမှကျောက်တော်မြို့သို့ မီးသင်္ဘောဖြင့်ခရီးထွက်ကြပြန်လေသည်။ လမ်းတွင်မြို့ဟောင်း၌ ထညအိပ်ရသည်။ ၁၃-ရက်နေ့လည်တွင် ကျောက်တော်မြို့သို့ ရောက်ကြ၏။ ကျောက်တော်မြို့ကလူများသည်တင်ကြိုသတင်းရနှင့်၊ သင်္ဘောမဆိုက်မီကပင်၊မြိုင်လှေများဖြင့်အားတက်သရေကြိုဆိုလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျောက်တော်သင်္ဘောဆိပ်တွင်ကြိုဆိုသူများအနက် လေထီးသမားဆောင်းဦးထုပ်၊ အမေရိကံရှပ်အင်္ကျီ၊ ရခိုင်လုံချည်အနီ တို့ဖြင့် တံဆာဆင်ထားသော ခပ်ဝဝလူရွယ် ထဦး ပြုံးဖြီးဖြီးနှင့် ရပ်နေသည်ကိုတွေ့ရ၏။ အနီးသို့ ရောက်မှ ထိုသူမှာ ရဲဘော်ကြီး ကိုညိုထွန်း (ရခိုင်ပြောက်ကျားခေါင်းဆောင်) ဖြစ်နေလေ၏။

ဦးအောင်ဇံဝေ၊ ကိုညိုထွန်းတို့၏ နေရင်းဌာနဖြစ်၍ လားမသိ၊ ကျောက်တော်မြို့နယ်မှာ အလွန်နိုးကြားထကြွ အားကျဘွယ်ရာကောင်းသော နယ်ပင်တည်း။ ဖ ဆ ပ လ အဖွဲ့၊ လူငယ်အစည်းအရုံး၊ အမျိုးသမီးများအဖွဲ့စသည်ဖြင့် အလွန်မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လေသည်။

## ရခိုင်မင်္ဂလာဆောင်

ကျောက်တော်မြို့ ရောက်သည့်နေ့တွင် ဟသ်ာက ဦးမြ၊ သခင်မြ၊ ဦးအောင်ဇံဝေတို့လူကြီးစုက ၅-မိုင်ကွာ မဟာမြတ်မုနိဘုရားသို့ ဖူးမျှော်ရန်သွားကြ၍ လူငယ်တစု ဖြစ်သောဗိုလ်ချုပ်အောင်ဆန်း၊ကိုညိုထွန်း၊ဗိုလ်အောင်မင်း နှင့် ကျွန်တော်တို့က ထိုနေ့ညနေက ရခိုင်မင်္ဂလာဆောင်ပွဲ တခုသို့ သွားကြည့်ကြ၏။

မင်္ဂလာဆောင်သတို့သားသည် အိပ်ယာလိပ်ပစ္စည်းများယူ၍ နောက်လိုက်နောက်ပါမိတ်ဆွေများနှင့် သတို့သမီးအိမ်သွားကာညစဉ်နှင့်ပိုင်းမင်္ဂလာဆောင်ပွဲတွင်မိန်းခလေးများ လာရပုံ သတို့သမီး သတို့သား မင်္ဂလာထမင်းစားကြပုံတို့ကို ဗိုလ်ချုပ်တို့တတွေက စိတ်ဝင်စားဘွယ် ကြည့်ရလေသည်။

## ခရီးစဉ်

မတ်လ ၁၄-ရက်နေ့တွင် ကျောက်တော်မြို့၌ လူထုစည်းဝေးပွဲပြုလုပ်ပြီး ၎င်းညနေဦးပင် မြို့ဟောင်းသို့လှေဖြင့် ပြန်ခဲ့ကြသည်၊ တညလုံးမအိပ်ဘဲသွားရပြီး နောက်တနေ့ နံနက် ၁၀-နာရီထိုးမှ မြို့ဟောင်းသို့ ရောက်တော့သည်။

နေ့ ၁၂-နာရီ၌ မြို့ဟောင်း၌ အစည်းအဝေးပွဲလုပ်ပြီး ညနေ ၃-နာရီအချိန်တွင် (မြောင်ဘွေ)ခေါ် ရွာကြီးသို့ ၁၀-မိုင်ခရီးဖြင့်ခြေလျင်လျှောက်သွားရသည်။ မြောင်ဘွေတွင် ညစာစားပြီး၊ ညတွင်းပင် လှေဖြင့်ဆက်သွားရပြီး နံနက်အာရုံတက်ချိန်မှ မင်းပြားမြို့သို့ရောက်လေသည်။

မတ်လ ၁၆-ရက်နေ့နံနက် မင်းပြား၌ တရားဟော ပြောကြပြီး ၎င်းနေ့မွန်းလွဲချိန်တွင် စစ်တွေမှ လာသော မီးသင်္ဘောနှင့် ကျောက်ဖြူမြို့သို့ လိုက်ကြပြန်သည်။ လမ်းတွင် မီးသင်္ဘောအမြေပုံမြို့တွင်တညအိပ်သဖြင့်မြေပုံမြို့ပေါ် တက်ပြီး ဗိုလ်ချုပ်တို့ စကားပြောရသေး၏။ ၁၇-ရက်ညနေတွင် ကျောက်ဖြူမြို့သို့ဆိုက်ရောက်လာပြန်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဖြူမြို့မှာလည်း မြို့တွင်းသို့ မြို့သူမြို့သားများမလာရသေး၊ (အောက်တော့ဘောင်း) လုပ်ထား၍ ညအချိန်သွားမိလျှင် သေနတ်ပစ်ခံရမည်ကိုပင် ကြောက်ရသေးသည်။ မြို့သူမြို့သားများကား ၈ မိုင်ကွာ ရွာတရွာတွင်စုရုံးနေထိုင်လျက်ရှိကြ၏။ ၁၆ ရက်နေ့ည ကျောက်ဖြူ၌ စည်းဝေးပွဲပြုလုပ်၍ နောက်တနေ့နံနက် ခရီးဆက်ထွက်ရာ၊ ၁၇ ရက်နေ့မွန်းတည့်သော် ရမ်းဗြဲသို့ ရောက်ကြလေသည်။ ရမ်းဗြဲတွင် ၂ ရက်နားကြရသည်။

## ထိကြပြီ

ရမ်းဗြဲသို့ ရောက်သောအခါ ကျွန်တော်တို့လူသိုက်မှာ အတော်ပါးနေလေပြီ၊ ဗိုလ်အောင်မင်း (ပြည်သူ့ရဲဘော်)မှာ ငှက်ဖျားရောဂါပြင်း၍ ဆေးများ ထိုးရ၏။ ဟင်္သာတဦးမြမှာလည်း ခရီးပန်းလွန်းသဖြင့်အလွန်နွမ်းနယ်နေလေပြီ။

သူကား ကောင်းစွာမကျန်းမာဘဲ၊ကြိုးစား၍လိုက်လာခြင်းဖြစ်၍ သူ၏ဇွဲသတ္တိကို မချီးမွမ်းဘဲမနေနိုင်၊ သခင်ဦးမြ၊ ဦးအောင်ဇံဝေနှင့်ဗိုလ်ချုပ်တို့မှာလည်း မလဲသေးစေကာမူ အတော်(ထိ)နေကြောင်း သူတို့အား အကဲခတ်၍သိနိုင်လေသည်။



## ခရီးကြမ်းကြီး ၂၂ ရက်

ရမ်းဗြဲမှ မတ်လ ၂၀ ရက်နေ့တွင် မီးသင်္ဘောဖြင့်ထွက်ရပြန်ပါသည်။ သံတွဲသို့ သွားရန်ဖြစ်သည်၊ သို့သော် တောင်ကုတ်နီးလာသောအခါသင်္ဘောကသံတွဲမသွားတော့ တောင်ကုတ်ကပင် ဧစ်ကွေ့မှတဆင့် စစ်တောင်းလှည့်ပြန်ရမည်ဟု သိရပြန်သည်။

သံတွဲသို့ ကားသွား၍မဖြစ်ပေ၊ ဗိုလ်ချုပ်တို့တောင်ကုတ်သို့ရောက်စကပင် မျှော်လင့်နေကြပြီးမလာသဖြင့် စိတ်ပျက်နေကြသော သံတွဲနယ်သူနယ်သားများအလိုကိုမငြင်းနိုင်ပါ၊ (ထို့ကြောင့် ဟင်္သာတ ဦးမြ၊ဗိုလ်အောင်မင်းတို့အား တောင်ကုတ်မှဆင်းစေပြီး၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြနှင့် ဦးအောင်ဇံဝေတို့က တောင်ကုတ်ချောင်းဝမှ လှေဖြင့်သံတွဲသို့တညလုံးအပြင်းသွားရန်စီစဉ်ရတော့သည်။

သို့နှင့်ပင် မတ်လ ၂၁ - ရက်နေ့နံနက်တွင် သံတွဲသို့ ရောက်ကြလေသည်။ ယင်းနေ့တွင်ပင် သံတွဲ၌အစည်းအဝေးလုပ်ပြီး ည ၁၀-နာရီအချိန် လှေဖြင့် ပြန်ထွက်ကြရာ၊ နောက်တနေ့နံနက် ၁၁-နာရီမှ တောင်ကုတ်သို့ရောက်ကြလေသည်။ တောင်ကုတ်မှတဖန် မော်တော်ကားဖြင့် ဆက်ထွက်သော် တနေ့လုံးတညလုံး မောင်းရပြီး နံနက်စော



www.burmeseclassic.com

www.burmeseclassic.com

စော ၁-နာရီခွဲမှပန်းတောင်းရောက်ကြသည်။ပန်းတောင်းတွင် ၂၃-ရက်နေ့တွင် တရားဟောရသေးသည်။

၂၃-ရက်နေ့ညရွှေတောင်ဘက်ကူးအိပ်ပြီး ၂၄-ရက်နေ့နံနက် ရွှေတောင်မှရန်ကုန်သို့ထွက်ခဲ့ကြရာ ည၈-နာရီခွဲ ရန်ကုန်သို့ဆိုက်ရောက်ပြီး ၂၂-ရက်မျှသောခရီးကြမ်းကြီးကို ဗိုလ်ချုပ်တို့ အဆုံးသတ်မိကြလေသည်။

## မည်သူမျှမညည်းညူ

ဤမျှရှည်လျား၍ ကြမ်းတမ်းသော ခရီး၌ ဗမာ ခေါင်းဆောင်ကြီးများသည်မည်မျှပင်ပမ်းခဲ့သည်ကိုစာဖတ်သူများတွေးကြည့်နိုင်ပေလိမ့်မည်။ သို့သော် မော်တော်ကားတွန်းရာ၌ရင်း၊ ခြေလျင်လျှောက်ရာ၌ရင်း၊ ဆင်းရဲစွာလှေစီးရာ၌ရင်း၊ မည်သူမျှမညည်းညူကြ၊ အထူးသဖြင့် အသက်အရွယ် အကြီးဆုံး ဖြစ်သော ဟသ္သာတ ဦးမြ ချီးကျူးထိုက်လှသည်။

သံတွဲ သင်္ဘောမရသဖြင့် ညချင်း သွားရသည်မှာ ပင်လင်ပြင်ကိုလှေငယ်ကလေးဖြင့်ဖြတ်ကူးသွားရသဖြင့်နှ မောက်မြို့သားဗိုလ်ချုပ်အား ကျွန်တော်တို့သည်ပင်လယ် ဖြတ်နေကြောင်းမပြောရဲကြပေ၊ညအချိန်ဖြစ်၍ "လှိုင်းတ ကြီးပါလား" ဟုသာသတိပြုမိပြီး ပတ်ဝန်းကျင်လဟာပြ းကို ဗိုလ် ချုပ် ကြည့်ရှုမိဟန်မတူပေ။ သံတွဲမှ တောင် တ်သို့အရောက်လှေဖြင့်လာခဲ့ရသည်မှာလည်း နာရီပေါင်း နာရီလှေထဲတွင် ကျဉ်းကြပ်စွာနေရ၏။

## ဗိုလ်အောင်ဆန်းကို မမြင်ဘူးသူများ

ရခိုင်ပြည်ကား မည်သည့် နိုင်ငံရေးခေါင်းဆောင်မှ ည်းမသွားချင် သွားလည်း မသွားခဲ့သော ဒေသဖြစ်၍ လ်ချုပ်အောင်ဆန်းလာသည်ဟူသော သတင်းကိုကြားရသည်နှင့် ရခိုင်လူထု ပရိတ်ကြီးထဲတွင် အလွန်အားတက် မ်းမြောက်လျက် ဗမာပြည်မှလူများပင်အားလုံးမမြင်ဘူးသော ခေါင်းဆောင်ကြီးတဦးကိုမြင်ရတော့အံ့ဟုသောင်း သောင်းဖျဖျလာရောက်ကြ၍နိုင်ငံရေးတရားနာလာကြ၊ မြို့ ောင်း၊ရမ်းဗြဲ အစည်းအဝေးများသို့ခရီးမိုင် ၂၀ ကျော် ားသော ရွာများမှ လာရောက်ကြ၏။

သံတွဲမြို့စည်းဝေးပွဲသို့ကား မိုင် ၄၀ အထိဝေးကွာ သောရွာများမှ ညအိပ်ညနေကြိုးစား၍လာကြကြောင်းသိ သောအခါ ကျွန်တော်တို့မှာမအံ့သြမချီးမွမ်းဘဲမနေနိုင်၊ နှစ် ၁၀ နှစ်သားအရွယ် ကလေးများမှအစ၊ အသက် ၁ ကျော် အဘိုးကြီးအမယ်ကြီးများအထိနေပူရှိန်အလွန်



www.burmeseclassic.com

www.burmeseclassic.com

ပြင်းသော နွေရာသီအချိန်တွင် ဆင်းရဲပင်ပမ်းခံကာ ကြ၏။

တိုင်းပြည်လွတ်လပ်ရေးကို မရရအောင်ယူမည်ဟု သော သံမဏိစိတ်ဓာတ်ဖြင့် နိုင်ငံရေးဆောင်ရွက်နေသော ဗိုလ်ချုပ်အောင်ဆန်းအမည်ရှိ ပုဂ္ဂိုလ်ထူးအား၊ သူတို့သည် ကြည့်ရင်း၊ နိုင်ငံရေးတရားနာလာကြခြင်း ဖြစ်လေသည်။

ဟယ်ာတ ဦးမြ တောင့်ထား

သံတွဲမြို့ အစည်းအဝေးကြီးကား၊ ရခိုင်ပြည်တွင် လူအများဆုံးတက်ခဲ့၍ပရိတ်သတ် ၁၀၀၀၀ ခန့်လာရောက် သည်။ သံတွဲအစည်းအဝေးပွဲ မဏ္ဍပ်တွင်း၌ ဆွဲချိတ်ထား သော ကြွေးကြော်သံများသည် စာလွန်စိတ်ဝင်စားဖွယ် ကောင်းသည်။

အောင်ဆန်း တောင့်ထား

"နောက်က လူထုရှိသည်"
"ဘုရင်ခံ နောက်က လူထုမရှိ"
"ဟား...ဟား ဘုရင်ခံဝါနေပြီ"
"၁၈ နှစ်ပြည့်သူတိုင်း မဲပေးခွင့်ပေး"



စသည်ဖြင့် ရေးထားခြင်းကြောင့် သံတွဲမှလူများ မည်မျှခေတ်မှီနေကြသည်ကိုသိနိုင်လေသည်။ တရားဟော ၁ငမြင့်နှင့် မျက်စောင်းထိုးတိုင်တတိုင်တွင် "ဟယ်ာတဦးမြ တောင့်ထားစမ်းပါ"ဟုသောပိုစတာကိုမြင်ရ၍၊ ဗိုလ်ချုပ် က သခင်မြကို ပြုံး၍ညွှန်ပြ၏။

"ဦးမြပါမလာတာ နာတာဘဲဗျာ"

ဟု ဦးအောင်ဇေယျက တောင့်တလိုက်သေး၏။

ရဲဘော်များ၏ မိဘများ

သံတွဲမြို့၌ ဗမာ့ခေါင်းဆောင်ကြီးများကို ကြိုဆိုနေ ကြသူများအနက် မြို့မိမြို့ဖများ အစည်းအရုံး အဖွဲ့ခေါင်း ဆောင်များ၊ အမျိုးသမီးများ၊ ပြည်သူ့ရဲဘော်များအပြင် ကျဆုံးသော ရဲဘော်များ၏မိဘများကိုလည်းစီတန်းလျက် တွေ့ရ၏။ ပြည်သူ့ ရဲဘော် တပ်အဖွဲ့က ဗိုလ်ချုပ်အား အလေးပြုပြီးနောက် ဗိုလ်ချုပ်သည် ၎င်းရဲဘော်ဟောင်း မိဘများရပ်နေရာသို့ဖြတ်ရှောက်သွား၏။ ဗိုလ်ချုပ်ကိုမြင်ရ သောအခါ သူတို့တတွေမှာ ဝမ်းသာဝမ်းနည်း ဖြစ်လျက် သူတို့၏မျက်လုံးများမှာလည်း တောက်ပြောင်၍လာလေ သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့၏ ရင်နှစ်သီးခြာ သားရတနာ များကား တခါက ဤပုဂ္ဂိုလ်နှင့်အတူ တိုင်းပြည် လွတ်လပ်မှုအတွက် ကြိုးပမ်းတိုက်ခိုက်ခဲ့ကြ၏။ ယခု ဗိုလ်ချုပ်အောင်ဆန်းကို မြင်ရသောအခါ လွန်လေပြီးသော သူတို့၏ အာဇာနည် သားကောင်းသားမြတ်များကိုအဘယ်မှာသတိမရဘဲနေနိုင် အံ့နည်း၊ ဗိုလ်ချုပ်က-

"ကျဆုံးတဲ့ ရဲဘော်တွေ အတွက် လျော်ကြေးရစရာ ရှိသေးတယ်"

ဟု- အားပေးစကား ပြောသောအခါ အတိုးကြီး တယောက်မှာ မျက်ရည်တွေလည်သျက် စကားမပြောနိုင် ဦးခေါင်းကိုသာ ငြိမ့်ရှာလေသည်၊ စိတ်ထဲတွင် တကယ် ထိခိုက်ဘွယ်ရာပင်တည်း။

ဖ-ဆ-ပ-လ တောင့်သည်

ရခိုင်ပြည်တွင် (ဖ-ဆ-ပ-လ) အဖွဲ့ချုပ်ကို မည်မျှ ယုံကြည်ကိုးစားရ၍ မည်မျှ(ဖ-ဆ-ပ-လ) အင်အားရှိသည်ကို ယခု ထင်ရှားစွာ သိရလေပြီ၊ ရခိုင်ပြည်တွင်(ဖ-ဆ-ပ-လ) မှတပါး နိုင်ငံရေးမရှိ၊ယခင်ကတည်ရှိခဲ့သောရခိုင်တိုင်းလုံး



ဆိုင်ရာ(ဖ-ဆ-ပ-လ)အဖွဲ့ချုပ် အဖြစ်သို့ ပြောင်းလဲလျက် ရှိလေပြီ။

ဖိနှိပ်ချုပ်ချယ်မှုများ

ဖက်ဆစ်ဂျပန်ကို ရှေ့ဦးစွာ တော်လှန်ခဲ့သောရခိုင် လူထုကြီးကား ယခုအခါ ဖိနှိပ်ချုပ်ချယ်မှုများကြောင့် မကျေမနပ်ဖြစ်လျက်ရှိသည်၊ ရခိုင် ပြောက်ကျားတပ်သား များ ဘာအကျိုးကျေးဇူးမှ ကောင်းစွာ မခံစားရ၊ ရခိုင် ပြည်မှမျိုးချစ်တပ်မတော်ဝင် ရဲဘော်ဟောင်းများ စစ်တပ် သို့ ပြန်ဝင်ရေး၌ လျစ်လျူရှုထားခြင်း ခံနေရ၏။

တော်လှန်ရေး ခေါင်း ဆောင် တဦး ဖြစ်သော ဆရာတော်ဦးစိန္တာအား ယခုထက်တိုင်ဂရုမ်းလုတ်ထား၏။ မြေပုံနယ်၌ ဗြိတိသျှတို့ ဝင်စက ကုလား စစ်သားများ သောင်းကျန်းစော်ကားခဲ့သည်ကိုလည်း အစိုးရက ဘာမှ အရေးမယူသေး၊ တဖန် ယခုဧပြီလဆန်းတွင် ရခိုင်ပြည်လုံး ဆိုင်ရာ(ဖ၊ဆ၊ပ၊လ) ညီလာခံသဘင် ကျင်းပရန်စိုင်းပြင်း နေကြစဉ်၊ (ဖ၊ဆ၊ပ၊လ)အဖွဲ့ဝင် အချို့ ဆိုး ရေးပြုမှုနှင့် မသက်ာမှုဖြင့် ဘမ်းဆီးခြင်း ခံရပြန်၏။

ဤအိုင်အော လက်ထက်ကအမှုကျပန်း လက်ထပ်က



www.burmeseclassic.com

www.burmeseclassic.com

အမှု၊ ဘာမှုညာမှု စသည်ဖြင့် အနှာခေါင်း အနှာဟောင်း တွေကိုလည်း ပြန်လည်တူးဖော်ကာ အမှုသစ်တွေဆင်လျက် ရှိသည်ကို ရခိုင် လူထုကြီးက မကျေမနပ် ရှိနေသည်။

ယခုဗမာခေါင်းဆောင်ကြီး ျပားဤသို့သွားရောက် လိုက်ခြင်းကြောင့် ရခိုင်လူထုကြီးတွင် တအားတက်လျက် ဗိုလ်ချုပ် အောင်ဆန်း အမှူးပြုသော (ဖဆပလ) အဖွဲ့ ချုပ်သာလျှင် လုံး၀ လွတ်လပ်ရေးစခန်းသို့ လမ်းညွှန် ပို့ ဆောင်ပေးနိုင်မည့်အကြောင်းရခိုင်တပြည်လုံး ကောင်းစွာ စွဲမြဲ ယုံကြည်လျက် ရှိပြီးဖြစ်သတည်း။

(၁၉၄၆ခု၊ ဧပြီလ ၆-ရက်နေ့ထုတ် ဂျာနယ်ကျော်မှ)



## စစ်သူကြီးဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းတွင် နေစဉ် အခြားကောလိပ်ကျောင်းသားများနှင့်အနေအထိုင် အပြုအမူ လုံး၀မတူဘဲ တမူခြားကာ လူ့ဂွစာတယောက် ဖြစ်ခဲ့ကြောင်းကို အထက်တွင် ဖေါ်ပြခဲ့ပြီးဖြစ်လေပြီ။

ဤအချက်ကို တိုခေတ်က သူနှင့်အတူ တက္ကသိုလ် ကျောင်း၌ နေခဲ့ဘူးသော ကျောင်းသား ဟောင်းများ အားလုံးက ကောင်းစွာသိခဲ့ကြသည်။ ကျွန်ုပ်တို့အနေနှင့်မူ ဗိုလ်ချုပ်၏ ပင်ကိုယ် သဘာ၀စရိုက် Character ကို ထိုစဉ်အခါကပင် တမျိုးတဖုံ မြင်ခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

... မမနတတ်ခြင်း၊ အားလပ်ချိန်ရတိုင်း စာအုပ်ဖတ် [illegible] သာ ဖတ်နေတတ်ပြီး လူ့လောကနှင့် လူ့ဘဝ၏ရည်မှန်း ချက် သဘောတရားကို လေးလေးနက်နက် တွေးတော စဉ်းစားနေတတ်ခြင်း၊ ပြောစရာရှိလျှင် မဖထောက်မညှာ အားမနာတမ်း ရှင်းရှင်းနှင့် ဘွင်းဘွင်း ပြောတတ်ခြင်း၊ ပြဿနာတခု ပေါ်ပေါက်လာလျှင် တွေဝေ စိုးရွံ့ [illegible] မရှိဘဲ၊ ထိုပြဿနာ၏ [illegible] အချက်အလက်များကို အမြန်အလျင် [illegible] ဆုံးဖြတ်ခြင်းပြီး ဖြေရှင်း ကျော်လွှား [illegible] နည်းလမ်းကို လျင်မြန်စွာ ရှာဖွေ [illegible] ပြနိုင်စွမ်းရှိခြင်း၊ မဟုတ်မ [illegible] မှန်လိမ်လည်လှည့်ဖြား ခြင်းကို စက်ဆုတ်၍ [illegible] ကိစ္စရပ်များကို အလွန်မြင့် [illegible] နှုန်းခြင်းစသော ဗိုလ်ချုပ်၏ စရိုက်လက္ခဏာ နှင့် အရည်အသွေး [illegible] တို့ကြောင့် သူ့ကိုကျွန်ုပ်တို့က ကော [illegible] ကျောင်းသား [illegible] လူဘော်ကြော့တယောက်အဖြစ်မမြင် [illegible] မြက် [illegible] သော လူထုခေါင်းဆောင်တယောက် ဖြစ်လာနိုင်မည့် [illegible] အလားအလာရှိသူတယောက်အဖြစ် မြင်ခဲ့မိသည်။

အထူးသဖြင့် ၁၉၃၆-ခု၊ သပိတ်ကြီးတွင်နှင့်သပိတ် အပြီး ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအသင်း ကြီးကို ဖွဲ့စည်းတည်ထောင်စဉ်အခါ က သူ၏ကြိုးပမ်းချက် နှင့် စည်းရုံးရေး စွမ်းရည်ကိုကြည့်ပြီး သူသည် လက်နက် ကိုင်စစ်သည်ရဲမက်တို့အား ဦးစီးကွပ်ကဲပြီး၊ သေနင်္ဂဗျူဟာ



စီစဉ် ကြည့်ကြပ်ရာ၌ အလွန် တူး ချွန် သော စစ်ရေး ခေါင်းဆောင် Military Leader သို့မဟုတ်စစ်သူကြီး ကောင်းတယောက် ဖြစ်လာနိုင်မည့် ပုဂ္ဂိုလ် တယောက် ဟူ၍ ထင်မြင်အကဲခတ်ခဲ့ကြသည်။

ထင်ခဲ့သည့်အတိုင်းလည်း၊ ၁၉၄၂-ခု၊ နှစ်ဦးတွင် ဗမာပြည်တွင်းသို့ သုံးရောင်ချယ် ဒေါင်း အလံကြီးကို ကြွားကြွားဝင့်ဝင့် လွှင့်ထူချီတက်လာသော ဗမာ့လွတ်လပ် ရေးတပ်မတော်ကြီး၏ သေနာပတိအဖြစ် ဗိုလ်ချုပ်အောင် ဆန်းကို ကျွန်တော်တို့ ဝမ်းမြောက်၊ ဝမ်းသာ မြင်ခဲ့ကြ ရလေသည်။

ကောလိပ်ကျောင်းသားဘဝက လူရာမဝင်သော သူတယောက်ဟု အထင် အမြင် သေးခံရသူ အညတြ ကိုအောင်ဆန်းကား ဗမာနိုင်ငံကျွန်ခေတ်သမိုင်းတွင်ပထမ ဆုံးပေါ်ထွက်လာသည့် ဗမာ့လက်နက်ကိုင် စစ်တပ်မတော် ကြီး၏ ဦးစီးဗိုလ်ချုပ် ဗိုလ်တေဇခေါ် ဗိုလ်အောင်ဆန်း ဖြစ်လာလေပြီ။

"တိုင်းပြည်အတွက် ငါတို့၏ အသက်ကိုစွန့်ပါအံ့" ဟု-ကြွေးကြော်အဓိဋ္ဌာန်ပြုထားသော မျိုးချစ်ဗမာ လူငယ်အပေါင်းတို့ကလည်း သူတို့၏စစ်သူကြီး ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းအား အကြွင်းမဲ့ ယုံကြည်အားကိုးခဲ့ကြသည်၊ လေးစားမြတ်နိုးခဲ့ကြသည်။

စစ်ဝတ်စုံ ယူနီဖောင်းနှင့် ဗိုလ်ချုပ်ကို ကြည့်ရင်း ကမ္ဘာကျော် ပြင်သစ်စစ်သူကြီး သေနင်္ဗျူဟာ ပါရဂူ နပိုလီယန်ကို သတိရမိသည်။

နပိုလီယန်သည်လည်း ကာယဗလ တောင့်တင့် ခန့်ညားခြင်းမရှိခဲ့၊ အင်္ဂလိပ်မှာလည်းထူးခြားပေါ်လွင်ခြင်း မရှိခဲ့၊ သို့သော်....သူ၏စစ်မှုရေးရာ ကျွမ်းကျင်မှုနှင့်ခေါင်း ဆောင်မှု အရည်အချင်းကြောင့် ၁၉-ရာစုနှစ်က ဥရောပ တတိုက်လုံး သိမ့်သိမ့်တုန် ခြောက်ခြားသွားခဲ့ရ၏။

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းသည် ခန့်ညား ထွားကြိုင်းသော ဟန်ပန်မျိုးမရှိစေကာမူ ကမ္ဘာကပင် အသိအမှတ်ပြုရသော စစ်ရေး ခေါင်းဆောင်ကြီး တဦး ဖြစ်လာခဲ့သည်။

"ဗိုလ်ချုပ်သာ ရှေ့ဆောင်ရင် သေမဲ့လမ်းကို သွားရပါစေ၊ ဝန်မလေးဘဲ ပြေးသွားပါမယ်" ဟူသော စိတ်ဓာတ်မျိုး ဗမာ့တပ်မတော်သား ရဲဘော်တိုင်း၏ စိတ် ဝယ် ထာဝစဉ် ကိန်းအောင်းခဲ့လေသည်။

ဤကား စစ်သူကြီးကောင်းတို့၌ရှိအပ်သော လက်



အောက်ငယ်သား စစ်သည်ရဲမက်တို့၏ အကြွင်းမဲ့ ယုံကြည် လေးစားမှု အရည်အချင်း ဗိုလ်ချုပ်တွင်အလိုအလျောက် ပြည့်စုံနေခြင်းပင် ဖြစ်လေသည်။

ဗမာပြည်ရှိ ဗြိတိသျှတို့ကား အလိုလိုမှ ကြောက်ရွံ့မ ဘဲ၊ တုန်လှုပ်လျက်ရှိသည်တွင် ဗမာပြည်သူလူထုတရပ်လုံးက ဗြိတိသျှ ဆန့်ကျင်ရေးစိတ်ဓါတ်တွေ ပြင်းထန်စွာ ဝင်နေ ခြင်း၊ ဂျပန်စစ်တပ်နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း၏ ဘီ၊ အိုင်၊ အေ တပ်မတော်ကြီးပါ ထိုးစစ်ဆင်၍ ဝင်ရောက် လာခြင်းတို့ကြောင့် အလွန် ခြောက်ခြားကာ ခံစစ်ကိုပင် စနစ်တကျမစည်းရုံးနိုင်တော့ဘဲ၊ ကစင့်ကလျား ဆုတ်ခွာ ပြေးရတော့သည်။

၁၉၄၂-ခုနှစ်၊မတ်လ ၈ ရက်နေ့တွင်ရန်ကုန်မြို့ကြီး ကျဆုံး၍ မေလ ၄ ရက် နေ့ တွင် မူ မန္တလေး မြို့ကို ဘီ၊အိုင်၊အေနှင့် ဂျပန်တပ်များက ဝင်ရောက်သိမ်းပိုက်မိခဲ့ ကြသည်။

ဗမာပြည်မှ ဗြိတိသျှစစ်တပ်အကြွင်းအကျန်များကို အပြီးသတ် သုတ်သင်တိုက်ထုတ်လိုက်ပြီးနောက် ဗိုလ်ချုပ် အောင်ဆန်းသည် စစ်သူကြီးကောင်း တယောက်ပီပီ သူ၏ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးနှင့် ရဲဘော်တို့၏ နောင်ရေးကို လေးလေးနက်နက်တွေးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တို့နှင့်ဆက်ဆံမှုကား အဆင်မပြေ သည်သာ မက ဆိုးသထက် ဆိုးရွားလာခဲ့သည်၊ ဗမာပြည်သူထုကြီးကို လည်း ဂျပန်စစ်သားတို့ ရိုင်းစိုင်းစွာ စော်ကားညှဉ်းဆဲ၍ နေ လေပြီ။

မည်သို့ပင်ဖြစ်စေ လက်နက်အားကိုးသမား ဂျပန် တွေ စိုးမိုးနေချိန်တွင် လက်နက်ကိုင် ဗမာအမျိုးသားတစု တော့ရှိမှဖြစ်မည်ဟုတွေးကာ ဘီအိုင်အေ တပ်မတော်ကြီး လုံးဝဖျက်သိမ်းခြင်းမခံရအောင် ဗိုလ်ချုပ် အောင်ဆန်း သည် မနားမနေ ကြိုးစားခဲ့လေသည်။

ထို့ကြောင့် ၁၉၄၂ ခုနှစ်၊ဇူလိုင်လတွင် (ဘီအိုင်အေ)တပ်ကို ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဟု၍ စံနစ်တကျ ပြောင်းလဲဖွဲ့စည်းလိုက်ကြလေသည်။

ဗိုလ်ချုပ်ကား၊ ကာနယ် (ဗိုလ်မှူးကြီး) ရာထူး ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်၏ ဦးစီးသေနာပတိပင် ဖြစ်လာသည်။

ဂျပန်တွေ ဖက်ဆစ်ဆန်ဆန် မင်းမူနေသော စစ် အတွင်းကာလက ဂျပန်ကို ကြောက်လည်းမကြောက် ဂရု လည်း မစိုက်သော လူတန်းစားဟု၍ ဗမာပြည်တွင်ဘီဒီအေ တပ်မတော်သားများသာ ရှိခဲ့သည်။



ထိုသို့ ဂျပန်နှင့် ပခုံးချင်းယှဉ်၍ သတ္တိ ပြိုင်ဝံ့သော ဗမာ့ တပ်မတော်သားတို့၏ စိတ်ဓာတ်မှာလည်း သူတို့၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရှေ့ဆောင် ၍ သွက်သွင်းပုံလောင်းပေးခဲ့သောကြောင့်ပင် ဖြစ်သည်။

၁၉၄၃ ခုနှစ်၊ မတ်လ ကျသောအခါ ဗိုလ်ချုပ် သည် ဒေါက်တာဘမော်နှင့်အတူ ဂျပန်ပြည် တိုကျိုမြို့သို့ သွားကြရာခြင်းခံရပြီး ဂျပန်ဘုရင်နှင့် တွေ့ဆုံရသည့်ပြင် ဂျပန်အင်ပိုင်ယာ၏ဘွဲ့ထူးဂုဏ်ထူးတံဆိပ်Order of The Rising Sunဖြင့် ချီးမြှင့်ခြင်းခံရလေသည်။သူ၏စစ်ဘက် ရာထူးကိုလည်း ကာနယ် အဖြစ်မှ မေဂျာ ဂျင် နရယ် (ဒု- ဗိုလ်ချုပ်) ရာထူး အထိ တိုးမြှင့်ခန့်ထားခြင်း ခံရလေ သည်။

၁၉၄၃ ခုနှစ်ဩဂုတ်လ ၁ - ရက်နေ့တွင် ဂျပန်တို့က ဗမာပြည်အား "လွတ်လပ်ရေး ပေးပါပြီ" ဟု ကြေညာ လိုက်သည့်အခါ ဗမာ့တပ်မတော်၏ဦးစီးသေနာပတိရာထူး မှပြင် ဒေါက်တာဘမော် အစိုးရအဖွဲ့၌ စစ်ဝန်ကြီးအဖြစ် အောင်ရွက်ရပြန်သည်။

ဂျပန်အစိုးရက First Class Order Of The-Sacred Treasureခေါ် ဘွဲ့ထူး ဂုဏ်ထူး တံဆိပ်ဖြင့် လည်း နောက်ထပ် ချီးမြှင့်ခဲ့သေး၏။



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကားဗမာလူမျိုးထဲတွင်စစ်ဘက်၌တာဝ အကြီးဆုံးသော နေရာမှ အမှုထမ်းဆောင်နေသူ ဖြစ်သည် အတိုင်း စစ်မက်ရေးရာနှင့်ပတ်သက်သောစာပေဗဟုသုတ များကို တတ်နိုင်သရွေ့ လေ့လာ ဆည်းပူးခဲ့လေသည်။

ပြင်သစ်စစ်သူကြီးနပိုလီယန်လိုပုဂ္ဂိုလ်မျိုးရေးသာ ခဲ့သည့် စစ်ပရိယာယ်နှင့်သေနင်္ဂဗျူဟာ ကျမ်းစာအုပ်များ ကိုလည်း ဘတ်ရှုလေ့လာခဲ့သည်။

ဗြိတိသျှ စစ်ပညာနည်းစံနစ်ကို ကောင်းစွာ တတ ကျွမ်းသောဗိုလ်ချုပ်မှူးကြီး ကြာဒိုးလို ပုဂ္ဂိုလ်မျိုးကိုလည် တပ်တွင်းသို့ ခေါ်ယူ ရာထူး ပေးထားကာ နည်းနာနိုင များကို ဓမ်းမြန်း ဆွေးနွေးခဲ့သည်။

စစ်သူကြီးကောင်း တယောက်၏ အင်္ဂါ အရည် အချင်း ဗိုလ်ချုပ်တွင်ရှိကြောင်းကား ယုံမှားသွယ်မရှိချေ

ထို့ကြောင့်ပင် ၁၉၄၃ခုနှစ်၊ မတ်လ ၂၇ ရက် နေ့တွင် ကမ္ဘာကျော်အောင် အကောင် အထည် ပေါ် လာခဲ့သည့် ဖက်ဆစ် တော်လှန်ရေးတည်း ဟူ သော ခင်းကျင်းမှု အရေးတော်ပုံကြီးကို ဗိုလ်ချုပ်အောင်ဆန်းက အောင်မြင်ပြောင်မြောက်စွာ ဦးစီး ခေါင်းဆောင်နိုင်ခဲ့ သတည်း။

÷ × +

## ဖက်ဆစ်ဝါဒနှင့် ဗိုလ်ချုပ်

ဂျပန်ပြည်သို့ စစ်ပညာ သွားရောက်သင်ကြားပြီး၊ ဂျပန်စစ်တပ်များနှင့်အတူ ဗမာပြည်သို့ ပြန်လည်ဝင်ရောက် လာခဲ့သော ဗိုလ်ချုပ် အောင်ဆန်းသည် ဖက်ဆစ် ဝါဒ အပေါ် မည်သို့သော သဘောထားယူဆခဲ့လေသနည်း။

ဖက်ဆစ်ဝါဒကို သူကိုယ်တိုင်သဘောကျလက်ခံခဲ့၍ ပေလော၊ သို့မဟုတ်လျှင် အဘယ့်ကြောင့် ဗိုလ်ချုပ်သည် စစ်ဦးကာလက ဂျပန်တို့နှင့်ပူးပေါင်းခဲ့လေသနည်း။နောက် ပိုင်းကြတော့ ဂျပန်ကို ပြန်လည် တော်လှန်ခြင်းမှာလည်း ဂျပန်အရေးနိမ့်၍ ဗြိတိသျှနှင့်မဟာမိတ်တို့ စစ်နိုင်တော့မည် ကိုသိ၍မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com

ဤမေးခွန်းများကား ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အချိန်မှစ၍ ဗိုလ်ချုပ် ကျဆုံးသော ၁၉၄၇-ခုနှစ် အထိ ကမ္ဘာကစိတ်အဝင်စားဆုံးနှင့်အမေးမြန်းဆုံးမေးခွန်းများပင်ဖြစ်ခဲ့သည်။

ကျွန်ုပ်တို့ဗမာတိုင်းရင်းသားများကလည်းဂျပန်နှင့် ပေါင်းပြီး အင်္ဂလိပ်ကို တိုက်ခဲ့သော ဗိုလ်ချုပ် သည် ဘာကြောင့်နောက်ပိုင်းတွင်ဂျပန်ကိုပြန်တော်လှန်ရသည်ကို တိကျရှင်းလင်းစွာ နားလည်ထားရန်လိုပေ၏။

အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရေးရာဇဝင်ကို လေ့လာရာ၌ ထိုမေးခွန်းများကို အသေးစိတ် စူးစမ်းလေ့လာရန် လိုလှပေသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တို့ ဂျပန်နှင့် ဆက်သွယ်မိခြင်းမှာ ဂျပန်တို့၏ဝါဒနှင့် ဖက်ဆစ်စနစ်ကိုနှစ်သက်၍မဟုတ်ဘဲ လွတ်လပ်ရေးလိုချင်ဇောပြင်းထန်နေခိုက် ရန်သူ(ဗြိတိသျှ)ကို ဆန့်ကျင်သော မည်သည့် နိုင်ငံခြား အကူအညီကိုမဆို လက်ခံရန် အသင့်ရှိနေစဉ်တွင် ဂျပန်တို့ကိုယ်တိုင်က လာ[ရောက်]ကမ်းလာချက်ကြောင့် မမျှော်လင့်ဘဲ ဆက်သွယ်မိခြင်းဖြစ်ကြောင်းကို သိထားရန်လိုပေသည်။

တဖန် ဗိုလ်ချုပ်သည် ပထမအကြိမ် ဗမာပြည်[မှ ထ]ွက်ခွာထွက်ခွာပြီး အမွိုင်မြို့သို့ ရောက်သည်အထိ [ဂျပ]န်နှင့်ပူးပေါင်းရန် အစီအစဉ်ဘာမျှမရှိသေး၊ တရုတ်ပြည်[ဘက်သ]ို့ ဝင်ရောက်ဆက်သွယ်ရန်သာ ကြံရွယ်ခဲ့လေသည်။

ဗမာပြည်မှ သူ၏နိုင်ငံရေးရဲဘော်များကသာဂျပန် ဟိဘတာဆိတ် ဆက်သွယ်မှု အစီအစဉ် ရကြပြီးနောက် [ဗိုလ်]ချုပ်မှာ ဂျပန်ပြည်တိုကျိုမြို့သို့ မမျှော်လင့်ဘဲ ရောက်[ရှိသွ]ားခြင်းဖြစ်ပေသည်။

ဂျပန်တို့၏ အတွေးအခေါ် အယူအဆနှင့် ရက်စက်[ကြမ်]းကြုတ်သော အပြုအမူ တို့ကိုလည်း ကနဦးကပင် [ဗိုလ်]ချုပ်သည်စက်ဆုတ်မုန်းတီးခဲ့၏။

သူ၏စစ်အကြံပေး ပုဂ္ဂိုလ်ဖြစ်သူ ကာနယ်ဆူဇူကီး [(ဗိုလ်]မိုးကြိုး)က ပထမကမ္ဘာစစ်ကြီးအတွင်း ၎င်းတို့တပ် [မှာ] ရုရှပြည်အရှေ့ပိုင်းတွင် တိုက်ခိုက်နေရစဉ် ရန်သူ ရုရှ [တပ်]ရွာမှ အရပ်သားအားလုံး ယောကျ်ားမိန်းမ၊ ကလေး [လူကြီ]းမှုကို ၎င်းတို့ ကိုယ်တိုင် သတ်ဖြတ် ပစ်ခဲ့ကြောင်း၊ [ထို့]အတူ ဗိုလ်ချုပ်တို့ကလည်း ရန်သူဗြိတိသျှဆိုလျှင် မိန်းမ [ကလေး]ပါ သတ်ပစ်ရမည်ဖြစ်ကြောင်း တရားဟောသည် [ဗ]ိုလ်ချုပ်တွင် အလွန်တုန်လှုပ်သွားမိပြီး ထိုမျှလောက်



www.burmeseclassic.com

www.burmeseclassic.com

ပြင်းထန်သော ကြမ်းကြုတ်ရက်စက်မှုကိုတော့ မပြုလုပ်နိုင်ကြောင်း အတိအလင်းပြန်ပြောခဲ့ဘူးလေသည်။

ဗိုလ်ချုပ်မှာ ဗမာ့လွတ်လပ်ရေး ရမှု အဘွက်သာ ဗြိတိလျှတို့အား စစ်ရေးဖြင့် တိုက်ခိုက်လိုသူဖြစ်ရာ သူ၏ ပင်ကိုယ်သဘောအားဖြင့် စစ်ကိုမုန်းတီးသူတယောက် ဖြစ်လေသည်။

ဂျပန်တို့၏ပြင်းထန်သော စစ်ဝါဒနှင့် ဖက်ဆစ်စံနစ်ကိုကား မည်သည့်အခါကမျှ နှစ်ချိုက်လက်ခံခြင်းမရှိခဲ့ပေ။

ထို့ကြောင့် ဂျပန်ကိုပြန်၍ တော်လှန်တိုက်ခိုက်ရန် (၁၉၄၅-ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေးအတိုင်မီ) နှစ်ကြိမ် တိုင်တိုင်ကြိုးစားကြံစည်ခဲ့လေသည်။

ပထမအကြိမ်က ဟိုင်နန်ကျွန်း၌ စစ်ပညာလေ့လာနေစဉ်ကဖြစ်၍ ဒုတိယအကြိမ်မှာမူ ဂျပန်တပ်ဗမာပြည်သို့ဝင်ရောက်ခါစ၊ ဘီ၊ အိုင်၊ အေ ခေတ်က ဖြစ်လေသည်။ သို့သော်— အကြောင်းအမျိုးမျိုးကြောင့် နှစ်ကြိမ်စလုံး ထမြောက်အောင်မြင်ခြင်း မရှိခဲ့ချေ။

ဖက်ဆစ်ကိုမုန်းတီးသူ ဖက်ဆစ်ဆန့်ကျင်ရေးသမား



တယောက်အဖြစ်ဗိုလ်ချုပ်ကိုယ်မှားသိသယဖြစ်ရန်အကြောင်းလည်း၊ လုံးဝမရှိပေ။ ဖက်ဆစ်စံနစ်ကား အရင်းရှင်နယ်ချဲ့စံနစ်၏အစွန်ဆုံးနောက်ဆုံးအဆင့်၊ တနည်းအားဖြင့်အပြင်းထန်ဆုံးသော အသွင်တရပ်ဖြစ်သည်။

ဗိုလ်ချုပ်တို့မှာမူ သူတို့၏ မူလနိုင်ငံရေး အတွေးအခေါ်များအရအရင်းရှင်နယ်ချဲ့စံနစ်ပျက်သုဉ်းမည့်ဆိုရှယ်လစ်စံနစ်ကို မျှော်မှေါ်သူများဖြစ်ခဲ့သည်။ စစ်ကြိုခေတ်က ဗမာနိုင်ငံတွင် ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှု ဆော်ဝါဒဖြန့်မှုဟူသရွေ့ကို ဗိုလ်ချုပ်တို့ပင် ဆောင်ရွက်ပြုလုပ်ခဲ့၏။

တရုပ်ပြည်နှင့် စပိန်ပြည်တွင် ထိုခေတ်က ဖက်ဆစ်အဓမ္မသမားတွေ ကျူးကျော်နေသည်ကိုလည်း အပြင်းအထန်ရှုတ်ချကာ ဖက်ဆစ်ကို တိုက်နေသော ထိုနိုင်ငံများရှိ ပြည်သူလူထုဘက်က ထောက်ခံအားပေးခဲ့၏။

စစ်မဖြစ်မီက ဗမာပြည်တွင် ဖက်ဆစ်ဆန့်ကျင်သော လက်ဝဲနိုင်ငံများရှိပြည်သူနိုင်ငံရေးသမားတွေထဲတွင် ရှိးသားသော လက်ဝဲသမားအစစ်တယောက်မှာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်ဟု ကျွန်ုပ်က ရဲဝန့်စွာဆိုချင်ပေသည်။

၁၉၄၄ ခု၊ ဩဂုတ်လ ၁-ရက်နေ့ (ဂျပန်ကပေး



www.burmeseclassic.com

သော ဗမာ့လွတ်လပ်ရေးနှစ်ပတ်လည်နေ့) အ[illegible]
တရပ်တွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားသေ[illegible]
ကို မှတ်မိသူများရှိပါလိမ့်မည်။

ထိုနေ့က ဗိုလ်ချုပ်သည် ဂျပန်ဆန့်ကျင်[illegible] တွေကိုဘွင်းဘွင်းနှင့် ရှင်းရှင်းပြောခဲ့လေသည်။ ပုလိပ်(ကင်ပေတိုင်)၏ရက်စက်ကြမ်းကြုတ်လှ[illegible] လူတိုင်း ပြားပြားဝပ်ကြောက်ရွံ့နေရသည့် [illegible] ပရိတ်သတ်ဗိုလ်ပုံအလယ်၌ ဂျပန်ဆန့်ကျင်[illegible] လိုက်သော ဗိုလ်ချုပ်အောင်ဆန်းကြောင့် ကြား[illegible] ပင် တုန့်လှုပ်ခြောက်ခြားသွားခဲ့၏။

ထိုမိန့်ခွန်းစကားတွေကြောင့်လည်း ဂျပန်[illegible] နှင့်တကွ၊ တိုကျိုမြို့ အာဏာပိုင်များရပ်ကွက်ထိ [illegible] ဂယက်တွေရိုက်ခတ်လှုပ်ရှားသွားခဲ့လေသည်။

သို့ရာတွင်ဗိုလ်ချုပ်အောင်ဆန်းကား စိတ်[illegible] ကိုထိန်ဖွက်မထားဘဲ မထောက်မညှာပြောတတ်သော[illegible] ဝါသနာအတိုင်း ဖက်ဆစ်တို့အား ပြောင်ဖွင့်ဟ[illegible] လေသည်။

စစ်အတွင်းကာလ၌က ဂျပန်တို့အား ဗမာပြ[illegible] မျိုးစုံနိုင်ငံရေးသမားပေါင်းစုံနှင့် ဆွေးနွေးဆုံးဆက်ဆံခဲ့[illegible]

ဗမာလူမျိုးတို့[illegible] တီးခေါက်မိခဲ့၏။ ဂျပန်ကိုအလိုလိုကြောက်သောသူ၊ ဂျပန်တို့ပြောသမျှကိုနားထောင်ရင်းတွေဝေယိမ်းယိုင်ကာ ဂျပန် [illegible]လုံးတော်ရိလုပ်လိုသူများကိုလည်း တွေ့ခဲ့ရ၏။

[illegible]အောင်ဆန်းကား အခြားဗမာနိုင်ငံရေး [illegible]

ဗိုလ်ချုပ်[illegible]ရှိလည်းမကြောက်၊ ချော့၍ [illegible] သမားများနှင့်မတူဘဲချော[illegible] [illegible]တင်းမာပြတ်သားစွာ လည်း မပျော့သူ ယုံကြည်ချက်[illegible] [illegible]တက သိခဲ့ကြ နေဟက်သူ အယောက်ဖြစ်ကြောင်း [illegible]ပန်[illegible] လေသည်။

ဤနေရာတွင်ဖက်ဆစ်ဝန်နှစ်နှင့်ပတ်သက်၍ ဗိုလ်ချုပ် ကိုယ်တိုင် ၁၉၄၅ ခုနှစ်က အင်္ဂလိပ်ဘာသာဖြင့် ရေးသား ခဲ့သော မှတ်တမ်းတခုမှ သူ၏ဖွင့်ဟ ဝန်ခံချက် အချို့ကို ကောက်နုတ်ဖော်ပြလိုပေသည်။

"ထိုအချိန်က ဗမာပြည်သို့ဂျပန်တွေကျူး ကျော် တိုက်ခိုက်လာရေးနှင့် ပတ်သက်၍ ကျွန်ုပ်ကိုယ်တိုင်တိကျပြတ်သားစွာကြိုတင် ပြီး မမြင်ခဲ့မိပေ"။

ကျွန်ုပ်အပါအဝင် ဗမာလူငယ်နိုင်ငံရေး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

သမားတို့မှာ အရင်းရှင်ပေါက်စ လူလတ်တန်းစားဘဝမှ လာသူများပီပီ အရင်းရှင်ပေါက်စတို့၏ အတွေးအခေါ်ဖြင့် အလုပ်လုပ်ရာတွင်၎င်း၊ ဆုတ်ဆိုင်းကြောက်ရွံ့ခြင်း၊ လူထုအင်အားနှင့် လူထုစည်းရုံးရေး အပေါ်ယုံကြည်အားကိုးမှု နည်းပါးခြင်း၊ လုပ်ငန်းစဉ်တခုကို အသက်သာဆုံး ဘေးအန္တရာယ်အနည်းဆုံးနည်းဖြင့်သာ လုပ်လိုခြင်းစသောချို့ယွင်းချက်တွေရှိပြီးနေရာတကာတွင် တွေ့ဝေလျက်ရှိကြသည်။

"ဂျပန် ကိုလည်း အထင်ကြီး သင့်သလောက်ကြီးခဲ့မိသည်။ ဂျပန်စစ်တပ်တွေဗမာပြည်တွင်းသို့ ဝင်ရောက်လာသည့်တိုင်အောင် ဗမာ့လွတ်လပ်ရေးကိုရထားပေးမှာပါဘဲဟု ထင်ကြေးနှင့်မျှော်လင့်မိခဲ့ကြသည်"။

"ဤနည်းအားဖြင့် ကျွန်ုပ်တို့သည်ဖက်ဆစ်ဝါဒကိုနှစ်သက်လို့လားခြင်းမရှိပါဘဲလျက်ကျွန်ုပ်တို့၏အရင်းရှင်ပေါက်စ၊လူတန်းစားညာဉ်နှင့် လုံမှားသော အတွေးအခေါ်၊ စိုးရိမ်၊ တုန်လှုပ်မှုကြောင့်သာ ဂျပန်နှင့် ပူးပေါင်းမိခဲ့ကြခြင်း ဖြစ်လေသည်"။

ဤသို့လျှင် မိမိကိုယ်ကိုပြန်လည်ဝေဖန်ရာ၌ တိုကျပြတ်သားစွာ ပြောင်ကျကျ ဖွင့်ဟဝန်ခံခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည်၊ ဖက်ဆစ်ဆန့်ကျင်ရေးသမားတယောက်ဟုတ်မဟုတ်ကို စာဖတ်သူများကိုယ်တိုင်တွေးယူ ဆုံးဖြတ်နိုင်ကြပြီ ဖြစ်သတည်း။





www.burmeseclassic.com

www.burmeseclassic.com

## မမေ့နိုင်သော ဇူလိုင် ၁၉-ရက်

မိုးဦးတုကျရောက်နေပြီဖြစ်၍ ထိုနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ပတ်ဝန်းကျင်၌ ကောင်းကင်သည်အုံ့မှိုင်းညိုမှုန်ကာ တချက်တချက်တဖွဲဖွဲနေလိုက်တဖြိုင်ဖြိုင်ရွာချလိုက်နှင့် မိုးလုံးလုံးစဲသည်မရှိဘဲစွေ၍ နေလေသည်။

ထိုသို့ ကောင်းကင်သည် ကြည်လင်ခြင်း မရှိဘဲ၊ သမုဒ္ဒရာ မြင်ကြီးကို ဝိုးဝိုးဝါး၍နေသော၊ ၁၉၄၇-ခု ဇူလိုင်လ(၁၉)ရက် စနေနေ့ နံနက်က၊ ကျွန်တော်တွေ့ကြုံခဲ့ရသည့်အဖြစ်အပျက်မှာ လျှပ်ပြက် မြင်မက်လိုက်ရသော အိပ်မက်တခုကဲ့သို့ပင်တည်း။



မမြော်လင့်နိုင်လောက်အောင် လျှင်မြန်လွန်းသောကြောင့်လည်း အိပ်မက်ကားမဟုတ်၊တကဲ့အဖြစ်အပျက်ဖြစ်ကြောင်းကို ရက်အတန်ကြာသည့်တိုင်အောင်ကျွန်တော်၏ စိတ်ထဲတွင် ယုံကြည်ရန် အတော်ခဲယဉ်းစွာ ကြိုးစားနေခဲ့ရလေသည်။

ဘန်ကောက်လုံချည် သနပ်ခါးရောင်၊ မန္တလေးပိုးတိုက်ပုံအင်္ကျီ၊ သဲကြိုးအဖြူရောင်လေယာဉ်ပျံဘိနပ်တို့ဖြင့် ဝတ်ဆင်ကာ (ခါတိုင်း သူဝတ်နေကျ ကာကီယူနီဖေါင်း မဟုတ်သဖြင့်) လှပ "စမတ်" ကျနေသော ဗိုလ်ချုပ်အောင်ဆန်းသည် ထိုနေ့နံနက် အိမ်မှအထွက် ပြုံးပြုံးရွှင်ရွှင်နှင့်၊ သမီးထွေးကလေး မမစုကိုပင်ယုယစွာနမ်းရှုပ်နှုတ်ဆက်ခဲ့ပြီးကာမှ အတွင်းဝန်ရုံးသို့ရောက်ပြီး မျက်စိတမှိတ်လျှပ်တပြက်အတွင်း တဒိုင်းဒိုင်းထွက်ပေါ်လာသော စက်သေနတ်သံများနှင့်အတူရေတိမ်နစ်ခဲ့ရသည်မှာကျွန်တော်၏ မျက်စိတွင် လျင်မြန်စွာ ပြသွားသော ရုပ်ရှင်ကားတခုကို ကြည့်လိုက်ရသည်နှင့်လည်း တူလှပေသည်။

စစ်ပြီးခေတ်(လွတ်လပ်ရေးမတိုင်မီ)ဗြိတိသျှဘုရင်ခံ ဗမာပြည်ကိုအုပ်စိုးနေစဉ်အတွင်းကအကဲဗိုနက်ခေါ်ဝန်ကြီးများအဖွဲ့ကို Governer's Executive Council ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ဟု ခေါ်တွင်လျက် ဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အစည်းအဝေးများကိုလည်း ၎င်းအဖွဲ့ သဘာပတိဖြစ်သော ဘုရင်ခံနေထိုင်ရာ အစိုးရအိမ်တော် (ယခုသမ္မတအိမ်တော်) ၌ကျင်းပလေ့ရှိ၏။

သို့သော်....ဗိုလ်ချုပ်အောင်ဆန်းတို့ ဘိလပ်သို့သွား အရေးဆို၍ (အောင်ဆန်းအက်တလီ)စာချုပ်ချုပ်ပြီးသော အချိန် ( ၁၉၄၇-ခု၊ ဇန်နဝါရီလ )မှစ၍၊ ဝန်ကြီးများ အစည်းအဝေးကို အတွင်းဝန်ရုံးသို့ ပြောင်းရွှေ့စည်းဝေး ကာ ၎င်းဝန်ကြီး အစည်းအဝေးတွင်လည်း ဘုရင်ခံလာ မတက်တော့ဘဲ၊ ဒုတိယ သဘာပတိဖြစ်သော ဗိုလ်ချုပ် အောင်ဆန်းကပင် သဘာပတိအဖြစ်တာဝန်ယူ ဆောင်ရွက် ခဲ့လေသည်။

အင်္ဂလိပ်ကား ဗမာနိုင်ငံကို လွတ်လပ်ရေးပေးရ တော့မည်မှာ သေချာသွားပြီဖြစ်၍ တိုင်းပြည်ရေးရာကိစ္စ များတွင် ဗြိတိသျှအစိုးရ ကိုယ်စားလှယ်ဖြစ်သောဘုရင်ခံက ဝင်ရောက်စွက်ဖက်ခြင်းမပြုတော့ပါဟူသောအထိမ်းအမှတ် ကို ဗြိတိသျှတို့က စတင်ပြသသည့် သဘောပင် ဖြစ်ပေ သည်။

ဝန်ကြီးများအစည်းအဝေးကိုရက်သတ္တတပါတ်လျှင် တကြိမ်ကျ သာမန်အားဖြင့် ကျင်းပလေ့ရှိရာ များသော



အားဖြင့်ဗုဒ္ဓဟူးနေ့ဘိုင်းနံနက် ၁၀-နာရီအချိန်တွင်အတွင်း ဝန်ရုံး ဗိုလ်ချုပ်၏ ရုံးခန်း၌ပင် ကျင်းပလေ့ ရှိသည်။ ဇူလိုင်လ(၁၆)ရက်ဗုဒ္ဓဟူးနေ့နံနက်၁၀- နာရီတွင်၊ဝန်ကြီး များအဖွဲ့ အပါတ်စဉ် အစည်းအဝေးကို အတွင်းဝန်ရုံး၌ ကျင်းပရန်စီစဉ်ကျေညာထားပြီးဖြစ်လေသည်။ကျွန်တော်၏ တာဝန်ဝတ္တရားတခုမှာ များပြားလှစွာသော ဗိုလ်ချုပ်၏ အလုပ်တာဝန်၊ ချိန်းဆိုချက်၊ အစည်းအဝေး စသည်တို့ကို တခုပြီးတခု အစီအစဉ် မလွဲမချော်ရအောင် စီမံဖန်တီးပေး ရခြင်းဖြစ်လေရာအင်္ဂါနေ့နံက်ကျသောအခါ ကျွန်တော်က-

"ဗိုလ်ချုပ်နက်ဖြန်အစည်းအဝေးလုပ်ဖို့ချိန်းထားတယ်၊ ယွတ်တော်ကော်မီတီအစည်းအဝေးကလဲ နက်ဖြန် (၁၀) နာရီဘဲဖြစ်နေတယ်၊ ဘယ်နှယ်လုပ်မလဲ"ဟုမေးရာ သူက-

"ဟေ...ဟုတ်လား၊ ဒါဖြင့်လွှတ်တော် ကော်မီတီ ကိုဘဲတက်မယ်၊ အီးစီကို စနေနေ့မနက် ပြောင်းလုပ်လိုက် ကွာ"

ဟုဆုံးဖြတ်ချက်ချလိုက်ရာမှပစ္စက္ခကာလဗမာပြည် နိုင်ငံရေးသမိုင်းတွင် အရုပ်ဆိုးဆုံးသော ဇူလိုင်လ (၁၉) ရက်၊ လူသတ် အရေးတော်ပုံကြီး၏ ကကြိုမှာ စတင်ခဲ့ လေသည်။

× ×



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၇-ခု၊ ဇူလိုင်လ (၁၉ ရက်၊ စနေနေ့)နံနက် ၁၀-နာရီထိုးလတ်သော် အတွင်းဝန်များရုံး အပေါ်ထပ် စပါတ်လမ်းဘက် ကာကွယ်ရေးဝန်ကြီး၏ ရုံးခန်းမကြီး၌ ဗိုလ်ချုပ်မှတပါး အားလုံးသောဝန်ကြီးများသည်စုံစုံညီညီ ရောက်ရှိနေကြလေပြီ။

ဝန်ကြီးများကောင်စီအဖွဲ့၏အတွင်းဝန်ဦးရွှေဘော် လက်ထောက်အတွင်းဝန်ဦးဝင်းအုန်း၊ ရုံးအုပ်ကြီးဦးခတို့မှာ အစည်းအဝေးဆိုင်ရာ မှတ်တမ်း စာရွက်စာတမ်း ဖိုင်တွဲ စသည်များကို ပြင်ဆင်ရှာဖွေရင်း အလုပ်ရှုပ်လျက်ရှိကြလေသည်။

၁၀-နာရီ ၁၀-မိနစ် တိတိအချိန်တွင် အမှတ် အာရ်အေ- ၂၀၇၄ အနက်ရောင် ဝူစလီကားတစီးသည် အတွင်းဝန်ရုံးဗဟိုလှေကားကြီး၏ ခြေရင်းသို့ ဆိုက်ရောက်လာလေသည်။

မော်တော် ကားပေါ်မှ ဆင်းပြီးနောက် ထုံးစံ အတိုင်း ကျွန်တော်က ရှေ့ဆုံးမှ တက်ပြီး ဗိုလ်ချုပ်မှာ ကျွန်တော်၏နောက်နားမှကပ်လျက်လိုက်ပါလာလေသည်။

ဤနေရာ၌ထုံးစံအတိုင်းဟု ကျွန်တော် သုံးလိုက်ခြင်း၏အကြောင်းကို အနည်းငယ် ရှင်းပြလိုပါသေးသည်။



ကျွန်တော်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တချိန်လုံး သွားအတူလာအတူ ပူးတွဲပါရှိနေလေရာ အလုပ်ဝတ္တရားဆိုင်ရာကိစ္စတို့၌သာမက၊ ထမင်းစားပွဲ ညစာခံပွဲများသို့ သွားခြင်းမှအစ တခါတရံ ရုပ်ရှင်ပြဇာတ်ကြည့်ခြင်း၊ ညနေခင်း အလည်အပတ် သွားခြင်းတို့မှာပင် တကောက်ကောက် နောက်ကပါလာခဲ့လေသည်။ ထိုသို့ပါနေရာ၌ ကျွန်တော်မှာ ဗိုလ်ချုပ်အတွက် အမြဲတစေ သတိမလစ်စေဘဲ၊ အစစအရာရာ မလစ်ဟင်းအောင် ဂရုစိုက်ခဲ့ရ၏။ ဗမာပြည်အနှံ့ အပြားသို့ နယ်လှည့်ခရီးထွက်ရသည့်အခါများ၌ လေယာဉ်ပျံပေါ်တက်လျှင် ကျွန်တော်က ဗိုလ်ချုပ် အရင်တက်၍၊ သင်္ဘောပေါ်မှ ဆင်းလျှင်လည်း ဗိုလ်ချုပ်မဆင်းမီ ကျွန်တော်ကရှေ့မှ ဆင်းလေ့ရှိခဲ့သည်။

အကြောင်း တစုံတရာရှိခဲ့သော် ဘာကိုဘဲ ဖြစ်ဖြစ် ကျွန်တော်က ဗိုလ်ချုပ်အရင် တွေ့ကြုံစေရမည်ဟု ရည်ရွယ်ချက်ရှိသောကြောင့်ပင်တည်း။

ယခုဇူလိုင်လဆန်းလာကထဲက ကျွန်တော်တို့သည်အထူး သတိပြု ဂရုစိုက်နေရမည့် အကြောင်းတရပ်မှာ ဘီအိုဒီ စစ်တပ်မှ ဘရင်းဂန်းသေနတ် ၂၀၀-ကျော် ပျောက်သွားခြင်းနှင့်ပတ်သက်၍ ၎င်းကိစ္စမှာသေးရိုးသာရိုး မဟုတ်နိုင်ဟု သံသယဖြစ်မိကြသောကြောင့်ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကိုယ်တိုင်ကား သူ့ကိုဘယ်လိုမှ မကြံတန်ရာဟု သူ့ကိုချစ်သော လူထုကြီးကို သူကလည်းတထစ်ချယုံကြည်အားကိုးခဲ့လေသည်။ သို့သော် အချင်းမဖြစ်ပွားမီတရက် (သောကြာနေ့)တွင် သူ့စိတ်ထဲ၌ ဘယ်လိုဖြစ်သည်မသိ ကျွန်တော့်အား....

"ဟေ့....ငါတို့အိမ်ထဲ လိုလိုမယ်မယ် လက်နက်ကလေးယူထားအုံးမှဘဲ၊ စတင်းဂန်းတလက်ဖြစ်ဖြစ် အိမ်ယူထားလိုက်စမ်းပါကွာ"ဟု ပြောသဖြင့်ကျွန်တော်လည်း သောင်းကျန်းမှုနှိမ်နင်းရေးတပ်မှ စတင်းဂန်းတလက် ခေတ္တယူထားလိုက်ရလေသည်။

သို့နှင့်ပင် ဇူလိုင်လ (၁၉) ရက်၊ နံနက်တွင် အတွင်းဝန်ရုံး အပေါ်ထပ်သို့တက်ပြီး အစည်းအဝေး ခန်းမကြီးအတွင်းသို့ ဝင်သည်အထိ ကျွန်တော်ပင်လျှင် ဗိုလ်ချုပ်၏ရှေ့မှ ရှောက်လာခဲ့လေသည်။

ထိုနေ့ အစည်းအဝေးဆိုင်ရာ မှတ်တမ်းဖိုင်တွဲများကို နေရာချထားပြီးနောက် သဘာပတိ ကုလားထိုင်ကြီးကို နောက်သို့ဆွဲ၍ပင် သူဝင်သာအောင် ကျွန်တော်ကလုပ်ပေး ဗိုလ်ချုပ်အောင်ဆန်းသည် သူနောက်ဆုံးအကြိမ် ဘိအဖြစ် ဆောင်ရွက်ရတော့မည် ဖြစ်သော အမှု



သောင်ဝန်ကြီးများ အစည်းအဝေးကို စတင်ရန်ပြင်ဆင်ရှာသသတည်း။

\+ \+ \+

၁၀-နာရီ ၁၅-မိနစ်အချိန်တွင် ချင်းရေးရာ အတိုင်ပင်ဝန်ကြီး ဦးဝမ်ကိုဟော်သည် ကျွန်တော်၏ အခန်းသို့ ဗိုလ်ချုပ်ထံ စာတစောင်ဇပေးရန်လာရောက်ရင်းကျွန်တော်နှင့်အလ္လာပသလ္လာပစကားများ ပြောနေသေးသည်။

သူရှိစဉ်ပင် ကျွန်တော်သည် သုံးကြိမ် တိုင်တိုင်အစည်းအဝေးခန်းမသို့ဝင်၍ ဗိုလ်ချုပ်လိုအပ်သောစာရွက်စာတမ်းများ ဝင်ဇပေးခဲ့ရသေး၏။

ချင်းဝန်ကြီးဦးဝမ်ကိုဟော်သည် ၅-မိနစ်ခန့်အကြာတွင် ပြန်ထွက်သွားလေသည်။သူရှိနေတုန်းပင် အလုပ်သမားဝန်ကြီး သခင်ဗတင်ကြီးသည် ကျွန်တော့်ထံသို့ လာ၍ နက်ပိုင်းက ဗိုလ်ချုပ်နှင့်တွေ့ရန် စောင့်သော်လည်းမတွေ့ရသဖြင့်စာဖြစ်တောက်တောက်ညည်းနေရာမှတော်တော်ကြာစည်းအဝေးပြီးမှဘဲ တွေ့မည်ဆိုကာ၊ သူ၏ဦးထုပ်နှင့်အားအကျီများကို ကျွန်တော်၏အခန်းတွင်း၌ချထားကာ တွာအပြင်ဘက်သို့ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းပုံကား ခါတိုင်းဆိုလျှင် ဧည့်သည်တွေ၊ သတင်းထောက်တွေ- ရဲဘော်တွေ၊ အခြားမိတ်ဆွေတွေ ဒင်းကျမ်းပြည့်ကျပ်နေလေ့ရှိသော ကျွန်တော်၏ရုံးခန်းမှာ ထိုနေ့က အလွန်လူရှင်းလျက် ကျွန်တော်အပြင်၊ ဗြိတိသျှ ဗိုလ်ချုပ် ဂျင်နရယ်သောမတ်စ်၏ ကိုယ်ရံတော် ကပ္ပတိန် သန်းဝင်းတဦးသာရှိပြီး၊ တခန်းလုံး တိတ်ဆိတ်ခြောက်ကပ်၍နေလေသည်။

ထိုစဉ်က ကျွန်တော်မှာ အစာမကြေရောဂါဖြစ်လျက်ရှိရာ ဆရာဝန်၏ ညွှန်ကြားချက်အရ အပြင်အစားအစာမစားဘဲ၊ အိမ်သို့ပင် နံနက် ၁၀-နာရီခွဲ သာသာလောက်တွင် နေ့စဉ်ပြန် ထမင်းစားလေ့ရှိသည်။

ထိုနေ့(ဇူလိုင်လ ၁၉-ရက်နေ့)ကမူ လူရှင်းလျက်ရှိသောကျွန်တော်၏ရုံးခန်းကိုကြည့်ရင်းစိတ်ထဲမှအပြင်မသွားချင်သလိုလို ထူဆန်းစွာ ဖြစ်ပေါ်လာသောကြောင့် "ဒီနေ့တော့ အိမ်ပြန်ထမင်းမစားတော့ပါဘူး"ဟု ဆုံးဖြတ်လိုက်ကာ၊ရုံးခန်းစောင့် ရဲဘော်လှမောင်အား ကျွန်တော်နှင့် ဗိုလ်သန်းဝင်းအတွက် ၂-ယောက်စာထမင်းကို တရုပ်ဆိုင်မှ အဝယ်ခိုင်းလိုက်ပြီးနောက် ကျွန်တော်၏ လက်ပတ်နာရီကို ကြည့်လိုက်သောအခါ အချိန်မှာ ၁၀-နာရီ ၃၅-မိနစ်တိတ်တိ ရှိနေလေပြီ။



ထိုခဏ၌ ဗိုလ်ချုပ်တို့ အခန်းဆီမှ (ဒိုင်း...ဒိုင်း) ဟူသောပေါက်ကွဲသံကြီး ကျယ်လောင်စွာ ရုတ်တရက်ထွက်ပေါ်လာသည်နှင့်တပြိုင်တည်း ကျွန်တော်နှင့်ဗိုလ်သန်းဝင်းတို့သည် ဝမ်းလျားထိုးမှောက်ကာ အကာအကွယ် ယူနေမိလေသည်။

စောစောကမြည်ဟိန်းထွက်ပေါ်လာသော ပေါက်ကွဲသံမှာ စက္ကန့်ပိုင်းလောက်မျှသာ ရှိသေးစဉ် (ဒက်-ဒက် ဒက်-ဒက်)ဟူသော (အော်တိုမက်တစ်) စက်သေနတ်ပစ်သံတို့ကို အဆက်မပြတ် ကြားရပြီးနောက် ကျွန်တော်တို့တွင် "ဟာ....ဝန်ကြီးတွေကိုဝင်ပစ်ကုန်ပြီ"ဟူသော အသိဉာဏ်ဖြစ်ပေါ်လာလျက် ချက်ချင်းပင် ကျွန်တော်က ဗိုလ်ချုပ်တို့၏ အစည်းအဝေး ခန်းမဆီသို့၎င်း၊ အသီးသီးပြေးကြလေတော့သည်။

ဗိုလ်ချုပ်အခန်းနှင့် ကျွန်တော့်အခန်းဆက်လျက်ရှိသော ဘေးတံခါးရွက်ကို ကျွန်တော်က တွန်း၍ ကြည့်လိုက်သောအခါ၊ မြင်လိုက်ရသော ရှုခင်းအချင်းအရာမှာ ကျွန်တော့်အဘို့ တသက်တာတွင် မေ့ပျောက်နိုင်စရာမရှိအောင် စိတ်နှလုံး နောက်ကျိဘွယ်ရာပင်တည်း။

အခန်းတခုလုံး တိတ်ဆိတ် ငြိမ်သက်နေလျက်



www.burmeseclassic.com

www.burmeseclassic.com

ယမ်းငွေ့ ယမ်းနံ့တွေလည်း ညှော်စော်နံနေလေရာ၊ စောစောကပင် စိတ်အားထက်သန်စွာ ဗမာပြည်၏ နောင်ရေးကိစ္စများ ဆွေးနွေးတိုင်ပင်နေခဲ့ကြသော ဝန်ကြီးများအား အတုံးအရုံး လဲနေကြသည်ကို စိတ်မချမ်းမြေ့ဘွယ်ရာ မြင်ရလေသည်။

ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှာလည်း သူထိုင်သောစာပွဲထိပ်မှ ကုလားထိုင်ကြီးနှင့်အတူ ပက်လက်လန်လဲကျနေရှာလေသည်။

အရွယ် (၄၅)နှင့် (၃၈)အမျိုးအစား သေနတ်ကျည်ဆံအခွံများလည်း ကြမ်းပြင်၌ ပြန့်ကြဲလျက် ရှိလေသည်။

လူသတ်သမားများနှင့် မျက်နှာချင်းဆိုင် ထိုင်မိပြီ စတင်ပစ်ပစ်ခြင်းမထိသဖြင့် ဝမ်းလျားထိုး ဝပ်လိုက်သောကြောင့် သေဘေးမှ သီသီကလေးလွတ်သွားသူ ဝန်ကြီး ဦးဘဂျမ်း၊ ပျော်ဘွယ် ဦးမြ၊ ဦးအောင်ဇံဝေနှင့်အတွင်းဝန် ဦးရွှေဘော်တို့ကား ကမန်းကတန်း အခန်းချင်း ကပ်နေသော ဦးရွှေဘော်၏ အခန်းတွင်းသို့ ကူးပြေးကြလေပြီ။

ထိုအချိန်၌ပင် ကျွန်တော်၏ အခန်းတွင်းမှအပြင်သို့ပြေးထွက်သွားသော ရဲဘော်ဗိုလ်သန်းဝင်းမှာ လေကားမှ ဆင်းပြေးမည့်ဆဲဆဲလူသတ်သမားများနှင့်ရင်ဆိုင်တိုးလျက် ရှိလေသည်။

ဗိုလ်သန်းဝင်းကို မြင်မြင်ချင်းလူသတ်သမားများသည်....

"ဟေ့....မဆိုင်သူမကပ်နဲ့ကွ"

ဟုညာသံပေးခြိမ်းခြောက်ကာတော်မီဂန်း၊စတင်းဂန်းတို့နှင့် ချိန်ရွယ်လေ တော့ရာ ဗိုလ်သန်းဝင်းမှာ ၎င်းတို့ဝတ်ဆင်ထားသော အစိမ်းရောင် စစ်ယူနီဖောင်း အပြည့်အစုံကိုကြည့်ရင်း၊ ရှတ်တရက်သော် တရားခံများကို လိုက်ဖမ်းသော စစ်ပုလိပ်များဟုထင်မှတ်ကာ ခေတ္တ ငိုင်နေစဉ် လူသတ်သမားတို့လည်း ရှေ့သို့တိုးသွားပြီး လှေကားထိပ် အခန်းမှပြေးထွက်ကြည့်သူ ဆရာကြီးဦးရာဇတ် (ပညာရေးဝန်ကြီး)၏သက်တော်စောင့် ကိုထွေးအား စတင်းဂန်းဖြင့် တချက်မျှ ဆွဲလိုက်ခြင်းဖြင့် သူတို့၏ ထွက်ပြေးရာလမ်းရှိ အတားအဆီးဟူသမျှကို အပြီးတိုင် ရှင်းလင်းလိုက်ကြလေသည်။

ထိုအခါမှပင် ဗိုလ်သန်းဝင်းလည်း လူသတ်သမား





www.burmeseclassic.com

www.burmeseclassic.com

များဖြစ်ကြောင်း သိရလေတော့သည်၊ တမိနစ် အတွင်း အဆင်သင့်စက်နှိုးပြီး ဆိုက်ထားသော ဂျစ်ကားပေါ်သို့ ပြေးတက်ကာ လူသတ်သမားတို့သည် လက်လွတ်ထွက်ပြေး ကြလေသတည်း။

ကျွန်တော် ယခုစာရေးပြနေရသည်မှာ အချိန်ကြာ သည်ထင်ရသော်လည်း စင်စစ် ဇူလိုင်လ (၁၉) ရက်နေ့က ဖြစ်ပျက်ပုံ အလုံးစုံကား လျှပ်တပြက်ကဲ့သို့ လျင်မြန်လှပေ သည်။

ရုံးအပေါ်ထပ် အစည်းအဝေးခန်းမကြီးတွင်ကား တောင်တန်းဒေသဆိုင်ရာ အတိုင်ပင်ခံ ဝန်ကြီး မိုင်းပွန် စော်ဘွားကြီးသည် မျက်နှာတွင် သေနတ်မှန် ကျသော ဒဏ်ရာတို့ဖြင့် ကျွန်တော်ရှိရာသို့ ထလျှောက်လာသေးရာ ကျွန်တော်ကပင် ဇွတ်အတင်း အထိုင်ခိုင်းရလေသည်။

ကျွန်တော့် အဘို့ အရေးကြီးဆုံးခေါင်းဆောင်ဖြစ် သော ဗိုလ်ချုပ်အောင်ဆန်း လဲနေရာသို့ ပြေးကြည့်လိုက် သောအခါ လက်ဝဲဘက် ရင်အုံတွင် ကျည်ဆံများစို့ လျက် သေနတ်ဒဏ်ရာ ၂-ချက်၊ ၃-ချက် သတိထားမိသဖြင့် (စင်စစ်ဗိုလ်ချုပ်တယောက်ထဲသေနတ်ဒဏ်ရာ(၁၃)ချက် တိတိ ထိမှန်ကြောင်း နောက်တော့ ဆေးရုံကျမှသိရသည်)

ကမန်းကတန်း ကိုယ်ကိုစမ်းကြည့်လိုက်ရာ သွေးတိုးခြင်း လုံးဝမရှိဘဲ၊အသက်လည်း မရှူတော့ကြောင်း တွေ့ရှိရလေ သည်။

ကျွန်တော်သည် ထိုအချိန်၌ အံ့အားသင့် တုန်လှုပ် ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသောစိတ်လှုပ်ရှားမှုတွေကိုခေတ္တ ကြိုးစားဖျောက်ထားကာ အရေးကြီးဆုံး လုပ်စရာတွေကို လုပ်မှဖြစ်မည်ဟုတွေးလျက်ချက်ခြင်း တယ်လီဖုန်းကိုကော် ကိုင်ပြီး မီးသတ်သူနာပြု၊ ဆေးရုံကြီး၊ ပုလိပ်ရုံး၊ ဘုရင်ခံ အိမ်နှင့် ဗမာ့စစ်ဌာနချုပ်များသို့တခုပြီးတခု ဖုန်းဆက် အကြောင်းကြားလိုက်လေသည်။

စာဖတ်သူများတော့ မှတ်မိကြမည်လား မပြောတတ် ပါ၊ ထိုအချိန် (၁၉၄၇-ခု၊ ဇူလိုင်လက) ရန်ကုန်မြို့တွင် ဘီအိုဒီမှတရင်းဂန်းတွေပျောက်ခြင်းကိစ္စ၊ စာရေးသမဂ္ဂနှင့် အစိုးရအမှုထမ်းများကိစ္စ၊ အောင်ဆန်းအက်တလီစာချုပ် ကို ဗမာပြည်ကွန်မြူနစ်ပါတီက အပြင်းအထန်ဝေဘန်ရေး ကိစ္စတို့နှင့်ဆက်စပ်၍ ဗမာနိုင်ငံရေးအခြေအနေမှာ အနည်း ငယ်တင်းမာလျက်ရှိရာ အချင်းဖြစ်ပွားချိန်က စက်သေနပ် သံတွေ အသက်မပြတ် ကြားလိုက်ရသောကြောင့် အတွင်း ဝန်ရုံးကို ဝင်စီးကုန်ပြီဟုထင်ကြ၍ဘဲလားမသိ၊ တရုံးလုံး



www.burmeseclassic.com

www.burmeseclassic.com

မှင်သက်မိပြီး ငိုင်နေသည်မှာ မိနစ် ၂၀-ခန့်ကြာသည်ဟု ကျွန်တော် ထင်မိသည်။

နောက်မှလူများ ဟိုမှသည်မှ ပြေးလာကြတော့သည်၊ တုန်လှုပ်ချောက်ချားခြင်း၊ စိတ်လှုပ်ရှားမှုကြောင့် ခြေမကိုင်မိ လက်မကိုင်မိ မဖြစ်စေရန် အထူးသတိထားဆင်ခြင်ပြီးနောက် ကျွန်တော်ရှေးဦးစွာ သတိရသော အရာကား ဗိုလ်ချုပ်ကျဆုံးခြင်းကို ချက်ခြင်းလူမသိစေရန်ပင် ဖြစ်လေသည်။

ထိုကြောင့်ပင် ပထမဆုံးရောက်လာသော သူနာပြုမော်တော်ကားမှ လူတယောက်ကဖြစ်ပွားပုံကို ကြည့်ပြီး....

"အမယ်လေးဗျာ....ဒုက္ခပါဘဲ၊ ကုန်ပါပီ....ကုန်ပါပီ"

စသဖြင့် ဂယောင်ချောက်ချား ဟစ်အော်မြည်တမ်းနေသည်ကိုပင် ကျွန်တော်က ဇွတ်အတင်း ငေါက်ငမ်းအမိန့်ပေးလျက် ဗိုလ်ချုပ်အားအဆင်သင့်ရှိသော ဗိုလ်သန်းဝင်း၏ မိုးကာအင်္ကျီဖြင့် လုံအောင်ထွေးလျက် ဆေးရုံကြီးသို့ အမြန်ပို့လိုက်ရလေသည်။

ထိုအချိန်က ကျွန်တော်တွေးမိသည်ကားအကယ်၍သာ ကျွန်တော်ကိုယ်တိုင်က....



"ဗိုလ်ချုပ်ဘေနတ်မှန်လို့ ကျဆုံးပြီ၊တခြားဝန်ကြီးတွေလဲထိကုန်ပြီ...."

ဟု-တုန်လှုပ်ချောက်ခြားစွာ ဟစ်အော်နေမိပါက အဆိုပါသတင်း၏မကောင်းသောဂယက်မှာတမဟုတ်ချင်းပြင်းထန်ရိုက်ခတ်ပြီး၊ တမြို့လုံးအုပ်မနိုင်ထိန်းမရအောင်ဖြစ်သွားစရာအကြောင်းရှိသည်ဟု ယူဆမိခဲ့ပေသည်။

ထို့ကြောင့်ပင်''ဗိုလ်ချုပ်ကိစ္စမရှိပါဘူး၊ ညာဘက်ခုံးမှာ သေနတ်မှန်တာဘဲ၊ ခုဆေးရုံမှာ ချက်ခြင်းကုဘို့ယူသွားပြီ"

ဟု-ဗိုလ်ချုပ်အကြောင်းစိတ်အားထက်သန်စွာလာရောက်မေးမြန်းကြသူမှန်သမျှ အနည်းငယ် နှစ်သိမ့်ဘွယ်ကြားရသောသတင်းမှာ ကျွန်တော်ထွင်၍ ပြောခြင်းမျှသာဖြစ်လေသည်။

ဤနည်းဖြင့် ကျွန်တော်က စတင်ဖုံးဖိ လျှို့ဝှက်ခဲ့ခြင်းကြောင့် ဗိုလ်ချုပ်ကျဆုံးသည်ကို ချက်ခြင်းလူမသိဘဲ၊ ညနေထုတ်သတင်းစာများထွက်မှပင် ဆေးရုံ၌ဆုံးသည်ဟု လူအများက သိကြခြင်းဖြစ်လေသည်။

စင်စစ်ကားမိုင်းပွန်စော်ဘွားကြီးနှင့် ဝန်ကြီးဦးဘချို



www.burmeseclassic.com

www.burmeseclassic.com

တို့မှတပါးကျန်သေနတ်မှန်သူအားလုံးမှာ ဖြစ်ပွားရာနေရာမှာပင်ပွဲချင်းပြီးကိစ္စဆုံးခဲ့ကြရှာလေပြီ။

\+ \+ \+

အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းသည် သူ့ကိုချစ်သော ပြည်သူလူထုကြီးကို အလွန်အားကိုးလျက်၊ သူ့ကိုတော့မည်သူမှ မကြံတန်ရာဟု တထစ်ချတွက်ထားခဲ့လေသည်။

အတွင်းဝန်ရုံး သူ၏ အခန်း၌ အစောင့်အရှောက်ထားလျှင်လည်း၊ ဗိုလ်ချုပ်ကမကြိုက်၊ ကျွန်တော်တို့အားမာန်မဲကြိမ်းမောင်း၍ ပြန်လွှတ်စေတတ်၏။

သူမဆုံးမီ ၂-ရက်ခန့်ကပင် ကာကွယ်ရေးဝန်ကြီးဌာနသို့ ကိစ္စတခုဖြင့် စစ်တပ်မှကားကြီး ၂-စီးလာပြီး တိုင်းပြည်ပြု လွှတ်တော်ရုံးအနီး၌ ဆိုက်ထားသည်ကိုမြင်၍ ဗိုလ်ချုပ်က....

"ဟေ့-ဟိုအားတွေက ပုလိပ်ကားတွေလားကွ...ဦးမြကိုမေးပြီး မလိုရင်လဲမစောင့်ပါစေနဲ့ကွာ"

ဟု...ကျွန်တော်တို့အား အမိန့်ပေးခဲ့လေသည်။



ဦးမြမှာ ယခု လွှတ်တော်နာယက ပြောင်ဘွယ် ဦးမြဖြစ်၍ ထိုအချိန်က ခေတ္တပြည်ထဲရေးဝန်ကြီးအဖြစ်ဆောင်ရွက်လျက် ရှိလေသည်။

သို့သော်-ဗိုလ်ချုပ်က ထိုကဲ့သို့ အစောင့်အရှောက်ထားခြင်းကို မကြိုက်ဟု ဆိုကာမျှနှင့် ဗမာနိုင်ငံအစိုးရ၏ဗဟိုချက်မအတွင်းဝန်ရုံးကြီးအတွင်းသို့ လက်နက်ကိုင် လူသတ်သမားများ ဖြောင်ဝင်ပြီး ဘိုက်ခိုက်ပစ်သတ်သွားနိုင်လောက်အောင် အစောင့်ပုလိပ်ကင်း၊ သာမန် အရပ်ဝတ်အရပ်စားနှင့်လျှို့ဝှက်ကင်း စသည်တို့ တယောက်တလေမှမထားဘဲ ဟလာကျင်း နေခဲ့ခြင်းမှာ သင့်တော် မတော်ယခု ပြန်လည် စဉ်းစားစရာလည်း ဖြစ်နေလေသည်။

မည်သို့ပင် ဖြစ်စေ၊ဗမာ့ လွတ်လပ်ရေး သမိုင်းကြောင်းတလျှောက် အပြောင်မြောက်ဆုံးသော တကဲ့ ... ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း...။

ပြည်ထောင်စု တိုင်းရင်းသား အားလုံး၏ စည်းရုံးညီညွတ်မှုအမှတ်အသား Symbol of Unity လက္ခဏာတရပ်ဟု ဆိုလောက်သော ဗိုလ်ချုပ်...။

သောင်းသောင်းဖျဖျ သူ့ကို ဝိုင်းဝန်း ချစ်ခင်ကြည်ညိုသောပြည်သူလူထုကြီးအား(ချွင်းချက်လုံးဝမထား



www.burmeseclassic.com

www.burmeseclassic.com

ဘဲ) ယုံကြည်စိတ်ချကာ သူ့အတွက် ကားမဟုတ်၊ အိမ်ရှိ သူ၏ သားသမီးချစ် ရင်သွေးကလေးများ အတွက်သာ အနည်းငယ် စိုးရိမ်ပြီး.... "လက်နက်ကလေး ဘာလေး အိမ်ယူထားပါအုံးကွာ" ဟု ပြောခဲ့သော ဗိုလ်ချုပ်...။

"ကွာ.... လွတ်လပ်ရေး ရပြီးရင်တော့ ငါလဲ နိုင်ငံရေးကအနားယူပြီး စာကလေးဘာလေး အေးအေး ထိုင်ရေးအုံးမှာဘဲကွာ"

ဟု ၁၉၄၆-ခု ဧပြီလက မေမြို့တွင် ကျွန်တော်တို့အား ပြောခဲ့ဘူးသော ဗိုလ်ချုပ်....။

ယခု.... အားလုံးဝိုင်းပြီး မြိန်မြိန်ကြီး အရသာခံစားနေကြရသော လွတ်လပ်ရေး အဆောက်အအုံကို တည်ဆောက်ရာ၌ သူမတူအောင် ချွန်ချွန်ပြောင်ပြောင်မြောက်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ် အောင်ဆန်းသည် သူ့ခမျာ ခပ်လှမ်းလှမ်းတွင် မြင်နေရပြီ ဖြစ်သော ဗမာ့လွတ်လပ်ရေး မီးရှူးတိုင်ကြီးကို ရောက် ခါ နီးမှပင်၊ လမ်းခုလပ်၌ ရေတိမ်နစ် ကျဆုံး ရခြင်းမှာ အတိုင်းမသိ ဝမ်းနည်း ကြေကွဲဘွယ်ရာ ကောင်းလှပေသည်။

ဤသို့လျှင် ၁၉၃၆-ခုနှစ်၊ တက္ကသိုလ်ကျောင်းသား



သပိတ်မှ စတင်မွေးဖွားလိုက်သော "အောင်ဆန်း" အမည်ရှိ တက်ကြွလှုပ်ရှားခေါင်းဆောင် တယောက်၏ ဗမာ့နိုင်ငံရေး ဇာတ်ခုံပေါ်တွင်ကပြခဲ့ကြသည့် [illegible] လှုပ်ရှားသောအချိန် ကာလအတွင်း ဇာတ်လမ်းပင်မဆုံးသေးမီ ပြည်ဖုံးကားချခဲ့ ရသည့်အဖြစ်သို့ ရောက်ရှာရလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ပိုလ်ချုပ်သာရှိလျှင်

"ဗိုလ်ချုပ်ရှိရင်လဲ ဗမာပြည်ရဲ့ အခြေ အနေဟာ ဘာမှပိုမထူးနိုင်၊ ခုလိုအတိုင်း ဖြစ်နေမှာပါဘဲ...."

တခါက လူငယ်နိုင်ငံရေးသမားတယောက်နှင့် တွေ့ဆုံ တွေ့ရလေးပါး စကားလက်ဆုံ ကျသွားရင်း ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်း အကြောင်း ရောက်သွားရာ ကျွန် တော်လိုရင်းနှိုးသော ရဲဘော်များက ဗိုလ်ချုပ်အား တကယ် ကြည်ညိုမှန်းသိ၍ ထိုမိတ်ဆွေကအထက်ပါအတိုင်း ဝေဘန်လိုက်ခြင်းဖြစ်ပေသည်။

သူဆိုလိုသော အဓိပ္ပါယ်ကတော့ ယနေ့ဗမာနိုင်ငံ



တွင် ဖြစ်ပျက် နေသမျှသည် ရာဇဝင်ကြောင်းအရ မလွဲ မသွေ ဖြစ်ပေါ်လာရခြင်းများဖြစ်ပြီး ရှောင်လွှဲ၍ တားဆီး ရန်မရနိုင်ဟူ၍ပင် ဖြစ်လေသည်။

ထို့ကြောင့် အောင်ဆန်း မကလို့ သိကြားမင်း လာလုပ်ရင်တောင်မှ အခုထက်ပိုပြီး ကောင်းနိုင်စရာမရှိဟု သူကဇွတ် ဆိုလေသည်။

"အောင်ဆန်းအဘို့ ခပ်စောစော သေသွားတာဘဲ ကောင်းပါတယ်၊ ရှေ့ရှောက်ဆိုရင် နာမည်ပျက်လောက် အောင် အဆင်မပြေမှုတွေ တွေ့ရတော့မှာမို့ သူ့ အဖို့ နာမည်အတက်ဆုံးအချိန်မှာ သေသွားတာ က ကောင်း တယ်လို့ ဆိုရမယ်...."

ဤသို့ပင် ထိုသူကမှတ်ချက်ချလိုက်သေး၏။

သို့သော် ကျွန်တော်တို့ အဘို့ ကား ၎င်းမိတ်ဆွေ ပြောသမျှကိုလက်မခံနိုင်ပါ။ ဗိုလ်ချုပ်သာရှိလျှင် ယနေ့ဗမာ ပြည် အခြေအနေ မည်သို့ရှိမည်ကို ဇာတ်အတာင်း ခြင်းသည် ထက်၊ အောင်ဆန်းအမည်ရှိ လူထုခေါင်းဆောင်တယောက် ၏ ဖြစ်စဉ်ကို ပြန်လည်သုံးသပ်ဝေဘန်လျက်၊ ၎င်းဖြစ်စဉ် အရဗိုလ်ချုပ်တွင်မည်မျှသောအလားအလာရှိသည်ကို ဆင်ခြင်မှန်းဆကြည့်ခြင်းက ပို၍သင့်လျော်မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း"ကျွန်တော်သိသော ဗိုလ်ချုပ်"အား ထော Angl တစ်ထောင့်မှမြင်ရပုံကို တင်ပြလိုက်ရပြန်ပါသည်။

+ × ×

နိုင်ငံရေးသဘောအရဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၃၆-ခု ကျောင်းသားသပိတ်အရေးတော်ပုံကြီး မွေးဖွားလိုက်သော သားရတနာ တယောက်ဟူ၍ဘဲ ဆိုပေမည်။ အဘယ်ကြောင့် ဆိုသော် ၁၉၃၆-ခု သည်ဘက်ကျမှ "အောင်ဆန်း" ဆိုသောအမည်ကို တိုင်းပြည်ကစတင်သိခဲ့လျက်၊ ၎င်းကိုယ်တိုင် ကလည်း နတ်မောက်မြို့မှ ပိုင်ရှင်လူလတ်တန်းစား ကောလိပ်ကျောင်းသားတယောက် အဖြစ် သီးခြားတည်ရှိနေရာမှ၊ပြည်သူလူထုကြီးနှင့်ခွဲခြား၍ မရအောင်ဆက်စပ်နေသည့်(ဝါ) လူထုလှုပ်ရှားမှု ဆုဇေ တွင် အလားအလာ ရှိသူတဦးအဖြစ်သို့ ရောက်လာခဲ့သော ကြောင့် ပင်တည်း။

အမှန် အားဖြင့်ကား- ဗိုလ်ချုပ် အောင်ဆန်းသည် ၁၉၃၆-ခု၊ကောလိပ်သပိတ်ကြီးမတိုင်မီကပင် မျိုးချစ်စိတ် ထက်သန်ပြီး တက်ကြွသောလူငယ်နိုင်ငံရေးသမားတယောက် ဖြစ်ခဲ့လေသည်။ လူမှန်းသိခါစအရွယ်က နတ်မောက် မြို့ သူ၏မိခင် ဒေါ်စုအား ရပ်ရွာထဲမှလူများကိုစပါးပေးစံနစ်



ငွေတိုးချေးခြင်းအတွက် မုန်းတီးစက်ဆုတ်ကာပြောင်းဖွင့်ဟ ပြောခဲ့သလိုပင် ရန်ကုန်တက္ကသိုလ် ရောက်လာသောအခါ ကိုလိုနီပညာရေးစံနစ်ကို မုန်းတီးရွံရှာလျက်နယ်ချဲ့ ဆန့်ကျင်ရေးစိတ်ဓါတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့လေသည်။ ဤအချက်ကို တက္ကသိုလ်ကျောင်းသားဘဝကသူနှင့် ခင်မင် ရင်းနှီးသူများက အသိဆုံးဖြစ်၏။

၁၉၃၆-ခုနှစ်၊ ကျောင်းသား သပိတ်ကြီးကို ကောလိပ်ကျောင်းသားများ အခွင့်အရေးကိစ္စတခုထက်ပိုမို ထူးခြားသော နိုင်ငံရေး အချက်လက္ခဏာများရှိကြောင်း ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းတို့ကောင်းစွာ သဘောပေါက်ခဲ့ကြလေသည်။

ရန်ကုန်တက္ကသိုလ်မှစတင်လျက်၊ တနိုင်ငံလုံး ကူးစက် ပျံ့နှံ့သွားသော ကျောင်းသား သပိတ်အရေးတော်ပုံ ကြီးမှာ ဗြိတိသျှတို့၏မူမမှန်သော ကိုလိုနီပညာရေးစံနစ်နှင့် နယ်ချဲ့ဝါဒကို အပြင်းအထန် ဆန့်ကျင်သော ဆန္ဒဖြင့် ပေါက်ကွဲအုံကြွလာသော လူထုလှုပ်ရှားမှုကြီးတရပ်အနေ နှင့် ဗိုလ်ချုပ်မြင်ခဲ့လေသည်။

တက္ကသိုလ်အာဏာပိုင်များက စေ့စပ်ရေးစကား



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းလှမ်းကာ မျှားရည်နှင့်ဝမ်းချသည်ကို မစ္စတာရာရှစ်နှင့် ကိုနုတို့ခေါင်းဆောင်သောလူများစုက လက်ခံခဲ့သလောက် ထိုစေ့စပ်ရေးမှုကိုအပြင်းအထန်ကန့်ကွက်သဘောမကျခဲ့သူ များတွင် ကိုအောင်ဆန်းပါဝင်ခဲ့သည်ကိုလည်း ကျွန်တော် တို့မမေ့အပ်ပေ။

၁၉၃၆-ခုနှစ် ကျောင်းသားသပိတ်ကြီး ပြီးသွား သည့်နောက်တွင်ကား ဗိုလ်ချုပ်သည် ပြည်သူလူထုကြီးနှင့် တောက်လျှောက် အဆက်မပြတ်ခဲ့တော့ချေ။ သူ၏မဆုတ် မနစ်သောလုံ့လဖြင့် ကြိုးပမ်းမှုကြောင့် (ဗမာနိုင်ငံလုံးဆိုင် ရာကျောင်းသားသမဂ္ဂ) တည်းဟူသော တိုးတက်သည့် လူ့ငယ်တပ်ပေါင်းစုကြီးတခု အကောင်အထည် ပေါ်လာ ခဲ့ပေသည်။

၁၉၃၇-ခုနှစ်က မန္တလေးတွင် ကျင်းပသော ဗမာ နိုင်ငံလုံးဆိုင်ရာကျောင်းသားညီလာခံသည်၎င်း၊ ၁၉၃၈-ခု ပုသိမ် ကျောင်းသား ညီလာခံသည်၎င်း၊ ဗိုလ်ချုပ် အောင်ဆန်းတွင် လူထု စည်းရုံးရေး စွမ်းရည် မည်မျှ ရှိကြောင်းကို ထင်ရှားစွာပေါ်ပြခဲ့သော သာဓကများပင် ဖြစ်လေသည်။

၁၉၃၈-ခု၊ နှင်းထဲမှာပင် ရန်ကုန် တက္ကသိုလ်တွင် ဘီအယ်လ်ခေါ် ဥပဒေတန်း၌ ပညာသင်ကြားရာမှ ဒို့ဗမာ



အသည်းအရုံးကြီး၏ အကွေ့အထွေ အတွင်းရေးမှူး အဖြစ် သခင်အောင်ဆန်း ဟူသော အမည်ကို တိုင်းပြည်က ကြားရပြန်လေသည်။

ဤကား ဗိုလ်ချုပ်အဘို့ ကျောင်းသား နိုင်ငံရေး သမားဘဝမှ တကဲ့လူထုကြားထဲသို့ ဝင်ပြီး ထိရောက်စွာ လုပ်ရမည့် ရာခိုင်နှုန်း အပြည့် တော်လှန် တက်ကြွသော နိုင်ငံရေးသမားအဖြစ်သို့ ထင်ရှားစွာ ကူးပြောင်း သွား ခြင်းပင် ဖြစ်တော့သည်။

ဒြိတိယ ကျွန်ခေတ် ဗမာ နိုင်ငံရေး သမိုင်းတွင် မပြောင်မမြောက် ထင်ရှားခဲ့သော (၁၃၀၀-ပြည့်နှစ် အရေး တော်ပုံ) အတွင်းက ကျောင်းသား အရေးနှင့် အလုပ် သမား၊ လယ်သမား လူထုကြီး လှုပ်ရှားမှုနှင့် ဆက်စပ်ကာ တပြည်လုံး အုံကြွပြီး....နယ်ချဲ့သမားကို မျက်လုံးမျက်ဆံ ပြူးစေလောက်အောင် စွမ်းဆောင် နိုင်ခဲ့သည်မှာလည်း သခင်အောင်ဆန်း၏ ထူးခြားသော စည်းရုံးမှု အရည် အချင်း၊ တော်လှန်မှန်ကန်သော နိုင်ငံရေးခေါင်းဆောင်မှု တို့ကြောင့် ဖြစ်ခဲ့သည်ကို ထိုခေတ်က သူနှင့် လုပ်ဘော် ကိုင်ဘက် နိုင်ငံရေး ရဲဘော်များ အသိဆုံးဖြစ်လေသည်။

ဗမာပြည်လွတ်လပ်ရေးရရန်အတွက် ဒူးထောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

လက်ဝါး ဖြန့်တောင်း၍ မရနိုင်၊ လက်နက်ကိုင် တော်လှန်ရေးသာလျှင် လွတ်လပ်ရေးကို ရယူနိုင်စွမ်းသည့် တစ်ခုတည်းသော နည်းလမ်း ဖြစ်ကြောင်းကို အချိန် စောစွာကပင် ဗိုလ်ချုပ်က ကောင်းကောင်း သိခဲ့လေသည်။

၎င်းသိမြင်ချက်ကြောင့် ၁၉၄၁-ခုနှစ်၊ ဒုတိယကမ္ဘာစစ်အတွင်းက (ဘီ-အိုင်-အေ) ခေါ် ဗမာ့လက်နက်ကိုင်တပ်ကြီးတခု မားမားမတ်မတ် ပေါ်ထွက်လာခဲ့ရလေသည်။

ရှေးခေတ်က ရှိင်ဖယ်သေနတ်ကို ပစ်တတ်ဖို့မဝေးစွ နီးနီးကပ်ကပ်ပင် မမြင်ဘူးခဲ့သော ဗမာကျောင်းသား လယ်သမား၊ အလုပ်သမား၊ သာမန် အရပ်သားတို့ကို စုရုံး ဖွဲ့စည်းလျက် ခေတ်မီ လက်နက်ဆန်းများကိုပါ ကျင်လည်စွာ ပစ်ခတ်ကိုင်တွယ်တတ်လာကာ.... "ဗမာ့ လွတ်လပ်ရေး တပ်မတော်" အလံအောက်တွင် ဖြိုတိသျှ နယ်ချဲ့ သမားအား ကာယက မြောက် လက်နက်ကိုင် တော်လှန် တိုက်ခိုက်နိုင်ခြင်း မှာလည်း (ဘီ-အိုင်-အေ) တပ်၏ ဦးစီးသေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံး ခေါင်းဆောင်မှုကြောင့်ပင် မဟုတ်ပါလော။

ဖက်ဆစ်ဂျပန်နှင့် အခြေအနေအရ ပူးပေါင်းခဲ့ခြင်း



အကြောင်းကား.... ဗိုလ်ချုပ် ကိုယ်တိုင် ရေးခဲ့သော Burma's Challenge အင်္ဂလိပ် စာအုပ်၌ ဝန်ခံ ဆွေးနွေးထားပြီး ဖြစ်၍ ဤနေရာတွင် အထူး မရေးသား လိုတော့ပေ။

(ဘီ-အိုင်-အေ)တပ်မတော်ကို ဗိုလ်ချုပ်တို့ ဖန်တီး တည်ထောင်ခဲ့ခြင်း၏ အထင်ရှားဆုံး၊ အကျိုးသက်ရောက်မှု တခုကား၊ ရာဇဝင်မြောက် ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲကြသောအခါ၌ ဖက်ဆစ်ဂျပန်အား နိုင်ငံရေးအရသာ တော်လှန်ခြင်း မဟုတ်၊ စစ်ရေးအရလည်း ထိရောက်စွာ အပြတ်အသတ် တော်လှန်တိုက်ခိုက်နိုင်ခဲ့သော မျိုးချစ် ဗမာ့တပ်မတော်၏ အောင်မြင်မှုများပင် ဖြစ်လေသည်။

ဤနေရာတွင် အလျဉ်းသင့်၍ဘော်ပြရမည် ဆိုလျှင် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးခါစ.... ဖက်ဆစ် တော်လှန်ရေး အကြောင်းကို ပြောကြရာ၌ ကွန်မြူနစ်ပါတီဝင်အချို့က အတက်ကြွဆုံး ဖက်ဆစ်ဆန့်ကျင်ရေး ခေါင်းဆောင်အဖြစ် သခင်စိုးကြီး အပြောများခဲ့၏။

ကျွန်တော်တို့၏ သဘောတွင်ကား သခင်စိုးကြီး သည် ဖက်ဆစ်ကိုမုန်းတီးရာ၌ရင်း၊ ဖက်ဆစ် ဆန့်ကျင်ရေးကို လှုံ့ဆော်ရာ၌ရင်း၊ သူမတူအောင် တက်ကြွ ပြင်းထန် ကြောင်း ယုံမှားဘွယ် မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်....ဖက်ဆစ်ကို ဗမာမြေပေါ်၌ ကာယကံ မြောက် ကျဆုံးသွားအောင် ထိရောက်စွာ တော်လှန်နိုင်ခဲ့ (၈၁) လက်နက်ကိုင် တော်လှန်ရေးဖြင့် ပြောင်မြောက်စွာ ခေါင်းဆောင်မှု ပေး၍ တိုက်ခိုက်ခဲ့ရာ၌ ဗိုလ်ချုပ် အောင်ဆန်းသာလျှင် ထင်ထင်ရှားရှား စွမ်းဆောင်နိုင်ခဲ့ သည်ဟု ကျွန်တော်တို့ ယုံကြည်မိပါသည်။

\+ × -

ဖက်ဆစ် တော်လှန်ရေးအပြီး နိုင်ငံလွတ်လပ်ရေး အတွက် ဆက်လက် ကြိုးပမ်းရန် စခန်းတွေ ရှိသေးသဖြင့် (ဖ-ဆ-ပ-လ) တည်းဟူသော အမျိုးသား တပ်ဦးကြီးကို စည်းရုံးကာ မှန်ကန်သော ခေါင်းဆောင်မှု ပေးနိုင်ခဲ့သူမှာ လည်း ဗိုလ်ချုပ်ပင် ဖြစ်လေသည်။

ဘီ-အိုင်-အေ၊ ဘီ-ဒီ-အေ ရဲဘော်ဟောင်းများ ကိုလည်း (ပြည်သူ့ရဲဘော်တပ်ဖွဲ့)ဟူ၍ လိမ္မာကျွမ်းကျင်စွာ စည်းရုံး ဖွဲ့စည်းထားနိုင်ခဲ့သေး၏။ ထိုအချိန်က ပြည်သူ့ ရဲဘော်တပ်ဖွဲ့ကို ဗိုလ်ချုပ်၏ ခါးပိုက်ဆောင် စစ်တပ်ဟု အချို့က စွပ်စွဲကြပြီး၊ တက်ကြွလျက် တော်လှန်ရေး



ရိုးဆုရှိသော သူ၏ရဲဘော်များကို စံနစ်တကျ ထိန်းသိမ်း သွားခြင်းပင် ဖြစ်၏။

၁၉၄၇-ခု၊ နှစ်ဦးက အိုးသင်ထိုသွားရောက် အရေး ဆိုစဉ်က ဂ-သိန်းကျော်ရှိ တော်လှန်ရေးသမား ပြည်သူ့ ရဲဘော်များ၏ အင်အားကို ဗိုလ်ချုပ် ထိုယ်တိုင် အထူး အားထားခဲ့လေသည်။

ထို့နောက်က၊ ဗိုလ်ချုပ် ခမြာမှာ သူ့စိတ်တွင် အာမြောက်အများရှိသော အကြံအစည် ရည်ရွယ်ချက်များ အောင်မြင်ပြီးဆုံးခြင်းမရှိသေးဘဲ၊ လမ်းခုလပ်တွင် ရေသိမ် နှစ်ကျဆုံးသွားရရှာသည်။

* * *

အထက်ပါ အကြောင်းနှင့် တကွ ဗိုလ်ချုပ်၏ နိုင်ငံရေး ဘဝဖြစ်စဉ်ကိုထောက်ပြီး ဗိုလ်ချုပ်သာရှိလျှင် ယနေ့ ဗမာပြည်အခြေအနေ ဘာနှင့်ဘယ်နေမည် ဟူသော ယူဆချက်ကို ကျွန်တော်တို့ လိုက်မမှန်းပါ။

ပုဂ္ဂိုလ်ရဲ့ ကြည်ညိုမှုအားကြီးသည်ဟု ကျွန်တော်တို့ ရဲဘော်တွေကို ဗိုလ်ချုပ်နှင့်ပတ်သက်၍ ဝေဘန် မြွက်ဆို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ခြင်းတွေ များနေသည့်ကြားထဲကပင် ကျွန်တော်တို့အဘိုးတော့ "မိုလ်ချုပ်သာရှိလျှင် ယနေ့ဗမာပြည် ပြည်တွင်းရေးအခြေအနေ၊ ရဲဘော်ဖြူပြဿနာ၊ ကေ-အင်-ဒီ-အိုပြဿနာ နိုင်ငံရေးအဖြစ်သနစ်တွေမှာ မလွဲကြောင်း တမျိုးတဖုံ ဖြစ်ရလိမ့်မည်" ဟူ၍ တထစ်ချဆိုဝံ့ပါသတည်း။

တက္ကသိုလ်-နေဝင်း

* * *

၂၇၂

တက္ကသိုလ်နေဝင်း

www.burmeseclassic.com